မြန်မာနိုင်ငံတော်ရှေးဟောင်းသုတေသနဌာန

# ရှေးဟောင်း အုတ်ခွက်ရုပ်ပွါး ဆင်းတုတော်များ

ပဌမတွဲ


ရေးသားပြုစုသူ

သီရိပျံချီ ဦးမြ (အငြိမ်းစားကျောက်စာဝန်)

အထူးအရာယှိ၊ ရှေးဟောင်း သုတေသနဌာန


---

# VOTIVE TABLETS OF BURMA

## PART I


*by*

**THIRIPYANCHI U MYA**

(Retd. Superintendent Archaeological Survey)

Officer on Special Duty

၁၇၉၆၃

မြန်မာနိုင်ငံတော်ရှေးဟောင်းသုတေသနဌာန

# ရှေးဟောင်း အုတ်ခွက်ရုပ်ပွါး ဆင်းတုတော်များ

## ပဉ္စမတွဲ

ပုဂံပြည်၊ အနော်ရထာမင်းလက်ထက်မှစ၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်
အမြို့မြို့ အရွာရွာတို့၌ တွေ့ယှိရသော အုတ်ခွက် ဆင်းတုတော်တို့အနက်
ထူးခြားကွဲပြားသော အုတ်ခွက်ဆင်းတုတော်များ


ရေးသားပြုစုသူ
**သီရိပျံချီ ဦးမြ၊ (အငြိမ်းစားကျောက်စာဝန်)**
**အထူးအရာယှိ ရှေးဟောင်းသုတေသနဌာန။**

ပဌမနှိပ်ခြင်း ၁၉၆၁ ခု စက်တင်ဘာလ

ရန်ကုန်တက္ကသိုလ် ပုံနှိပ်တိုက်တွင် ရိုက်နှိပ်၍
မြန်မာနိုင်ငံတော် ရှေးဟောင်းသုတေသနဌာနမှ ထုတ်ဝေသည်။

# နိဒါန်း

ဤစာစောင်ကို ရေးသားပြုရာ၌၊ အဓိကရည်ရွယ်ချက်မှာ၊ ယခုပြည်ထောင်စုမြန်မာနိုင်ငံတော်ယဉ်ကျေးမှုဌာနစိတ်ဖြစ်သော ရှေးဟောင်းသုတေသန ညွှန်ကြားရေးဝန်၏ရုံး၌၊ အနှစ်နှစ်အလလက ကျောက်စာဝန်အဆက်ဆက်တို့ ရှာဖွေစုဆောင်းထားခဲ့သော ရှေးဟောင်းပစ္စည်းတို့အနက်၊ အုတ်ခွက်ဆင်းတုတော်ကလေးများကို၊ အမျိုးအမည်ခွဲ၍ ထပ်မံစာရင်းပြုလုပ်ပြီးလျှင်၊ ဓါတ်ပုံရိုက်ကူးခြင်းမပြုလုပ်ရသေးသော အုတ်ခွက်ဆင်းတုတော်များကို ဓါတ်ပုံရိုက်ကူး၍၊ ၎င်းဓါတ်ပုံများနှင့်တကွ သီးသန့်စာစောင်တစောင်ပြုစုရေးမှတ်ပုံနှိပ်ထုတ်ဝေဖြန့်ချိရန်ဖြစ်သည်။

ထိုအုတ်ခွက်ဆင်းတုတော်ကလေးများကို၊ မြန်မာပြည်အနှံ့အပြား၌ တွေ့ယှိရာ၊ ၎င်းတို့သည် မြေဖြင့်ပြုလုပ်သော ဝတ္ထုပစ္စည်းများဖြစ်သဖြင့်၊ အလွယ်နှင့် ကျိုးပဲ့ပျက်စီးတိမ်မြုပ်သွားတတ်သော ပစ္စည်းများဖြစ်သည့်အလျောက်၊ စုဆောင်းရယှိသော အုတ်ခွက်တို့အတွက်၊ တိုးတက်ပျောက်ပျက်ခြင်းမယှိရလေအောင် ထိန်းသိမ်းစောင့်ရှောက်၍၊ ၎င်းတို့နှင့် ပတ်သက်သော အကြောင်းအရာ အတ္ထုပ္ပတ္တိတို့ကို လက်လှမ်းမှီသလောက် ရှာဖွေစုဆောင်းပြီးလျှင်၊ နောင်လာနောက်သား ဆည်းပူးလေ့လာ ကြည့်ညိုလိုသော သူတို့အတွက်၊ ဤသို့မှတ်တမ်းရေးသားထားခြင်း ဖြစ်ပါသည်။

သုတဂဝေသီတို့ သတိမူစေလိုသည့် အချက်တရပ်မှာ၊ ဤစာစောင်တွင် ထုတ်ဖေါ်ရေးသားထားသော အုတ်ခွက်ဆင်းတုတော်တို့သည်၊ ရုံးတွင်ရယှိစုဆောင်းထားသော အုတ် ခွက် ဆင်း တု တော် တို့ မျှ သာ ဖြစ် ၍၊ မြန်မာပြည်တွင်းယှိ ရှေးဟောင်းအုတ်ခွက်ဆင်းတုတော်တို့ အမျိုးအစားမှာ ဤတွင်ပြီး ပြည့်စုံပြီဟု အလျှင်းမဆိုနိုင်သေးချေ။ နောက်တွင် ဆက်ရန်ယှိပေဦးမည်၊ မြန်မာနိုင်ငံတွင်းမှာပင်၊ သုတေသနလုပ်ရန် မြို့ရွာနေရာအများပင် ကျန်ယှိသေးသည်၊ ယခု လုပ်ငန်းသည် ပဏာမလောက်သာ ဖြစ်သည်။

အခြားသတိမူစေလိုသည့် အချက်တရပ်မှာ၊ ထိုအုတ်ခွက်ဆင်းတုတော်ကလေးမျိုးတို့သည်၊ မြန်မာနိုင်ငံတွင်း၌မှာပင် ရှေးဟောင်းသုတေသနဌာနမရောက်ယှိနိုင်သေးသော နေရာအနှံ့အပြား၌ယှိသော အုတ်ခွက်တို့သည်ပင်၊ တနေရာမှ တနေရာသို့ ယူဆောင်ပြောင်းရွှေ့ရောက်ယှိနေလျက်ဖြစ်သည်၊ ကြည်ညိုပူဇော်လူသူတို့လက်၌ အများပင် ရောက်ယှိနေပြီး ၎င်းတို့ကို ရှာဖွေစုဆောင်း၍ လေ့လာရန် လိုပေသေးသည်။

ယခု စာစောင်တွင် ခေတ်အလိုက်၊ (၁)–ပုဂံခေတ်။ (၂)–သရေခေတ္တရာခေတ်၊ ဟူ၍ နှစ်ခေတ်ပိုင်းခြားလျက်ထားသည်။ ထိုနှစ်ခေတ်တွင် အများသိတော်မူကြသည့်အတိုင်း၊ သရေခေတ္တရာခေတ်သည် ပုဂံခေတ်ထက် ရှေးကျလေသည်၊ သို့သော် ပုဂံခေတ်ကို ရှေ့ထား၍ သရေခေတ္တရာခေတ်ကို နောက်ထားပြီးလျှင် ရေးသားခြင်းအကြောင်းရင်းမှာ၊ ပုဂံခေတ်သည် လူတို့အသိများသော ခေတ်ဖြစ်၍ ၎င်းကို ရှေ့ထားပြီးလျှင်၊ သရေခေတ္တရာခေတ်ကို နောက်ထား၍ ရေးသားထားခြင်းဖြစ်သည်။ တကြောင်းမှာလည်း သရေခေတ္တရာမှ အုတ်ခွက်ဆင်းတုတော်တို့သည်၊ ပုဂံခေတ်မှ အုတ်ခွက်တို့နှင့် မတူပဲ၊ တသီးတခြားဖြစ်ပြီး ရုတ်တရက်သိယှိနားလည်ရန် မလွယ်ကူလှချေ။ ထို့ပြင် ၎င်းတို့သည် ပုဂံခေတ်ထက် ရှေးကျ၍ ပုဂံခေတ်မှ တဆင့်တက်စေလိုခြင်းဆန္ဒနှင့် သရေခေတ္တရာခေတ်ကို နောက်ပိုင်းထား၍ ရေးသားခြင်းဖြစ်သည်။

မြန်မာပြည်၌ ထိုခေတ်နှစ်ခေတ်တို့အပြင်၊ တကောင်းခေတ်၊ ရခိုင်ဝေသာလီခေတ်၊ သထုံခေတ်၊ ပဲခူးဟံသာဝတီခေတ်၊ တနင်္သာရီဒွါရာဝတီခေတ်မှစ၍ ရှေးဟောင်းမြို့နေရာများနှင့် တိုက်ဆိုင်သောခေတ်တို့လည်း

## နိဒါန်း

ယှိုသေး၏၊ ၎င်းခေတ်တို့နှင့် သက်ဆိုင်သမျှ အနည်းငယ်တွေ့ယှိုထားသော အုတ်ခွက်ဆင်းတုတော် အကြောင်းတို့ကိုလည်း ဤစာတမ်းတွင် ရေးသားဖော်ပြလျက် ပါယှိုလေသည်။ သို့သော်၊ ၎င်းခေတ်တို့နှင့်သက်ဆိုင်သော လုပ်ငန်းများကိုလုပ်ရန် အများပင်လိုပေသေးသည်။

ဤစာစောင်ကို ရေးသားပြုစုရာ၌၊ စာပြုသူတဦးတည်း၏ ဖန်တီးရေးသားမှုမဟုတ်ပဲ၊ ဌာနစိတ်၏ အကြီးအကဲဖြစ်သော ရှေးဟောင်းသုတေသန ညွှန်ကြားရေးဝန်ဟောင်း ဦးဖိုးလတ်၊ မဟာဝိဇ္ဇာ၏ တိုက်တွန်းနှိုးဆော်စီမံချက်အရ၊ ဤဌာနစိတ်၏ အရာထမ်းအမှုထမ်းတို့၏ အကူအညီကိုယူပြီးလျှင်၊ အထက်ထက်က ကျော်ကြားဝန်များ ရေးမှတ်စုဆောင်းထားခဲ့သော စာရွက်စာတမ်းများကို မှီငြမ်း၍ ရေးမှတ်ခြင်းဖြစ်ပါသည်။ ၎င်းတို့၏ ကျေးဇူးနှင့် မကင်းနိုင်ပါကြောင်းကိုလည်း သိယှိုကြစေလိုပါသည်။ ထို့အပြင်၊ ဖော်ပြပါအုတ်ခွက်ဆင်းတုတော်များနှင့် ၎င်းတို့နှင့်သက်ဆိုင်ရာ စာရွက်စာတမ်းများကို စစ်ကြီးအတွင်းက မပျောက်ပဲ ယခုအထိ တွေ့ယှိုရခြင်းမှာလည်း ညွှန်ကြားရေးဝန်ဟောင်း ဦးလူဖေဝင်း၊ မဟာဝိဇ္ဇာ၏ သိမ်းဆည်းသိုမှီးနိုင်ခြင်း လုံ့လဥဿာဟကြောင့်ကိုလည်း အများသိစေအပ်ပါသည်။ ၎င်းတို့အပြင် ဤစာတမ်းကို ရေးမှတ်နိုင်ရန် ကူညီဆောင်ရွက်အားပေးကြသော ပြည်ထောင်စုမြန်မာနိုင်ငံ ယဉ်ကျေးမှုဌာနဝန်ကြီး အဆက်ဆက်မှစ၍ အတွင်းဝန် တို့ကိုလည်း များစွာကျေးဇူးတင်ပါသည်။

**ဦးမြ**

၁၉၆၁ ခု ဇွန်လ ၁ ရက်နေ့

အထူးအရာယှိ၊ ရှေးဟောင်းသုတေသနဌာန

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| မြန်မာပြည်၌ ရှေးမင်းကောင်းမင်းမြတ်တို့ အုတ်ခွက်ဆင်းတုတော်များကို သွင်းလုပ်ပူဇော် တတ်ကြခြင်းအကြောင်း .... .... .... | ၁– ၂ |
| ပုဂံပြည်၌ တွေ့ယှိရသော အုတ်ခွက်ဆင်းတုတော်များ .... .... | ၂– ၃ |
| အနော်ရထာမင်း၏ ကောင်းမှုတော် အုတ်ခွက်ဆင်းတုတော်များ .... .... | ၃–၁၆ |
| ပုဂံပြည်အနော်ရထာမင်းလက်ထက်တော်၌ မင်းမှအပ အခြားသော ကုသိုလ်ရှင်တို့၏ ကောင်းမှုအုတ်ခွက်ဆင်းတုတော်များ .... .... | ၁၆–၂၆ |
| စောလူးမင်းခေါ် ဤြဗဇြာဘရဏဒေဝမင်း၏ ကောင်းမှုအုတ်ခွက်ဆင်းတုတော်များ .... | ၂၆–၂၈ |
| ကျန်စစ်သားမင်းနှင့် ၎င်း၏ မိဖုရားကြီး တြိလောကဝဋံသကာဒေဝီတို့၏ ကောင်းမှု အုတ်ခွက်ဆင်းတုတော်များ .... .... .... | ၂၈–၃၁ |
| အလောင်းစည်သူမင်း၏ အုတ်ခွက်တော်များ .... .... .... | ၃၁–၃၂ |
| အလောင်းစည်သူမင်းလက်ထက်မှ အုတ်ခွက်ဆင်းတုတော်များ .... .... | ၃၂–၃၃ |
| ဗုဒ္ဓဝင်ရှစ်ခန်း၊ ကိုးခန်းပါသော အုတ်ခွက်များ .... .... .... | ၃၃–၃၈ |
| ဗုဒ္ဓဝင်ရှစ်ခန်း၊ ကိုးခန်းပါသော အုတ်ခွက်များ .... .... .... | ၃၈–၄၀ |
| ပုဂံမြို့ အာနန္ဒာဘုရား အရှေ့ဖက်၊ မောင်ချစ်စကုန်းမှရသော အုတ်ခွက်ဖုရားများ .... | ၄၀–၄၈ |
| တကောင်း၌ တွေ့ယှိရသော အုတ်ခွက်ဖုရားများ .... .... .... | ၄၈–၅၁ |
| ကသာခရိုင် နွားတလည်ရွာမှရယှိသော အနော်ရထာမင်း၏ အုတ်ခွက်ဆင်းတုတော်တဆူ | ၅၁ |
| မင်းဘူးနယ် ဖေါင်းလင်းမှ အုတ်ခွက်များ .... .... .... | ၅၂ |
| သာစည်မြို့နယ် ဆံမြိတ်ရှည်ရွာ၌ တွေ့ယှိရသော အုတ်ခွက်ဖုရားများ .... .... | ၅၃ |
| စစ်ကိုင်းမြို့၊ ထူပါရုံစေတီတော်မှရသော အုတ်ခွက်များ .... .... | ၅၄ |
| သထုံရွှေစာရံဖုရားမှ အုတ်ခွက်ဖုရားများ .... .... .... | ၅၄–၅၆ |
| ပုသိမ်မြို့၌ တွေ့ယှိရသော ဗုဒ္ဓဝင်ရှစ်ခန်းပါသောအုတ်ခွက် .... .... | ၅၆–၅၇ |
| ထားဝယ်မြို့နယ်–မုတ်ထီးရွာ၊ မုတ်ထီးဖုရားအနီး၌ တွေ့ယှိရသော အုတ်ခွက်ဖုရားများ .... | ၅၇–၆၀ |
| ကြို့တူမှရသော အုတ်ခွက်များ .... .... .... | ၆၀ |
| ရန်ကုန်မြို့၊ ဗိုလ်တထောင်ဖုရားမှရသော အုတ်ခွက်ဆင်းတုတော်တဆူ .... | ၉၁ |
| ရန်ကုန်မြို့၊ တံတားကလေးမှ အုတ်ခွက်ဆင်းတုတော်များ .... .... | ၇၁–၆၂ |
| ပဲခူး၌ တွေ့ယှိရသော ယိုးဒယားအုတ်ခွက်ဘဆူနှင့် အခြားအုတ်ခွက်များ .... | ၆၂–၆၃ |
| ရခိုင်ပြည်၊ စစ်တွေခရိုင်မှ အချို့အုတ်ခွက်များ .... .... | ၆၃–၆၄ |
| **အထွေထွေ** .... .... .... .... | ၆၄–၇၄ |
| အုတ်ခွက်သွင်းလုပ်သောတံဆိပ်ပုံများ .... .... .... | ၇၄ |
| နောက်ဆက်တွဲ (က) ဓါတ်ပုံများစာရင်း .... .... .... | ၇၅–၈၀ |

# ပြင်ဆင်ဖတ်ရှုပါရန်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁ | ၃၃ | မတ်ချက် | မှတ်ချက် |
| ။ | ။ | ဆိုကည် | ဆိုသည် |
| ၁၉ | ၃၄ | အထောက်ဘပံ့ | အထောက်အပံ့ |
| ၂၆ | ၁၉ | ရဘဖြင့် | ရသဖြင့် |
| ၂၇ | ၅ | အတွတ် | အတွက် |
| ၂၈ | ၁၁ | ပဏ္ဍိဘာ | ပဏ္ဍိတာ |
| ။ | ၁၆ | ပါဠို | ပါဠိ |
| ၃၀ | ၂ | သေလေသပ်သပ် | သေသေသပ်သပ် |
| ။ | ၄ | မြန်မ႒ | မြန်မာ |
| ။ | ။ | ၎င်းကို့၏ | ၎င်းတို့၏ |
| ။ | ၇ | နှနှ ဗုဒ္ဓံဝင် | နှင့် ဗုဒ္ဓဝင် |
| ၃၁ | ၃၀ | ထြို | တြို |
| ၃၃ | ၂၂ | သမွေပိန္တူ | သမွေင်ပိန္တူ |
| ၄၇ | ၇ | စကြာ် | စကြာ |
| ၅၂ | ၁၈ | သာခနမာလာနှာ | သာခနမာလာနှင့် |
| ၅၇ | ၄ | သော် | သော |
| ။ | ၃၁ | လက်ျာဖတ် | လက်ျာဖက် |
| ၅၉ | ၂ | တိအ် | တ်လိအ် |
| ။ | ၁၁ | ဆင်ထင် | ဆင်ဆင် |
| ၆၂ | ၁ | ဖြစ်ာကြောင်း | ဖြစ်ကြောင်း |
| ။ | ၇ | လေင်က် | လောက် |
| ၆၅ | ၃၀ | ဟိန္တံ | ကိန္တံ |
| ၆၆ | ၂၄ | သဆူ | တဆူ |
| ၆၇ | ၂၁ | ကဲ့ | ကဲ |
| ၇၂ | ၂၀ | ရာဇသွရေ | ရာဇက္လသွရေ |

ပုံအမှတ် ၄၆ (၈) ကို ၄၅ (၈) ဟု ပြင်ဆင်ဖတ်ရှု၍ ၎င်းဓါတ်ပုံမှာ အထက်အောက် ပြောင်းပြန်ဖြစ်နေပါသည်။

## မြန်မာပြည်၌ ရှေးမင်းကောင်းမင်းမြတ်တို့နှင့်တကွ ဒါယကာ-ဒါယိကာမ အပေါင်းတို့ လှူဒါန်းပူဇော် ထားခဲ့သော

# အုတ်ခွက်ရုပ်ပွါးဆင်းတုတော်များအကြောင်း

ပါဠိအဌကထာဋီကာစသည်တို့၌ လာယှိသည့်အတိုင်း စေတီဟုခေါ်ဆို၍ ဗုဒ္ဓဘာသာဝင်သူတော်စင်တို့ ရှိသေလေးစားပူဇော်အပ်သော အရာဝတ္ထုများမှာ လေးပါးအပြားယှိ၏။ ၎င်းတို့မှာ (၁) သာရီရိကစေတီ၊ မြတ်စွာဖုရား၏ ကိုယ်တော်ဒြပ်မှ ဖြစ်ပေါ်သမျှ ဓာတ်တော်များ။ (၂) ပရိဘောဂစေတီ၊ ဗောဓိပင်နှင့်တကွ မြတ်စွာဖုရား၏ အသုံးအဆောင်တော် ပရိက္ခရာစသည်များ။ (၃) ဥဒ္ဒိဿစေတီ၊ မြတ်စွာဖုရား၏ ရုပ်ပွါးဆင်းတုတော်များ။ (၄) ဓမ္မစေတီ၊ ပဋိစ္စသမုပ္ပါဒ် စသော တရားဒေသနာတော်တို့ကို ပေရွက်၊ရွှေပြား၊ငွေပြား စသည်တို့တွင် ရေးမှတ်၍ သိမ်းဌပနာအပ်သော စေတီတော်တို့ဖြစ်ကြ၏။ ၎င်းတို့အနက် ဥဒ္ဒိဿစေတီဟု ခေါ်ဆိုအပ်သော မြတ်စွာဖုရား၏ ရုပ်ပွါးဆင်းတုတော်တို့ကို အနည်းနည်းအဖုံဖုံ ဗုဒ္ဓဝင်ဇာတ်နိပါတ်တော်၌ လာယှိသည့်အတိုင်း၊ အနေအထားပုံအမျိုးမျိုးနှင့် ကျောက်၊ သတ္တု၊ သစ်သား စသော ဝတ္ထုတို့ဖြင့် ထုလုပ်ကိုးကွယ်ပူဇော်တတ်ကြ၏။၎င်းတို့တွင် အုတ်ကဲ့သို့ မြေဖြင့် အလိုယှိရာပုံကို သွင်းလုပ်၍ မီးဖုတ်ထားသော ရုပ်ပွါးဆင်းတုတော်များလည်း အပါအဝင် ဖြစ်၏။ ထိုရုပ်ပွါးဆင်းတုတော်များကို အုတ်ခွက် ရုပ်ပွါးဆင်းတုတော်များဟု ခေါ်ဆိုထား၏။ ဖုရားပုထိုးတည်ရာ၌ ထိုဖော်ပြပါ စေတီတမျိုးမျိုးကိုဖြစ်စေ၊ လေးမျိုးစလုံးကိုဖြင်စေ သိမ်းဌပနာ အပ်ရာ၏။ ထိုသို့ သိမ်းဌပနာမှလည်း ဖုံးအုပ်လျက်ယှိသော ဖုရားပုထိုးတို့သည် ဒါယကာ ဒါယိကာမတို့၏ ပူဇော်လေးမြတ်ကြည်ညိုခြင်းကို ခံထိုက်၏။ ထိုသို့ ခံထိုက်ခြင်းကြောင့်လည်း ထိုဖုံးအုပ်လျက်ယှိသော ဖုရားပုထိုးတို့ကိုလည်း စေတီဟူ၍ ခေါ်ဆိုကြ၏။

ဤကဲ့သို့သော နည်းအားဖြင့် ရှေးဖုရားပုထိုးတို့၌ ဗုဒ္ဓဝင်နိပါတ်တော်လာ မြတ်စွာဖုရား၏ ပုံတော်များကို မြေဖြင့် အုတ်ကဲ့သို့ သွင်းလုပ်၍ မြောက်မြားစွာသော ဆင်းတုတော်ကလေးများကို ဌပနာလျက် တွေ့ယှိရ၏။ ထိုဆင်းတုတော်ကလေးများသည်လည်း ခေတ်ကာလအလိုက် ပုံသဏ္ဌာန်တို့မှာ ခြားနားလျက် တွေ့ယှိရ၏။ အချို့ပုံတော်တို့၌လည်း ဒါယကာ ဒါယိကာမများ၏ အမည်တို့ကို ရေးထိုးဖော်ပြ၍ ပါဠိဘာသာဖြင့်၎င်း၊ သင်္ကြိုဋ္ဌဘာသာဖြင့်၎င်း၊ ပျူဘာသာဖြင့်၎င်း၊ မွန်ဘာသာဖြင့်၎င်း၊ မြန်မာဘာသာဖြင့်၎င်း အသီးသီး မိမိတို့၏ ကျွမ်းကျင်ရာ သက်ဆိုင်ရာ ဘာသာဖြင့် ခေတ်ကာလအလိုက် ပေါ်ပေါက်လျက်ယှိသော အက္ခရာအရေးအသားတို့နှင့် ဆုတောင်းခန်းမှစ၍ ကမ္ပည်းလိပ်စာတို့ကို ရေးထိုးပုံနှိပ်လျက် ပါယှိခြင်းကို တွေ့ရ၏။ အချို့၌ ''ယေဓမ္မာ'' အစယှိသော ဗုဒ္ဓဘာသာတရားတော်၏ အတိုချုပ်ဂါထာကလေးများလည်း ပါယှိ၏။ အချို့မှာ ဆင်းတုတော်မပါပဲ ဗုဒ္ဓဘာသာ တရားဒေသနာတော်၏ ခေါင်းစဉ်အစ အတိုချုပ်ကလေးများ ပါယှိ၏။ အချို့၌ ဆင်းတုတော်ပါ နောက်ခံတံကဲနှင့်တကွ ပလ္လင်တော်နှင့် စလစ်ကျောင်းဆောင်ကလေးများ၏ ပုံသွန်းလုပ်လျက် ယှိပါ၏။ ၎င်းတို့သည် ခေတ်ကာလအလိုက် ပေါ်ပေါက်လျက်ယှိသော သာသနာဘာသာရေး၏ အခြေအမြစ်တို့အပြင်၊ ကိုးကွယ်ပူဇော်ထားသော ဒါယကာ ဒါယိကာမ အပေါင်းတို့၏ ယဉ်ကျေးမှုအခြေအမြစ်တို့ကိုလည်း ပေါ်လွင်ထင်ရှားစေ၏။

ထိုကဲ့သို့ သာသနာဘာသာရေးမျှမက ခေတ်ကာလအလိုက် ပေါ်လွင်ထင်ရှားလျက်ယှိသော လူတို့၏ ယဉ်ကျေးမှု၊ ကြီးပွါးဆုတ်ယုတ်ဘိုးတက်မှုတို့၏ အခြေအမြစ်တို့ကို ကြေးမုံပြင်တွင် ထင်စေသကဲ့သို့ ထင်ထင်ရှား

မှတ်ချက်၊ ''မြတ်စွာဖုရား၏ ရုပ်ပွားဆင်းတုတော်''ဆိုကည်မှာ၊ ဗုဒ္ဓဂေါတမမြတ်စွာဖုရား၏ ဆင်းတုတော်ဟု ဆိုလိုသည်။

ရှား ပြထားလျက်ယှိသော အုတ်ခွက် ဆင်းတုတော်ကလေးများ၏ ဓါတ်ပုံများကို အတ္တုပ္ပတ္တိ အနည်းငယ် ရေးသားထည့်သွင်းလျက် အောက်တွင် ဖော်ပြလိုက်ပါသည်။ ထိုသို့ဖော်ပြရာတွင် ယခုအခြေအနေအရ မြန်မာပြည်၌ အထင်ရှားဆုံးဖြစ်သော ပုဂံခေတ်ကို အခြေခံပြုလုပ်၍ ရှေးဦးစွာ ပဌမဖော်ပြသွားပါမည်။ အခြားအခြားသော ခေတ်တို့ကိုလည်း အလျဉ်းသင့်သလို ဆက်လက်ဖော်ပြသွားပါမည်။ အထင်ရှားဆုံးသော ပုဂံခေတ်ဆိုသည်မှာလည်း အနော်ရထာမင်းခေတ်ကို အရင်းခံထား၍ ပြောဆိုခြင်းဖြစ်ပါသည်။

မြန်မာပြည်၌ အုတ်ခွက်ဆင်းတုတော်များကို သွင်းလုပ်ပူဇော်ရာတွင် ပုဂံအနော်ရထာမင်း ခေတ်ထက် ရှေးကျသော ခေတ်မှာ (ပြည်၊မှော်ဇာ) သရေခေတ္တရာ ပျူမင်းတို့၏ ခေတ်ဖြစ်သည်။ အုတ်ခွက်ဆင်းတုတော် လုပ်ငန်းအရေအတွက်တွင်လည်း ပုဂံခေတ်ထက် နည်းလှမည် မဟုတ်ပေ။ သို့သော် ၎င်းမြို့ဟောင်းတွင် တွေ့ယှိရသော အုတ်ခွက်တို့၏ အခြေအနေမှာ အကျိုးအပဲ့ အပျက်အစီးများနေခြင်းကြောင့် ပုဂံလောက် ကျနသေချာစွာ ပြောဆိုနိုင်မည့် အခြေမယှိသေးချေ။ သရေခေတ္တရာနှင့် မရှေးမနှောင်း သထုံခေတ်အတွက်မှာလည်း ကြေနပ်လောက်အောင် သုတေသနလုပ်ငန်းကို မလုပ်ရသေးချေ။ထိုအရပ်ဒေသတဝိုက်၌ တွေ့ယှိရသော ရှေးဟောင်း အုတ်ခွက်အရေအတွက်တို့မှာလည်း မများလှသေးချေ။ ဖားအံနယ်ကော့ဂွန်းဂူ၌ တွေ့ယှိရသော အုတ်ခွက်ဆင်းတုတော်တို့မှာလည်း ယခုလက်ယှိအခြေအနေအရ အရေအတွက် များသလောက် ရှေးမကျလှချေ။ မြန်မာအစ တကောင်းကဟု ဆိုရိုးယှိသော်လည်း တကောင်းတွင် တွေ့ယှိရသော အုတ်ခွက်တို့မှာ ပုဂံအနော်ရထာမင်းခေတ်လောက်က အုတ်ခွက်များဖြစ်သည်ဟု ယူဆသည်။ ထိုအကြောင်းကြောင်းတို့ကိုထောက်၍ ပုဂံခေတ်အုတ်ခွက်ဆင်းတုတော်များအကြောင်းကို ဦးစွာပဌမထုတ်ဖော်ဘင်ပြလိုက်ခြင်းဖြစ်သည်။ ၎င်းကို စံနမူနာပြုလုပ်၍ အခြားနယ်တို့၌ တွေ့ယှိသားသော အုတ်ခွက်တို့ကို အသီးသီး ထုတ်ဖော်ရေးသားဖော်ပြသွားပါမည်။

ရခိုင်ပြည်၌ အာနန္ဒစန္ဒြမင်းလက်ထက် ခရစ်တော်နှစ် ၈-ရာစုနှစ်အတွင်းလောက်က အုတ်ခွက်များသွန်းလုပ်လှူဒါန်းခဲ့သည်ဟု ယခုစစ်တွေမြို့ဟောင်း ရှစ်သောင်းဖုရားကုန်း၌ စိုက်ထူထားသော ထိုမင်း၏ ကျောက်စာတွင် တွေ့ယှိရသည်။ သို့သော် ၎င်းတို့မှာ စာတွေ့သာလျှင် ဖြစ်နေသေးသဖြင့် ရှေ့သို့ဆက်လက်သုတေသနလုပ်ရန် လိုပေသေးသည်။

ပုဂံအဘို့မှာ အနော်ရထာမင်းခေတ်ထက် ပိုမိုထင်ရှားခိုင်လုံသော သက်သေသာဓက အထောက်အထားများကို မတွေ့ယှိရပြားသော်လည်း ပုဂံဆေးရေးစာ—ကျောက်စာတို့၌ အတိတ်က အကြောင်းများကို ညွှန်ပြရေးသားချက်များကို အနည်းငယ် တွေ့ယှိရသဖြင့် ခိုင်လုံသော အကိုးအကားများ ရရန် ပုဂံ၌ပင်၊ သုတေသနလုပ်ငန်း ပိုမိုလုပ်ရန် လိုပေသေးသည်။

## ပုဂံပြည်၌တွေ့ရှိရသော အုတ်ခွက် ဆင်းတုတော်များ။

မှန်နန်းမဟာရာဇဝင်တော်ကြီး အလိုအားဖြင့်၊ ပုဂံယုန်လွှတ်ကျွန်း၌ ၁၉ ရွာသားနှင့်အတူ သာသနာနှစ် ၂၉ ခုနှစ်တွင်၊ တိုင်းပြည်စတင် တည်ထောင်သော သမုဒ္ဒရာဇ်မင်းမှ (၃) ဆက်မြောက် ပျူစောထီးမင်းလက်ထက်မတိုင်မီကပင်၊ ပုဂံပြည်သို့ သာသနာရောက်ယှိနေဟန်ဆို၏။ ထိုမင်းကား၊ သဒ္ဓါ၊ သီလ၊ ဟိရိ၊ ဩတ္တပ္ပ အစယှိသော သူတော်ကောင်းတရား ခုနှစ်ပါး၊ မင်းကျင့်တရား ဆယ်ပါးနှင့်လည်း ပြည့်စုံတော်မူ၏။နောင်လာလတ္တံ့သော စီးပွါးအလို့ငှါ ဂဝံပတ္တရားသေ့ သိကြားတို့နှင့်တိုင်ပင်တော်မူ၍၊အတ္တေသုဓမ္မသတ္တေသု၊ ဂါထာဦးတပ်သော ဓမ္မသတ်ကျမ်းဂန်ကိုလည်း ပြုတော်မူပေ၏။ ၎က်ကြီးဒိုးခွံမြုပ်ရာ အရပ်၌လည်း၊ ဥမင်နှင့် ဘုရားတည်တော်မူ၏။ ၎က်ကြီးကို ခွင်းသောအရပ်၌လည်း ဥမင်နှင့် ဖုရားတည်တော်မူ၏။ ထိုမှတပါးလည်း၊ ဖုရား၊ ဂူကျောင်း၊ လိုဏ်ခေါင်း၊ ဥမင်ပြုစုသည်ကားများ၏ဟုဆို၏။

တဖန်တောင်သူကြီး (ညောင်ဦးစောရဟန်း)၊ ဂေါစာသကရာဇ် ၂၉၃–၃၂၆ ခု၊ မင်းဖြစ်လျှင် ဘုန်းတန်ခိုးအာနုဘော်ကြီး၏။ မိမိသခွါးယာခင်းအရပ်၌ ဥယျာဉ်ကြီးသာယာစွာပြုပြီးသော် နဂါးရုပ်ကြီးလုပ်၍ထား၏။ ထိုသို့နဂါးရုပ်လုပ်၍ ကိုးကွယ်ခြင်းသည်ကား၊ နဂါးသည် လူတို့ထက် မြတ်လေသည်၊ တန်ခိုးလည်းကြီးလေသည်။ ကိုးကွယ်ရသော် အကျိုး ကြီးမည်ဟူ၍ ပြုလေသတည်း။

ထိုမှတပါးလည်း၊ ရသေ့ပြည် အစယှိသော သထုံပြည်တို့မှာ၊ စည်းခံပုထိုး ယှိသည်ကို အကြောင်းပြု၍၊ အယူမှားသော ရှင်အရည်းကြီးတို့နှင့် တိုင်ပင်၍၊ ပုထိုးကြီးတလုံး၊ ပုထိုးငယ်တလုံး၊ ပုထိုးသားများတလုံး၊ သင်လည်ပုထိုးတလုံး၊ စိတ်တည်ပုထိုးတလုံး၊ ဤပုထိုး ငါးလုံးကိုတည်၏။ ထိုပုထိုး ငါးလုံးတို့တွင်၊ နတ်ရုပ်လည်းမမည်၊ ဖုရားရုပ်လည်းမမည်၊ လုပ်၍ညနံနက် ထမင်းဟင်းသေစာတင်၍ ကိုးကွယ်ခြင်းပြု၏။

ထိုအခါ သဗ္ဗညုမြတ်စွာဘုရား ထင်ရှားယှိစဉ်၊ အရှင်ပုဏ္ဏမထေရ်မှ အရင်းပြု၍ မြန် မာ ပြည် ဖြစ် သော တကောင်း၊ သရေခေတ္တရာ၊ အရိမဒ္ဒနာ၊ သီရိပစ္စယာတို့၌ မင်းအဆက်ဆက်တို့ လက်ထက်၊ ပရမတ္ထသင်္ဘာ၊ သမုတိသင်္ဘာ၊ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ–သာသနာတော် တည်ထွန်းလေသည်။ နောက်တမ္ဗဝတီမြို့တည်၊ သိုက်တိုင်မင်း သာသနာနှစ် ၄၃၀–၄၄၅ခု လက်ထက်မှစ၍၊ သာသနာတော် တရွေ့ရွေ့ အားနည်းလေသဖြင့်၊ ပရိယတ္တိ သာသနာတည်းဟူသော ပိဋကတ်တော် မယှိချေ သောကြောင့် သမထီး အရည်းကြီးတို့ အယူကိုသာ အယူများ၍ စောရဟန်းမင်းလည်းခေါ် တောင်သူကြီးမင်းလက်ထက်၊ မင်းနှင့်တကွတပြည်လုံး ယူလေကုန်၏။

ထိုသမထီး အ ရည်း ကြီးတို့ အယူသည်၊ အနော်ရထာမင်း ( သကရာဇ် ၄၀၆–၄၃၉ ခုနှစ် ) လက်ထက်ဘိုင် ထင်ရှားလျှက်ယှိ၏။ ထိုအခါ သုဓမ္မဝတီ မည်သော သထုံပြည်မှ၊ ဓမ္မဒဿီ အမည် ယှိသော ရှင်အရဟံသည်၊ ပုဂံပြည်သို့ရောက်လာ၏။ ထိုရှင်အရဟံကို အကြောင်းပြု၍၊ အနော်ရထာမင်းသည် အရည်းကြီးတို့အယူကို စွန့်လွှတ်ပြီးလျှင်၊ သထုံပြည်မှ ပင့်ဆောင်လာသော ရဟန်းသင်္ဃာတို့နှင့် တကွ ရှင်အရဟံကို အမှူးထား၍၊ ပုဂံပြည်၌ သာသနာ ပြန်လည်တည်ထောင်စပြု၏။ တနည်းအားဖြင့်ဆိုသော်၊ အနော်ရထာမင်းသည် သကရာဇ် ၄၀၆ ခုနှစ်တွင် နန်းတက်၍၊ ၄၁၉ ခုနှစ်တွင် သထုံပြည်သို့ စစ်သည် ဗိုလ်ပါ အလုံးအရင်းနှင့် ချီတက်ပြီးလျှင်၊ သထုံပြည်မှ ပိဋကတ် အစုံသုံးဆယ်ကို၊ ရဟန်းတော်များနှင့်တကွ ပင့်ဆောင်လာ၏။ ထိုအခါမှစ၍၊ ပုဂံပြည်၌ သာသနာ စည်ပင်သာယာခြင်း ဖြစ်လာ၏။ ထိုသို့ ဖြစ်လာခြင်းကို ပြဆိုထောက်ခံသော သာဓက တို့မှာ များလှစွာ၏။ ထိုသို့ တွေ့ယှိရသော သာဓက အထောက် အထား တို့၌၊ အထင်ရှားဆုံးသော ဝတ္ထုပစ္စည်းတို့တွင် အနော်ရထာမင်း၏ တံဆိပ်နာမံ ခတ်လျက် သော်၎င်း၊ ထိုမင်း၏ အခြွေအရံ အသင်းအပင်းဖြစ်သော မှူးမတ်ဗိုလ်ပါတို့မှအစ၊ တိုင်းသူပြည်သားတို့၏ တံဆိပ်နာမံ ခတ်လျက် ပါယှိသော ကောင်းမှု အုတ်ခွက် ဆင်းတုတော်များ သော်၎င်း ပါယှိ၏။ ၎င်းတို့ကို ပုဂံ၌ အမြောက်အမြား တွေ့ယှိရ၏။ ထိုအုတ်ခွက်တို့ထဲမှ မင်း၏ ကောင်းမှုတော်မှအစ၊ အမျိုးအစားခွဲခြား၍ ဆိုင်ရာအသီးသီး ဓာတ်ပုံတို့ကို၊ တခုစီ ရွေးချယ်စီစစ်ပြီးလျှင်၊ အောက်တွင် ထည့်သွင်း ရေးသားလိုက် ပါသည်။ ဤကဲ့သို့ ထည့်သွင်း ရေးသားပြုလုပ်ခြင်း၏ ရည်ရွယ်ချက် အကြောင်းရင်း တရပ်မှာလည်း၊ ရှေးဟောင်း သုတေသန အမြင်နှင့်ဆိုလျှင် ထိုအဘိုးအနဂ္ဃ ထိုက်တန်လှသော ဝတ္ထုပစ္စည်းကလေးတို့သည် တဖြည်းဖြည်းကွယ်ပျောက် တိမ်မြုပ်ရခြင်းအဖြစ်သို့ မကျရောက်ရစေခြင်း အလို့ငှါ၊ စာတစောင် ပေတစောင် ပြုလုပ်ရေးမှတ်ထားခြင်း ဖြစ်သည်။

## အနော်ရထာမင်း၏ ကောင်းမှုတော် အုတ်ခွက် ဆင်းတုတော်များ။

**ပုံ (၁ကနှင့်ခ)**။ ဓာတ်ပုံတွင် ပုံ (၁ က) ဟု အမှတ်ပြုလျက်ပါရှိသော အုတ်ခွက်သည် အနော်ရထာမင်း၏ အုတ်ခွက်ဖြစ်၏။ ဂုံးချွန်နှင့် လိုဏ်ဂူပုံသဏ္ဌာန်သွင်းလုပ်၍ ဘောင်ပတ်လည် ခတ်လျက်ယှိ၏။ အောက်ဘောင်အကျယ်မှာ ၃ လက်မခွဲလောက် ယှိ၏။ ထိုအုတ်ခွက် အမျိုးအစားထဲမှ တွေ့ယှိထားသော အုတ်ခွက်တို့မှာ အကျိုးအပဲ့ အပျက်အစီးသာ များသဖြင့် ကောင်းနိုးရာရာကို ရွေးချယ်၍ပြထား၏။ ၎င်းပုံ၏ အလယ်

တွင် ကျောင်းဆောင်နှင့် ကြာပလ္လင်ပေါ်တွင် တင်ပြင်ခွေလျက် ထိုင်နေတော်မူဟန် ဗုဒ္ဓဂေါတမ ရုပ်ပွါး ဆင်းတုတော်တဆူပါ၏။ တင်ပြင်ခွေထိုင်နေပုံမှာ ခြေနှစ်ဖက် ထပ်လျက်မဟုတ်ပဲ၊ ချိတ်လျက်ခြေဖဝါးတော် နှစ်ဖက်စလုံးပင် ပေါ်ထွက်နေ၏။ ဤကဲ့သို့ ထိုင်နေခြင်း ပုံတော်တို့ကို၊ ပညာယှိကြီးတို့က "ဗဇြာသနမုဒြ"ဟု ခေါ်ဆိုကြ၏။ ၎င်းပုံတော်သည်၊ တည်ကြည်ကြံ့ခိုင်နေထိုင်ခြင်းပုံကိုပြ၏။ ညာလက်တော်မှာ အနည်းငယ် ကွေး၍ အောက်သို့ ဆန့်တန်းပြီးလျှင် ညာဖက်ဒူးအစွန်းနား အတွင်းဖက်အပေါ်မှ လက်ချောင်းတော်များ ကို နဂိုရ်အနေအတိုင်း ဖြန့်တင်၍ အောက်သို့စိုက်လျက်ချထား၏။ သတိပြုကြစေလိုသော အချက်တချက်မှာ၊ လက်ချောင်းတော် ကလေးများသည် အတိုအရှည် လူသားပြကတေ့ အတိုင်း ယှိ၏။ လက်မောင်းတော်ကို အောက်သို့ ဆန့်တန်းလျက်၊ တတောင်ဆစ်မှ ကွေးပြီးလျှင် တင်ပြင်ခွေပေါ်တွင် လက်တော်ကို တင်၍ တင်ပြင်ချိတ်လျက်ယှိသော ခြေဖနောင့်တော် နှစ်ဖက်ကြား၌ လက်ဝါးကို ဖြန့်၍ လှန်လျက် သက်နီးစများ တင်ထားခြင်းကို တွေ့မြင်ရ၏။ ၎င်းပုံတော်မျိုးကို ရိုးရိုးခေါ်ဆိုသော် ''လက်တော် ဗယ်တင်ညာချ '' ဟု ခေါ်ဆိုရေးမှတ်ကြ၏။ စာဆိုအားဖြင့် ''ဘူမိဖုသနမုဒြ'' သို့မဟုတ် ''ဘူမိသ္ပရ်ိဒြ''နှင့် ဖုရားဆင်းတု တော်မျိုးကို ဗုဒ္ဓဘာသာ ပြန့်ပွါးရာနေရာတိုင်း၌ ထင်ရှားပေါ်လွင်တွေ့မြင်ရ၏။ ၎င်းပုံမှာ ဖုရားလောင်းသည် ဖုရားမဖြစ်မီ အချိန်အနည်းငယ် အတွင်းတွင် မာရ်နတ်သားသည်၊ ကြောက်မက်ဖွယ်သော စစ်သည်တော် အမြောက်အမြားနှင့် ဖုရားလောင်းအား ဖျက်ဆီးလိုသောအကြံနှင့် တိုက်ခိုက်ရန် ချည်းကပ်လာသည့်အခါ၊ ဖုရားလောင်းသည် မဟာပထဝီမြေကြီးကို တိုင် တည် ခန်း ဖြစ် သည် ဟု ပ ညာ ယှိ ကြီး များ က သတ် မှတ် ခေါ်ဆိုကြ၏။

မျက်နှာတော်မှာ မျက်လွှာချလျက် မဟုတ်ပဲ၊ ရှေ့သို့ တူရူစူးစိုက်ကြည့်ရှုနေဟန်ဖြစ်သည်။ နှာရိုးနှာတံ ပေါ်နှင့် မျက်နှာတော်မှာ ပြုံးလျက် နေဟန်ယှိ၏။ မျက်ခုံး မျက်လုံးတော်တို့မှာ အရင်း၌ စိုက်လျက် ကွေး၍ ခပ်ရှူးရှူးတက်သွားသည်၊ အချို့က ၎င်းမျက်လုံးမျိုးကို ဗာဒံစေ့သဏ္ဍာန်ယှိသော မျက်လုံးဟု ခေါ်ကြသည်။ ဥဏ္ဏလုံမွေရှင်တော်အမှတ်နှင့် မျက်လုံးနှစ်ခုအကြား နှာတံထိပ်အထက်၌ ဖေါင်းကြွသော မိန္ဒုလုံးကလေးပါ သည်။ ဥဏှိသပုံတော်မှာလည်း အထက်သို့ရှူးသွားပြီးလျှင် ကြာဖူးအုပ်လျက်ပါသည်၊ ၎င်းသည် မဏိတော်၏ ဗဟိုအလယ်တည့်တည့်တွင် မဟုတ်ပဲ၊ နောက်ခံတံကဲ၌ ကပ်လျက်နေသည်။ နဖူးတော်မှာ အနည်းငယ်မောက် သည်၊ ဆံတော်တို့မှာ ခွေလျက် ရစ်လျက် မဟုတ်ပဲ၊ ရေပွက်ပမာ မိန္ဒုလုံးကလေးများသဏ္ဍာန်ယှိသည်၊ နားပျဉ်း ကျနှင့် နားရွက်တော်တို့မှာ ပခုံးတော်သို့ မထိပဲ ကွာလျက်နေသည်၊ လည်တံပေါ်၍ မဏိတော်မှာ ကိုယ်လုံး တော်နှင့် စာလျှင် အနည်းငယ်သေးသည်၊ ရင်ကျယ်၍ ခါးသေးသည်၊ လက်ဝဲဖက်ပခုံးထက် စမွယ်တင်လျက် ယှိသော ကေသီသက်န်းမှာ ပါးလျှပ်သဖြင့် ချက်တော်နှင့် အထစ်ထစ်အရစ်ရစ်ယှိ ဝမ်းဗိုက်ဘော်အသားတို့မှာ ထင်ပေါ်လျက် နေသည်၊ ဒုကုဋ်သက်န်း၏ အထက်ပိုင်းကိုလည်း ကောင်းစွာမြင်နိုင်သည်။ လက်ဝဲဖက်ပခုံးထက် စမွယ်တင်လျက်ယှိသော ကေသီသက်န်း၏ ခေါက်ရိုး ခေါက်စကိုမူ လက်ဝဲဖက်ရင်သားတော်၏ အပေါ်ထက် တွဲလဲကျနေဟန်မှ အချို့ အခြားဆင်းတုတော်များတွင် ထင်ရှားသလောက် ဤနေရာ၌ မထင်ရှားချေ။

ကြာပလ္လင်နှင့် ရုပ်တုတော်တို့သည် ရုပ်လုံးပမာ ဖေါင်းကြွလျက်ယှိသည်၊ ဆင်းတုတော်၏ နောက်ခံ တံကဲမှာလည်း မဏိတော်ကို ဝိုက်လျက် ပုလဲလုံးကလေးများ စီထားဟန်နှင့် ရောင်လျှံတော်ထွက်နေပုံပါသည်၊ ပခုံးတော်ထက် တဇက်ဘချက်မှ အထပ်ထပ် အဘိုးအဆုတ်နှင့် ဖေါင်းပြားများအပြင်ဖက် မကာရ်နှာမောင်းကို တြိဂံပုံလုပ်၍ ဝိတ်လျက် ဆင်မြန်းထားသည်၊ ၎င်းပစ္စယံပေါ်တွင် ရပ်နားလျက်ယှိသော ဟသ်ာရုပ်ကလေး တခုစီ အမြီးဖျားမှ ရောင်လျှံသဏ္ဍာန်ယှိသော ပန်းခက်တို့ဖြင့် ပုလဲလုံးပေါင်းကူးအပြင်ဖက်ကပ်လျက် ဝိုက်တက် သွားသည်၊ တံကဲ၏ အောက်ပိုင်းဖက်၌လည်း ဖေါင်းကြွလျက်ယှိသော ပုလဲပန်းကုံးများဖြင့် လှိုင်းထသလို ကြွကြွရွရွယှိ၏။

---

(ပုံ၁-ခမှာ) (ပုံ၁-က) နှင့် တမျိုးတည်းဖြစ်၏။ သို့သော် ပတ်လည် ဘောင်ခတ်၍ မပါချေ။

၎င်းတို့၏ အပြင်ဖက်ယို့ စလစ်ကျောင်းဆောင်ပုံကို ကြည့်လိုက်ပြန်လျှင်လည်း ထုထွင်းသွင်းလုပ်ထားသော အောက်ခံဘိုင်မှအစ အဆင့်ဆင့်ဘုံတို့မှာ အလွန်ပင် နုနယ် သေသပ် ပြတ်သားပုံတို့ကို တွေ့မြင်နိုင်ပေလိမ့်မည်၊ ကျောင်းဆောင်၌ ထင်ရှားသော အချက်တရပ်မှာ ပွတ်ခံတိုင်တို့နှင့် ဂုံပိုင်းနှစ်ထပ်ဆင့်လျက်ပါသော မုခ်၏ အနောက်ဖက်တွင် အထက်သို့ ဆုတ်တက်သွားသော ပစ္စယံသုံးဆင့်ပုံကို တွေ့မြင်ရ၏။ ၎င်းတို့အထက်မှ တဖန် စည်သဏ္ဍာန် အထက်ရှူး အောက်ရှူး အလယ်တွင်ပူ၍ ထွက်နေသော အထပ်သုံးထပ် ဆုတ်တက်ထပ်လျက်ယှိသော ကွမ်းတောင်တက်ယှိ၏။ ထို ကွမ်းတောင်ကိုလည်း ပန်းဖူးပန်းပြောက်တို့ဖြင့် ဆင်မြန်းထား၏။

၎င်းကွမ်းတောင်၏ အထက်တွင် ဖရုံတုံး၊ ထိုဖရုံတုံးအထက်၌ ဟိန္ဒူကျောင်းများတွင် ယခုထက်တိုင် တွေ့မြင်နိုင်၍ ဖရုံသီးသဏ္ဍာန်ယှိသော အမလကခေါ် ကွမ်းတောင်၏ အစိတ်အပိုင်းတခုပါယှိ၏။ ၎င်းမှ တဖန် အထက်သို့ စေတီကလေးတဆူ တက်လျက်ယှိ၏၊ ထိုစေတီကလေးသည် ဗုဒ္ဓဘာသာနှင့် သက်ဆိုင်သော ဖုရား ပုထိုး ဂူကျောင်း တန်ဆောင်းတို့၏ အချက်အခြာ အထိမ်းအမှတ်တခုပင် ဖြစ်၏၊ စေတီကလေး၏ ထိပ်ဖျားမှ တဖက်တချက် တမ်းခွန်လုံးကလေးမှာ တွန့်လိမ်လျက် လေထဲ၌ လွင့်နေဟန်များကိုလည်း တွေ့မြင်နိုင်သေး၏၊ ကွမ်းတောင်၏ အောက်ခြေမှ တဖက်တချက်တွင် ဗောဓိညောင်ပင်သဏ္ဍာန် အကိုင်းအခက်အရွက်တို့ကိုလည်း မြင်နိုင်၏၊/ကျောင်းဆောင်တဖက်တချက် ပွတ်ခံတိုင်လုံးထိပ် တိုင်ကလပ်မှလည်း ကြာဖူးတံကလေးများ တွဲလဲကျနေ၏။ ၎င်းတို့ကို တဖန် အပြင်ဖက်မှကပ်လျက် ပုလဲလုံးကလေးများ စီထားသော ဂုံးချွန်နှင့် ဝိုင်းလျက်ပါယှိ၏၊ ထိုအခြင်းအရာအားလုံးတို့ကို ခြုံ၍ကြည့်လိုက်သော်၊ ပြထားသောပုံ၌ မြတ်စွာဖုရားအလောင်းတော်သည် မာရ်နတ်သား၏ စစ်ရန်ကို ဖြိုဖျက်နိုင်လိုက်ပြီး ဗောဓိပင်နှင့် ရွှေပလ္လင်ကိုအောင်၍ ဖုရားအဖြစ်သို့ ရောက်တော်မူခြင်းကိုပြသော အခန်းဖြစ်သည်။

၎င်းတို့၏ အောက်ကြာပလ္လင်နှင့် အုတ်ခွက်၏ အောက်ခြေကြား၌ ဖေါင်းကြွသော နာဂရီအက္ခရာဖြင့် ရေးထိုးပုံနှိပ်လျက် စာနှစ်ကြောင်းပါယှိ၏၊ ထိုစာနှစ်ကြောင်းသည် အခြားမဟုတ်၊ မူရင်းအတိုင်းဆိုလျှင်၊ ဗုဒ္ဓဘာသာရောက်ယှိရာ ရှေးဟောင်းနေရာဘိုင်း၌သိုပင် ခရစ်တော်နှစ် ၅–ရာစု ၆–ရာစုနှစ်လောက်ကစ၍ အိန္ဒိယ တောင်ပိုင်း မြောက်ပိုင်း အက္ခရာတို့ဖြင့် ရွှေပြား၊ ငွေပြား၊ ကျောက်ပြားစသည်တို့ဖေါ်တွင် ရေးထိုးထားခြင်းကို တွေ့ယှိရသော "ယေဓမ္မာဟေတုပ္ပဘဝါ" အစချီလျက် ရှင်အဿဇိမထေရ်က ရှင်သာရိပုတ္တရာမထေရ်အား ဗုဒ္ဓမြတ်စွာဖုရား ဟောကြားတော်မူသော အနက်အဓိပ္ပါယ်ပါပါနှင့်၊ သဒ္ဒါတွေနည်းပါး၍ အနှစ်အရသာယှိသည့် တရားတော်အကျဉ်းချုပ် ဂါထာကလေးဖြစ်၏၊ ၎င်းဂါထာကို သသ်ကြိုဋ်ဘာသာဖြင့်၎င်း၊ ပါဠိဘာသာဖြင့်၎င်း၊ သသ်ကြိုဋ်ပါဠိရောလျက်၎င်း၊ အထက်က ဖေါ်ပြခဲ့သည့်အတိုင်း ရှေးဟောင်း အိန္ဒိယ မြောက်ပိုင်း တောင်ပိုင်း အက္ခရာတို့ဖြင့် ရေးထိုးသားခြင်းကို တွေ့ရ၏၊ အထက်ဖေါ်ပြပါ အနော်ရထာမင်း၏ အုတ်ခွက်တွင်ပါသော ဂါထာကလေးသည် အဆုံးနား၌ မူရင်းအတိုင်းနှင့် အနည်းငယ်ကွာခြား၏။ သို့သော် ၎င်းကွာခြားခြင်းကို ထုတ်ဖေါ်မပြောဆိုမီ ထိုဂါထာကလေး၏ မူရင်းအတိုင်းကို ပါဠိဘာသာ သန့်သန့်ဖြင့် ယခုလက်ငင်း မြန်မာအက္ခရာဖြင့် ပြန်ဆိုရေးသားသော် အောက်ပါအတိုင်းဖြစ်၏။

**၁**

**ယေ ဓမ္မာ ဟေတုပ္ပ ဘဝါ၊**
**တေသံ ဟေတုံ တထာဂတော၊**
**အာဟ တေသဉ္စ ယောနိရောဓော၊**
**ဝံ ဝါဒီ မဟာသမဏော။**

၎င်းတို့၏ အနက်အဓိပ္ပါယ်ကို မြန်မာဘာသာဖြင့် အောက်ပါအတိုင်း ပြန်ဆိုကြ၏။

"ယေဓမ္မာ၊ အကြင်ခန္ဓာငါးပါး တေဘူမကဝဋ္ဋတရားတို့သည်။ ဟေတုပ္ပဘဝါ၊ အကြောင်းဖြစ်သော သမုဒယသစ္စာသာလျှင် အမွန်အစယှိကုန်၏။ တေသံ တေသံ ဓမ္မာနံ၊ ထိုခန္ဓာငါးပါး အစယှိသော တရားတို့၏။

ဟေတုံစ၊အကြောင်းဖြစ်သော သမုဒယတရားကိုလည်း။ တထာဂတော၊မြတ်စွာဘုရားသည်။အာဟ၊ဟောတော်မူ၏၊ တေသံ၊ ဓမ္မာနံ၊ ထိုအကြောင်းဖြစ်သော သမုဒယသစ္စာတရားတို့၏၊ ယောနိရောဓော၊ အကြွင်းချုပ်ငြိမ်းရာဖြစ်သော နိရောဓသစ္စာသည်၊ အတ္ထိ-ယှိ၏၊ တဉ္စ၊ ထိုနိရောဓသစ္စာကိုလည်း၊ တထာဂတော၊ မြတ်စွာဘုရားသည်၊ အာဟ၊ မိန့်တော်မူ၏၊ မဟာသမဏော၊ ရဟန်းကြီးဖြစ်သော ဘုရားသခင်သည်၊ ဧဝံဝါဒီ၊ ဤသို့သော အယူယှိတော်မူ၏။

ထို "ယေဓမ္မာဟေတုပ္ပဘဝါ" အစချီသော ဂါထာကလေးသည်၊ မြန်မာပြည် သရေခေတ္တရာမြို့ဟောင်း နေရာတနေရာ၌ တွေ့ယှိရသော မောင်းကန်–ရွှေပေလွှာ၌ ပါဠိဘာသာဖြင့် ရှေးအိန္ဒိယတောင်ပိုင်းအက္ခရာနှင့် ရေးထိုးလျက်ပါယှိ၏။ နှစ်ကာလ အပိုင်းအခြားမှာ အက္ခရာတို့၏ အရေးအသားကို ထောက်ချင့်ရခြင်းအားဖြင့် ခရစ်နှစ်၊ ၅–ရာစုနှင့် ၆–ရာစုနှစ်လောက်က ဖြစ်၏၊ ၎င်းကို ယခုခေတ် မြန်မာအက္ခရာဖြင့် ပြန်ဆိုရေးသားသော် အောက်ပါအတိုင်း ဖြစ်၏။

## ၂

**ယေ ဓမ္မာ ဟေတု ပဘဝါ**
**တေသံ ဟေတုံ တထာဂတောအာဟ**
**တေသဉ္စ ယော နိရောဓ**
**ဧဝံ ဝါဒီမဟာသမဏောတိ။**

ရခိုင်ပြည် ကျောက်တော်ရွာမှ ရယှိသော ကျောက်စာတွင် အိန္ဒိယမြောက်ပိုင်း ဂုပ္တအက္ခရာနှင့် သင်္ကြိုဋ်ဘာသာဖြင့် ရေးထိုးထားသော ဂါထာကလေးမှာ ယခုခေတ် မြန်မာအက္ခရာဖြင့် ပြန်ဆိုရေးသားသော် အောက်ပါအတိုင်းဖြစ်၏။

## ၃

**၁။ ယေ ဓမ္မ်ာ ဟေတုပြဘဝါ ဟေတု ႋတ္တ မံတထာ**
**ဂတော (ဟျ) ဝဒတ္တေ့မ ဥ**
**၂။ ယောနိရောဓော (ဧ) ဝမ္ဗာဒီမဟာဇမ(ဏး)။**

ရခိုင်ပြည် ဝေသာလီမြို့ဟောင်း နေရာမှ သင်္ကြိုဋ်ဘာသာ အနည်းငယ်ရော၍ ပါဠိဘာသာဖြင့် ရေးထိုးထားသော ဂါထာမှာ ယခုခေတ်မြန်မာအက္ခရာဖြင့် ပြန်ဆိုရေးသားသော် အောက်ပါအတိုင်း ဖြစ်၏။ အက္ခရာတို့မှာ ဂုပ္တအက္ခရာ ဖြစ်၏။

## ၄

**၁။ ယေ ဓမ္မာ ဟေတု ပ ဘဝါ**
**၂။ ဟေတုံ တေသံ တထာဂတော အာဟ**
**၃။ တေ စဉ္စ ယော နိရောဓ**
**၄။ ဧဝံ ဝါဒီ မဟာစမဏ**

ယိုးဒယားမှ ပရပထုံအုတ်ခွက်တွင် ပါသော ဂါထာမှာ အောက်ပါအတိုင်း ဖြစ်၏။ ဘာသာမှာ ပါဠိဘာသာနှင့် ဖြစ်၏။ အက္ခရာမှာ အိန္ဒိယတောင်ပိုင်း၊ အေ၊ ဒီ၊ ၇-ရာစုမှ ၈–ရာစုနှစ်လောက်က အက္ခရာများ ဖြစ်၏။

၅

၁။ ယေ ဓမ္မာ ဟေတု ပ္ပ ဘဝါ
၂။ တေသံ ဟေတုံ တထာဂတော အာ(ဟ)
၃။ တေ သဉ္စ ယော နိရောဓော
၄။ ဧဝံ ဝါဒီ မဟာသမဏော

၁၉၅၅ ခုနှစ်တွင် အိန္ဒိယကျောက်စာဌာနမှ ရန်ကုန်ဂျူဗလီဟောတွင် လာရောက်ပြသသော ကျောက်ပြားတို့အနက်၊ အေ၊ ဒီ၊ ၉-ရာစုနှင့် ၁၀-ရာစုနှစ်အတွင်း၌ ထုလုပ်ထားး၍ နာဠန္ဒတွင် တွေ့ယှိသော ဗုဒ္ဓဝင် ရုပ်ခန်းပါသော ကျောက်ပြား၏ ကျောဖက်တွင် ရှေးဟောင်း နာဂရီ အက္ခရာဖြင့် ထိုးထွင်းထား၍ စာနှစ်ကြောင်းတွင်ပါသော ဂါထာကလေးကို ယခုလက်ငင်း မြန်မာအက္ခရာဖြင့် ပြန်ဆိုရေးသားထည့်လိုက်သည်။ ဘာသာမှာ သင်္ကြိုဋ္ဌဘာသာ ဖြစ်သည်။

၆

၁။ ယေ ဓာမ္မိ ဟေတုပြဘဝါဟေတုံ တေဓာံ တထာဂတောဟဝဒ
၂။ တေဓာံ စ ယော နိရောဓ ဧဝံ ဝါဒီ မဟာဇမဏး

ထိုဂါထာကို၊ သင်္ကြိုဋ္ဌ-ပါဠိရောစပ်လျက်၊ နာဂရီအက္ခရာဖြင့် ရှေးပုဂံခေတ် အုတ်ခွက်တခုတွင်ရေးထိုးပုံနှိပ်ထားခြင်းကို တွေ့ရပြန်သည်။ ၎င်းကို ယခုလက်ငင်း မြန်မာ အက္ခရာဖြင့် ပြန်ဆိုရေးသား လိုက်သော် အောက်ပါအတိုင်းဖြစ်၏။

၇

၁။ ယေဓံမာ ဟေတုပြဘဝါ တေသံာ ဟေတုံတထာဂ
၂။ တော အဝ ဒ တေသံာ စ ယော နိ ရော ဓ
၃။ ဧ ဝံ ဝါဒီ မဟာသမဏ

အထက် ပဉ္စမ ဖေါ်ပြပါ အနော်ရထာမင်း၏ အုတ်ခွက်တွင် ပါသော ဂါထာမှာ နာဂရီအက္ခရာဖြင့် ရေးထိုးပုံနှိပ်ထားရာ "ယေဓမ္မာ" မှစ၍၊ အဆုံးယှိ "ဧဝံဝါဒီ" အထိ၊ အထက် ၂ မှ ၇ တိုင်အောင် ပြထားသည့် ဂါထာများအတိုင်းလိုလိုပင် ရေးထိုးထား၏။ သို့သော်အဆုံးသတ် "မဟာသမဏ" နေရာတွင် "ဂြိအ (နိ) ရုဒ္ဓဒေဝ" ဟု ပါယှိ၏။ ထိုဂါထာအစမှအဆုံးထိ သုတေသီတို့အတွက် ယခုလက်ငင်းအက္ခရာဖြင့် ပြန်ဆိုရေးသားထည့်သွင်းလိုက်သော်၊ အောက်ပါအတိုင်းဖြစ်၏။

၈

၁။ ယေဓမ္မာ ဟေတုပြဘဝါ ဟေတု ဓွေ့ဓာ ဗ္ဗ ထာ ဂ တောဟဝ
၂။ ဒါတွေ့ ဓာဥ္စ ယောနိရောဓ ဧဝမ္ဗ ါဒီဂြိအန(နိ)ရုဒ္ဓ (ဒေဝ)

ဤသို့သောအားဖြင့် ဗုဒ္ဓဘာသာရောက်ရာ မည်သည့်အခါကာလ၊ မည်သည့်နေရာမှ မတွေ့ယှိရဘူးပဲ၊ ဤအုတ်ခွက်တွင်မှ "ဧဝံဝါဒီမဟာသမဏ" နေရာတွင် "ဧဝံဝါဒီဂြိအန (နိ) ရုဒ္ဓဒေဝ" ဟု ပါယှိရာ "ဂြိအန (နိ) ရုဒ္ဓဒေဝ" သည် မည်သူပါနည်း။ မည်သည့်အတွက် "မဟာသမဏ" အစား "ဂြိအန (န) ရုဒ္ဓဒေဝ" ဟု ထည့်သွင်းရေးထိုးပါသနည်းဟူ၍ ပြဿနာနှစ်ရပ်ပေါ်ထွက်လာ၏။ ထိုပြဿနာကို ဖြေဆိုရန်မှာ အခြားအခြားသော အုတ်ခွက်တို့၌ **အန**-ဟု မရေးသားပဲ **အနိ**-ဟု ရေးသားပါယှိ၏။**အနိ**-ဟူ၍ ရေးထိုးချက်မှာ နာဂရီအက္ခရာ

ဖြင့်သာလျှင် မဟုတ်ပဲး ပါဠိဘာသာနှင့်မွန်-မြန်မာအက္ခရာဖြင့် ရေးသားလျက်ပါယို့ကြောင်းကိုလည်း တွေ့ရ၏။ ၎င်းတို့ကိုထောက်၍ အန-မှာ မှားယွင်း ရေးသားလျက်ပါယို့သဖြင့် အနကိုအနိ-ဟူ၍ ပြင်ဆင်ဖတ်ရှုရာ၏။ ထို့ကြောင့်''ဗြိအနရုဒ္ဓဒေဝ''ကို"ဗြိအနိရုဒ္ဓဒေဝ"ဟူ၍ ဖြင်ဆင်ဖတ်ရှုရာ၏။ ထို့ပြင် "ဒေဝ"ဟူသော သဒ္ဒါကိုစွဲ၍ "မင်း" အနက် ပေးရာ၏။ အကျိုးအပွဲအပျက်အစီး မယိုသော အခြား အုတ်ခွက်များ၌ အောက်မောင် အောက်ဖက်၌သော်၎င်း၊ ကျောဖက်၌သော်၎င်း၊ မွန်-မြန်မာအက္ခရာနှင့် "မဟာရာဇဗြိအနိရုဒ္ဓဒေဝ" ဟူ၍ ထင်ထင်ရှားရှား ပါယို့သဖြင့် သိရ၏။ ၎င်းမင်းသည်လည်း အခြားမဟုတ်၊ လူတို့ ယခုခေါ်ဝေါ်သမုတ် နေကြသော အနော်ရထာမင်းပင် ဖြစ်၏။ ထို့ကြောင့်အုတ်ခွက်မှာ အနော်ရထာမင်း၏ ကောင်းမှုတော် အုတ်ခွက်ဖြစ်၏။ ဤသို့ဆိုလျှင် ဒုတိယပြဿနာကို ဖြေရှင်းနိုင်ဘို့ရာမှာ "ဧဝံ ဝါဒိ" ၌ "ဝါဒိ" ၏အနက်အဓိပ္ပါယ် ပေါ်တွင်တည်၏။

ဇိနတ္ထပကာသနီကျမ်း၊ မျက်နှာ ၁၀၄-၁၀၅ ၌ ''မဟာသမဏော''နှင့် တွဲးစပ်၍ ''ဧဝံဝါဒိ'' ကို ''ရဟန်းမြတ်စွာတို့ ဆရာသည် ''ဤသို့ အယူတော်ယို့၏၊ (ဝါ) ဤသို့ ဟောတော်မူလေ့ယို့၏ဟု ဆိုပြန်သည်။

မာလာလင်္ကာရဝတ္ထု၊ မျက်နှာ ၁၃၄ ၌ ''မဟာသမဏော''ရဟန်းကြီးဖြစ်သော ဘုရားသခင်သည် ''ဧဝံဝါဒိ''ဤသို့ အယူယို့၏။ ဧတိ၊ ဤသို့၊ အဘာသိ၊ ဟောတော်မူ၏ဟု ပါယို့၏။

တထာဂတဥဒါနဒီပနီကျမ်း၊ ပဌမတွဲ၊ မျက်နှာ ၄၃၂ ၌ ''မဟာသမဏော-မြတ်သောရဟန်းမင်းကြီးသည်၊ ဧဝံဝါဒီ၊ ဤသို့ အယူယို့၏''ဟု ဆိုသည်။

သမ္မဝတီဗုဒ္ဓဝင်-မျက်နှာ ၃၅၅ ၌ '' မဟာသမဏော၊ ရဟန်းတကာတို့ထက်၊ လွန်စွာ ထူးခြား၊ အမြတ်စားဖြစ်သော မြတ်စွာဘုရားသည်၊ ဧဝံဝါဒီ၊ ဤသို့၊ သစ္စာလေးဆူ၊ အရင်းထူကာ၊ ဟောတော်မူလေ့ယို့ပေသတည်း။" ဟူ၍ အနက်ပေး၏၊ အဘိဓာန်ကျမ်းတို့၌ "ဝါဒ"သဒ္ဒါ၏ အနက်အဓိပ္ပါယ်တို့မှာ စာသွားကိုကြည့်၍ " ဟောကြားချက်၊ မိန့်မြွက်ပြောဆိုချက်၊ ငြင်းခုံယူဆချက်၊ ဆွေးနွေးချက်၊ " စသည်ဖြင့် ပါယို့ရာ၊ အထက်ဖေါ်ပြပါ အနော်ရထာမင်း၏ အုတ်ခွက်တွင်ပါယို့သော စကားမှာ အဖြစ်အပျက် အခြင်းအရာတို့ကို ထောက်၍ အနော်ရထာမင်းကြီးသည် ဤသို့ အယူယို့၏၊ (ဝါ) ဤသို့ ယုံကြည်ချက်ယို့၏ဟု ပြန်ဆိုသင့်ရာ၏။ ဤသို့ အယူယို့သည့်အတိုင်းလည်း မိမိ၏ ယုံကြည်ချက်ကို တိုင်းပြည်သို့ ဖြန့်ချီတော်မူ၏။ တနည်းအားဖြင့် ဆိုသော်၊ ဤဗုဒ္ဓရုပ်ပွါးဆင်းတုတော်ကလေးများနှင့် ကမ္မည်း လိပ်စာ တို့ ကို ထောက် ချင့် ရ ခြင်း အား ဖြင့်၊ အနော်ရထာမင်းမြတ်သည်၊ ဗုဒ္ဓဘာသာတရားတော်၌ သက်ဝင်ယုံကြည်၍၊ ဗုဒ္ဓ ဘာ သာ ဝင် တ ဦး ဖြစ် လာကြောင်းကို သိရ၏။ အနော်ရထာမင်း မတိုင်မီ၊ ပုဂံပြည်တွင် မင်းအဆက်ဆက်တို့သည်၊ နတ်ကိုးကွယ်ခြင်း၊ နဂါးရုပ်လုပ်၍ ကိုးကွယ်ခြင်းတို့၌သာ မွေ့လျော်နေကြ၏။ နဂါးရုပ်လုပ်၍ ကိုးကွယ်ခြင်းသည်ကား နဂါးသည် လူတို့ထက်မြတ်လေသည်၊ တန်းခိုးလည်းကြီးလေသည်၊ ကိုးကွယ်ရသော် အကျိုးကြီးမည်ဟူ၍ ပြုလေသတည်း။ ဤသို့ ယူဆကိုးကွယ်ပူဇော်ခြင်းသည်၊ ပုဂံပြည်တွင်မျှမက ထိုအခါက၊ ကမ္ဘာပေါ်ယို့ နေရာအနှံ့အပြား၌ယို့၏။ ယခုတိုင်လည်း ယို့သေး၏။

အနော်ရထာမင်းလက်ထက်မတိုင်မီ၊ အေ၊ ဒီ၊ ၂-ရာစုနှစ်လောက်က အစပြု၍ ဗုဒ္ဓဘာသာတည်ထွန်းရာ အိ န္ဒိ ယ နိုင် ငံ ၌ ဗုဒ္ဓဘာသာ ဂိုဏ်းကြီး နှစ်ဂိုဏ်း ထင်ရှားစွာ ကွဲပြားပေါ်ထွက်လျက် ယို့၏။ ၎င်းတို့သည် (၁) အိန္ဒိယတောင်းဂိုဏ်းနှင့် (၂) အိန္ဒိယမြောက်ဂိုဏ်းခေါ် (၁) ထေရဝါဒဂိုဏ်းနှင့် (၂) မဟာယာနဂိုဏ်းဟူ၍ ဂိုဏ်းကြီးနှစ်ဂိုဏ်းဖြစ်၏။ ၎င်းတို့ကို (၁) ပစ္စေကဗုဒ္ဓယာနဂိုဏ်းနှင့် (၂) ဗောဓိသတ္တယာနဂိုဏ်း ဟူ၍လည်း ခေါ်ဆိုကြ၏။ ဗောဓိသတ္တဂိုဏ်းတွင် ဂိုဏ်းဂဏအဖုံဖုံ အကွဲကွဲအပြားပြား အထက်ဂိုဏ်း အောက်ဂိုဏ်းလည်းခေါ် လက်ျာဂိုဏ်း လက်ဝဲဂိုဏ်းဟူ၍ ယို့ကြ၏။ အထက်ဂိုဏ်းမှာမူကား အ လွန် မွန် မြတ် ဖွယ်ကောင်းသော အယူဝါဒ အလေ့အထယို့၏။ အောက်ဂိုဏ်းမှာမူ၊ စုံးနတ်တစ္ဆေတို့ကို ကိုးကွယ်ပူဇော်ခြင်း၊ ဂါထာမန္တာန် အင်းအိုင်မန္တရားတို့ကို လေ့လာရွတ်ဖတ်၍ စုံးနတ်တစ္ဆေတို့ကို ပင့်ခေါ်ဖိတ်ကြားခြင်း၊ မာတု

ဂါမတို့နှင့် စပ်ရှက်၍ ပူဇော်လေ့လာခြင်းတို့လည်း ပါယှိ၏။ အထက်ဂိုဏ်းဝင်သားတို့သည်၊ မည်သူမဆို ဖုရားဆုကိုပန်သော ပုဂ္ဂိုလ်ချည်းသာ ဖြစ်ကြ၏။

အနော်ရထာမင်းသည် ဗုဒ္ဓဘာသာဝင်တဦး ဖြစ်ကြောင်းကို အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်ရာ ဂိုဏ်းဂဏအလိုအားဖြင့် ပြလို၍၊ ပုံ(၂)တွင် ပြထားသော အုတ်ခွက်ဆင်းတုတော်ကို သွင်းလုပ်လှူဒါန်းတော်မူသည်။ ထိုအုတ်ခွက်ဆင်းတုတော် အလိုအားဖြင့် အနော်ရထာမင်းကြီးသည် ဗုဒ္ဓဘာသာ မဟာယာဉ်ဂိုဏ်းသား (ဗောဓိသတ္တယာနဂိုဏ်းသား) တဦးဖြစ်ကြောင်းကို ပြဆိုထားသည်။ သို့သော် သိမှီရသလောက် ပြောရလျှင်၊ အနော်ရထာမင်းကြီးသည် ထေရဝါဒဂိုဏ်းသားဟူ၍၎င်း၊ မဟာယာနဂိုဏ်းသားဟူ၍၎င်း၊ ပြတ်သားခွဲခြားခြင်း မယှိပဲ မြတ်နိုးရာရာကို ဆည်းကပ်ကိုးကွယ် ပူဇော်လေ့ယှိကြောင်းဖြစ်သည်ကို သိရ၏။ ထိုပုံတွင် ပြထားသော အုတ်ခွက်၏ အဖြစ်အပျက်အကြောင်းကို အနည်းငယ်ထုတ်ဖော်ပြောဆိုလိုရကား၊ ဒုတိယစစ်ကြီးမဖြစ်မီ ၂-နှစ်လောက်အတွင်းက အကျွန်ုပ်ထံသို့ မိတ်ဆွေတဦး သတင်းစာစက္ကူဟောင်းနှင့်ထုပ်၍ အထုပ်ကလေးတခုယူလာသည်။ ထိုအထုပ်ကလေးကိုဖြေကြည့်လိုက်သောအခါ အုတ်ခွက်ဆင်းတုတော်ကလေးတဆူကို တွေ့ရသည်။ ထိုအုတ်ခွက်ဆင်းတုတော်၏အောက် ဘောင်အောက်ဖက်၌ ရှေးမွန်-မြန်မာအက္ခရာဖြင့် ရေးမှတ်လျက်၊ လက်ရေးစာသုံးကြောင်းလည်း ပါသည်။ မိတ်ဆွေ၏အပြောမှာ ဉစ္စာရှင်သည် ထိုဆင်းတုသည် မည်သည့်ဆင်းတုဖြစ်သည်ဟု မိမိမသိရကြောင်း။ စာမှာ မည်သည့်လူမျိုးတို့၏ စာမှန်းမသိရ။ မည်သည့်အကြောင်းကို ရေးသားထားသည်ကိုလည်း မသိရ၍၊ ၎င်းတို့ကို သိလိုသဖြင့် ထိုအုတ်ခွက်ကို ရဟန်းတော်တပါးထံသို့ ယူလာရာ၊ ၎င်းကတဆင့် သိသူယှိက မေးမြန်းပေးရန် ခိုင်းစေလိုက်သဖြင့် ကျွန်ုပ်ထံသို့ လာရောက်ရကြောင်းဖြစ်သည်ဟု ပြောသည်။

ထိုအုတ်ခွက်ကလေး၏ မူလပိုင်ရှင်မှာ ပခုက္ကူမြို့မှ ၂၁ မိုင်ကွာ ရေစကြိုမြို့သို့ သွားရာလမ်း၊ ကန်သစ်သူကြီး ဦးဘတင်ဖြစ်ကြောင်း။ ၎င်းကတဆင့် ၎င်း၏ဆရာဖြစ်သော အထက်အဆိုပါ ရဟန်းတော်အား အပ်နှံလိုက်ကြောင်းဖြစ်သည်။ ရဟန်းတော်မှာလည်း မိမိလက်လှမ်းမှီသလောက် နေရာအနှံ့အပြားတို့၌ ရဟန်းပညာယှိ လူပညာယှိတို့အား မေးမြန်းစူးစမ်းကြည့်သော်လည်း သေချာစေ့ငုစွာ ဖြေဆိုနိုင်သော ပုဂ္ဂိုလ်မတွေ့ရချေဟု ပြောသည်။ရုပ်တုအောက်၌ နာဂရီအက္ခရာနှင့်စာနှစ်ကြောင်းပါသေးသည်။ သို့သော် ၎င်းစာမှာ ပြွန်းတီးပျက်စီးနေသည်။ ၎င်းစာအက္ခရာကိုထောက်၍ အချို့ကရုပ်တုမှာ ဟိန္ဒူနတ်ရုပ်ဟု ပြောကြသည်။ အောက်ဘောင်အောက်က မွန်-မြန်မာအက္ခရာနှင့် စာသုံးကြောင်းမှာလည်း အချို့ကကုလားစာတွေ ဖြစ်သည်ဟု ဆိုကြသည်။ ကျွန်ုပ်အတွက်မှာမူ၊ ထိုအုတ်ခွက်ကို တွေ့မြင်ရသဖြင့် နှစ်ပေါင်းများစွာက သို့လော သို့လော ဖြစ်နေသမျှတွေမှာ၊ ရှာ်ချည်းကွယ်ပျောက်၍ ငွေထုပ်ကြီးတထုပ်ရသလို ဝမ်းပန်းတသာ ယှိမိပေသည်။ ထိုအခါက ကျွန်ုပ်သည် ကျောက်စာဌာနမှ ပင်စင်ယူ၍ အနားနေခိုက်ဖြစ်သဖြင့်၊ လက်ယှိကျောက်စာဝန် ဦးလူဖေဝင်း၏ အကူအညီကိုယူ၍၊ လိုသလောက်ဓာတ်ပုံများ ရိုက်ယူပြီးလျှင်၊ အုတ်ခွက်ကို ဉစ္စာရှင်သို့ ပြန်၍ ပေးအပ်လိုက်ရသည်။

အုတ်ခွက်၏ အောက်ဘောင် အောက်ဖက်က စာမှာ၊ရှေးမွန်-မြန်မာအက္ခရာနှင့် ပါဠိဘာသာဖြင့် ရေးထိုးထားသော စာတမ်းဖြစ်သည်။ (ပုံ-၃) ၎င်းကို ယခုခေတ် မြန်မာအက္ခရာနှင့် ပြန်ဆိုရေးသားသော် အောက်ပါအတိုင်းဖြစ်၏။

**၁။ ယေသာ လောကနာထောမဟာရာ**
**၂။ ဇသိရီအနိရုဒ္ဓဒေဝေနကတော**
**၃။ ဝိမုတ္တတ္ထံသဟတ္ထေနေဝါတိ**

၎င်းကို မြန်မာဘာသာဖြင့် ပြန်ဆိုသော်—

ဤလောကနာထ (ဖုရားလောင်း) ၏ဆင်းထုတော်ကို၊ သိရီအနိရုဒ္ဓဒေဝေ အမည်ယှိသော မင်းကြီးသည်၊ သံသရာ ဝဋ်ဆင်းရဲမှ ထွက်မြောက်ပါရခြင်းအကျိုး ငှါ၊ မိမိလက်တော်ဖြင့် သွင်းလုပ်တော်မူသည် ဟူ၍ ပြန်ဆိုရာ၏။

"လောကနာထ"သဒ္ဒါ၏ အနက်အဓိပ္ပါယ်မှာ ဤနေရာ၌ "ဖုရား" ဟူ၍ ယူဆပါက ကုသိုလ်ရှင် အနော်ရထာမင်း၏ ရည်ရွယ်ရင်းအချက်နှင့် ကိုက်ညီမည် မဟုတ်ပေ၊ အကြောင်းဆိုသော် "လောကနာထ" အမည်သည် အုတ်ခွက်တွင်ပါသော ရုပ်တုတော်၏ အမည်ရင်းဖြစ်ရမည်ကား မလွဲဘည်း၊ သို့သော် ရုပ်တုတော်၏ အနေအထားပုံသဏ္ဍာန်ကို ကြည့်လိုက်သော် ဖုရားရှင်တော်မြတ်၏ ရုပ်တုတော် အနေအထိုင်းမျိုး မဟုတ်ပဲ၊ ကြာပလ္လင်ပေါ်တွင် ခြေတဖက်တင် တဖက်ချ မင်းထိုင် ထိုင်၍၊ ညာလက်ကိုချပြီးလျှင် ပေါင်ပေါ်တွင် အနည်းငယ် ကွေး၍တင်လျက် ပခုံးပေါ်ထက် တက်လျက်နေသော ကြာဖူးကို ကြာရိုးဖြင့်ကိုင်လျက် ယှိသည်၊ ဝဲဖက်လက်မှာကွေးပြီးလျှင် ရင်ကိုအပ်လျက် ကြာဖူး၏ကြာရိုးတံကို ကိုင်လျက်ယှိသည်။ ကြာရိုးမှာ လက်ကွေးသည့်အလိုက်၊ လက်၏အောက်ဖက်ကလိုက်၍ ပခုံးထက်သို့ တက်သွားသည်။ လက်ကောက်၊ လက်ကြပ်၊ ပုတီး၊ လည်ဆွဲတန်ဆာများဆင်၍ မကိုဋ်သရဖူနေရာတွင် မောက်မားသော ဆံကျစ်ထုံး ပါယှိသည်၊ ထူးခြားဆုံးသော အချက်တရပ်မှာ၊ ထိုဆံကျစ်ထုံး၏ အလယ်တွင် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူသော ဖုရားဆင်းတုတော်လေး တဆူပါသည်။ ဤသို့စသည်ဖြင့် လက်ကောက်၊ လက်ကြပ် တန်းဆာတို့ကို ဆင်မြန်းလျက် ဆံကျစ်ထုံ့နှင့်မင်းထိုင် ထိုင်လျက် ပါယှိသော ပုံတော်မှာ၊ ဖုရားဆင်းတုတော်မဟုတ်ပဲ၊ ဗုဒ္ဓဘာသာ မဟာယဉ်ဂိုဏ်း အလိုအားဖြင့်၊ ဖုရားလောင်းပုံတော်ဖြစ်သည်ဟု ယူဆကြသည်။ ဖုရားလောင်းဆိုသည်မှာလည်း သာမန်ဖုရားလောင်း မဟုတ်ကြောင်းကို ဆံကျစ်ထုံးတွင်ပါသော တင်ပြင်ခွေထိုင်လျက်နေသော ဖုရားဆင်းတုတော်ကလေးက ဆုံးဖြတ်လျက်ယှိသည်။ ဆုံးဖြတ်ပုံမှာ ထိုဖုရာ့လောင်းပုံတော်သည် ထင်ရှားသောဖုရားလောင် တို့အနက် ''လောကနာထ'' ဖုရားလောင်းပုံတော် ဖြစ်သည်ဟု ပြလျက်ယှိသည်၊ ထိုကြောင့် "လောကနာထ" ဆိုသည်မှာ "မြတ်စွာဖုရား"ဟု အနက်အဓိပ္ပါယ်မကောက်ယူပဲ၊ "ဖုရားလောင်းလောကနာထ" ဟု အနက်အဓိပ္ပါယ် ကောက်ယူသင့်သည်။

ထိုဖုရားလောင်းကိုပင် ဖုရားတဆူ ဂုတလုံးပြုလုပ်၍၊ အနော်ရထာမင်းသည် ကိုးကွယ်ပူဇော်ထားလျက် ယှိခြင်းကို အထက်က ဖေါ်ပြထားသော အနော်ရထာမင်း၏ လက်ရေးစာနှင့် ဆုတောင်းခန်းကလေးအပြင် ထိုဖုရားမလောင်းပုံတော်ကိုရုံလျက် အုတ်ခွက်၏ အနေအထား ဆင်ပြင်ပုံတို့ကို ကြည့်ရခြင်းအားဖြင့် သိမြင်နိုင်ပေလိမ့်မည်။ သိမြင်နိုင်ပုံမှာ၊ ဖုရားလောင်းပုံတော်သည်၊ ဖုရားဆင်းတုတော်များကဲ့သို့ အထွတ်အမြတ်ဖြစ်သော ကြာပလ္လင်ပေါ်ထက်ထိုင်လျက် ချထားသော ခြေထောက်တွင် ကြာပွင့်ခံလျက်ယှိသည်၊ ထိုကြာပွင့် ကြာပလ္လင်တို့ကို အောက်ဖက်ကရုံလျက် နာဂရီအက္ခရာဖြင့် စာတကြောင်းကျော်ပါယှိ၏။ ထိုစာတွင်ပါသော အက္ခရာတို့မှာ မထင်ရှားသဖြင့် မဖတ်သာချေ။ သို့သော် ထိုစာသည် အခြားစာမဟုက်ပဲ၊ အခြားအုတ်ခွက်များတွင် ပါလေ့ယှိ၍၊ နာဂရီအက္ခရာဖြင့် ပုံနှိပ်ထားသော ''ယေဓမ္မာဟေတုပြဘဝါ'' အစယှိသော ဂါထာကလေးဖြစ်ဟန်တူသည်။ ၎င်းကိုဆံမံစစ်ဆေးဘို့ရာမှာလည်း အခွင့်အရေးမရဘော့ချေ။ ၎င်းတို့၏ အထက်၌ မုခ်ထွက်လျက် ဖုရားကျောင်းဆောင် ပါယှိ၏။ နံဘေး တဖက်တချက်၌လည်း စေတီရုံကလေးများ ပါ၏။ ကျောင်းဆောင်မှာလည်း ဗောဓိကျောင်းဆောင်နှင့်တူ၏။

ရှေးအခါက၊ ပုဂံပြည်နှင့် သရေခေတ္တရာပြည်တို့၌ လောကနာထဖုရားလောင်းနှင့် အရိမိတ္တေယျဖုရားလောင်းတို့သည် ထင်ရှားလျက်ယှိ၏။ လူတို့၏ အလိုအားဖြင့် ထိုဖုရားလောင်းနှစ်ဆူကို ကိုးကွယ်ပူဇော်ရခြင်းသည် လောကီလောကုတ္တရာ နှစ်ဖြာသောအကျိုးတို့ကို ပြီးမြောက်အောင်မြင်နိုင်စေသည်ဟူ၍ အယူယှိ၏။ ဖုရားလောင်းပုံတော်ကို သွန်းလုပ် ပူဇော်ခြင်းမှာ ရခိုင်ပြည်၌လည်း ထင်ရှားခဲ့၏။ ရခိုင်ပြည်၊ မြို့ဟောင်းမြို့ ရှစ်သောင်းဖုရားကုန်းဘောဲပေါ်၌ စိုက်ထူ ထားလျက် ယှိသော ရှစ်သောင်း ကျောက်စာတိုင် အနောက်မျက်နှာ၌ ရေးထိုးထားသော အာနန္ဒစန္ဒြမင်း၏ ကျောက်စာကြောင်းရေ–၄၇–၄၈ တို့တွင်၊ အာနန္ဒစန္ဒြမင်းသည် ဖုရားရုပ်ပွားတော်များနှင့် ဖုရားလောင်းရုပ်ပွားတော်များကို တင်လှူပူဇော်ရန် ကျောင်းတန်ဆောင်းများ ဆောက်လုပ်လှူဒါန်းကြောင်း ပါယှိ၏။

အနော်ရထာမင်း၏ အုတ်ခွက်ဆင်းတုတော်တို့တွင် ရေးထိုးပုံနှိပ်လျက် ပါယှိသော စာတမ်းတို့မှာ သသ်ကြိုဋ္ဌဘာသာဖြင့် သော်၎င်း၊ သသ်ကြိုဋ္ဌ–ပါဠိ ရောစပ်လျက် သော်၎င်း၊ နာဂရီအက္ခရာနှင့် ရေးထိုးပုံနှိပ်

လျက်ယှိ၏။ မင်း၏ဘွဲ့တော်မှ အခြားပါဠိဘာသာသန့်သန့်ပါလျှင် မဟုတ်ပဲ၊ လက်ရေးစာသာလျှင် တွေ့ယှိရ၏။ ထိုလက်ရေးစာမှာလည်း အုတ်ခွက်၏ ကျောဖက်၊ သို့မဟုတ် အောက်ဘောင်အောက်ဖက်တွင် ပါယှိတတ်ကြ၏။ သို့သော် လက်ရေးစာ ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ၊ အနော်ရထာမင်း၏ ဘွဲ့တံဆိပ်မှာ ပါစမြဲဖြစ်၏။

လက်ရေးစာမပါသော အုတ်ခွက်တို့တွင် ပုံ (၄) ၌ ပြထားသော အုတ်ခွက်သည် တမျိုး အဝင်အပါဖြစ်၏။ ၎င်းအုတ်ခွက်သည် ဘောင်ခတ်လျက် မပါပဲ ဝမ်းဘဲဥပုံသဏ္ဍာန်ယှိ၏။ အမြင့်မှာ သုံးလက်မခွဲသာသာယှိ၏။ အချင်းမှာ နှစ်လက်မနှင့် သုံးလက်မတ်ယှိ၏။ အထုမှာ လက်မဝက်လောက်ယှိ၏။ (ပြထားသော ပုံမှာ အနည်းငယ်ခွဲထားသောပုံ ဖြစ်၏)။ ၎င်း၏မျက်နှာဖက်တွင် အလယ်၌ လက်ဗယ်တင်ညာချနှင့် ခြေချိတ်လျက် ကြာပလ္လင်ထက် တင်ပြင်ခွေကိုယ်တော်တဆူပါ၏။ (ကျောင်းဆောင်နေရာတွင် ဂုံးနှစ်ထပ်နှင့် ပေါင်းကူးလျက် မုခ်သဏ္ဍာန် တံကဲပါ၏။ တံကဲတိုင်တို့မှာ ကြိုးဆစ်သဏ္ဍာန် ပွတ်ခုံတိုင်များ ဖြစ်၏။ တံကဲထိပ်၌ ထီးကိုဖြန့်၍ မိုးလျက်ပုံ ပါယှိ၏။ ထီးအောက် တဖက်တချက် ဘေးသို့ ထွက်လျက် ဗောဓိ အကိုင်း အခက် အရွက်တို့ကို တွေ့မြင်ရ၏။ တံကဲ၏ ဘေးတဖက်တချက် ဖေါင်းရစ်နေရာတွင် ထီးအဆင့်ဆင့်တပ်လျက် မြေစိုက်စေတီလုံးကလေးများ အထက်အောက် တန်းလျက် နှစ်ဆူစီပါ၏။ အောက်ဖက်တန်း စေတီကလေးနှစ်ဆူနှင့် အလယ်ကြာပလ္လင်အောက်ဘွင် စာတမ်းများလည်း ပါ၏။ အုတ်ခွက်အစွန်းနားပတ်လည်၊ ပုလဲလုံးကလေးများသဏ္ဍာန် စိတန်းဝန်းရံလျက် ယှိ၏။ စာတမ်းမှာ စာကြောင်းရေ (၄) ကြောင်းပါယှိရာ ၎င်းတို့တွင် သင်္သကြိုင်ဘာသာဖြင့် ရှေးနာဂရီအက္ခရာနှင့် ဖေါင်းကြွသောစာလုံးတို့ဖြင့် ရေးထိုးပုံနှိပ်ထားလျက် ယှိ၏။ (ပုံ–၅)။ စာလုံးတို့မှာ အများအားဖြင့် ပီသ၍ သပ်ယပ်၏။ ယခုလက်ငင်း မြန်မာအက္ခရာနှင့် ပြန်ဆိုရေးသားသော် အောက်ပါအတိုင်း ဖြစ်၏။

**၁။ မယာနိ ရုဒ္ဒဒေ**
**၂။ ဝေန ကို့တံ**
**၃။ သုဂတသစ္စ (ဥ္စ)ကံ၊ တေနမေဲတြေယမံဝေါ**
**၄။ ခေါလဘေယန္နိဗ္ဗုတ္တောပဒံ**

စာကြောင်းရေ ၃–၌ သစ္စကံဟု ပါယှိရာ၊ ၎င်းသည် "သဥ္စကံ" ဖြစ်သင့်သည်ဟု ယူဆသည်။ ၎င်းစာကြောင်းအဆုံးနှင့် စာကြောင်းရေ ၄–အစတွင် **"မေဲတြေယမံဝေါခေါကို မေဲတြေယ+အံဝေါခေါ"** ဟု ပုဒ်ဖြတ်၍ တပုဒ်လုံးကို မြန်မာဘာသာဖြင့် လုံးကောက်နည်းဖြင့် ပြန်ဆိုသော်။

> မဟာနိရုဒ္ဒဒေဝေန၊ အနိရုဒ္ဓမင်းမည်သော အကျွန်ုပ်သည်၊ သုဂတ ဖုရားရှင်၏၊ သဥ္စကံ၊ တံဆိပ်ပုံတော်ကို၊ ကို့တံ၊ ပြုအပ်၏၊ တေန၊ ထိုသို့ ပြုအပ်သော (ကုသိုလ်ကောင်းမှု) ကြောင့်၊ မေဲတြေယံ+အံဝေါခေါ၊ အရိမိတ္တေယျရေအယဉ်၌ (အရိမိတ္တေယျဖုရားပွင့်ကော်မူသောအခါ၌) နိဗ္ဗုဘောပဒံ၊ နိဗ္ဗာန်ချမ်းသာကို၊ လဘေယံ၊ ရပါလို၏။

၎င်းကိုဆောက်၍၊ အုတ်ခွက်၏မူလကုသိုလ်ရှင်မှာ အနော်ရထာမင်းပင် ဖြစ်သည်ဟု ယူဆသင့်၏။ သို့သော် ပုံ (၁ က နှင့် ခ) တွင် ပြထားသော ကျောင်းဆောင်နှင့် ဆင်းတုတော်ပုံတို့မှာ ယခုပုံနှင့် လက်ရာချင်းမတူကြပေ။ ပဌမပုံ၌ ဆင်းတုတော်ပုံမှာ ကြွားကြွားရွားရွားယှိ၍ ကိုယ်တော်၏ ခန္ဓာကိုယ် အစိတ်အပိုင်းတိုင်း၌ ထင်ရှားပေါ်လွင်၍ ပြတ်ပြတ်သားသားရှိ၏။ မျက်နှာတော်ချင်းမှာလည်း ပဌမပုံ၌ မျက်နှာလုံးနှင့် မျက်လုံးတော်များသည် ဖွင့်လျက်ရှေ့သို့တူရူ စူးစိုက်ကြည့်ရှုနေဟန် ဖြစ်သည်။ ယခုပုံ၌ မျက်နှာတော်မှာ လေးထောင့်ဆန်ဆန်နှင့် မျက်လွှာချလျက်နေဟန် ပါသည်။ ပဌမပုံ၌ မဏိတော်သက် ဥဏှိုသပုံမှာ အထက်သို့ ရှူးတက်သွားပြီးလျှင် ကြာဖူးသဏ္ဍာန် အထွတ်ကလေး အုပ်ဆောင်းလျက်ပါသည်။ ယခုပုံတွင် ဥဏှိုသပုံမှာ လုံးလုံးလျားလျားယှိပြီး အထွတ်မပါချေ၊ သက်နှ်းတော်များဆင်မြန်းချင်းပုံတို့မှာ ယခုပုံ၌ လက်ဝဲဖက်ပခုံးထက်

စမွယ်တင်ထားသော သက်န်းစမှာ ထင်ထင်ရှားရှား ပါလျက်ယှိ၏။ ပဌမပုံတွင် ၎င်းသက်န်းစပါဟန် မယှိပေ။ စလွယ်တင် သိုင်းထားသကဲ့သို့ သက်န်းခေါက်ရိုးစသာလျှင် တွေ့မြင်ရသည်။

ဆင်းတုတော်ချား၏ ကြာပလ္လင်အောက်၌ ရေးထိုးပုံနှိပ်ထားသော စာလုံးအက္ခရာတို့၏ အရေးအသား မှာလည်း ခြားနားလျက် ယှိကြ၏။ ပဌမပုံတွင် လေးထောင့်စပ်စပ် ယှိ၏။ ယခုပုံ၌ အောက်သို့ ဆွဲချသော မျဉ်းကြောင်းတို့မှာ အောက်ဖျား၌ လက်ျာဖက်သို့အနည်းငယ်ကွေးသွားတတ်၏။ ထိုအချက်များကိုထောက်၍ အုတ်ခွက်နှစ်ဆူစလုံး၏ ကုသိုလ်ရှင်မှာ အနော်ရထာမင်းပင် ဖြစ်သော်လည်း ယခုပုံကို သွင်းလုပ်ခြင်းမှာ ပဌမ ပုံထက် နောက်ကျဟန်တူ၏။ နောက်ကျပင် ကျသော်လည်း တဆူနှင့်တဆူ နှစ်များစွာ ကွာခြားဟန် မတူပေ။ ဇာတာပုံရာဇဝင်အလိုအားဖြင့် အနော်ရထာမင်း၏ နန်းသက် သုံးဆယ်သုံးနှစ်ကို ထောက်၍ တဆူနှင်တဆူ နှစ်ပေါင်း နှစ်ဆယ်၊ ဆယ့်ငါးနှစ်လောက်သာ ကွာခြားကြမည်ဖြစ်၏။

ပုံ (၆) တွင် ပြထားသော အုတ်ခွက်ပုံတော်မှာ အနော်ရထာမင်း၏ ကောင်းမှုတော်အုတ်ခွက် ဆင်းတု တော်အမျိုးမျိုးတို့ဘွင် တမျိုးအဝင်အပါဖြစ်၏။ အုတ်ခွက်ပုံသဏ္ဍာန်မှာ ဘေးက ဘောင်ပတ်လျက် မပါပဲ၊ ဂုံးချွန်သဏ္ဍာန်ဖြစ်၏။ အမြင့်မှာ ၅ လက်မ တမတ်ယှိ၏၊ အောက်ခြေ အကျယ်မှာ ၃ လက်မခွဲ ယှိ၏။ ထို အုတ်ခွက်၏ ထူးခြားချက်မှာ အလယ်တွင် ဗောဓိကျောင်းဆောင်နှင့် ပလ္လင်ပေါ်တွင် တင်ပြင်ခွေလျက် ထိုင်နေ သော မြတ်စွာဖုရား၏ ပုံတော်ကိုရံလျက် တဖက်တချက်တွင် ဖုရားလောင်း လောကနာထ၏ ပုံတော်ဘဆူစီ ပါ၏။ ဤကဲ့သို့ ပါခြင်းမှာလည်း မဟာယာဉ်၏ အသေ့အသ ဖြစ်၏။ ထေရဝါဒဂိုဏ်း၌ ၎င်းတို့အစား ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်အဂ္ဂသာဝကမထေရ်ကြီးနှစ်ပါးတို့၏ ပုံကို ပြထားလေ့ယှိ၏။ ထိုပုံတော် များ၏ အောက်ဖက်တွင် သင်္ကြိုဋ္ဌဘာသာနှင့် ရှေးနာဂရီအက္ခရာဖြင့် ''အနိရုဒ္ဓဒေဝ'' အနော်ရထာမင်း၏ ကုသိုလ်ကောင်းမှုဖြစ်သည်ဟူ၍ ဖေါင်းကြွသောစာနှစ်ကြောင်း ပုံနှိပ်လျက်ပါယှိ၏။

ပုံ (၇) ဤသို့ပါယှိခြင်းကြောင့်လည်း အနော်ရထာမင်းသည် မဟာယာဉ်ဂိုဏ်းသားတဦးဖြစ်ကြောင်းကို သိရပြန်၏။ တနည်းအားဖြင့်ဆိုသော် အနော်ရထာမင်းသည် မဟာယဉ်ဂိုဏ်း အယူဝါဒ၌လည်း သက်ဝင် ယုံကြည်ကြောင်းကို ပြဆိုသည်။ ထိုစာ၌ အချို့အက္ခရာတို့သည် ပျက်စီးပွန်းပဲ့မှေးမှိန်လျက်ယှိ၏။ သို့သော် အုတ်ခွက်ပေါင်း များစွာတို့ကို စပ်၍ကြည့်လိုက်သော် စာနှစ်ကြောင်းတွင်ပါသော အက္ခရာစာလုံးတို့ကို လုံးစေ့ ပါဠ်စေ့ ဖတ်၍ ရ၏။ ၎င်းတို့ကို ပေါင်းစပ်၍ ယခုလက်ငင်း မြန်မာအက္ခရာဖြင့် ပြန်ဆိုရေးသားသော် အောက်ပါအတိုင်း ဖြစ်၏။

**၁။ ဥုံ ဒေယဓမ္မောယံ သစ္စဒါနပတိး။ မ**
**၂။ ဟာရာဇဇြီအနိရုဒ္ဓဒေဝ (သျ)။**

စာကြောင်း (၁) ၌ ပါယှိသည့်အတိုင်း **သစ္စ** ဟု ဖတ်ဆိုထားသော စကား၏ အနက်အဓိပ္ပါယ်မှာ ဤနေရာ၌ မထင်မရှားလှချေ၊ သို့သော် ၎င်းအတိုင်းယူ၍ မြန်မာဘာသာသာဖြင့် ပြန်ဆိုသော်၊ ဥုံ၊ ဤဓမ္မဒါန သည် တရားဘော်အဘိုင်း မှန်ကန်စွာ ပြုလေ့ပြုသယှိခဲသော ဇြီအနိရုဒ္ဓဒေဝ (အမည်တော်ယှိသော) မင်းတရား ကြီး၏ ဓမ္မဒါန ဖြစ်၏။

အုတ်ခွက်၏ အလယ်၌ ပြော့ပလ္လင်နှင့် ကြာပလ္လင်ထပ်လျက်၊ ပလ္လင်နှစ်ထပ်ပေါ်တွင် တင်ပြင်ခွေ၍၊ လက်တဖက်တင် တဖက်ချ ထိုင်နေတော်မူသော မြတ်စွာဖုရားရုပ်ထုတော်၏ အဆင်းသဏ္ဍာန်မှာ အထက်တွင် ဖေါ်ပြလျက်ပါသော မြတ်စွာဖုရားဆင်းတုတော်များနှင့် အနည်းငယ် ကွာခြားလျက် ယှိ၏။ ကွာခြားပုံမှာ မဏိတော်အထက် ပုံ့ပုံ့တက်လျက်ယှိသော ဥဏှိသပုံတော်မှ အထက်သို့ အလယ်၌ ခွက်လျက် မီးလျှံနှင့်တူ သော ပုံသဏ္ဍာန်တခု ပါယှိ၏။ မျက်နှာတော်ပုံအကျအနမှာလည်း အဆင်ကွဲ၏။ နောက်ခံ ဟံကဲမှာလည်း ကြွကြွရွရွမယှိချေ။ ကျောင်းဆောင်ပုံမှာလည်း တချိုးဖြစ်နေ၏။ ကျောင်းဆောင်၏ အထက်ပိုင်း တဖက်

တချက်၌ တင်ပြင်ခွေ ဆင်းတုတော်ကလေး တဆူစီပါ၏။ ၎င်းတို့အပြင် စေတီရံကလေးများနှင့် ဗောဓိပင် အခက် အလက် အရွက်ပုံကလေးများလည်း ပါယှိ၏။

အနော်ရထာမင်း၏ ကုသိုလ်ကောင်းမှုတော်များတွင် ဖုရားဆူရေ ငါးဆယ်ပါသော အုတ်ခွက်ပုံကလေးများလည်း ပါယှိ၏။ ကျောင်းဆောင်နှင့် တင်ပြင်ခွေကိုယ်တော်နှင့် အရံဖုရားလောင်းနှစ်ဆူကို ချန်လှပ်၍ တင်ပြင်ခွေကိုယ်တော် နှစ်ကျိပ်ရှစ်ဆူပါသော အုတ်ခွက်ကလေးများလည်း ယှိ၏။ ၎င်းအုတ်ခွက်တို့၌ ဘေးနှင့် အထက်အောက် ဘောင်ခတ်၍ ဂုံးချွန်နှင့် လိုဏ်ဂူသဏ္ဌာန်ယှိ၏။

ဖုရားဆူရေ ငါးဆယ်ပါသော အုတ်ခွက်အလျားမှာ ၆ လက်မလောက် ယှိ၏။ အောက်ဘောင်အကျယ်မှာ ၅ လက်မ ယှိ၏။ ဆင်းတုတော်ကလေးများကို အထက်အောက် ၆ တန်းတန်းလျက်၊ အထက်ဆုံးတန်းတွင် ဆင်းတုတော် ၆ ဆူပါ၏။ ဒုတိယတန်းတွင် ဂ ဆူ။ အောက်လေးတန်းတွင် ၉ ဆူပါ၏။ အထက်ဆုံးတန်းတွင် ထီး ၃ လက်ဖွင့်၍ မိုးလျက်ပါ၏။ စေတီရံကလေး ၂ ဆူစီ တဖက်တချက်ပါ၏၊ ဒုတိယတန်းတွင် တဖက်တချက် စေတီတော်ရံကလေးတဆူစီပါ၏။ ၎င်းစေတီတော်ကလေးတို့အပြင် ဆင်းတုတော်၏ပခုံးထက် မဏိတော်များ၏ အကြားအကြား၌လည်း စေတီတော်ကလေးတဆူစီပါ၏။ (ပုံ–ဂ)။

နောက်ဆုံးတန်း ဆင်းတုတော်ကလေးများ၏ အောက်ဖက်၊ အုတ်ခွက်ဘောင်ကိုကပ်လျက် ရှေးနာဂရီ အက္ခရာဖြင့်၊ သင်္ကြိုဋ္ဌ–ပါဠိမိဿကစာတမ်း ပါ၏။ ၎င်းကို ယခုလက်ငင်း မြန်မာအက္ခရာဖြင့် ပြန်ဆိုသော် အောက်ပါအတိုင်း ဖြစ်၏။

* **သစ္စကဒါနပတိမဟာရာဇဗြိအနိရုဒ္ဓ**
**ဒေဝေနကတောဘဂဝေါ**။

## ဘာသာပြန်ချက်

မှန်သောစကားကို ဆိုလေ့ဟောကြား ဆိုဆုံးမလေ့ယှိသော ကုသိုလ်ကောင်းမှု ရှင်ဗြိအနိရုဒ္ဓဒေဝ အမည်တော်ယှိသော မင်းကြီးသွန်းလုပ်သော ဖုရား (ဆင်းတုတော်) များ။

---

* အနော်ရထာမင်း၏ တံဆိပ်နာမံခတ်လျက်ပါသော အုတ်ခွက်တို့အနက်၊ သုံးမျိုးသုံးစား၌၊ အုတ်ခွက်၏ အောက်ခြေကပ်လျက် ပါယှိသော နာဂရီအက္ခရာနှင့် ပုံနှိပ်စာတို့တွင် ပဌမအမျိုး၌ **သုဂတသစ္စကံ** ဟူ၍၎င်း။ (ပုံ ၄ နှင့် ၅)။ ဒုတိယအမျိုး၌ **သစ္စဒါနပတိ** ဟူ၍၎င်း။ (ပုံ ၆ နှင့် ၇)။ တတိယအမျိုး၌ သစ္စကဒါနပတိ ဟူ၍၎င်း။ (ပုံ–ဂ)။ အသီးသီးပါယှိ၍၊ ပဌမအမျိုးမှ **သုဂတသစ္စကံ** ကို **သုဂတသဥ္စကံ** (**သစ္စကံ** ကို **သဥ္စကံ**) ဟု ပြင်ဆင်ဖတ်သူပြီးလျှင်။ ၎င်းကို မြတ်စွာဖုရား၏ ပုံတော်သွင်းလုပ်ရန် တံဆိပ်ပုံတော် (Stamp, mould) ဟု အဓိပ္ပါယ်ပြန်ဆိုထား၏။ ဒုတိယနှင့် တတိယအမျိုးတို့၌ **သစ္စဒါနပတိ** နှင့် **သစ္စကဒါနပတိ** ပုဒ်တို့ကို၊ **သစ္စ** ပုဒ်ကို အစွဲပြု၍ **တရားတော်အတိုင်း မှန်ကန်စွာပြုလေ့ ပြုထယှိသော၊ မှန်သောစကားကို ဆိုလေ့ ဟောကြားဆုံးမလေ့ယှိသော ကုသိုလ်ကောင်းမှုရှင်** ဟု ဘာသာပြန်ဆိုထား၏။ သို့သော် ထိုဒုတိယနှင့် တတိယပုဒ်တို့၏ ဖတ်ဆိုချက်၊ အဓိပ္ပါယ်သူဆချက်တို့မှာ တနည်းအားဖြင့် သဘာဝမကျလှဟု မှတ်ထင်မိ၏။ ၎င်းတို့တွင် ပါရှိသော **သစ္စ** နှင့် **သစ္စက** ပုဒ်တို့ကို ပဌမအမျိုးအစားအတိုင်း **သဥ္စက** ဟူ၍ ပြင်ဆင်ဖတ်ယူလျှင် သဘာဝကျ၍ ပိုမိုမှန်ကန်လိမ့်မည်ဟု ယူဆ၏။ **သဥ္စက** ဆိုသော ပုဒ်မှာ မူလက ပါသင့်ပါလျက် **သစ္စ**၊ **သစ္စက** ဖြစ်နေခြင်းမှာ၊ တံဆိပ်သွန်းလုပ်သောသူ၏ ချွတ်ယွင်းချက်ဖြစ်သည်ဟု ယူဆသည်။ **သဥ္စက** ဆိုသောပုဒ်ကို ပါဠိအဘိဓါန်တို့တွင် မတွေ့ရချေ။ ပါဠိအဘိဓါန်တွင် ၎င်းနှင့် နီးစပ်သော ပုဒ်တို့မှာ "ကလက်၊ လဥ္ဆန၊ လက္ခ၊ အင်္က၊ အဘိညာဏ၊ လက္ခဏ၊ စိဏှ" တို့ ဖြစ်ကြ၏။ **အဘိဓါနပ္ပဒီပိကာ နိဿယသစ်–အပိုဒ် (၅၅)**။

ထိုသင်္ကြိုဠ်–ပါဠိမိဿက စာတမ်း အကျဉ်းချုပ်ကို အနည်းငယ်ချဲ့၍ အနော်ရထာ မင်းကြီးသည် ထိုအုတ်ခွက်ကို မိမိကိုယ်ဘိုင်သွင်းလုပ်ကြောင်း ရေးသားပါရှိသော ပါဠိဘာသာနှင့် ခေတ်ကာလအလိုက် မွန်–မြန်မာအက္ခရာ လက်ရေးစာ သုံးကြောင်းကို အုတ်ခွက်အောက်ဗောင် အောက်ဖက်တွင် ရေးထိုးလျက် ပါယှိသည်၊ ၎င်းစာကို ယခုလက်ငင်း မြန်မာအက္ခရာဖြင့် ပြန်ဆိုရေးသားသော်

**၁။ သေဿဘဂဝါမဟာရာဇသိရီအနိရုဒ္ဓ**

**၂။ ဒေဝေနကတော ဝိမုတ္တတ္ထံသဟတ္ထေ**

**၃။ နေဝါတိ။ ဝ။** ဟု ဖတ်ဆိုရ၏။

## ဘာသာပြန်ချက်

သိရိအနိရုဒ္ဓဒေဝအမည်တော်ယှိသော မင်းကြီး သည် (သံသရာဝဋ်ဆင်းရဲမှ) ထွက်မြောက်ပါရခြင်းငှါ၊ ဤမြတ်စွာဖုရား၏ (ရုပ်ပွါးဆင်းတုတော်တို့) ကို မိမိ၏လက်တော်ဖြင့် သွင်းလုပ်လှူဒါန်းတော်မူသည်။

ဤဘာသာပြန်ဆိုချက်၏ မူလလက်ရေးစာကို ဓါတ်ပုံရိုက်ကူး၍ သုတေသီတို့အတွက် (ပုံ ၉) တွင် ပြထားပါသည်။ **ထိုစာတမ်းတွင်ပါယှိသော အက္ခရာစာလုံးတို့သည် မြန်မာစာပေအက္ခရာလောက၌ ရှေးအကျဆုံးသော အက္ခရာစာလုံးများ ဖြစ်ကြလေသည်။**

ဤကဲ့သို့ဘာသာနှစ်မျိုးဖြင့် ရေးထိုးလျက်ပါယှိသော အုတ် ခွက် တ မျိုး ကိုလည်း တွေ့ ယှိ ရ သေး ၏။ အထက်တွင် ဖေါ်ပြခဲ့သည့်အတိုင်း အလယ်ဗဟိုချက်တွင် ကျောင်းဆောင်နှင့် ဆင်းတုတော်ဘဆူ၊ ဘေးအရံဖုရားလောင်းပုံတော်နှစ်ဆူ၊ ပေါင်းသုံးဆူကို ချန်လှပ်၍၊ နှစ်ကိုပ်ရှစ်ဆူပါသော အုတ်ခွက်၌လည်း အထက်ကနည်းတူ အတွင်းဖက်ကစာတမျိုး၊ အပြင်ဖက်ကစာတမျိုး၊ ပေါင်းစာနှစ်မျိုးပါယှိ၏။ အတွင်းဖက်စာမှာ ဖေါင်းကြွသော နာဂရီအက္ခရာစာလုံးတို့ဖြင့်၊ သင်္ကြိုဠ်ဘာသာနှင့် ပုံနှိပ်လျက် ရေးသားပါယှိ၏။ ၎င်းကို ယခုလက်ငင်း မြန်မာအက္ခရာဖြင့် ပြန်ဆိုရေးသားသော်။

**ဥုံ ကိုတိနိယံ ရာညီးဇြီအနိရုဒ္ဓဒေဝေသျ၊** ဟု ပြန်ဆိုရာ၏။ ၎င်း၏ ဘာသာပြန်ဆိုချက်မှာ။

**ဥုံ။ ဤပုံတော်အား ဇြီအနိရုဒ္ဓဒေဝမင်းသည် ပြုလုပ်တော်မူ၏။** အပြင်ဖက်၊ အောက်ဘောင် အောက်ဖက်တွင်၊ စာသုံးကြောင်းဖြင့် "သေဿဘဂဝါ မဟာရာဇဇြီအနိရုဒ္ဓဒေဝ'' အစချီသောစာတမ်းလည်းပါ၏။

ထိုနှစ်ကိုပ်ရှစ်ဆူပါသောအုတ်ခွက်တွင် အခြားအထူးမှတ်သားဖွယ်ရာ ကောင်းသော အချက်တချက်မှာ၊ အလယ်ဗဟိုချက်တွင် ဗေါဓိကျောင်းဆောင်အောက် ပလ္လင်ပေါ်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော် မူသော ဆင်းတုတော်၏ အောက်ဖက်ဘေး တဖက် တချက်တွင် ရံလျက်နေသော ရုပ်တုတော်သည်၊ ရိုးရိုး အတိုင်း ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်မထေရ်ကြီး နှစ်ပါးတို့၏ ဆင်းတုတော်များမဟုတ်ကြပဲ၊ အထက်တနေရာတွင် ဖေါ်ပြခဲ့ပြီးဖြစ်သော လောကနာထ ဖုရားလောင်း၏ပုံတော်များ ဖြစ်ကြ၏။ ဤသည်လည်း အနော်ရထာမင်း၏ မဟာယာဉ်ဂိုဏ်း ဗုဒ္ဓဝါဒကို ဖေါ်ပြသော သာဓကတခုဖြစ်ပေသည်။ (ပုံ ၁၀)။

အခြားအုတ်ခွက်ဘမျိုးမှာ ဂုံးချွန်နှင့်ဘောင်ခတ်၍ လိုဏ်ဂူသဏ္ဍာန်ယှိသျက်အတွင်းတွင် အရံတင်ပြင်ဒွခွ ရုပ်ပွါးဆင်းတုတော်ကိုးဆူနှင့် အလယ်ဗဟိုဘွင် ပလ္လင်ထက် ကျောင်းဆောင်နှင့် တင်ပြင်ခွေဆင်းတုတော်ဘဆူ၊ ပေါင်းဆယ်ဆူပါသော အုတ်ခွက်ဆင်းတုတော်တမျိုးဖြစ်၏။ (ပုံ ၁၁)။ ၎င်းအုတ်ခွက်သည်လည်း အနော်ရထာမင်း၏ အုတ်ခွက်ဖြစ်ကြောင်းကို အုတ်ခွက်၏ ကျောဖက်တွင်ပါသော "သေဿဘဂဝါ" အစချီလျက်

အနော်ရထာမင်း၏ လက်တော်ဖြင့်လုပ်သည်ဟူ၍ လက်ရေးစာသုံးကြောင်းက သက်သေခံလျက်ယှိ၏။* ထိုလက်ရေးစာမှာ အချို့တွင် စာ (၄) ကြောင်းယှိ၏၊ ထိုစာအပြင်၊ အတွင်းဖက်၌ အောက်ဘောင်နား ကပ်လျက် ဖေါင်းကြွသော နာဂရီအက္ခရာဖြင့် "ယေဓမ္မာ ဟေတုပြဘဝါ" အစရှိသော ဂါထာကလေးသည် ပုံနှိပ်လျက်ပါယှိ၏။ ထိုအုတ်ခွက်ပါ ရုပ်ပွါးဆင်းတုတော်တို့အနက် အလယ်တွင် ပလ္လင်ပေါ်ထက် ကျောင်းဆောင်နှင့် တင်ပြင်ခွေလျက်ထိုင်နေပုံမှာ ကျောင်းဆောင်နှင့်တကွ အဆင်းသဏ္ဍာန် ဆင်ပြင်ပုံတို့၌ အထက်တွင် ဖေါ်ပြပြီးဖြစ်သော (ပုံ ၆) "ဒေယဓမ္မော–ယံ" အစယှိသော ပုံနှိပ်စာပါယှိသော ဆင်းတုတော်တို့နှင့် တစ်နစ်တည်း ဖြစ်ကြ၏။ အတိုင်းအတာမှာ အနည်းငယ်သာလျှင် ကွာခြားကြ၏။ ယခုအုတ်ခွက်ပါ ဆင်းတုတော်၊ ပလ္လင်နှင့် ကျောင်းဆောင်တော်တို့မှာ အမြင့် ၄ လက်မယှိ၏။ အခြားပုံမှာ ၄ လက်မခွဲနည်းပါး ယှိ၏။

အရံတင်ပြင်ခွေ ဆင်းတုတော်ကလေးများအပြင်၊ စေတီရံကလေးများနှင့် ဗေါဓိပင်အကိုင်းအခက်တို့ ပုံများလည်းပါ၏။ စေတီရံကလေးများ၏ ပုံတော်တို့မှာလည်း "ဒေယဓမ္မောယံ" အုတ်ခွက်တွင်ပါသော စေတီရံကလေးများနှင့် တစ်နစ်တည်းဖြစ်ကြ၏။ သို့သော်ငင်းအမျိုးအစားတို့တွင် အုတ်ခွက်အချို့၌ ပတ်လည် ဘောင်ခတ်လျက်ပါ၏။ ဘောင်မှာလည်း အခြားအုတ်ခွက်များထက် ထူးထူးခြားခြား ၂ လက်မ လောက် စောက်၏။

အထက်ဖေါ်ပြပါ အုတ်ခွက်ဆင်းတုတော်တို့တွင် အကြီးဆုံးမှာ အမြင့် ၇–လက်မ၊ ဖျက် ၅လက်မ လောက်သာယှိ၏။ ငင်းတို့ကို အများအားဖြင့် ပုဂံနှင့် ပုဂံနယ်တဝိုက်တွင် တွေ့ယှိရ၏။ ပုဂံမှအပ၊ အခြား မြို့ရွာနေရာများ၌လည်း တဆူဘလေတွေ့ယှိရ၏။ ငင်းနေရာတို့မှာ (၁) တကောင်းအထက် နွားတလည်ရွာ။ (၂) ရေဦး။ (၃) သာစည်အနီး ဆံမြိတ်ရှည်ရွာ။ (၄) မင်းဘူး၊ စကုစလင်းနယ် ဖေါင်းလင်းရွာ။ (၅) မော်ဇာရွာ (သရေခေတ္တရာမြို့ဟောင်းနေရာ)။ (၆) တွံ့တေးအနီး စမ်းရွာ အစယှိသည်ဖြစ်ကြ၏။ သို့သော် ငင်းနေရာတို့အနက် တွံ့တေးအနီး စမ်းရွာမှအပ၊ အခြားနေရာများတွင်တွေ့ယှိရသော အုတ်ခွက်ဆင်းတုတော် တို့မှာ အရေအတွက်အားဖြင့် မများလှချေ။ အရွယ်မှာလည်း အထက်ကဖေါ်ပြခဲ့သည့်အတိုင်း သေးငယ်သော အရွယ်များဖြစ်သဖြင့်၊ တနေရာမှ တနေရာသို့ ရွှေ့ပြောင်း သယ်ယူသွားနိုင်ဘွိုရာ မခဲယဉ်းလှပေ၊ ထို့ပြင် ငင်း ရပ်ရွာဒေသတို့၌ တွေ့ယှိရသော အုတ်ခွက်တို့မှာ ပုဂံတွင်တွေ့ယှိရသော အုတ်ခွက်တို့နှင့် တမျိုးတစားတည်း ဖြစ်ကြပေသည်။ စမ်းရွာ၌တွေ့ယှိရသော အုတ်ခွက်ဆင်းတုတော်ဘွိုမူကား၊ တနေရာဘည်းပင်မြောက်မြားစွာ တွေ့ယှိရ၏။ အရွယ်မှာလည်းအကျိုးအပိုင်းတို့ကို ဆက်စပ်၍ကြည့်လိုက်သော် တဆူဘဆူလျှင် အမြင့် ၂ ပေ၊ ၇ လက်မလောက်ယှိ၏။ အနံ ၁ ပေ ၅လက်မယှိ၏။ အထုမှာ ၆လက်မလောက်ယှိ၏။ ငင်းတို့ကို တွံ့တေးမြို့ အရှေ့ဖက်စွန်း၊ တောင်ဖက်ဝေယွန်းယွန် ယှိ စမ်းရွာတွင် မောင်ဒီဖုရားခေါ် မြေပေါက်စေတီ ဖုရားပျက်တဆူ တွင် တွေ့ယှိရ၏။ ယင်းစမ်းရွာမှ အုတ်ခွက်တို့သည် တမျိုးတစားတည်းဖြစ်ပြီး၊ အုတ်ခွက်တွင်ပါသော ဆင်းတု တော်မှာ မုခ်တံကဲနှင့် ကျောင်းဆောင်အောက်တွင် ပြေ့ပလ္လင်ပေါ်ထက် လက်တော်ဗယ်တင်ညာချ ထက်ဝယ် ဖွဲ့ခွေ ထိုင်နေတော်မူသော ဂေါတမမြတ်စွာဖုရား၏ ရုပ်ပွါးဆင်းတုတော်ဖြစ်၏။ ဆင်းတုတော်၏ တဖက်တချက် နံဘေးတထက်ပိုင်းတွင် အပေါ်သို့ဝိုက်၍ ရှေးစေတီလုံးကလေး၏ပုံများရံလျက်ပါ၏။ (ပုံ ၁၂ က နှင့် ခ)။

ပလ္လင်၏ အောက်၊အုတ်ခွက်၏ အောက်ဘောင် မျက်နှာဖက်တွင် လက်ရေးစာ ၂ ကြောင်း ရေးထိုးလျက် ပါယှိ၏။ ထိုလက်ရေးစာ ၂ ကြောင်းမှာ အခြားမဟုတ်၊ ကုသိုလ်ရှင်အနော်ရထာမင်း၏ တံဆိပ်နာမံခတ်လျက်၊ ထိုမင်း၏ အချို့အုတ်ခွက်များမှာကဲ့သို့ "ဧသောဘဂဝါ" အစယှိသော မင်း၏ ဆုတောင်းစာ ဖြစ်သည်၊

---

* ငင်းအုတ်ခွက်မျိုးပုံနှင့် အုတ်ခွက်၏ ကျောဖက်က လက်ရေးစာ၏ ပုံကို အထွေထွေခန်း၊ နွားတလည်မှ ရယူသော အုတ်ခွက်အကြောင်းတွင် ပြထားပါသည်။

သို့သော်ထိုလက်ရေးစာ၌ ရေးထိုးထားသော အက္ခရာစာလုံးတို့၏ အရေးအသားတို့မှာ ပုဂံတွင် တွေ့ယှိရသော အုတ်ခွက်တို့၌ ရေးထိုးထားသော အက္ခရာစာလုံးတို့ကဲ့သို့ သေသပ်ညီညွတ်ခြင်း မယှိလှပဲ၊ ခပ်ကြမ်းကြမ်း ရေးထား၏။ စာလုံးတို့မှာလည်း ပြွန်းတီး ပျက်စီး လျက်နေ၏။ ၎င်းအုတ်ခွက်ကြီးများအကြောင်းကို ၁၉၁၅ ခုနှစ်၊ မြန်မာပြည် ကျောက်စာဌာန နှစ်ချုပ်စာတမ်း မျက်နှာနံပါတ် ၁၄–၁၆တို့တွင် တွေ့ယှိနိုင်ပါသည်။

## ပုဂံပြည်အနော်ရထာမင်းလက်ထက်တော်၌ မင်းမှအပ အခြားသော ကုသိုလ်ရှင်တို့၏ ကောင်းမှု အုတ်ခွက်ဆင်းတုတော်များ။

ပုဂံပြည်၌မြောက်များစွာတွေ့ယှိရသော အုတ်ခွက်ဆင်းတုတော်တို့ဘွင် အနော်ရထာမင်း၏ တံဆိပ်နာမံ မပါသော်လည်း၊ ၎င်း၏ အခြေအရံ အသင်းအပင်းမှစ၍ ယင်း၏ လက်ထက်တော်၌ နေထိုင်လျက် ယှိကြသော တိုင်းသူပြည်သားတို့၏ ကုသိုလ်ကောင်းမှုဖြစ်သော အုတ်ခွက်ဆင်းတုတော်တို့ကိုလည်း အများပင်တွေ့ယှိရ၏။ ထိုတွေ့ယှိရသော အုတ်ခွက်တို့၏ ထူးခြားချက်တို့ကို သက်ဆိုင်ရာစာတမ်းတို့၌ အသီးသီးဖေါ်ပြသွားပါမည်။

ထိုကဲ့သို့ မဖေါ်ပြမီ၊ သုတေသီတို့ သတိမူစေလိုသော အချက်တချက်မှာ၊ မှန်းနန်းမဟာရာဇဝင်တော်ကြီးတွင် ထုတ်ဖေါ်ရေးသားချက်အရ၊ ပုဂံပြည်သို့ အနော်ရထာမင်းမရောက်မီ၊ ၎င်းပြည်၌ သာသနာတော်သည် ပျက်စီးဆုတ်ယုတ်တိမ်ကောလျက် ယှိပြီး အလဇ္ဇီရဟန်းတု ရဟန်းယောင်တို့ကြီးစိုးလျက် မင်းမှအစ တိုင်းသူပြည်သား လူအများတို့သည် ၎င်းတို့၏ အဆုံးအမဩဝါဒကို ခံယူနေကြရသည်။ ထိုကဲ့သို့ ထုတ်ဖေါ်ရေးသားချက်ကို ထောက်ခံလျက်ယှိသော သာဓကတခုမှာ ပုဂံပြည်၌ အနော်ရထာမင်းနှင့် ရှင်အရဟံတို့မတိုင်မီက ဗုဒ္ဓဘာသာယဥ်ကျေးမှုနှင့် သက်ဆိုင်သော အထိမ်းအမှတ် ဖြစ်သော အထောက် အထား အကိုးအကားတို့ကို လက်ဆုပ်လက်ကိုင် တင်ပြပြောဆိုနိုင်ရန် ခဲယဥ်းလျက်ယှိပေသည်၊ တင်ပြပြောဆိုနိုင်သည့်အခြေသို့ ရောက်လာသည့်အခါ၌မူကား တင်ပြနိုင်သော ပစ္စည်းပစ္စယတို့၏ လက်ရာ အစအနတို့မှာ အဘော်ပင် အထက်တန်းကျလျက် ယှိနေပြီဖြစ်လေသည်။ ၎င်းတို့အနက် ရှေးဦးစွာ ထုတ်ဖေါ်ရေးသားရမည်ဖြစ်သော သာဓက အထောက်အထားတို့မှာ၊ အထက်တွင် ဖေါ်ပြခဲ့ပြီးဖြစ်သော အနော်ရထာ၏ အုတ်ခွက်တော်များပင် ဖြစ်လေသည်။ ၎င်းတို့နှင့် ခေတ်ကာလခြားနားခြင်းမယှိပဲ၊ တခေတ်ဘည်း တပြိုင်နက်ပေါ်ထွက်လာသော အုတ်ခွက်ဆင်းတုတော်တို့မှာ အနော်ရထာမင်း၏ ကျေးကျွန် အခြေအရံ အသင်းအပင်း တိုင်းသူပြည်သားတို့၏ အုတ်ခွက်များဖြစ်ကြ၏။ ၎င်းကိုရည်၍ မှန်နန်းမဟာရာဇဝင်တော်ကြီး၌၊ ထိုအခါ မင်းအစယှိလော ပြည်သူအပေါင်းတို့သည် မိမိတို့၏ အယူကိုစွန့်၍ ကောင်းသောအယူ၌ တည်ကြလေသည်ဟု မြွက်ဆိုရေးသားလျက်ပါယှိ၏။

ပြည်သူပြည်သားတို့၏ ကောင်းမှုတော်တို့ကို နမူနာပုံစံအနေနှင့် အောက်တွင် ဖေါ်ပြပါအုတ်ခွက်တို့ကို ရွေးချယ်စိစစ် ထည့်သွင်းတင်ပြလျက် ပါသည်။

ပုံ (၁၃ က)။ ၎င်းမှာ ဗုဒ္ဓဝင်ရှစ်ခန်းပါသော အုတ်ခွက်ပုံဖြစ်သည်။ ဗုဒ္ဓဝင်ရှစ်ခန်းဆိုသည်မှာ လက်ျာဖက်အောက်ဆုံး ထောင့်စွန်းကစ၍ အထက်သို့ တက်ပြီးလျှင် ထိပ်ဆုံးအခန်းမှ လက်ဝဲဖက်သို့ ဆင်းလာသော်၊ (၁) မယ်တော်မာယာသားဖွားခန်း၊ (၂) မြတ်စွာဖုရား တန်းခိုးပြာဋိဟာပြခန်း၊ (၃) တာဝတိံသာမှဆင်းခန်း၊ (၄) ပရိနိဗ္ဗာန်စံတော်မူခန်း၊ (၅) နာဠာဂီရိဆင်ချွတ်ခန်း၊ (၆) ဓမ္မစကြာတရားဟောခန်း၊ (၇) မျောက်ပျားမှုံဆွမ်းကပ်လှူခန်း၊ (၈) အလယ်၌ မောဓိပင်နှင့် ရွှေပလ္လင်အောင်တော်မူခန်းများဖြစ်၏။ မျောက်ပျားမှုံဆွမ်းကပ်လှူခန်း အခန်းနေရာအထက်၊ လက်ျာဖက်အစွန်း၌ ရှေးဟောင်း နာဂရီအက္ခရာနှင့် ဖေါင်းကြွ

သောစာလုံးခြောက်လုံးပါသော စာနှစ်ကြောင်း ရေးထိုးပုံနှိပ်လျက်ပါယှိသည်၊ ထိုစာနှစ်ကြောင်းကိုဖတ်ရသည့် အတိုင်း လက်ငင်းမြန်မာအက္ခရာဖြင့် ပြန်ဆိုရေးသားသော်။

ဂြဟိက }
ဝါနရာ } ဖြစ်၏။

အဓိပ္ပါယ်မှာ ''ဝါနရာ'' မျောက်များထံမှ ''ဂြဟိက'' (ပျားမုံဆွမ်းကို) အလှူခံတော်မူလေသည်။

ထိုစာနှစ်ကြောင်းအပြင်အောက်ဘောင်နား အထက်ကပ်လျက် နာဂရီအက္ခရာဖြင့်ပင်''ယေဓမ္မာဟေတုပြဘဂဝါ''အစယှိသော ဂါထာနှင့်၊ အဆုံးတွင် အလှူရှင်၏ အမည်တပ်လျက် စာနှစ်ကြောင်း ပါယှိသေး၏။ (ပုံ ၁၃—ခ) အလှူရှင်၏ အမည်ပါသော အပိုဒ်ကိုပိုင်း၍ လက်ငင်းမြန်မာအက္ခရာဖြင့် ပြန်ဆိုရေးသားသော် အောက်ပါအတိုင်း ဖြစ်၏။

**'' ဒါနပတိဂြီမဟာသာလိနိ ''**

၎င်းကို ဘာသာပြန်သော်၊ အလှူရှင်မှာ၊ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသော (သိရီမဟာသာလိနိ) သူကြွယ်မဖြစ်၍။

ထိုအလှူရှင် သူကြွယ်မသည် အနော်ရထာမင်းလက်ထက်၊ မင်းမြှောက်စားခြင်းခံရသော သူကြွယ်မဖြစ်ကြောင်းကို ယင်း၏ကုသိုလ်ကောင်းမှု အပေါ်တွင် ရေးထိုးပုံနှိပ်လျက် ပါယှိသော နာဂရီအက္ခရာစာလုံး အရေးအသားပုံသဏ္ဌာန်နှင့် ဗုဒ္ဓဝင်ရှစ်ခန်းဇာတ်၏လမ်းတို့တွင် ထုထွင်းပုံနှိပ်လျက်ပါယှိသောရုပ်ကြွ၊ရုပ်ထုတို့၏ လက်ရာများက သက်သေခံလျက်ယှိပေသည်။ သက်သေခံပုံမှာ၊ ၎င်းအုတ်ခွက်ကို ပုံ (**၁ က နှင့် ခ**) တွင် ပြထားသော အနော်ရထာမင်း၏အုတ်ခွက်နှင့် ယှဉ်ပြိုင်တိုက်ဆိုင်ကြည့်လိုက်သော်၊ အုတ်ခွက်နှစ်ခုစလုံးတို့၏၊ လုပ်ပုံ ကိုင်ပုံ လက်ရာ လက်စလက်နတို့မှာ သပ်ယပ်သေချာခြင်း၌တူမျှခြင်း၊ ရုပ်ကြွရုပ်တုပုံတို့နှင့် အဆောက်အဦပုံတို့မှာလည်း တစ်နစ်တည်းလောက်ဖြစ်ခြင်း၊ စာလုံးအက္ခရာတို့မှာလည်း တပုံစံတည်းဖြစ်ခြင်းများကြောင့်၊ ၎င်းအုတ်ခွက်တို့သည် အချို့နေရာ၌ အနည်းငယ်ကွဲခြားကြသော်လည်း၊ တခေတ်တကာလ၊ တဆရာ၊ တလက်ရာတည်းဟုဆိုလျှင် လွဲမည်မဟုတ်ပေ။

**ဒါနပတိဂြီရာဇဝ (လ္လဘ) ယသနာမ** ဟု ရှေးဟောင်းနာဂရီအက္ခရာဖြင့် ၎င်း **သံဗေမ်ယ်ယသနာမရာဇဝလ္လဘေနဒါနပတိ**ဟု ရှေးဟောင်းမွန်မြန်မာအက္ခရာဖြင့် ပုံနှိပ်၍ ကမ္ပည်းလိပ်စာထိုးလျက်ပါသော အခြားအုတ်ခွက် တမျိုးလည်းယှိသေး၏။ ထိုအုတ်ခွက်သည်လည်း အနော်ရထာမင်းလက်ထက် မင်းနှင့် အကျွမ်းဝင်၍ ယသ၊ မယ်သ အမည်ယှိသော သံဗျင်အမတ်တဦး၏ ကုသိုလ်ကောင်းမှု ဖြစ်သည်ဟု ယူဆသည်။ ဤသို့ယူဆခြင်း အကြောင်းရင်းမှာလည်း အုတ်ခွက်တွင် ပုံနှိပ်လျက်ပါယှိသော ကျောင်းဆောင်နှင့် ဆင်းတုတော်တို့၏ပုံနှင့် အက္ခရာစာလုံးတို့၏အရေးအသားတို့ကို ထောက်ချင့်ရခြင်းအားဖြင့် ဖြစ်သည်၊ ပုံ(**၁၄ က နှင့် ခ**)။

ယင်း ပုံ (**၁၄ က နှင့် ခ**) အုတ်ခွက်တွင်ပါသော ဆင်းတုတော်ပုံနှင့် အထက်ရည်ညွှန်းပါ၊ အနော်ရထာမင်း၏ အုတ်ခွက်ဆင်းတုတော်ပုံတို့သည် သွင်ပြင်လက္ခဏာ အနေအထားတို့၌ မခြားလှချေ။ ကြာပလ္လင်နှင့် အောက်ခံတံကဲတို့မှာ တစ်နစ်တည်းဖြစ်ကြ၍။ ကျောင်းဆောင်ပုံနှင့် မုခ်ပေါင်းကူးပုံတို့၌လည်း စံနစ်ပုံစံများ တူကြ၍။ သို့သော် မင်ယသ၊ အုတ်ခွက်မှ ကျောင်းဆောင်နှင့် မုခ်ပေါင်းကူးတို့တွင် အထက်ပစ္စယံ၊ တိုင်ဖူး၊ တိုင်ကြာ၊ တိုင်ခြေ အောက်ခံတို့၌၊ ပန်းဖူး၊ ပန်းခက်၊ ခြူးရုပ်၊ ဆင်ရုပ်တို့ဖြင့် တန်းဆာဆင်လျက် ယှိကြ၍။ ကြာပလ္လင်၏ အောက်ပြော့ပလ္လင် * ၏ မျက်နှာဖက် အလယ်မဟိုချက်တွင် ဝပ်လျက်ယှိသော ဆင်ဦးကင်း

* ခိုနန်းချီးပလ္လင် ဟူ၍လည်း ခေါ်၏။

ထွက်လျက်ယှိ၏။ မုခ်တိုင်တို့မှာ ပုလ္လာားစည်သဏ္ဍာန် အထက်ရှူးအောက်ရှူးနှင့် ပြော့ကြောင်းများ ထိုး၍ အမြောင့်အမြောင့် နေသည်၊ တိုင်ထိပ်တိုင်ခြေတို့၌လည်း အထက်ကလပ် အောက်ကလပ်နှင့် ဖရုံသီးစိတ်ပုံများဖြင့် တန်းဆာဆင်လျက်ယှိ၏။ တိုင်ခြေအောက်၌ ပြော့ပလ္လင် * နှင့် တဆက်တည်းထွက်နေသော အစွန်းတဖက်တချက်တွင် ဘေးတိုက်ရပ်လျက်နေသော ဆင်သတ္တဝါ၏အထက် ကိုယ်တဝက်နင်းလျက် အမြီးကော့၍ ခေါင်းကိုထောင်လျက် ခြူးရုပ်တရုပ် ရပ်လျက်နေသည်ကို တွေ့ရသည်။ ဆင်ရုပ်မှာ သေးငယ်လှသဖြင့် မထင်မရှားဖြစ်နေကြောင်း တွေ့မြင်ရသည်၊ ဝဲယာ မုခ်တိုင်နှစ်တိုင်ထက်မှ တက်သွားသော ဂုံးတဖက်တချက်၌ ပစ္စယံများနေရာတွင် ကြားဖူးကြာလိပ်တို့ဖြင့် ဆင်မြန်းလျက်ပါယှိသည်၊ ကွမ်းတောင်မှာ အထက်သို့ တဖြောင့်တည်း ရှူးတက်သွားပြီး အတွင်းဖက်မှ ပန်းဖူးပန်းခက် တို့သည် ထိပ်ဖျားအထိ တက်သွားသည်၊ ထိုအစိတ်အပိုင်းတို့မှာ အနော်ရထာမင်း၏ အုတ်ခွက်ပါကျောက်စာ၏ အစိတ်အပိုင်းတို့နှင့် ထူးခြားကွဲပြားသော်လည်း၊ ၎င်းတို့အောက်တွင် ရှေးဟောင်း နာဂရီအက္ခရာဖြင့် ရေးထိုးပုံနှိပ်လျက်ပါယှိသော ''ယေဓမ္မာ ဟေတုပြဘဝါ'' အစယှိသော ဂါထာ၏ အက္ခရာအရေးအသားတို့က အုတ်ခွက်၏ ခေတ်ကာလ အပိုင်းအခြားကို ဖေါ်ပြပါယှိသည်၊ ဖေါ်ပြပါပုံကိုဆိုရလျှင်၎င်း ''ယေဓမ္မာ''အစယှိသော ဂါထာ၏ အဆုံး၌ ကုသိုလ်ရှင်၏ အမည် ရေးထိုးပါယှိရာတွင်''ဇြီ (သျရိ)''ဟူသောဘွဲ့ကို ရှေးဟောင်းနာဂရီအက္ခရာဖြင့် သင်္ကြိုဠ်ဘာသာနှင့် တပ်လျက်ပါယှိ၏။ ၎င်းအက္ခရာနှင့် အရေးအသားပုံသဏ္ဍာန်မျိုးကို ပုဂံပြည်၌ အနော်ရထာမင်းမှတပါး အခြားအခြားမင်းတို့အမည်များတွင် ထိုးတပ်လျက် ပါယှိခြင်းကို မတွေ့ရချေ။ အနော်ရထာမင်း၏ ဘွဲ့တော်၌ပင် တနေရာတည်း၌သာလျှင် တွေ့ရ၏။ ထိုအက္ခရာပုံသဏ္ဍာန်မှာ ဤ ( ဈ ) ပုံသဏ္ဍာန်အတိုင်းဖြစ်၏။ ၎င်းပုံသဏ္ဍာန်နှင့် နည်းနည်းစပ်စပ်တူသော အက္ခရာကို အိန္ဒိယ ဘင်္ဂါ–ဘီဟာ နယ်တွင် အေ၊ ဒီ၊ ၉–ရာစု နှစ်လောက်၌ ရေးထိုးလေ့ယှိကြောင်း တွေ့ရ၏။

ထိုစာအပြင် အုတ်ခွက်အတွင်းဘေး၌ ပတ်လည်ဝိုင်းလျက် အထက်ကဖေါ်ပြခဲ့သည့်အတိုင်း၊ ရှေးဟောင်းမွန်-မြန်မာအက္ခရာဖြင့် ပါဠိဘာသာနှင့် ကုသိုလ်ရှင်၏ ဆုတောင်းစာတကြောင်း ရေးထိုးပုံနှိပ်လျက် ပါယှိ၏။ သို့သော် ထိုပုံနှိပ်စာမှာ ပြောင်းပြန်မှန်စာဖြစ်နေသဖြင့် တကြောင်း၊ စာလုံးအက္ခရာများမှာလည်း ပွန်းတီးပျက်စီးနေသဖြင့် တကြောင်းများကြောင့် ရုတ်တရက်ဖတ်နိုင်ရန် မလွယ်ကူလှပေ၊ အုတ်ခွက်များကို စုဆောင်း၍ ဖတ်ပြီးမှ အမှန်အက္ခရာများကို ရေးကူးဖတ်ယူရသည်၊ ၎င်းဆုတောင်းစာကို လက်ငင်းအက္ခရာဖြင့် ပြန်ဆိုရေးသားသော် အောက်ပါအတိုင်း ဖြစ်၏။

**ဣမံ ဗုဒ္ဓ ဗိမ္ဗံ သံ ဗေမ်ယ်ဿ နာမရာဇဝလ္လဘေန**
**ဒါနပတိသဗ္ဗညုတညာ နဝရံပဋ္ဌေန္တေ နကတံသ ဒေဝကော**
**လောကောဇာနာတူတိ။**

ယင်း၏အနက်ကို သမ္ဗန်သော်၊ ဣမံ ဗုဒ္ဓ ဗိမ္ဗံ၊ ဤ ဖုရားရှင်ဘုဘော်ကို၊ သံဗေမ်ယ်ဿနာမ၊ သံဗင်မင်ယဿအမည်ယှိသော၊ ရာဇဝလ္လဘေန၊ မင်းနှင့် ချစ်ကျွမ်းဝင်သော၊ ဒါနပတိ၊ အလှူရှင်သည်၊ သဗ္ဗညုတညာနဝရံ၊ သဗ္ဗညုဘညာဏ်တည်းဟူသောဆုမြတ်ကို၊ ပဋ္ဌေန္တေန၊ တောင့်တ၍၊ ကတံ၊ ပြုအပ်၏၊ သဒေဝကော၊ နတ်နှင့်တကွသော၊ လောကော၊ လောကသည်၊ ဇာနာတူတိ၊ သိစေသတည်း။

ပုဂံမြို့ စောလှဝန်းဖုရာ၌ တွေ့ယှိ၍၊ ယခုပြတိုက်သို့ ပြောင်းရွှေ့ စိုက်ထူထားသော ကျောက်စာတိုင်နံပါတ် (၄၄) ၏ အရှေ့ဖက်မျက်နှာတွင်၊ ကြောင်းရေ ၂ အဆုံး၌၊ **အမစ္စောရာဇဝလ္လဘော** ဟု ပါယှိရာ၊ ၎င်း၏ ဘာသာပြန်ဆိုချက်ကို ယင်းကျောက်စာကြောင်းရေ ၅ နှင့် ၆ တွင် ''မင်း၏ အမတျာကား အသဝတ်မည်၏ အကျွံးဝင်သော မင်းအမတ်တေ၊''ဟု ရေးသားလျက်ပါယှိ၏၊ ထို့ကြောင့် ''ရာဇဝလ္လဘ'' ဆိုသောစကားကို

ရေးဟောင်းကျောက်စာတို့၌ တဖန်တွေ့ယိုရပြန်၏၊ သက္ကရာဇ်ကား ၅၉၈ ခုနှစ်ဖြစ်၏။ ထိုမင်ယသံ၏ အုတ်ခွက်တွင် ရေးထိုးပုံနှိပ်လျက်ပါယိုသော ဆုတောင်းစာသည်၊ မွန်-မြန်မာအက္ခရာဖြင့် ရေးထိုးပုံနှိပ်လျက် ပါယိုသော စာတို့အနက် ပုဂံပြည်ဘွင် ရှေးအကျဆုံးသော ပုံနှိပ်စာဖြစ်၏၊ မူရင်းစာ အောက်ပိုင်း တပိုင်း၏ ပုံကို အနည်းငယ်ချဲ၍ (ပုံ ၁၄—ခ) တွင် ပြထားသည်၊ အုတ်ခွက်၏အတိုင်းအတာမှာ အမြင့် ၆၃/၄″ ယို၏။ ဂုံ ချွန်နှင့် လိုဏ်ဂူသဏ္ဌာန်ဖြစ်၏။ အောက်ဘောင်၏ အလျားမှာ လေးလက်မခွဲယို၏။

ဤအုတ်ခွက်မျိုးမှာ နှစ်မျိုးနှစ်စားယို၏၊ ပဌမအမျိုးမှာ အထက်တွင်ဖေါ်ပြခဲ့သည့်အတိုင်း အက္ခရာနှစ်မျိုး (မွန်—မြန်မာနှင့် နာဂရီ) ပါယိုသော အုတ်ခွက်များဖြစ်၏၊ ၎င်းအက္ခရာနှစ်မျိုးတို့ကို မျက်နှာဖက်၌သာလျှင် တွေ့ရ၏၊ ပုံနှိပ်စာသက်သက် ဖြစ်ကြ၏၊ ဘောင်မှာ ပတ်လည်ဝိုင်းလျက် အတွင်းဘောင် အပြင်ဘောင်ဟူ၍ ဘောင်နှစ်ထပ်ပါယို၏။ အတွင်းဘောင်မှာ အပြင်ဘောင်ထက်နိမ့်၏၊ မွန်—မြန်မာအက္ခရာနှင့် ရေးထိုးထားသော ပုံနှိပ်စာမှာ အတွင်းဘောင်နခမ်းပတ်လည်၌ တွေ့ယို၏၊ ဘာသာမှာ ပါဠိဘာသာဖြင့် ဖြစ်၏၊ နာဂရီအက္ခရာဖြင့် ရေးထိုး ပုံနှိပ်ထားသော စာမှာ အတွင်းဘောင်အတွင်းယို အလယ်ကျောင်းဆောင်နှင့် ဆင်းတုတော်ပလ္လင် အောက်တွင် တွေ့ယိုရ၏။ သင်္ကြိုဋ္ဌ—ပါဠိ မိဿကဘာသာဖြင့် ဖြစ်၏။

ပုံ (၁၅ က နှင့် ခ) ဒုတိယ အမျိုးစားမှာ အရွယ်အားဖြင့် ပဌမအမျိုးစားထက်ငယ်၏။ အမြင့် ၅၁/၄″၊ အနံ ၃၁/၄″၊ စီသာယိုကြ၏။ ဘောင်တထပ်ထည်းဖြစ်၍ ဘောင်၏ အတွင်းဖက် ကျောင်းဆောင်နှင့် ဆင်းတုတော်၏ပလ္လင်အောက်တွင် နာဂရီအက္ခရာနှင့် ရေးထိုးပုံနှိပ်ထားသော စာတမ်းတခုသာလျှင် ယို၏၊ သို့သော် အက္ခရာစာလုံးတို့မှာ တွေ့ယိုထားသော အုတ်ခွက်တိုင်း၌လိုပင် မှေးမှိန်ပျက်စီးလျက် ယိုနေသဖြင့် ကောင်းကောင်းမဖတ်သာတော့ချေ၊ သို့ပင်ဖြစ်ငြားသော်လည်း ထင်ရှားသောအက္ခရာတလုံးစ၊ နှစ်လုံးစ၏ ပုံသဏ္ဌာန်တို့ကို ထောက်ချင့်ရခြင်းအားဖြင့်၊ စာမှာ ပဌမအမျိုးအစားတွင်ပါသော မူလစာအတိုင်း ဖြစ်သည်၊ တနည်းအားဖြင့်ဆိုသော် ထိုအုတ်ခွက်အမျိုးအစား၏ ကုသိုလ်ရှင်မှာ ပဌမအမျိုးစားတွင်ပါသည့်အတိုင်း "ရာဇဝလ္လဘမင်ယဿပင်ဖြစ်သည်" သို့သော် ထူးခြားချက်တခုမှာ ၎င်းတို့၏ ကျောဖက်တွင် အခြား ကုသိုလ်ရှင်များ၏ အမည်ကို လက်ရေးစာဖြင့် ရေးမှတ်လျက်ပါယို၏။ အချို့မှာ ကုသိုလ်ရှင်၏ အမည်မပါဝဲ ဆုတောင်းစာ သက်သက်ဖြစ်၏၊ ထိုလက်ရေးစာတို့အနက် အချို့ကို အောက်တွင် ဖေါ်ပြလိုက်ပါသည်၊ (ပုံ ၁၆—ခ)။

၁—။ **သဃ်ဒိဝါ**
၂—။ **စရိယေနက**
၃—။ **တောပတိမာ**
၄—။ **ဥတ္တမောဇိ**
၅—။ **နော၊**

(ဥတ္တမော၊ မြတ်စွာသော၊ ဇိနော၊ ဖုရား၏၊ ပတိမာ၊ ဆင်းတုတော်ကို၊ သဃ်ဒိဝါစရိယေန၊ ရဟန်းသင်္ဃာတော်တို့၏ အကြီးအမှူးဖြစ်သော ဆရာတော်သည် သို့တည်းမဟုတ် ဒိဝါစရိယအမည်ယိုသော ရဟန်းသည်၊ ကတော၊ ပြုလုပ်အပ်၏)။

အချို့အုတ်ခွက်တို့၌ "သဃ်ဒိဝါ" အစား "သဃ်ဒေဝ" ဟုပါယို၏။ ကုသိုလ်ရှင်အမည်မပါပဲ၊ ဆုတောင်းစာ သက်သက်မှာ၊

"သမ္ဗုဒ္ဓဘညာဏဿ ပစ္စယော ဟောတုတိ"

(သမ္ဗုဒ္ဓတဉာဏ်ရကြောင်း အထောက်တပံ့ ဖြစ်စေသောဝ်) ဟု ပါယို၏။ (ပုံ - ၁၆)။

ၡင်းတို့အထဲတွင်၊ အုတ်ခွက်တဆူ၌ "အဌာဝိသတိ မေ ဗုဒ္ဓါတြံာယျာသံ (မ္ဘ) ဇေ်နကတာ ဗုဒ္ဓတ္တာ (ယ)" ဟူ၍ မျက်နှာဖက်၊ ဆင်းတုတော်ပလ္လင်အောက်၌ ပုံနှိပ်စာနှစ်ကြောင်းတွေ့ရ၏။ ၎င်း၏အဓိပ္ပါယ်မှာ၊ တြံယျာ အမည်ယှိသော သံဖျင်အမတ်သည်၊ နှစ်ကျိပ်ရှင်ဆူကုန်သော၊ ဤဖုရားရုပ်ပွါးတော်မြတ်တို့ကို၊ သစ္စာလေးပါး မြတ်ဖုရားဖြစ်ရလိုခြင်းငှါ ပြုလုပ်အပ်၏ဟုပါယှိ၏။

အဌာဝိသတိ (နှစ်ကျိပ်ရှစ်ဆူ) ဟု ဆိုသော်လည်း ဆင်းတုတော်မှာ တ ဆူ တည်း သာ လျှင် ဖြစ် ၏။ သို့သော် အလားတူ ဆင်းတုတော် နှစ်ကျိပ်ရှစ်ဆူကို ဆိုလိုဟန်တူ၏။ ထိုအုတ်ခွက်မှာ သစ္စေး သရိုးကိုင်၍ ဇွေနီသုတ်သိမ်းလျက် ဝမ်းဖက်ဘွင် ရွှေချလျက် တွေ့ရ၏။ ၎င်းကိုတွေ့ရသောနေရာမှာ "ရွှေဘို" ဟု အမှတ် အသားပါ၏။ သို့သော် ထိုအုတ်ခွက်၏ မူလတည်ရာဌာနမှာ "ပုဂံ" ဖြစ်တန်ရာ၏။ အုတ်ခွက်မှာ အနည်းငယ် ပွန်းပဲ့လျက်ပါယှိ၍၊ ၎င်းပွန်းပဲ့သည့်နေရာတို့ပါ သစ္စေးဇွေနီတို့ဖြင့် သုတ်လိမ်းလျက် ရွှေချထား၍၊ (ပုံ ၁၇) ။

မျက်နှာဖက် (ဝမ်းဖက်) တွင်ပါသော ရုပ်တုဆင်းတုတော်တို့မှာမူ အနော်ရထာမင်း၏ အုတ်ခွက်တို့တွင် ပါသော ဆင်းတု ရုပ်တုတော်တို့၏ ပုံစံ စံနစ်အတိုင်း ဖြစ်သော်လည်း၊ အထက်က ဖေါ်ပြခဲ့သည့် အတိုင်း၊ ကျောဖက်၌ လက်ရေးစာဖြင့် အခြားကုသိုလ်ရှင်၏အမည် ရေးသားလျက်ပါယှိသော အုတ်ခွက်တို့မှာလည်း အများပင် ယှိသေး၏။ ၎င်းတို့ကို ကြည့်ရှုစစ်ဆေးလေ့လာရာ၌ အမှတ်တရ ထင်ရှားသော အချက်တရပ်ကို သတိမူမိသည်မှာ၊ ထိုရေးသားလျက်ပါယှိသော လက်ရေးစာတို့တွင် မြန်မာဘာသာဖြင့် ရေးသားလျက်ပါယှိ သော အုတ်ခွက်ဟူ၍ တချပ်တလေမှ မတွေ့ရသေးခြင်းဖြစ်၏။

ပုံ (၁၈) တွင် ပါယှိသည့်အတိုင်း အုတ်ခွက်၏ မျက်နှာဖက်တွင်ပါသော နောက်ခံတံကဲနှင့် အထက်က ထီးမိုး၍ ကြာပလ္လင်ပေါ် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူသော ဆင်းတုတော်မှာ၊ ဘေးရံစေတီတော်လေးများ နှင့်တကွ၊ အထက်က ပုံ (၄) တွင် ပြထားခဲ့ပြီးဖြစ်သော အနော်ရထာမင်း၏ အုတ်ခွက်တွင်ပါသော ဆင်းတု တော်နှင့် တပုံစံ တစံနစ်တည်းဖြစ်၏။ သို့သော်ကြာပလ္လင်အောက်နှင့် ဘေးရံစေတီတော်ကလေးများ အောက် တွင် ပုံနှိပ်လျက်ပါယှိသော နာဂရီအက္ခရာနှင့် စာတမ်းမှာ အနော်ရထာမင်း၏ တံဆိပ်နာမံတော် မပါပဲ၊ ''ယေဓမ္မာ ဟေတုပ္ပဘဝါ'' အစရှိသော ဂါထာကလေးဖြစ်၏။ သို့ပင်ဖြစ်ငြားသော်လည်း ထိုဂါထာ ကလေးတွင်ပါသော အက္ခရာတို့၏ ပုံသဏ္ဍာန်များမှာ အနော်ရထာမင်း၏ အုတ်ခွက်တွင်ပါသော အက္ခရာတို့၏ ပုံအတိုင်းဖြစ်၏၊ ကျောဖက်၌မူကား ရှေးဟောင်း မွန်-မြန်မာအက္ခရာနှင့် မွန်ဘာသာဖြင့် ရေးထိုးလျက်ပါယှိ၏။ ၎င်းအုတ်ခွက်အမျိုးအစားထဲမှ ရွေးနုတ်စီစစ်လိုက်သော် အောက်ပါတို့ ဖြစ်ကြ၏။

**ပုံ (၁၉)**

**၁။ ဝေါအ် ဝိ ပါ**

**၂။ က်သမ္ဘေင်ဩီဗိသ**

**၃။ နှ္ဓရာစ်လာတ် ကျောက်**

**၄။ ဝေါအ်ဩဲရ် ဒသ် ကျေ**

**၅။ က်။**

(ဝိပါက်သံဖျင်ဗိသန္ဓရာစ်သည် ဤဖုရားကိုလုပ်သည်၊ ဖုရားဖြစ်ရပါလို၏) ။

ထိုအုတ်ခွက်တွင် အချို့တူများသလောက် စာတမ်းတို့မှာ အနည်းငယ်ကွဲလွဲချွတ်ယွင်းကြသည်၊ အချို့၌ "သမ္ဘေင်'' ကို ''သံဗေင်''ဟု ရေးလျက်တွေ့ယှိရသည်၊ အချို့မှာ "လာတ်" အရှေ့ဖက်က ''မ'' သို့မဟုတ် ''မအ်'' စာတလုံးပါပြီး၊ "မလာတ်" "မအ်လာတ်" ဖြစ်နေသည်၊ အချို့မှာ ''ဩဲရ်ဒသ်" စာလုံး နှစ်လုံးကြား

''ဂေါအ်'' ဆိုသော စကားလုံးတသုံးပါသေးသည်၊ သို့သော် "သမွှင်" နှင့် "သုံမေင်" ''လာတ်'' နှင့် ''မလာတ်'' "မအ်လာတ်" ''ဩရ်ဒသ်'' နှင့် "ဩရ်ဂေါအ်ဒသ်" တို့၏ လိုရင်းအဓိပ္ပါယ်တို့မှာ တခုနှင့်တခု မထူးခြားလှချေ။ အချို့၌လည်း "ဝေါအ်ကျာက်ဩိဗိသနရာစ်" အချို့၌ "ဝေါအ်ကျာက်တြပ်ဩိဗိသန္ဒရာစ် မလာတ်" စသည်ဖြင့် အတိုချုံးထားသည်။

ထိုအုတ်ခွက် အမျိုးအစားထဲမှ ရွေးနှုတ် စီစစ် လိုက်သော်၊ အထက် ဖေါ် ပြ ပါ အုတ် ခွက် တို့ အပြင်၊ ကုသိုလ်ရှင်တဦးစီပါသော အုတ်ခွက်တို့မှာ အောက်ပါအတိုင်းဖြစ်ကြ၏။ ၎င်းတို့ဘွင်ပါသော မူရင်း လက်ရေး စာတို့ကို ပုံစံနှင့်တကွ၊ ယခုလက်ငင်းအက္ခရာ ပြန်ဆိုရေးသားချက်နှင့် မြန်မာဘာသာပြန်ဆိုရေးသားချက်တို့ပါ အောက်တွင် ဖေါ်ပြလိုက်ပါသည်။

## အုတ်ခွက်ကျောဖက်ကစာများ။

### ပုံ (၂၀)

၁။ **ကျာက်တြပ်မှင်**

၂။ **ယသ်မလာတ်။**

(တြပ်မင်ယသလုပ်သောဖုရား)

အချို့ပညာယှိတို့က "တြပ်" သည်ဂုဏ်ပုဒ်ဖြစ်သည်၊ ဤနေရာ၌ မင် (မောင်) ယသ၏ ဂုဏ်ဒြပ်ကို ထုတ်ဖေါ်ပြဆိုရကား "တြပ်" ၏ အဓိပ္ပါယ်မှာ "အရှင်" ဖြစ် သည် ဟု ယူဆသည်။ "အကြီးအကဲ" လည်း ဖြစ်နိုင်သည်။

### ပုံ (၂၁)။

၎င်းအုတ်ခွက်၌ ကျောဖက်တွင် လက်ရေးစာ မပါပဲ၊ မျက်နှာဖက်တွင် ကြာပလ္လင်ထက် တင်ပြင်ခွေ ဆင်းတုတော်တဆူ အောက်၌ စာနှစ်ကြောင်းပါယှိသည်။ ၎င်းမှာ။

၁။ **တြပ်မင်သယ**

၂။ **မလာ (တ်)။**

ဟူ၍ ပုံနှိပ်လျက်ပါယှိသည်။

### ပုံ (၂၂)။

၁။ **ဝေါအ်ကျာက်**

၂။ **တြိ လစန်ဒုမာဟ်**

(ဤကား သခင်စန်ဒုမာ ဖုရား)

ဩိဗိန္ဒရာစ် သွန်းလုပ်လှူဒါန်းသော အုတ်ခွက်တို့တွင် အောက်ပါတို့လည်းပါကြ၏။ သို့သော် မျက်နှာ ဖက်ကပုံတော်မှာ အထက်ကဖေါ်ပြခဲ့သည့်အတိုင်း တမျိုးတည်း ဘစားတည်းဖြစ်ကြ၏။

ပုံ (၂၃)။

၁။ ဝေါအ် ကျက်
၂။ တြာပ် ဩို ဗိ သ န္န ရာ
၃။ စ် မ လာတ် န တေယ်
၄။ ကုံမ်။

(ဤကား တြပ်ဩိုဗိသန္နရာစ်လက်ဖြင့် သွင်းလုပ်သောဖုရားတည်း)
အချို့၌ နတေယ်ကုံမ် အစား နတေယ်ကိမ် ဟု ပါသည်။

ပုံ (၂၄)။

၁။ ဝေါအ်ကျာက်တြာပ်
၂။ ဩိုဗိသန္နာစ်မလာ
၃။ တ်နတေယ်ကုမ်ရုပ် ၅၀
၄။ မိာ တေ့ယ်။ ဝ။

(ဤကား တြပ်ဩိုဗိသန္နရာစ်လက်ဖြင့် လုပ်သော ဖုရားတည်း၊ တနေ့လျှင် ၅၀ လုပ်သည်။)

ပုံ (၂၅)။

၁။ ဝေါအ်ကျာက်တြာ
၂။ ပ်ဩိုဟ်ဗိအ်သန်
၃။ နရာစ်မအ်လာတ်
၄။ ၂၀ မိတ် ၁ တေ့ယ်

(ဤကား တြပ်ဩိုဗိသန္နရာစ်လုပ်သော ဖုရားတည်း၊ တနေ့လျှင် ၂၀ သွင်းလုပ်သည်)။

ပုံ (၂၆)။

၁။ ဝေါအ်ကျာက်တြာ
၂။ ပ် ဩိုယ် ဗိ သံ န ရာစ်
၃။ မလာတ် နတေယ်ကုံမ်
၄။ နမောဗုဒ္ဓာယ်။

(ဤကား တြပ်ဩိုဗိသန္နရာစ်လက်ဖြင့် လုပ်သောဖုရားတည်း၊ နမောဗုဒ္ဓာယ–ဖုရားရှင်အားရှိခိုးပါ၏)။

ထိုဩိုဗိသန္နရာစ် အုတ်ခွက်ဖုရားတို့ကို အများအားဖြင့် ပုဂံမြို့၊ မြင်းကပါရွာတောင်၊ စိုးမင်းကြီးဖုရား အနောက်လျှာ သက်နာမှရသည်ဟု အမှတ်အသားများကို တွေ့ရ၏။

ပုံ (၂၇)။

၁။ ဝိပါက် မန်ယာ သော

၂။ ဟ်ဒ္ဓ ရာဟ် လတ်

၃။ ကျော့က် ဝေါအ် ဩရ်

၄။ ဂေါအ် ဒသ် ကျေ(က်)

(ဝိပါက်မန်ယာ သောဟ်ဒ္ဓရာဟ်သည် ဤဖုရားကိုလုပ်သည်။ ဖုရားဖြစ်ရပါလို၏။)

ပုံ (၂၈)။

၁။ ဝ။ ဝေါအ် ကျော့က် သုအ်

၂။ ဓမ္မာဟ် မအ် လာတ် ဇိန်

၃။ ပိန် ကုအ် မွောအမ္ဗအ်

၄။ ယေ်။ ။

(ဤဖုရားကား သုဓမ္မာဟ်လုပ်သောဖုရားတည်း၊ ငါမိဖတို့အား အမျှဝေ၏)။

ထိုနည်းတူပင် အုတ်ခွက်၏ အခြေအနေအရ ဆိုလျှင်၊ အနော်ရထာမင်း၏ လက်ထက်က အုတ်ခွက်ဖြစ်သည်ဟု ယူဆရသော အခြားအုတ်ခွက်တမျိုးယှိသေး၏။ ၎င်းအုတ်ခွက်မျိုးတွင်အချို့၌ ပတ်လည် ခတ်ထားသော ဘောင်မှာ လေးထောင့်နီးပါယှိ၍ အထက်ဖက်ထောင့်နှစ်ထောင့်ကို စောင်းဖြတ်ထား၏၊ အချို့မှာ ဂုံးချွန်သဏ္ဍာန်ယှိ၏။ ဘောင်အတွင်း၌မူကား ဂုံးချွန်း နှင့် လိုဏ်ဂူ သဏ္ဍာန် စောက်ချ၍ ဆင်းတုတော်တဆူ ပါယှိ၏။

ထိုဆင်းတုတော်သည် ရိုးရိုးဆင်းတုတော်ကဲ့သို့ နောက်ခံတံကဲနှင့် ကြာပလ္လင်ပေါ်တွင် လက်ဗယ်တင် ညာချ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူ၏။ ဆင်းတုတော်၏ ပုံသဏ္ဍာန်တော်မှာ ဝတ်ရုံထားသောသင်္ကန်းတော်တို့သည် ရင်ပတ်ဘော်၊ လက်ကောက်ဝတ်၊ ခြေချင်းဝတ်တို့၌မူ သင်္ကန်းလိပ်အနားစွန်း အစအနမှအပ အခြားထင်ရှားချက်များကို မတွေ့မမြင်ရချေ၊ ဆံဘော်တို့မှာ ဗိန္ဓုလုံးကလေးများသဏ္ဍာန် မ ဏိ တော် ကို ဝိုက်၍ စီတန်းလျက် နဖူးပေါ်အထက် အနည်းငယ်မောက်လျက် ထွက်နေ၏၊ ဥ ဏှိ သ ပုံ တော် မှာ ပုံ့ ပုံ့ သာ လျှင် တက်လျက်ယှိ၏။ ဥဏ္ဏာလုံမွေးရှင်ဘော်မှာ အသက်အောက်လျားလျက်နေ၏၊ နှာရိုးနှာတံပေါ်နှင့် မျက်ခုံးတော်ကောင်း၍ မျက်လုံးတော်အနည်းငယ်ပြူးသည်၊ နှုတ်ခမ်းတော်တို့မှာ ကြို့လျက် ထင်ပေါ်သော မေးစွန်းယှိ၏၊ နားရွက်တော်တို့မှာ နားဘက်ကျယ်နှင့် ပခုံးနှင့် မထိပဲ အနည်းငယ် ကွာလျက်နေသည်၊ မျက်နှာလုံးသည်။ (ပုံ ၂၉)။

ဆင်းတုဘော်တံကဲ၏ဘေးတဖက်တချက် စေတီရံကလေးငါးဆူစီအောက်မှ အထက်သို့တန်းလျက်ပါ၏၊ အတွင်းစေတီမှာ အပြင်စေတီ၏ တဝက်လောက်သာယှိ၏၊ တံကဲ၏ထိပ်တဖက်ဘချက်၌ သစ်ကိုင်းသစ်ခက်တို့ဖြင့် ဆင်ယင်လျက်၊ ထိပ်အလည်တည့်တည့်မှ ထီးသဏ္ဍာန် စေတီကလေးတဆူ တက်လျက်ယှိ၏၊ တံကဲမှာလည်းမုခ်ဂုံးနှစ်ဆင့်နှင့် ပွတ်ခံတိုင်ထက် နှာမောင်းကလေးထောင်၍ ကွေးလျက်မကာရ်းသဏ္ဍာန်ဂုံးအောက်ခံတိုင် ကလပ်ထက်မှ တက်သွား၏။

ကြာပလ္လင်အောက်ဘွင် နာဂရီအက္ခရာနှင့် သသ်ကြိုင်-ပါဠိမိဿက ရေးလျက် "ယေဓမ္မာ ဟေတုပြဘဝါ" အစချီသော ဂါထာပါသော ပုံနှိပ်စာနှစ်ကြောင်းပါယို၏၊ ထိုပုံနှိပ်စာတွင်ပါသော အက္ခရာစာလုံးများ၏ ပုံသဏ္ဍာန်တို့က၊ ၎င်းအုတ်ခွက်၏ ခေတ်ကာလ အပိုင်းအခြားကို ဆုံးဖြတ်၏၊ ထိုသို့ ဆုံးဖြတ်ချက်အရ ဆိုလျှင်၊ အဆိုပါအုတ်ခွက်သည်၊ အနော်ရထာမင်းလက်ထက်က အုတ်ခွက်ဖြစ်ကြောင်းကို သိရ၏၊ အခြားအထောက် အထားတခုမှာ ထိုအုတ်ခွက်အမျိုးအစားထဲမှ အုတ်ခွက်တဆူ၏ကျောဖက်တွင် ပျူအက္ခရာ ပျူဘာသာဖြင့် ဆုတောင်းစာတခု လက်ရေးစာဖြင့် ရေးထိုးမှတ်သားလျက် ပါယို၏။ (ပုံ-၃၀)။ ထိုပျူလက်ရေးစာသည် မြစေတီပျူစာထက် နှစ်ပေါင်း ၅၀ လောက်စောမည်ထင်ရ၏။ ထိုအုတ်ခွက်ကို တွေ့ယိုရသော နေရာမှာလည်း ပုဂံမြို့၊ အနော်ရထာမင်း၏ ကောင်းမှုတော် ရွှေဆံတော်ဘုရားအောက် ဥာပနာတိုက်အပျက် အတွင်းမှရယို သည်ဟု ချုံးအမှတ်အသားတွင် တွေ့ယိုရ၏။ ထို့ပြင် ထိုအုတ်ခွက်၏အလှူရှင်မှာ ပျူလူမျိုးတယောက် ဖြစ်သည် ဟု တွေးတောရ၏။ မွန်ဘွဲ့တံဆိပ်နာမံကို ခံယူသည်။

ကျောဖက်တွင်ပါယိုသော လက်ရေးစာ ပျူစာကို ယခုလက်ငင်း မြန်မာအက္ခရာဖြင့် ပြန်ဆိုရေးသား အောက်ပါအတိုင်း ဖြစ်၏။

။ ၀။ ယံ ဗံ း ဘ ဂ
၀ ဥ ဒိ း တြာ း ဧ က း သ း မှ
ဗဲ း ဿြိ ဗ ဉာ နော ဗိ း မ္ဂ း
သ ၀ ဉော ဒနုံ ဝံ ဥ ဝေါ ကျော ကွံ း မြ္တ း
တိံ မ္တု ဗံ း အ ရ မ မ တြုံ ယ ဥံ ဍုံ ပု ဓ
ဥေါ ဒံ ဟ္ဂိ း တ္လု ဗနံ း သ ရ သ ရံ ဗ္ဂုိ း ဗ္ဂုံ း

ဤစာ၏ အဓိပ္ပါယ်ကို ယုံးစေ့ ပါဌ်စေ့ ပြန်ဆိုနိုင်ချန်မှာ ဘာသာကို လေ့လာပြီးသား မဟုတ်သဖြင့် ခဲယဉ် ခြင်းနှင့် ရင်ဆိုင်လျက်ယိုနေသေးသည်၊ သို့သော် အခြားအလားတူ အုတ်ခွက်များတွင်ပါသော ပါဠိစာ မွန်စာတို့ဘွင်ပါသော ဆုတောင်းစာတို့နှင့် နှိုင်းယှဉ်ချင့်ချိန်မှန်းဆ၍ ဤစာတွင်ပါသော အကြောင်းအရာမှာ ဤမြတ်စွာဖုရား၏ ပုံတော်ကို သံဗျင်ဩဗညာနောသည် သွင်းလုပ်ပူဇော်လှူဒါန်းကြောင်း၊ ဤသို့ ပူဇော်ရသော အကျိုးအာဖြင့် အရိမေတ္တေယျဖုရားပွင့်တော်မူသောအခါ၌ နိဗ္ဗာန်ချမ်းသာကို ရလိုကြောင်းနှင့် အမျှဝေ၍ နတ်လူသာဓုခေါ်စေသောဝ်ဟု ပါယိုဟန်တူသည်။

ပုံ (၃၁) တွင် ပြထားသော အုတ်ခွက်မှာ ဝမ်းဘဲဥပုံသဏ္ဍာန်ယို၏။ မျက်နှာဖက်တွင် ကြာပလ္လင်ထက် ထိုးမိုးလျက်၊ သစ်ကိုင်း သစ်ခက် အရွက် အလက်ပုံတို့အောက် တံကဲနှင့် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူသော ဆင်းတုတော်ဘဆူပါ၏။ ဘေးကာရံလျက် စေတီတော်ပုံကလေးများလည်း ပါ၏၊ ထိုဆင်းတုတော်၏ ကြာပလ္လင်အောက်၌ နာဂရီအက္ခရာနှင့် "ယေဓမ္မာ" အစချီလျက် စာသုံးကြောင်းပါယို၏။ ထိုစာသုံးကြောင်း တွင်ပါသော အက္ခရာစာလုံးတို့၏ ပုံသဏ္ဍာန်နှင့်တကွ ဆင်းတုတော်နှင့် ဘေးရံစေတီတို့၏ ပုံသဏ္ဍာန်တို့မှာ အနော်ရထာမင်း၏ လက်ထက်စာနှင့်၊ ဆင်းတုတော်နှင့် စေတီရံတို့၏၊ ပုံသဏ္ဍာန်များနှင့် ကွဲပြားခြင်းမယို လှ၍၊ ထိုအုတ်ခွက်အမျိုးအစားတို့သည်လည်း အနော်ရထာမင်း၏ လက်ထက်အတွင်း သွင်းလုပ်သောပုံများ ဖြစ်သည်ဟု ယူဆရ၏။ ထိုအုတ်ခွက်အမျိုးအစားထဲမှ အုတ်ခွက်တခွက်၏ ကျောဖက်တွင် စာကြောင်းရေ ရှစ်ကြောင်းပါသော မွန်ဘာသာဖြင့် ရေးဟောင်းစာတမ်းတခုပါ၏၊ (ပုံ ၃၂)။ ထိုစာတမ်းကို ယခုလက်ငင်း အက္ခရာနှင့် ပြန်ဆိုသော် အောက်ပါအတိုင်း ဖြစ်၏။

၁။ ကိန်
၂။ လိစ်စိ
၃။ ပေညြရ်ယေ်
၄။ လေဝ်ကွိစ်စိ
၅။ ပေညြရ်ယေ်
၆။ လေ(ပ်)စိက်
၇။ စိပေညြရ်ယေ်
၈။ လေပ်

ၿငင်း၏အဓိပ္ပါယ်ကို အသေအချာဖေါ်ထုတ်၍ မရသေးချေ၊ သို့သော်စာကြောင်းရေ -၂-၃-၄-၅ နှင့် ၇-တို့၌ "စိပေ" ဟူသော အမည်များပါယှိရာ၊ ၎င်းအမည်များနှင့် စပ်လျဥ်း၍၊ ၁၉၅၉-၆၀ နှစ်အတွင်း ရန်ကုန်မြို့ မဝင်းကြည်ထံမှ ၄ါးရမ်းရယှိထားသော အုတ်ခွက်နှစ်ဆူ၏ ကျောဖက်တွင် ရှေးဟောင်း မွန်-မြန်မာ အက္ခရာဖြင့် စာတမ်းရေးထိုးလျက် "စိပေ"အမည်ကို တွေ့ရပြန်သည်၊ ဘာသာမှာ အုတ်ခွက်တဆူတွင် ပါဠိ ဘာသာဖြင့်ဖြစ်သည်၊ အခြားတဆူတွင် မွန်ဘာသာဖြင့်ဖြစ်သည်၊ ထိုစာတမ်းများ၏ အက္ခရာပြန်နှင့် ဘာသာ ပြန်တို့ကို အောက်တွင်ရေးသားထည့်သွင်းဖေါ်ပြလိုက်ပါသည်၊ ထိုအုတ်ခွက်ပုံနှစ်ပုံ၏ ဝမ်းဖက်(မျက်နှာဖက်) တို့တွင်ပါသော ပုံတော်မှာ တမျိုးတည်းဖြစ်သည် (ပုံ ၃၃) ။

ပါဠိ- ပုံ ၃၄ (က) (ခ) နှင့် (ဂ)။

(၁) ဣမံ ဗု
(၂) ဒ္ဓပဋိမံ စိ
(၃) ပေ တိနာမေ
(၄) န ရ ညော မ
(၅) ဟေ သိ ယာ
(၆) သ က ဟ တ္ထေ န အ ကိ တံ

(စိပေတိနာမေန၊ စိပေအမည်ယှိသော၊ ရညောမဟေသိယာ၊ အဂ္ဂမဟေသီ ဒေဝီညာထား မင်းမိဖုရား ကြီးသည်၊ ဣမံ ဗုဒ္ဓ ပဋိ(မံ)၊ ဤဗုဒ္ဓရုပ်ပွါးဆင်းတုတော်ကို၊ သကဟတ္ထေန၊ မိမိလက်တော်ဖြင့်၊ အကိတံ၊ ပြုလုပ်စီမံ သွင်းလုပ်ပူဇော်အပ်သတည်း)။

မွန်ဘာသာ (ပုံ ၃၅)။

၁။ ဝေါအ်
၂။ ဗုဒ္ဓရပ်
၃။ နိအ်ကျာက်
၄။ စိအ်ပေဟ်

(ဤကား (စိပေဟ်) စိပေမည်သော မိဖုရား (လှူဒါန်းတော်မူသော) ဗုဒ္ဓ၏ရုပ်ပွါးဆင်းတုတော်တည်း။

ထိုသို့ ပါဠိစာပါသောအုတ်ခွက်နှင့် မွန်စာပါသော အုတ်ခွက်ဖုရားနှစ်ဆူ၏ ဒါယိကာမသည် စိပေ၊ စိပေမည်သော မိဖုရားတဦးတည်းသာလျှင် ဖြစ်၏။ ပါဠိဘာသာဖြင့် မဟေသိယာဟု ဆိုထားသည်ကိုထောက်သော်၊ သွန်းလောင်းအပ်သော ဘိသိက်ယိုသော မိဖုရားကြီးသာလျှင် မဟေသီဘွဲ့ရသောကြောင့်၊ ထိုစိပေအမည်ယိုသော မိဖုရားသည် မင်း၏ မိဖုရားကြီးတပါးဖြစ်သည်ဟု ယူဆရာ၏။

အက္ခရာစာလုံးအရေးအသားတို့ကို ရှေးဟောင်းအက္ခရာအရေးအသားတို့နှင့် ညှိနှိုင်းတိုက်ဆိုင်ကြည့်ရာ၊ သကရာဇ် ၄၀၀ ကျော် ကုန်စစ်သားခေတ် ထိုးသော ကျိုက်တလင်၊ ပြည်ရွှေဆံတော်၊ ပုဂံရွှေစည်းခုံ ကျောက်စာ စသည်တို့ထက် စောပြီးလျှင် ပုဂံနော်ရထာခေတ်ဦးပိုင်းလောက်က အရေးအသားများဖြစ်သည်ဟု ခန့်မှန်းရသည်။

ထိုအုတ်ခွက်နှစ်ဆူမှာ တံဆိပ်ပုံတပုံတည်းမှ သွင်းလုပ်သောပုံများဖြစ်ကြ၏။ မျက်နှာဖက်တွင်ပါသော ဆင်းတုတော်၏ပုံမှာ ရိုးရိုးပြေ့ပလ္လင်ထက်တင်ထားသော ကြာပလ္လင်ပေါ်ဝယ် ထက်ဝယ် ဖွဲ့ခွေထိုင်နေတော်မူသော ဖုရားပုံတော်ဖြစ်၏။ နံဘေးတွင် စေတီရံကလေးနှစ်ဆူနှင့် ပန်းပွင့်ပန်းခက်တို့ ပါ၏၊ မဏ္ဍိတော်နောက်ဖက် ခေါင်လုံ့ကံကဲထက် မောဓိပင်ခက်များရံလျက်ပါ၏၊ ပလ္လင်ဘော်အောက်၌ စာဘမ်းများမပါပဲ၊ ပန်းပြောက်အစက်များသာလျှင် တွေ့ယိုရ၏။ မျက်နှာဖက်တွင် အုတ်ခွက်မှာ ဂုံးချွန်နှင့် လိုဏ်ဂူသဏ္ဌာန်ယို၍ အလျား ၃၄ လက်မ အနံ ၂ လက်မစီလောက်ယိုကြ၏။ ထိုအုတ်ခွက်နှင်ဆူအနက် တဆူ၏ပုံကိုသာလျှင် ပြထား၏။

(ပုံ ၃၅) နံဘေးပတ်လည် ဘောင်ခတ်၍မပါပဲ အုတ်ခွက်ကလေးတဆူယိုသေး၏၊ ၎င်းသည်လည်း ပုဂံတွင် တွေ့ယိုရသော အုတ်ခွက်ဖြစ်၏။ သို့သော် ၎င်း၏ပုံသဏ္ဌာန်မှာ ဘေးပတ်လည်ဘောင်ခတ်၍ မပါယိုသည်မှအပ၊ ၎င်းအုတ်ခွက်တွင်ပါသမျှ ရုပ်တု ဆင်းတု ပန်းပု ပန်းပြောက်ပလ္လင် အစယိုသည်တို့မှာ အထက်ဖော်ပြပါ အုတ်ခွက်တို့နှင့် တပုံစံ တစ်နစ်တည်း ဖြစ်နေကြောင်း တွေ့ယိုရတဖြင့်၊ ၎င်းအတွက် အထူးထုတ်ဖော်ရေးသားခြင်း မပြုတော့ချေ။

## စောလူးမင်းအုတ်ခွက်။

မှန်နန်းမဟာရာဇဝင်တော်ကြီး၌ အနော်ရထာမင်းကြီး၏၊ ဘွဲ့တော်မှာ **အနုရုဒ္ဓဒေဝ** မင်းကြီးဟု ပါယို၏၊ အထက်ဖော်ပြခဲ့ပြီးသော အုတ်ခွက်ဆင်းတုတော်များ၌ မူကား **အန(နိ)ရုဒ္ဓဒေဝ**၊ သို့မဟုတ် **အနိရုဒ္ဓဒေဝ** ဟု ခေါ်ဆိုရေးမှတ်ကြ၏၊ ၎င်းတို့မှ **အနော်ရထာမင်း** ဟု အမည်ဝေါဟာဖြစ်ပေါ်လာ၏၊ အနုရုဒ္ဓ၏ အဓိပ္ပါယ်မှာ အဆီးအတားမယိုဘဲဟု အဘိဓါန်ဆရာကြီးများက ဆိုကြ၏။

အနော်ရထာမင်းသည်၊ သကရာဇ် ၄၀၆ ခုနှစ်တွင် နန်းဘက်၍၊ သုံးဆယ့်သုံးနှစ် နန်းစံပြီးနောက်၊ သကရာဇ် ၄၃၉ ခုနှစ်တွင် အနိစ္စရောက်တော်မူ၏။ ၎င်းနှစ်တွင်ပင် သားတော်စောလူးမင်း ဖြစ်တော်မူ၏၊ အနော်ရထာမင်းလက်ထက်၌ ကုသိုလ်ကောင်းမှုများသလောက် စောလူးမင်းလက်ထက်တွင် ကုသိုလ်ကောင်းမှု နည်းပါးခန်းခြောက်သည်ဟု ဆိုကြ၏။ စောလူးမင်း၏ နန်းသက်မှာ ခုနစ်နှစ်သာယို၏၊ ထိုနှစ်များအတွင်း၌လည်း တိုင်းပြည် ချမ်းသာယာခြင်း မယိုလှချေ။

စောလူးမင်းကို၊ မင်းလုလင်ဟုလည်း ခေါ်ဆိုကြ၏။ ၎င်း၏ဘိသိက်ခံယူတော်မူသော ဘွဲ့တံဆိပ်နာမံတော်ကိုကား၊ ရာဇဝင်ကြီးများ၌ ဖော်ထုတ်ရေးသားခြင်းကို မတွေ့ရချေ။ စောလူးမင်းဆိုသော အမည်သည် မင်းသားဘဝက သာမန်အမည်သာ ဖြစ်ချေသည်၊ ၎င်း၏အဓိပ္ပါယ် အရ မင်းပျို၊ မင်းငယ်၊ မင်းကလေးဟု ခေါ်ဆိုရပေမည်။

သို့သော် ပုဂံမြို့၊ မြင်းပြဂူဖုရားအတွင်း၌ တွေ့ယူရသော အုတ်ခွက်ဆင်းတုတော်တို့အနက် တဆူတွင် '' **(မဟာရာဇ၊ ဇြီဗဖြာဘရဏဒေဝ**'' ဟူ၍၊ နာဂရီအက္ခရာဖြင့်၎င်း ''**မဟာရာဇ**'' **သိရိဗဖြာဘရဏဒေဝ** ဟူ၍ ရေး မွန်–မြန်မာအက္ခရာဖြင့်၎င်း ရေးထိုးပါယို့၏။ **(ပုံ ၃၆)**။ အုတ်ခွက်မျက်နှာဖက်တွင် တင်ပြင်ခွေ ဗုဒ္ဓရုပ်ပွါး၊ ဆင်းတုတော်ကလေး ဆူရေငါးဆယ်ပါသည်၊ အုတ်ခွက်၏ အရွယ်မှာ အမြင့် ၇½"။ အကျယ် ၆ ယို့၏၊ သုံးပိုင်းကျိုးလျက်တွေ့ယို့ရ၏။ မွန်-မြန်မာအက္ခရာဖြင့် ရေးထိုးလျက်ပါယိုသောစာတမ်းကို၊ သုတေသီတို့အတွက် အောက်တွင် လက်ငင်းအက္ခရာဖြင့်ပြန်ဆိုရေးသားဖော်ပြလိုက်ပါသည်။၎င်းစာသည်အုတ်ခွက်၏အောက်ဘောင် အောက်ဖက်ဘွင် လက်ရေးစာဖြင့် ရေးထိုးမှတ်သားလျက်ပါယိုသည်။

**၁။ ဧသောဘဂဝါမဟာရာဇသိရိဗဖြာ**
**၂။ ဘရဏဒေဝေနကတောဝိမုတ္တတ္ထံသဟ**
**၃။ တ္တေနေဝါတိ။ ပုံ (၃၇)**

၎င်းစာ၏ပါဋ္ဌိပါဠ်သားအနေအထား စာသွားစာလာတို့မှာ၊ "ဗဖြာဘရဏ'' ဟူသောပုဒ်မှအပ၊ ကျန် ရှိသောပုဒ်ပဒတို့မှာ အနော်ရထာမင်းကြီး၏ အုတ်ခွက်တွင်ပါသော အနော်ရထာမင်းကြီး၏ ဆုတောင်းစာများ နှင့် မခြားလှချေ။

ထို့ပြင် အုတ်ခွက်အဘွင်းဘက်အောက်ခြေ၌ နာဂရီအက္ခရာဖြင့် ပုံနှိပ်စာတကြောင်းပါယို၏။ ၎င်းစာကို လက်ငင်းမြန်မာအက္ခရာဖြင့် ပြန်ဆိုချက်အရ အောက်ပါအတိုင်းဖြစ်၏။

**(မဟာရာဇ) ဇြီဝဖြာ ဘရဏ ဒေဝသျ။**

ဤနေရာ၌''ဇြိဝဖြာဘရဏဒေဝ သို့မဟုတ် သိရိဗဖြာဘရဏဒေဝ''ဟုခေါ်ဆိုရေးမှတ်ခြင်းမှာ မင်း၏ဘွဲ့ အမည်သာလျှင်ဖြစ်ရမည်။ သို့သော် ရာဇဝင်ကြီးများတွင် ဤဘွဲ့တံဆိပ်နာမံကို ဖေါ်ပြလျက်မတွေ့ရခြင်းကြောင့် မည်သည့်မင်း၏ဘွဲ့တော်ဖြစ်ချေမည်နည်းဟု သို့လော သို့လော တွေးတောယုံမှားခြင်း ဖြစ်ရချေသည်။ ထိုသို့ပင် ဖြစ်ချေကာမူ အုတ်ခွက်၏ အသွင်အပြင်နှင့် အစဉ်အလာ လက်ရာတို့ကို ထောက်ချင့်သော် အနော်ရထာမင်းနှင့် နီးနီးကပ်ကပ် အနော်ရထာမင်းခြေရာကို တနည်းအားဖြင့် ခံယူလိုက်ပါနိုင်သောမင်းမှာ စောလူးမင်းသာ ဖြစ် ချေသည်၊ ကျန်စစ်သားမင်း၏ဘွဲ့တော်မှာလည်း တသီးတခြားထင်ထင်ရှားရှားယို့ချေသည်။

ထို့ပြင်ဒုတိယစစ်ကြီး မဖြစ်မီတနှစ်လောက်အတွင်းက မန္တလေးမြို့တောင်ပြင်နန်းဦးကျောင်းတိုက် သိမ် နံရံပြင်ဖက်တွင် အုတ်ခွက်တခွက်တွေ့၍ ၎င်းကိုကျောက်စာရုံး၌ သိမ်းဆည်းထားသည်။ တဖန် ၁၉၆၀ ခုနှစ် အတွင်း မန္တလေးမြို့ ပြည်ထောင်စုဗဟိုစာကြည့်တိုက်နှင့်ပြတိုက်သို့ ပင်ဇင်အငြိမ်းစား စက်ရှင်တရားသူကြီး ဦးဘသော်က မေတ္တာလက်ဆောင်အဖြစ်နှင့် ပို့လိုက်သောအုတ်ခွက်တခုကိုတွေ့ရာ ၎င်းသည်နန်းဦးကျောင်း တိုက် သိမ်မှ အုတ်ခွက်နှင့်တမျိုးတည်းတစားတည်း ဖြစ်နေကြောင်းကိုသိရသည်။ ထို့ပြင်လည်းကျောက်စာရုံး၌ ဈေးကစုဆောင်းထားသော အုဘ်ခွက်ဘို့ဘွင် ဖေါ်ပြပါအုတ်ခွတ်ဘို့နှင့် တစားဘည်းဖြစ်သော တကောင်းမှ ရသည်ဟု အမှတ်အသားနှင့် အုတ်ခွက်တခုတွေ့ရပြန်သည်။ ထိုအုတ်ခွက်တို့ကို ထပ်မံစစ်ဆေးလေ့လာကြည့်ရာ အုတ်ခွက်များ၏မျက်နှာဖက်၌ ပြော့ပလ္လင်ထက် ကြာပလ္လင်ပေါ်တွင် ကျောင်းဆောင်အောက်၌ ထက်ဝယ်ဖွဲ့ ခွေ ထိုင်နေတော်မူသော ဘုရားဆင်းတုတော်ဘဆူပါသည်။ဘေးကရံလျက် စေတီတော်ကလေးများလည်းပါသည်။ (ပုံ ၃၈) ။ ပလ္လင်အောက်တွင် နာဂရီအက္ခရာနှင့် စာတကြောင်းပါယို့ရာ ၎င်းကို ယခုလက်ငင်းမြန်မာအက္ခရာ နှင့် ပြန်ဆိုရေးသားသော်။

**မဟာဂြိမဒ္ဒိဗြဲ့ာဘရဏ ဒေဝသျေ (တား)။**

(မဟာဂြိမဒ် = ဗဗြာဘရဏ ဒေဝသျေ (တား)။)

ဟုဖတ်ဆိုရာ၏။

အဓိပ္ပါယ်မှာ -

၎င်းအုတ်ခွက်သည် မဟာဂြိမဒ်ဗဗြာဘရဏဒေဝမင်းကြီး၏ ကောင်းမှုတော်ဖြစ်၏။

ရှေးဟောင်းသုတေသနဌာန ဝန်ထောက် ဦးမိုကေ၏ထောက်လှမ်းစုံစမ်းချက်အရ၊ ထိုအုတ်ခွက်မျိုးနှင့် တပုံစံတည်း တစားတည်းဖြစ်သောအုတ်ခွက်တို့ကိုကသာခရိုင် ကမ်းသီတာမြို့ဟောင်း နေရာဘိုက်တွင်တွေ့၍၊ တော်တော်များများပျံ့နှံ့နေဟန်တူသည်။

၎င်းတို့အပြင်မြိတ်မြို့၌တွေ့ယို၍ ရန်ကုန်တက္ကသိုလ် ပိဋကတ်တိုက်တွင်း၌ တခါကသိမ်းဆည်းထားသော ကျောက်စာအပိုင်းကျိုးတခုတွင် မွန်-မြန်မာအက္ခရာနှင့်ပါဠိဘာသာဖြင့်

**ဂြိဗဗြာဘရဏာတိသူ ပဏ္ဍိတာ နာမေန — — — — —**

**— — — — အရိမဒ္ဒနေဝရပုရေ — — — — —**

ဟူ၍ပါရှိပြန်ရာ ထို "ဂြိဗဗြာဘရဏ"သည် အခြားမဟုတ် အရိမဒ္ဒနပူရမည်သော တိုင်းပြည်ကြီးကိုစိုးမိုး အုပ်ချုပ်မင်းလုပ်ခဲ့သော စောလူးမင်းဖြစ်သည်ဟုယူဆရာသည်။

အုတ်ခွက်တို့တွင်ပါသောနာဂရီအက္ခရာတို့သည် အနော်ရထာမင်းလက်ထက်လောက်က နာဂရီအက္ခရာ အရေးအသားနှင့် ပုံသဏ္ဍာန်ခြင်းတူကြသည်။ မြိတ်မြို့က ကျောက်စာတွင်ပါသော ပါဠိစာ၊ မွန်-မြန်မာအက္ခရာ တို့မှာလည်း ကျန်စစ်သားမင်းလက်ထက် စောစောပိုင်းက ကျန်စစ်သားမင်း၏ ကျောက်စာများတွင်ပါသော အက္ခရာများနှင့်ပုံသဏ္ဍာန်တူကြသည်။ (ပုံ - ၃၉ )

ထို့ကြောင့် "မဟာရာဇဂြိဗဗြာဘရဏဒေဝ"၊ "မဟာရာဇသိရိဗဗြာဘရဏဒေဝ"၊ "မဟာဂြိမဒ်ဗဗြာ ဘရဏ ဒေဝ"၊ "ဂြိဗဗြာဘရဏာတိသုပဏ္ဍိဘ" တို့သည် စောလူးမင်း၏ဘွဲ့တော်ဖြစ်သည်ဟုယူဆရာသည်။

## ကျန်စစ်သားမင်းနှင့် ၎င်း၏မိဖုရားကြီးတြိလောကဝဋံသကာဒေဝီတို့၏ အုတ်ခွက်တော်များ။

မင်း၏ ဘွဲ့ တံ ဆိပ် ခတ် လျက် ပါ သော အုတ် ခွက် ဆင်း တု တော် များ၏၊ ရှားပါးခြင်းကို ကျန်စစ်သား မင်း၏လက်ထက်၌လည်း တွေ့ကြုံရပြန်သည်။ ကျန်စစ်သားမင်းဆိုသည်မှာလည်း မင်း၏ဘွဲ့တော်မဟုတ်၊မင်း မဖြစ်မီကမင်းမှုထမ်းအမည်သာဖြစ်သည်။အချို့ရာဇဝင်သရာကြီးများက ၎င်းအမည်သည် ကျန်စစ်သားအမိဝမ်း တွင်၊ပဋိသန္ဓေနေသည်မှစ၍ ဗေဒင်ကိန်းခန်းအရ၊ အနော်ရထာမင်းက လိုက်၍ သတ်စေရာ မသေဘဲ ကြွင်းကျန် ရစ်သဖြင့် ကျန်စစ်သား-ကျန်စစ်သားဟု၍ စသည်ဖြင့် ခေါ်ဆိုရေးမှတ်ကြသည်ဟုဆိုရာ ၎င်းသည် ဒဏ္ဍာရီပုံပြင် ဝတ္ထုဆန်လှသည်။သို့သော် ကျန်စစ်သားမင်း၏အမိန့်နှင့် ရေးထိုးသတ်မှတ်စေသောကျောက်စာတို့တွင် ယင်း၏ ဘွဲ့တော်မှာ "ဂြိတြိဘုဝနာဒိတျဓမ္မရာဇာ" ဟုခေါ်ဆိုရေးမှတ်သည်မှာများ၏။ ထိုဘွဲ့တော်အတိုင်း ရိုးရိုးတင်ပြင် ခွေ ဘုရားဆင်းတုတော်ကခလေးဆူရေငါးဆယ်ပါသော အုတ်ခွက်တဆူ၌ ရှေးဟောင်း မွန်-မြန်မာလက်ရေးစာ၊ ပါဠိဘာသာဖြင့်၎င်း ပုံနှိပ်စာနာဂရီအက္ခရာနှင့်သသံကြိုဋ္ဌဘာသာဆန်ဆန်ဖြင့်၎င်း၊ ထိုပုံနှိပ်စာနှင့် တတန်းတည်း

ပါဠိဘာသာနှင့် ရှေးဟောင်း မွန်–မြန်မာအက္ခရာဖြင့်ရင်း၊ ရေးထိုး ပုံနှိပ်ထားသော စာတို့တွင် တွေ့မြင် ဘတ်ရှုရာ၏။ (ပုံ-၄၀ )

လက်ရေးစာမှာ အထက်ကဖော်ပြခဲ့သော အနော်ရထာမင်း၏ အချို့အုတ်ခွက်များ အတိုင်း အောက်ဘောင်အောက်ဖက်တွင် ရေးမှတ်ထားခြင်းကိုတွေ့ရ၏။အခြားစာတို့မှာမူ အုတ်ခွက်မျက်နှာဖက်အတွင်း အောက်ခြေတွင်ကပ်လျက်ပါ၏။ အောက်ဘောင် အောက်ဖက်ကပါသော လက်ရေးစာကို အပြည့်အစုံဖတ်ယူနိုင်ရန်၊ ယခုအခြေအနေအရ အကျိုးအပဲ့ အပျက်အစီးများနေသဖြင့် ဒုတိယစင်ကြီးမဖြစ်မီက ရိုက်ကူးထားသော ဓါတ်ပုံတခုမှ စာနှင့်တိုက်ဆိုင်ပြီး လက်ငင်းအက္ခရာ ပြန်ဆိုရေးမှတ်၍ အောက်တွင် ထည့်သွင်းဖော်ပြလိုက်ပါသည်။ (ပုံ ၄၁)။

၁။ **သိရိတြိဘုဝနာဒိတျ ဓမ္မရာဇေနအတ္တနောအ**

၂။ **ထ္တေန ဗုဒ္ဓဘာဝါယ အင္ဂိတာ ပတိမာဠ**

၃။ **မာ။**

## ဘာသာပြန်ချက်

သိရိတြိဘုဝနာဒိတျဓမ္မရာဇေန၊ သိရိတြိဘုဝနာဒိတျ ဓမ္မရာဇာမည်သော (ကျန်စစ်သား) မင်းသည်၊ အတ္တနော၊ မိမိ(ဝါ)မိမိသည်၊ အထ္တေနဗုဒ္ဓဘာဝါယ၊ ဖုရားဖြစ်ပါရခြင်းအကျိုးငှါ၊ ဠမာပတိမာ (ပဋိမာ) ဤရုပ်ပွါးဆင်းတုတော်ပုံကို၊ တံဆိပ်ခတ်၍၊ အင္ဂိတာ (အင်္ဂနာကတာ အုတ်နှယ်ဖို၍)မီးဖြင့် ဖုတ်လုပ် လှူဒါန်းအပ်၏။

အုတ်ခွက်မျက်နှာဖက် အောက်နမ်းနား အတွင်းမှ ပုံနှိပ်စာသည်၊ စာဘကြောင်းတည်းတွင် နာဂရီအက္ခရာနှင့်တမျိုး၊ မွန်–မြန်မာအက္ခရာနှင့်တဖုံ၊ သွင်းလုပ်လျက်ပါယို၏။ ၎င်းတို့ကို၊ လက်ငင်း မွန်–မြန်မာ အက္ခရာနှင့် ပြန်ဆိုရေးသားသော် အောက်ပါအတိုင်းဖြစ်၏။

| | |
|---|---|
| နာဂရီ အက္ခရာပိုင်း | **ဩိယတြိဘုဝနာဒိတျ ဒေဝသျ။** |
| မွန်–မြန်မာအက္ခရာပိုင်း | **ဩိတြိဘုဝနာဒိတျ ဓမ္မရာဇ။** |

၎င်း စာတမ်းကို အထူးအဓိပ္ပါယ် ရေးသားဖော်ပြရန် လိုမည်မထင်ပါ)။

ထိုအမည် ၂–ဦးစလုံးပင် ကျန်စစ်သားမင်း၏ ဘွဲ့တော်ဖြစ်၏။ တဦးတည်း ပေါင်းစပ်လိုက်သော် ''သိရိတြိဘုဝနာဒိတျ ဓမ္မရာဇာ ဖြစ်၏။

အုတ်ခွက်၏ အတိုင်းအတာမှာ၊ ပြည့်ပြည့်စုံစုံယိုက၊ အမြင့် ၇ ၁/၂″ လောက်ယို၍၊ အနံ ၅ ၃/၄″ ယို၏။ ဘောင်အတွင်း ခွင်ကျအမြင့် ၆″ သာသာယို၍၊ အနံမှာ ၄″ သာသာယို၏။ ၎င်းဘောင်အတွင်းတွင် ရုပ်ကြွတင်ပြင်ခွေဆင်းတုတော်ကလေးများ ခြောက်တန်းပါ၏၊ အောက်လေးတန်းမှာ ဆင်းတုတော်ကလေး ၉–ဆူစီ ပါ၏၊ အထက်နှစ်ဘန်းမှာ ဆင်းတုတော်ကလေး ၇–ဆူစီပါ၏၊ အားလုံးပေါင်းလိုက်သော်၊ ဆင်းတုတော် ၅၀–ပါ၏၊ အောက်မှအထက်သို့ ၆–တန်းတွင်ပါသော ဆင်းတုတော်ကလေးများတွင် တံကဲအထက် ထီးတလက်စီအုပ်လျက်ပါ၏၊ အထက်ဆုံးဘန်း၏ အလယ် ဆင်းတုတော် အထက်၌ သစ်ပင် သစ်ခက်ပုံများ ပါယို၏။ ၎င်းအတန်းအောက်ဘေးဖက်တွင် တဖက်ဘချက် စေတီတော်ကလေး အကြီးအငယ်၊ နှစ်ဆူစီရုံလျက်

ပါ၏။ ဆင်းတုတော်ကလေး တဆူဘဆူ၏ အမြင့်မှာ—၁½"လောက် ယှိ၏။ ထိုဆင်းတုတော်ကလေးများ ထုလုပ်ပုံတို့မှာ သေလေသပ်သပ် ပြတ်ပြတ်သားသား ယှိသဖြင့်၊ အနော်ရထာမင်း၏ လက်ထက်က လုပ်နည်းကိုင်နည်းတို့မှာ အဆက်မပြတ် ယှိသေးသည်ဟု ယူဆရာ၏။ အောက်နှစ်တန်းဆင်းတုတော်ကလေးများ၏ တံကဲအထက်ပိုင်းကြားကြား၌ အချို့နေရာတွင် မွန်—မြန်မဥ္စာအက္ခရာ စာလုံးတလုံးစီလောက်ပါသည်။ ၎င်းကို၏အဓိပ္ပါယ်ကို ဆက်စပ်၍ မရသေးချေ။

ကျန်စစ်သားမင်း၏ အခြား ကုသိုလ်ကောင်းမှုတော်များမှာမူ၊ များလှစွာ၏၊ ပုဂံအာနန္ဒလိုဏ်ဂူ တဆူတည်း၌ပင် ကျောက်ဖြင့် ထုလုပ်ထားသော ဗုဒ္ဓရုပ်ပွါးတော်များနှင့် ဗုဒ္ဓဝင်ဇာတ်ခန်းတို့၏ အရေအတွက်မှာ အတော်ပင်များ၏။ လိုဏ်ဂူ၏အောက်ခြေမှစ၍ အထက်တန်းပစ္စယံအထိ ငါးရာ့ငါးဆယ် ဇာတ်နိပါတ်တော်များနှင့် ဖုရားဖြစ်မည့်ဆဲဆဲ မာရ်ရတ်သား၏ စစ်သည်တော်များ စစ်ချီလာဟန်နှင့် ၎င်းတို့ကို အောင်လိုက်၍ နတ်များ ကြွေးကြော်နေကြဟန်များကို စဥ့်ရေဖြင့် သုတ်လိမ်းလျက် အုတ်ခွက်များဖြင့် တန်းဆာဆင်ထားဟန်တို့မှာလည်း အံ့မခန်းလောက်အောင်ပင် ဖြစ်၏။

ပုဂံမြစေတီ ကျောက်စာတွင် "ဗြိတြိဘုဝနာဒိတျဓမ္မရာဇာ "(ကျန်စစ်သား) မည်သော မင်း၏မိဖုရားတပါးမှာ တြိလောကဝဋံသကာဒေဝီမည်၏ဟု ပါရှိ၏။ ထိုမိဖုရားသေခဲ့ရကား မင်းကြီးသည် မိဖုရား၏ဝတ်စားတန်းဆာနှင့် ကျွန်းသုံးရွာတို့ကို ထိုမိဖုရား၏သား ရာဇကုမာရအားပေးသည်ဟု ဆို၏။

၁၉၃၁—၃၂နှစ်အတွင်း ပုဂံမြို့မြင်းကပါရွာ နဂါးရုံဖုရားအရှေ့တောင်၊ ကိုဖိုးစောယာအတွင်း ဖုရားပျက်တဆူ၌ အုတ်ခွက်ဆင်းတုတော်တဆူ တွေ့ယှိရာ၊ ထိုအုတ်ခွက်၏ အောက်ခြေ၌ တြိလောကဝဋံ သကာဒေဝီ အမည်နှင့် ပုံနှိပ်စာတကြောင်းကိုတွေ့ရသည်။

အုတ်ခွက်၏ပုံသဏ္ဍာန်မှာ အခြားအုတ်ခွက်များကဲ့သို့ ဂုံချွန်နှင့် လိုဏ်ဂူသဏ္ဍာန်ယှိ၏၊ ၎င်း၏အတိုင်းအတာမှာ အမြင့် ၆ လက်မ၊ အနံ ၄ လက်မ လောက် ယှိမည် ဟု မှန်းဆရ၏။ အောက်ဘောင် တပိုင်းနှင့် လက်ျာဘက် ဘောင်အောက်ပိုင်းတို့ ကျိုးလျက်တွေ့ရ၏။ သို့သော် မူလအုတ်ခွက်မှာ စစ်ကြီးအတွင်းက အရွှေ့အပြောင်းတွင် ပျောက်နေဟန်တူ၏။ယခုရှာ၍မတွေ့တော့ချေ။ ၎င်းနှင့်စပ်လျဥ်း၍သက်ဆိုင်ရာအကြောင်းအရာများကိုရေးသားရာတွင် ၎င်း၏ဓါတ်ပုံကိုမှီး၍ ရေးသားရခြင်းဖြစ်သည်။

ထို ဓါတ် ပုံ အရ၊ (ပုံ-၄၂က) အုတ် ခွက် ၏ ဝမ်း ဖက် တွင် အလယ်၌ ဗေါ ဓိ ကျောင်း ဆောင် နှင့် ပြေ့ပလ္လင်ထက်ကြာပလ္လင်ပေါ်တွင် လက်ဘော်ဘယ်တင်ညာချတင်ပြင်ခွေ ဖုရားကိုယ်တော်ဘဆူပါ၏။ယင်း၏နံဘေးတဖက်တချက်၌ အနော်ရထာမင်း၏ အုတ် ခွက် တ ဆူမှာကဲ့သို့ တံကဲ အောက်ကြာပလ္လင်ထက် မင်းထိုင်ထိုင်လျက် ဖုရားလောင်းဘဆူစီပါသည်။ထိုဖုရားလောင်းတို့အထက်ဖက်တွင် ကံကဲနှင့်ကြာပလ္လင်ထက် ရိုးရိုးတင်ပြင်ခွေ ကိုယ်တော်ဘဆူစီပါသည်။ အလယ်က ဗေါဓိကျောင်းဆောင် အထက် စေတီတော်ကလေး များလည်း ရံလျက်ပါ၏။ ဗေါဓိကျောင်းဆောင်အထက် စေတီတော်ကလေးကိုမို လျက် ပါသောထီးတော်၏ပုံကို ထင်ထင်ရှားရှားမြင်နိုင်၏။ ထိုထီးတော်အောက်မှ လေထဲတွင်လွင့်နေဟန် တမ်းခွန်လုံးကလေးများမှာလည်း သပ်သပ်ယပ်ယပ်ယှိလှသည်။

အုတ်ခွက်၏မျက်နှာဖက် အောက်ခြေတွင် ရှေး မွန်—မြန်မာအက္ခရာနှင့် ပါဠိဘာသာဖြင့် စာနှစ်ကြောင်းပါသည်။ (ပုံ-၄၂ခ) ၎င်းစာကို လက်ငင်းအက္ခရာဖြင့် ပြန်ဆိုရေးသားသော် အောက်ပါအတိုင်းဖြစ်၏။

၁။ သောဘဂဝါ လောကာ တြိဝတံသကာမဟာဒေဝီ

၂။ ယာ က တော ဝိမုတ္တတ္တံ သဟတ္တေ နေဝါတိ။

(၎င်း၏အဓိပ္ပါယ်မှာ)

တြိလောကဝဋံသကာမဟာဒေဝီမိဖုရားကြီးသည် သံသရာ႑ဋ်ဆင်းရဲမှ လွတ်မြောက်ရခြင်းအကျိုး၄ါ၊ ဤဖုရားရုပ်ပွားတော်ကို မိမိလက်ဖြင့်သာလျှင် ပြုလုပ် (လှူဒါန်း) အပ်ပါသတည်း။

(အောက်တန်းမှ အက္ခရာစာလုံးများမှာ ကောင်းကောင်းမပီသချေ၊)

ဤသို့တွေ့ရခြင်းအားဖြင့် အုတ်ခွက်တွင်ပါသော ဒါန၌င် တြိလောကဝဋံသကာဒေဝီသည် အခြားမဟုတ် မြစေတီကျောက်စာတွင် အထင်အရှား ထုတ်ဖေါ်ရေးသားထားသော ကျန်စစ်သားမင်း၏ မိဖုရားဖြစ်ကြောင်းကို သိရသည်။

## အလောင်းစည်သူမင်း၏ အုတ်ခွက်များ။

အုတ်ခွက်၏ ုံသဏ္ဍာန်မှာ၊ အထက်ဖေါ်ပြပါ အနော်ရထာ၊ စောလူး၊ ကျန်စစ်သားမင်းတို့၏ အချို့သော အုတ်ခွက်များကဲ့သို့ ဂုံးချွန်နှင့် လိဗ်ဂုပုံသဏ္ဍာန်ယှိ၍ အမြင့်မှာ ၈၃ လက်မ၊ အောက်ဘောင်အနံမှာ ၄၃ လက်မ ယှိသော အုတ်ခွက်တမျိုးယှိ၏။ ယင်း၏ မျက်နှာဖက်ဘောင်အဘွင်းတွင် ၃ လက်မယှိ ဘင်ပြင်ခွေဆင်းတုတော် ကလေးများ အဆင့်ဆင့်တန်းလျက် ဆင်းတုဘော်ပေါင်း တရာတိတိပါယှိ၏။ ထိုအုတ်ခွက်၏ ထူးခြားချက်မှာ၊ မျက်နှာဖက်အောက်ခြေတွင်၊ အနော်ရထာ၊ စောလူး၊ ကျန်စစ်သားမင်းတို့၏ အုတ်ခွက်များ၌ ပါလေ့ယှိသော ပုံနှိပ်စာ၊ စာတမ်းမပါယှိပဲ၊ ကျောဖက်တွင် စာကြောင်းရေ-၇-ကြောင်းနှင့် လက်ရေးစာအပြည့် ပါယှိ၏၊ (မုံ ၄၃ က နှင့် ခ)။ ထိုလက်ရေးစာမှာ၊ ရှေးဟောင်းမွန်-မြန်မာအက္ခရာနှင့် ပါဠိဘာသာဖြင့် ဖြစ်၏။ ယင်းကို ယခုလက်ငင်း မြန်မာအက္ခရာဖြင့် ပြန်ဆိုရေးသားသော် အောက်ပါအတိုင်း ဖြစ်၏။

၁။ သိရိတြိဘုဝနာဒိ
၂။ တျဝရ ဓမ္မ ဒိသံပ
၃။ တိအကာသိ ဗုဒ္ဓပ
၄။ ဋိမံဣမံသံဗောဓိ
၅။ ပတ္တိယာတိဩိတြိ
၆။ ဘုဝနာ ဒိတျဝရဓ
၇။ မ္မ ရာဇာ ဒါနပတိ

## ဘာသာပြန်ဆိုချက်။

သိရိတြိဘုဝနာဒိတျဝရ ဓမ္မ ဒိသံပတိ၊ အရပ်လေးမျက်ကို အစိုးရတော်မူသော၊ သိရိတြိဘုဝနာဒိတျဝ ရဓမ္မမည်သော မင်းသည်၊ သံဗောဓိပတ္တိယာ၊ သဗ္ဗညုတ ဉာဏုပ္ပတ္တိယာ၊ သဗ္ဗညုတ ရွှေဉာဏ်တော်ကိုရခြင်း အကျိုး၄ါ၊ ဣမံ ဗုဒ္ဓပဋိမံ ဤဆင်းတုရုပ်ပွားတော်မြတ်ကို၊ အကာသိ၊ ပြုလုပ်လှူဒါန်းပါပြီ။

ဣတိဘသ္မာ၊ ထိုသို့ ဆင်းတုရုပ်ပွားတော်ကို ပြုလုပ်လှူဒါန်းခဲ့သော၊ ဒါနပတိ၊ အလှူရှင်သည်၊ ဩိတြိဘု ဝနာဒိတျဝရဓမ္မရာဇာ၊ သိရိတြိတုဝနာ ဒိတျဝရဓမ္မရာဇာ မည်သောမင်းပင် ဖြစ်ပေသတည်း။

အထက်က စာတမ်းအရဆိုလျှင်၊ မင်းအမည်နှစ်မျိုးပါလျက် တွေ့ယှိရ၏။ ထိုအမည်တို့မှာ၊ စာကြောင်း ရေ ၁ နှင့် ၂ တို့တွင် တွေ့ယှိရသည့်အတိုင်း ''သိရိတြိဘုဝနာဒိဝရဓမ္မ ဒိသံပတိ'' နှင့် စာကြောင်းရေ ၅ နှင့်

၆ တို့တွင် တွေ့ယှိရသည့်အတိုင်း ''ဩြိတြိဘုဝနာဒိတျဝရဓမ္မရာဇာ''တို့ ဖြစ်ကြ၏၊ စာ၏ အဓိပ္ပါယ်အရ ဆိုလျှင်၊ ပဌမအမည်ပါသောမင်းသည်၊ အုတ်ခွက်ဆင်းတုတော်များကို ပြုလုပ်သောမင်းဖြစ်၍ (အကာသိ)။ ဒုတိယအမည်ပါသော မင်းသည်။ ကုသိုလ်ရှင်၊ လှူဒါန်းသူ (ဒါနပတိ) ဖြစ်၏။ တနည်းအားဖြင့် ဆိုသော် အုတ်ခွက်တချပ်တည်းကို မင်းတပါးက ပြုလုပ်၍ မင်းတပါးက လှူဒါန်းသည်ဟူ၍ ယူဆရမည်ကဲ့သို့ ဖြစ်နေသည်။ သို့သော် အမှန်ဆိုရလျှင် ထိုအမည်နှစ်မျိုးစလုံးပင် မင်းတပါးတည်း၏ ဘွဲ့အမည်များဖြစ်သည်ဟု ယူဆရပေမည်။ ထိုမင်းသည်လည်း အလောင်းစည်သူမင်းဖြစ်သည်ဟု ထင်ရှားစေသည်။ ထင်ရှားစေပုံမှာ၊ အလောင်းစည်သူမင်း၏ ကုသိုလ်ကောင်းမှုတော်ဖြစ်သော ပုဂံမြို့၊ ရွှေဂူကြီးဖုရားကျောက်စာ၌ ကုသိုလ်ရှင်၏ ဘွဲ့အမည်နာမမှာ ဂါထာနံပါတ် ၂၂ ၌၊ ''တိဘုဝနာဒိစ္စပဝရဓမ္မရာဇာ''ဟူ၍၎င်း၊ ဂါထာနံပါတ် ၁၀၀နောက်ဆုံး၌ ''ရှိတိဘုဝနာဒိတျပဝရဓမ္မရာဇ'' ဟူ၍၎င်း ပါယှိရာ၊ အထက်တွင် ဖေါ်ပြခဲ့သော အုတ်ခွက်တွင်ပါယှိသော ဒုတိယအမည်၊ ''ဩြိတြိဘုဝနာဒိတျဝရဓမ္မရာဇာ''နှင့် ထပ်တူထပ်မျှလောက်ယှိနေသည်၊ ၎င်းတို့၌ ကွဲပြားသည်ဟု ယူဆရသော "ပဝရ နှင့်" ဝရ "တို့တွင် "ပ"ဆိုသော အက္ခရာစာလုံးသည်၊ ပရိယာယ်ဝေဝုစ်မျှသာ ဖြစ်၍ အဘိဓါန်ဋီကာတို့၌ ''ပဝရ''လည်းမြတ်သည်၊ ''ဝရ''လည်း မြတ်သည်၊ ဟု ပြဆိုဓါန်းသည်။

ထို့ပြင် ယခုရေးသားဖေါ်ပြလျက်ယှိသော အုတ်ခွက်တွင် အခြားနာမည်တဦးပါယှိသော ''ဒိသံပတိ'' ဆိုသောပုဒ်၏အဓိပ္ပါယ်မှာ အလောင်းစည်သူမင်းနှင့် အတော်သင့်လျော်သော ဘွဲ့ပေါ်တရပ် ဖြစ်လေသည်။ ရာဇဝင်ကြီးတို့အဆိုအရ၊ အလောင်းစည်သူမင်းသည် နယ်လေးရပ်သို့ လှည့်ပတ်သွားလာနေသော မင်းတပါး ဖြစ်သည်၊ ထိုအကြောင်းကို ဖေါ်ပြလို၍ ဘွဲ့တွင် ရာဇဝင်ဆရာတို့က ''ဒိသံပတိ'' ဟူ၍ တင်စားလျက် ထည့်သွင်းရေးသားဟန်တူသည်။

## အလောင်းစည်သူမင်းလက်ထက်မှ အုတ်ခွက်ဆင်းတုတော်များ။

၁၉၅၅-၅၆ ခုနှစ်အတွင်း ပုဂံမြို့၊ ရွှေကွန်ခြာဖုရားအနီးဖုရားပျက်မှ နှစ်ကျိပ်ရှစ်ဆူအုတ်ခွက်ဟု အမည်ပေးထားသော အုတ်ခွက်တဆူကိုတွေ့ရသည်။ ယင်း၏ပုံသဏ္ဌာန်မှာ ပုဂံတွင်တွေ့ရသော များသောအားဖြင့် အခြားအုတ်ခွက်များကဲ့သို့ ဂုံးချွန်နှင့်လိုဏ်ဂူသဘောအတိုင်း၊ မျက်နှာဖက်တွင် စောက်အနက် လက်မဝက်လောက်ယှိသော လိုဏ်ဂူအတွင်း တင်ပြင်ခွေဆင်းတုတော် ဆူရေပေါင်းသုံးဆယ်။ အထက်နားတွင် စေတီကလေးနှစ်ဆူနှင့် အောက်ဖက်က မွန်-မြန်မာအက္ခရာဖြင့် ပုံနှိပ်စာတကြောင်း ပါယှိသည်။ ကျောဖက်ထွင် မွန်-မြန်မာအက္ခရာနှင့် ပါဠိဘာသာဖြင့် လက်ရေးစာ ၈-ကြောင်းပါသည်။ မျက်နှာဖက်တွင် ရွှေပိန်းချထားသဖြင့် ဆင်းတုတော်နှင့် စာဆိုတို့မှာ မထင်ရှားချေ၊ ကျောဖက်မှစာမှာ လက်ငင်းအက္ခရာဖြင့် ပြန်ဆိုရေးသားသော် အောက်ပါအတိုင်းဖြစ်၏။ (ပုံ ၄၄ က နှင့် ခ)။

၁။ (အဌာ) ဝိသတိမေ

၂။ ဗုဒ္ဓဓမ္မကာရီတြိယာ

၃။ သမ္ဗောင် ဒါနပတိ ကတာ ရ

၄။ ညောစမာတုစ္စ ပုညတ္တာ ယ

၅။ ပိတုဿ စ ဣ မိနာ ပုညက

၆။ မေ့နဘာဝ ဒုက္ခပ္ပမာနတော

၇။ သဗ္ဗသတ္တော ပမော စေတုံ ဗု

၈။ ဒ္ဓော ဟောမိ အနာဂတေ။

( ၃၃ )

## ဘာသာပြန်ချက်

ဒါနပတိ၊ အလှူရှင်ဖြစ်သော၊ ဓမ္မကာဒိရိတြိယာသမ္မင်၊ တရားကို ကျင့်လေ့ယှိသော၊ တြိ ယာ အ မည် ယှိသော သံဗျင်အမတ်သည်၊ အဋ္ဌာဝိသတိ၊ နှစ်ကျိပ်ရှစ်ဆူကုန်သော၊ ဗုဒ္ဓ ဣမေဗုဒ္ဓာ၊ ဤဖုရားရုပ်ပွားတော်မြတ်တို့ကို ရဉ္ဇောစ၊ မင်း၏ငှင်း၊ မာတုစ၊ အမိ၏ငှင်း၊ ပိတုဿစ၊ အဘ၏ငှင်း၊ ပုညတ္တာယ၊ ကောင်းမှုဖြစ်စိမ့်သောငှါ ကတာ၊ ပြုအပ်ကုန်ပြီ၊ ဣမိနာပုညကမ္မေန၊ ဤသို့ပြုရသော ကုသိုလ်ကောင်းမှုကြောင့်၊ သဗ္ဗေသတ္တော၊ အလုံးစုံ သော သတ္တဝါတို့ကို၊ ဘဝဒုက္ခပ္ပမာနတော၊ ဘဝတည်းဟုသော ဝဋ်ဆင်းရဲအ ပေါင်းမှ၊ ပမောစေတုံ၊ လွတ်မြောက် ကယ်တင်နိုင်စေခြင်းငှါ၊အနာဂတေ၊ နောင်အခါ၌ ဗုဒ္ဓော၊ သုံးလူထွဋ်ထား၊ မြတ်ဖုရားသည်၊ ဟောမိ၊ ဖြစ်ရပါလို၏။

အဆိုပါအုတ်ခွက်ကဲ့သို့သောအုတ်ခွက်မျိုးကို ရှေးအထက်ထက်ကပင် ပုဂံမြို့ နေရာအနှံ့အပြား၌ တွေ့ယှိခဲ့ဟန်တူ၏။ ၎င်းတို့ ကျောက်စာတွင် ပါသော လက် ရေး စာများကို အထက်မြန်မာနိုင်ငံ ကျောက်စာနောက်ဆက်တွဲ စာအုပ် ပဌမတွဲ မျက်နှာ ၂၆၄ ၂၆၀ တို့တွင်အမျိုးအားဖြင့် ငါးမျိုးခွဲ၍ ပုံနှိပ်လျက်ပါယှိ၏။ တမျိုးနှင့် တမျိုးမှာ စာသွားစာလာအားဖြင့် အနည်းငယ် ကွဲပြားကြသော်လည်း အလှူရှင်မှာဘဦးတည်းဖြစ်၏။ စာမှာ ဆုတောင်းစာများဖြစ်၍မင်းမှအစ၊သတ္တဝါအပေါင်းတို့သည်၊သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ပါရစေခြင်းငှါ၊ နောင်လာလတ္တံ့သောကာလ၌ ဖုရားဖြစ်ရပါလို၏ဟု ဆုတောင်းစာဖြစ်၏။

မျက်နှာဖက်၌ပါသော ပုံနှိပ်စာများမှာ တ မျိုး တည်းဖြစ် ၏။ ယင်း သည် အုတ် ခွက် တိုင်း ၌ ပင်၊ **အဋ္ဌာဝိသတိ မေ ဗုဒ္ဓာတြိယျာသံဗေဂ်ေနကတာ ဗုဒ္ဓတ္တာယာတိ၊**ဟုပါယှိ၏။ အဋ္ဌာဝိသတိမေဗုဒ္ဓာ၊ ဟုစာတွင်ပါယှိသော်လည်း ဆင်းတုတော်ပေါင်းမှာ နှစ်ကျိပ်ရှစ်ဆူမကပဲ ဆူရေပေါင်းသုံးဆယ်ယှိ၏။ ထို့ပြင် ဆင်းတုတော်၏ မဏ္ဍိဘော်နှင့်တတန်းတည်းအကြားအကြား၌ အက္ခရာဘလုံးစီပါ၏။ ၎င်းအက္ခရာတို့၏အဓိပ္ပါယ်ကို စုပေါင်း၍သော်၎င်း တလုံးစီခွဲ၍သော်၎င်း ကြံဆ၍မရသေးချေ။ ထိုအုတ်ခွက်တို့၏ ခေတ်ကာလ အပိုင်းအခြားမှာ ကျန်စစ်သားမင်းနှင့်အလောင်းစည်သူမင်းတို့၏ လက်ထက်လောက်ကဟု မှန်းဆ ရာ၏။ အလှူရှင်မှာ မင်း၏ သံဗျင်အမတ်ဖြစ်၏။ အုတ်ခွက်အပိုင်းအကျိုးတခု၌ ၎င်းသံဗျင်အမတ်၏ အမည်ကို ထုတ်ဖေါ်လျက် ပါဠိဘာသာဖြင့် သမ္မေပိန္တုတိနာမေ (သမ္မေပိန္တု) ဟုရေးသားလျက်ပါယှိ၏။

## ဗုဒ္ဓဝင်ရှစ်ခန်းပါသောအုတ်ခွက်(ပုဂံ)

အနော်ရထာမင်းလက်ထက်၊ မဟာသာလိနီကောင်းမှုဟူ၍ နာဂရီအက္ခရာနှင့် သင်္ကြိုဠ်—ပါဠိမိဿက ဘာသာဖြင့် ရေးထိုးပုံနှိပ်လျက်ပါယှိသော ဗုဒ္ဓဝင်ရှစ်ခန်း အုတ်ခွက်တမျိုးကိုအထက်က တနေရာတွင်ဖေါ်ပြခဲ့လေပြီ၊ (ပုံ—၁၃)။ ထိုအုတ်ခွက်မှာ အမြင့်အားဖြင့် ၆ ၃/၄ လက်မယှိ၏၊ အောက်ဘောင်၏အနံမှာ ၄ ၁/၂ လက်မယှိ၏။ ပုံမှာ ဂုံးချွန်နှင့်လိုဏ်ဂူသဘောယှိ၏။

ထိုပုံနှင့် တစံနစ်တည်းဖြစ်သော အုတ်ခွက်တဆူကို ၁၉၅၅—၅၆ ခုနှစ်အတွင်းက၊ ပုဂံမြို့၊ ဥပါလိသိမ်အရှေ့ဖက် ဘုရားပျက်တဆူမှ တွေ့ယှိရ၏။ ယင်းအုတ်ခွက်မှာလည်း ကျိုးပဲ့ပျက်စီးလျက် ယှိနေပြီ၊ သို့သော် ကြွင်းကျန်သေးသော အပိုင်းအစတို့ကို စပ်ဟပ်၍ကြည့်လိုက်သော်၊ အချို့ ရုပ်ဖေါင်းရုပ်ကြွတို့မှာ မှန်းဆနိုင်အောင် မပျက်မစီး ကျန်ရှိနေသေးသည်။ ၎င်းတို့ကို လေ့လာစစ်ဆေး ကြည့်ရှုရသဖြင့်၊ ၎င်းတွင်ပါသော ဗုဒ္ဓဝင်ရှစ်ခန်းတို့မှာ မဟာသာလိနီ အုတ်ခွက်တွင်ပါသော ဗုဒ္ဓဝင်ရှစ်ခန်းတို့နှင့် အရွယ်အစားမှအပ၊ အချိုးအစား သပ်ယပ်သေချာပုံတို့မှာ တစံနစ်တည်း ဖြစ်ကြ၏။ ဆင်းတု ရုပ်တုတော်တို့၏ ပုံသဏ္ဌာန်တို့မှာလည်း တပုံစံ၊

တစ်နစ်တည်း ဖြစ်ကြ၏။ အရှယ်မှာ—မဟာသာလိနီ အုတ်ခွက်ထက် အနည်းငယ်ကြီး၏။ အုတ်ခွက်တဆူမှာ အမြင့်အားဖြင့် ၇၄လက်မယို၍၊ အောက်ဘောင်အနံမှာ ၅၃လက်မလောက်ယို၍။ အခန်းခန်းတွင် ပြထားသော ပုံတို့မှာလည်း အနည်းငယ်စီကြီး၏။ (ပုံ ၄၅–က)။

မဟာသာလိနီအုတ်ခွက်နှင့် အခြားကွဲပြားခြင်းတနေ်မှာ၊အဆိုပါ အုတ်ခွက် မျက်နှာဖက်နှင့် ကျောဖက်တို့တွင် ပါသောစာတမ်းတို့မှာ၊ နာဂရီအက္ခရာများ လုံးဝမပါပဲ၊ မွန်–မြန်မာအက္ခရာများဖြင့်သာဖြစ်၏။ မျက်နှာဖက်မှ စာတမ်းမှာ ဖေါင်းကြွသော အက္ခရာဖြင့် အုတ်ခွက်၏ အောက်ခြေအတွင်းဖက်တွင်ကပ်၍ ပုံနှိပ်လျက် ပါယို၏၊ ကျောဖက်မှစာမှာ လက်ရေးစာဖြစ်၏။ မျက်နှာဖက်မှစာမှာ အပိုင်းအကျိုးဖြစ်နေသဖြင့် ပြည့်ပြည့်စုံစုံမပါချေ။ ကျန်ယို့သမျှတို့မှာ လက်ငင်းအက္ခရာဖြင့် ပြန်ဆိုရေးသားသော် အောက်ပါအတိုင်းဖြစ်၏။ (ပုံ ၄၅–ခ)။

**၁။ ကလန်ပုဝနမေနကတော အဌမဟာထာနာ**
**၂။ ဗုဒ္ဓော ဟောမိ**

(ပုဝအမည်ယိုသော ကလန်အမတ်သည် ဤဌာနကြီးရှစ်ဌာနပါသော အုတ်ခွက်ပုံတော်ကို သွင်းလုပ်လှူဒါန်းသည်၊ (ဤသို့လှူဒါန်းရခြင်း အကျိုးအားဖြင့် ဖုရားဖြစ်ရပါလို၏။)

**ကျောဖက်က လက်ရေးစာ။ (ပုံ ၄၅–ဂ)။**

**၁။ ဝ။ အာနန္ဒတ္ထေရေ နကတံရုပံ**
**၂။ တေန ဗုဒ္ဓော ဟောမိ**

(ဤရုပ်ပွါးတော်ကို အာနန္ဒာမထေရ်သည် သွန်းလုပ်တော်မူသည်၊ ထိုသို့သွန်းလုပ်လှူဒါန်းရခြင်း အကျိုးအားဖြင့် ဖုရားဖြစ်ရပါလို၏)။

ဤသို့အားဖြင့် စီစစ်လိုက်သော်၊ အုတ်ခွက်တချပ်တည်းမှာပင် ခေတ်ကာလအပိုင်းအခြားသုံးမျိုးသုံးစား တွေ့ရ၍၊ သုံးမျိုးသုံးစား ဖြစ်ရပုံမှာ၊ အုတ်ခွက်တွင်ပါသော ရုပ်ကြွတို့မှာ၊ (၁) အနော်ရထာမင်း လက်ထက် လောက်က ဖြစ်၍။ အောက် န ခမ်း အ တွင်း ဖက် မှ ပုံ နှိပ် စာ မှာ၊ ကု သိုလ် နှင့် က လန် ပု ဝ အ မည် နှင့် (၂) ကျန်စစ်သားမင်း လက်ထက်လောက်ကဖြစ်၍။ ကျောဖက်ကလက်ရေးစာမှာ ကုသိုလ်ရှင် အာနန္ဒာမထေရ် အမည်နှင့် (၃) အလောင်းစည်သူမင်း လက်ထက်လောက်ကဖြစ်၍။ ဤသို့ဖြစ်ရခြင်းအကြောင်းရင်းမှာလည်း၊ မင်းတပါးလက်ထက်မှ အုတ်ခွက်တံဆိပ်သည် နောက် မင်း များ လက်ထက်၌ ဆက်လက်သုံးစွဲနိုင်ကြပေမည်၊ အက္ခရာစာလုံးစာတမ်းများကိုလည်း လိုသလို့ပြောင်းလဲနိုင်ကြပေမည်။

အထက်အဆိုပါအုတ်ခွက်နှင့်အတူ၊ တနေရာဘည်းတချိန်တည်းမှာပင် သမ္မုဒ္ဓေအုတ်ခွက် အပိုင်းအကျိုး အစအနများကို တွေ့ရသည်။ ၎င်းအစအနများကို စပ်ကြည့်လိုက်သောအခါ ကျောဖက်တွင် ''အာနန္ဒတ္ထေရေ နကတံ'' အစယိုသော ပါဠိစာတမ်းကလေးကို တွေ့ရပြန်သည်၊ ဝမ်းဖက်တွင်လည်း မွန်–မြန်မာအက္ခရာနှင့် ဖေါင်းကြွသော ပုံနှိပ်စာတကြောင်းပါယို၏။ သို့သော်၎င်းစာသည် အပိုင်းအစဖြစ်ပြီး အပျက်အစီးများနေ သဖြင့် အဓိပ္ပါယ်ကို မဖေါ်ပြနိုင်ချေ။

အာနန္ဒာမထေရ်အမည်နှင့် အလောင်းစည်သူမင်းလက်ထက်၌ဘပါး၊ နရပတိစည်သူ မင်းလက်ထက်၌ ကိုဠိပူရမှီသားတပါးဟူ၍ ထင်ရှားကျော်ကြားသော မထေရ်နှစ်ပါးယို့ရာ၊ ကုသိုလ်ရှင်မှာ၊ ထိုနှစ်ပါးအနက်၊

တပါးဖြစ်မည်ဟု ယူဆရာသည်။ အုတ်ခွက်တို့၏ဆခြေအနေကို ကြည့်ရခြင်းအားဖြင့်၊ ထိုအာနန္ဒာ မထေရ်သည် အလောင်းစည်သူမင်းလက်ထက်နှင့် သာ၍နီးစပ်သည်ဟု မှန်းဆရသည်။

လက်ရေးစာတွင်ပါသော အက္ခရာစာလုံးတို့၏ ပုံသဏ္ဌာန်တို့ကို စီစစ်လေ့လာပြန်သော်၊ ၎င်းတို့သည် အနော်ရထာမင်း ခေတ်အတွင်းကျသော လက်ရေးစာများနှင့် မကွာခြားလှချေ။

ဤနေရာ၌ စကားချပ်တခု ထည့်လိုသည်မှာ ''ဩဝိတြိဘုဝနာဒိတျဝရ ဓမ္မရာဇာ'' ဘွဲ့အမည်နှင့် နီးနီး ကပ်ကပ်ဘွဲ့ကိုခံယူလျက်၊ အနော်ရထာမင်းနောက် ပုဂံမြို့၌စိုးစံခဲ့သော မင်းတို့မှာ၊ အလောင်းစည်သူမင်းမှအပ၊ အောက်ပါမင်းတို့လည်း ပါယှိသည်။

၁–**နရပတိစည်သူမင်း**–နန်းစံနှစ်–သကရာဇ် ၅၃၅–၅၇၂ ခုနှစ်။

၂–**နန်းတောင်းများ**–ခေါ် နားတောင်းများ–နန်းစံနှစ် သကရာဇ် ၅၇၂–၅၉၆ ခုနှစ်။

၃– မန္တလေးမြို့ ရှေးဟောင်းသုတေသနဌာနခွဲယို ပုဂံမြို့မှ အုတ်ခွက်တဆူ၌ပါသော ပုံနှိပ်စာ၌လည်း ''ဩဝိတြိဘုဝနာဒိတျပဝရဓမ္မရာဇာ ''ဟူ၍ပါယှိ၏၊ သို့သော် ပုံနှိပ်စာပါအက္ခရာတို့၏ အရေးအသားမှာ အထက်ဖေါ်ပြပါ နရပတိစည်သူမင်း လက်ထက်လောက်က အရေးအသား ဖြစ်သည်ဟု မှန်းဆရ၏။

၄–၄– ၎င်းတို့နှင့်တပါတည်း ဖေါ်ပြရမည်ဆိုလျှင် မှန်နန်းမဟာရာဇဝင်တော်ကြီး ပဌမတွဲ–မျက်နှာနံပါတ် ၂၇၄ ၌ သထုံပြည် မနူဟာမင်း၏ ဘွဲ့တော်သည်လည်း ''သီရိတြိဘဝနာဒိတျပဝရဓမ္မရာဇာ''ဖြစ်သည်ဟု ဖေါ်ပြလျက်ပါရှိ၏။

**နရပတိစည်သူမင်း၏ အုတ်ခွက်ဆင်းတုတော်နှင့်**

**၎င်းလက်ထက်အုတ်ခွက်ဆင်းတုတော်များ။**

အလောင်းစည်သူမင်း၏ နန်းသက်မှာ မဟာသုဇာတကအလိုအားဖြင့် သကရာဇ် ၄၇၃ ခုနှစ်မှ ၅၂၉-ခုနှစ်အထိ ဖြစ်၏၊ မှန်နန်းမဟာရာဇဝင်တော်ကြီး၌ "အိခဲနိမ့်နှစ်ဆယ့်ခြောက်နှစ်၊ စည်းစိမ်ခုနှစ်ဆယ့်ငါးနှစ်၊ သက်ဘော်ဘရာ့တစ်သော်၊ အနိစ္စရောက်တော်မူ၏ ''ဟုဆိုသည်။ သကရာဇ် ၅၂၉ ခုသော် ထိုမင်းသားတော် နရသူမင်းဖြစ်၏။ နရသူ၏နန်းသက်မှာလည်း ၃–နှစ်သာယှိ၍၊ ၎င်းကိုဆက်ခံသော၊ ၎င်း၏သားဘော် နရသိခ်မင်းသည်လည်း နန်းသက်မရှည်လှချေ။ ထိုနှစ်များအတွင်း၌ တိုင်းပြည်၏အခြေအနေမှာလည်း ဆိုးဝါးလှသည်၊ မှန်နန်းမဟာရာဇဝင်တော်ကြီး အလိုအားဖြင့် သကရာဇ် ၅၃၆ ခုသော် နရသိခ်မင်း၏ညီတော် နရပတိစည်သူမင်းဖြစ်တော်မူ၏။ နရပတိစည်သူမင်း၏ နန်းသက်မှာ သကရာဇ် ၅၃၆ ခုနှစ်မှ ၅၇၂ အထိ ဖြစ်၏။

ပုဂံမြို့ ဓမ္မရံကြီးဖုရား၏ တောင်ဖက် ပေ-၃၀၀ ခန့်ယှိ ဂူနီဖုရား ကျောက်စာ၌၊ စာကြောင်းရေ ၁-မှ ၁၂ တွင် ဖတ်ရှုတွေ့မြင်ရသည်မှာ။ "ဩဝိတြိဘဝနာဒိတျပဝရဓမ္မရာဇာ''မည်သောမင်းကြီး အမတ်ကြီး သိင်္ခသူရ မည်သော ဒါယကာသည်၊ ဖုရားအဖြစ်ကိုလိုသောကြောင့်၊သကရာဇ် ၅၅၂ ခု တန်ဆောင်မုန်းလဆန်း ၂ ရက် သောကြာနေ့ ကူဌပနာသောအခါ၌ ပရိတ်ရွတ်သော ကာသိုင်မဟာထေရ်ပဇ္ဇရ်ဗောဒ္ဓိ။ သိုင်ဂုဏာရိသေလ်၊ သိုင်အဂ်ရ်။ သိုင်မဟာပဏ္ဍိတ်၊ သိုင်အက်၊ သိုင်ဓမ္မဂမ္ဘီရ်၊ သိုင်ဓမ္မဂုရု၊ သိုင်ဓမ္မနန္ဒီ၊ သိုင်နဂါ၊ ဤသိုင်၊ ဂ၊ ပါး တို့တည်းဟု ဆို၏။

ဤနေရာအတွက်ဆိုလျှင် ထိုကျောက်စာတွင် ပါသောလိုရင်းအချက်များမှာ—

၁။ မင်း၏အမည် သြီတြိဘဝနာဒိတျပဝရဓမ္မရာဇာ။
၂။ လှူဒါန်းသူအမည် အမတ်ကြီး သိင်္ခသူရ။
၃။ လှူဒါန်းသည့်နှစ် သကရာဇ် ၅၅၂ ခုနှစ်။
၄။ အလှူခံပုဂ္ဂိုလ် သင်္ဃာတော် ဂပါးအနက် တပါး၏ဘွဲ့တော်မှာ သျှင်မဟာပဏ္ဍိတ်ဖြစ်သည်။

အထက်ပါအစီအစဉ်အရ အတိုချုံးလိုက်သော်၊ သြီတြိ ဘ ဝ နာ ဒိတျ ပဝရဓမ္မရာဇာမင်းလက်ထက်၊ သကရာဇ်၅၅၂ ခုနှစ်အတွင်း၊ အမတ်ကြီးသိင်္ခသူရသည် ဂူပြု၍လှူဒါန်းရာ၊ ဂူဌာပနာသည့်အခါ၊ ရေစက်ချရာတွင် ပါသော သင်္ဃာတော်ဘွဲ့တွင် သျှင်မဟာပဏ္ဍိတ်အမည်နှင့် သင်္ဃာကြီးတပါးလည်း အပါအဝင်ဖြစ်သည်။

သကရာဇ်၅၅၂ ခုတွင် ပုဂံပြည်၌ နရပတိစည်သူမင်းနန်းစံလျက်ယှိသည်။ ထို့ကြောင့် ''သြီတြိဘဝနာဒိတျပဝရဓမ္မရာဇာ'' မည်သောဘွဲ့သည် နရပတိစည်သူမင်း၏ ဘွဲ့တော်ဖြစ်သည်။ ကျောက်စာတွင်ပါသော သျှင်မဟာပဏ္ဍိတ်သည်မင်း၏ ဆရာတပါးဖြစ်သည်ဟု ယူဆရာသည်။ ၎င်း၏အမည်များပါသော အုတ်ခွက်တမျိုးကို တွေ့ရသည်မှာ ပုဂံမြို့ မြင်းကပါရွာ နဂါးရုံဖုရားအရှေ့ တောင်ဖုရားကုန်းမှ ရသော အုတ်ခွက်တွင် (ပုံ–၄၆)၌ ပြထားသည့်အတိုင်း ဂုံးချွန်နှင့်လိုဏ်ဂူအတွင်း တင်ပြင်ခွေ ဆင်းတုတော်ကလေးများ တရာပါ၍ အောက်ဆုံးတန်းဆင်းတုတော်ကလေးများအောက်၌ မွန်–မြန်မာအက္ခရာဖြင့် ပါဠိဘာသာနှင့် ပုံနှိပ်စာတတန်း ပါယှိ၏။ ၎င်းစာကို ယခုလက်ငင်းအက္ခရာနှင့် ပြန်ဆိုရေးသားသော် အောက်ပါအတိုင်းဖြစ်၏။

**ဂြီတြိဘုဝနာဒိတျပဝရဓမ္မရာဇာဒါနပတိ။**

၎င်းအုတ်ခွက်နှင့်အလားတူ အုတ်ခွက် အပိုင်းကျိုးတခု၏ ကျောဖက်သို့လှန်၍ကြည့်လိုက်သော်၊ထို ကျောဖက်၌လည်း စာကြောင်း ၄ ကြောင်းပါသော လက်ရေးစာတခုတွေ့ရ၏။ ထိုလက်ရေးစာမှာ ပါဠိဘာသာနှင့် မွန်-မြန်မာအက္ခရာဖြင့် ဖြစ်၏။ ဤလက်ငင်းအက္ခရာ ပြန်ဆိုရေးသားသော်။

**၁။ (...................)ဿဗုဒ္ဓရူပံ**
**၂။ (....)ဓမ္မရာဇပဏ္ဍိ**
**၃။ တေ နကာရိတံဝိမုတ္တ**
**၄။ ဟတ္တတ္ထေ နာတိ။ဝ။** ဖြစ်၏။ ပုံ (၄၇)။

ထိုစာတမ်းတွင် အချို့အက္ခရာများ ပွန်းပဲ့ပျောက်ပျက်လျက် ယှိနေသဖြင့် လိုနေသော အက္ခရာစာလုံးတို့ပါ ဖြည့်စွက်ဖတ်လိုက်သော် အောက်ပါအတိုင်းဖြစ်တန်ရာ၏။

**၁။ ဣဒံသဟဿ ဗုဒ္ဓရူပံ**
**၂။ ဂြိ ဓမ္မ ရာ ဇ ပ ဏ္ဍိ**
**၃။ တေ န ကာ ရိတံ ဝိမုတ္တ**
**၄။ တ္တံ သ ဟ ထ္ထေ နာ တိ။**

ဤပြင်ဆင်ချက်အတိုင်း အနက်သမ္ဗန်သော်၊

(ဓိရိမမ္မရာဇပဏ္ဍိတေန၊ ဓိရိဓမ္မရာဇပဏ္ဍိတ မည်သောသူသည်၊ ဝိမုတ္တတ္ထံ၊ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ပါရခြင်းအကျိုးငှါ၊ ဇုဒ်ံသဟာသမုဒ္ဒရူပံ၊ ဤတထောင်သော ဗုဒ္ဓရုပ်ပွါးတော်ကို၊ သဟတ္ထနေ၊ မိမိလက်ဖြင့်၊ ကာရိတံ၊ ပြုလုပ်လှူဒါန်းအပ်သတည်း)။

အုတ်ခွက်တဆူတွင် ဖုရားဆူရေပေါင်းတရာပါ၍၊ အုတ်ခွက်ဆယ်ဆူသော် ဖုရားဆူရေပေါင်း တထောင်ပြည့်၍။

ထိုဘာသာပြန်ဆိုချက်အရ၊ အုတ်ခွက်တဆူဘည်း၌ပင် မျက်နှာဖက်တွင်ပါသော ကုသိုလ်ရှင်၏အမည်မှာ ''ဓိရိဘိဝနာဒိတျပဝရဓမ္မရာဇာ''ဖြစ်၍။ ကျောဖက်တွင်ပါသော လက်ရေးစာအလိုအားဖြင့် ကုသိုလ်ရှင်၏အမည်မှာ ''ဓိရိမမ္မရာဇပဏ္ဍိဘ'' ဖြစ်၍၊ ဘနည်းအားဖြင့်ဆိုသော် အုတ်ခွက်တဆူ၏ကုသိုလ်ရှင်မှာ ၂-ဦး ဖြစ်လေသည်၊ ထိုပြဿနာကို အထက်တွင်ဖေါ်ပြပါ ဓမ္မရံကြီးဖုရားတောင်၊ တောင်ဂူနီဘုရား ကျောက်စာက ပြေလည်အောင် ဖြေဆိုနိုင်လိမ့်မည်ဟု မျှော်လင့်ရသည်။ မျှော်လင့်ရပုံမှာ "ဓိရိဘိဝနာဒိတျပဝရဓမ္မရာဇာ" ဆိုသောမင်းသည် အခြားမင်းမဟုတ် နရပတိစည်သူမင်းပင်ဖြစ်၍၊ '"ဓမ္မရာဇပဏ္ဍိတ" ဆိုသည်မှာလည်း ထို နရပတိစည်သူမင်း ချီးမြှောက်ထားသော မင်းဆရာ၏ဘွဲ့တော်ဖြစ်၍။ ထိုဆရာတော်သည်။ မင်း၏ တံဆိပ်နာမံပါသော အုတ်ခွက်ပုံဘော်ကိုယူ၍ ကုသိုလ်ကောင်းမှုအလို့ငှါ မိမိကိုယ်တိုင် သွင်းလုပ်လှူဒါန်းကြောင်းကို လက်ရေးစာဖြင့် စာဘမ်းရေးမှတ်ထိုးထားခဲ့၏။ မျက်နှာဖက်တွင်ပါသော ပုံနှိပ်စာကိုယောက်ချင့်ရခြင်းအားဖြင့် မူလကုသိုလ်ရှင်မှာ နရပတိစည်သူမင်း ဖြစ်ကြောင်းကိုလည်း သိရ၏။ အထက်အဆိုပါ ကျောက်စာတွင် ပရိတ်ရွတ် ရေစက်ချရာ၌ပါသော မဟာထေရ်မှာ ဝဇီရဗုဒ္ဓိအမည်ယှိ၏။ ကျောက်စာတွင် မဟာထေရ်ပဥ္စရ်ဗောဒ္ဓိဟု ရေးသားခေါ်ဆို၏။ ဝဇီရဗုဒ္ဓိသည်၊ နရပတိစည်သူမင်းလက်ထက် မင်း၏တိုင်ပင်ဖေါ်တိုင်ပင်ဖက် ဖြစ်သည်ဟု မှန်နန်းမဟာရာဇဝင်တော်ကြီးတွင် ပါယှိ၏။

အုတ်ခွက်အချို့မှာ ကျောဖက်က လက်ရေးစာမပါချေ၊ ၎င်းတို့မှာလည်း ယခုအခြေအနေအရ အကျိုးအပဲ့သာဖြစ်နေ၍ ရွေးကရိုက်ကူးထားသော ဓာတ်ပုံမှ တဆင့်ကူးယူ ထည့်သွင်းလိုက်ပါသည်။ ကျောဖက်က စာမှာလည်း အကျိုးအပဲ့သာလျှင် ရတော့သဖြင့် လိုသောအက္ခရာများကို ဖြည့်စွက်၍ ထည့်သွင်းလိုက်ပါသည်။

ပုံ (၄ဂ က နှင့် ခ)။ ပုဂံမြို့ အာနန္ဒာဖုရား အရှေ့ဖက် မောင်ချစ်စကုန်းမှ "မုဂ္ဂလိပုတ္တ" မထေရ်၏ အုတ်ခွက်နှစ်ဆူတွေ့ယှိရ၏၊ ထို "မုဂ္ဂလိပုတ္တ" သည် ပုဂံမြစေတီကျောက်စာတွင် အထင်အရှား ဖေါ်ပြလျက် ပါယှိသော "မုဂ္ဂလိပုတ္တ" ပင် ဖြစ်သည်ဟု ယူဆရာ၏။ ထို ''မုဂ္ဂလိပုတ္တ'' ကိုပင် ပုဂံမြို့ထီးလိုမင်းလိုဖုရားအနောက်တောင်ယှိ မောင်အောင်လှယာအတွင်း ဖုရားကုန်းတကုန်းမှ တွေ့ရှိသောအုတ်ခွက်၏ ကျောဖက်တွင် ရေးသားပါရှိသော လက်ရေးစာတွင် တွေ့ရပြန်၏၊ မောင်ချစ်စကုန်းမှရသော အုတ်ခွက်တို့၏ ကျောဖက်ယှိလက်ရေးစာမှာ စာသုံးကြောင်းဖြင့် အောက်ပါအတိုင်းဖြစ်၏။ (ပုံ ၄ဂ—ခ)

။မုဂ္ဂလိ ပုတ္တာ စ ရ ယေ

နမာပိတံ (ဇုဒ်ံဗုဒ္ဓရူ)

ပ။

## ဘာသာပြန်ဆိုချက်။

ဇုဒ်ံဗုဒ္ဓရူပံ၊ ဤဖုရားရုပ်ပွါးဆင်းတုဘော်ကို၊ မုဂ္ဂလိပုတ္တာစရယေန၊ ဆရာတော်မုဂ္ဂလိပုတ္တသည်၊ မာပိတံ၊ ပြုပြင်ဖန်တီးတော်မူအပ်သတည်း။

မြစေတီကျောက်စာအရ မုဂ္ဂလိပုတ္တမထေရ်သည် ကျန်စစ်သားမင်းလက်ထက်နောက်ပိုင်းနှင့် အလောင်းစည်သူမင်းလက်ထက်တို့တွင် ထင်ရှားလျက်ယှိ၏။

မောင်ချစ်စကုန်းမှရသော မုဂ္ဂလိပုတ္တမထေရ်၏အုတ်ခွက်တို့သည် ညောင်ရွက်ပုံသဏ္ဌာန်ယှိ၏။ အလျား ၅″ လောက်ယှိ၍ အဝှမ်းမှာ ၃½″ သာသာယှိ၏။ မျက်နှာဖက်တွင် ရိုးရိုးကြာပလ္လင်ပေါ် ထက်ငယ်ဖွဲ့ခွေ ထိုင်နေတော်မူသော ဆင်းတုတော်ကလေးငါးဆူ အထက်အောက် ၃ တန်း တန်းလျက်၊ အထက်ဆုံးတွင်တဆူ၊ အောက်နှစ်တန်းတွင် နှစ်ဆူစီပါ၏၊ ဆင်းတုတော်ကလေးများ၏ တဖက်တချက် စေတီတော်ကလေးများ ရှိလျက်ပါ၏။ ပန်းပင်၊ ပန်းပွင့်၊ ပန်းခက် တို့ဖြင့်လည်း ရှိလျက်ပါ၏။ (ပုံ ၄၈ က)။ အောက်ဆုံးတန်း ဆင်းတုတော်ကလေးများ၏ အောက်ဖက်တွင် နာဂရီအက္ခရာနှင့် "ယေဓမ္မာဟေတုပြဘဝါ" အစယှိသော ဂါထာကလေးကို စာသုံးကြောင်းဖြင့် ပုံနှိပ်လျက်ပါယှိ၏၊ ဆင်းတုတော်ကလေးများ၏ပုံများမှာ ဝါးတားတား ဖြစ်လျက် ပြတ်ပြတ်သားသားမယှိချေ၊ ပလ္လင်နှင့် ဆင်းတုတော်ဘဆူ၏ အမြင့်မှာ ၁½″ ယှိ၏။ စေတီအမြင့် ၁″ သာသာယှိ၏

မောင်အောင်လှယာအတွင်းမှရသော မုဂ္ဂလိပုတ္တ၏အုတ်ခွက်သည်၊ မောင်ချစ်စယာအတွင်းမှရသော အုတ်ခွက်နှင့်အမျိုးအစားချင်း ကွဲပြားလျက်ယှိ၏။ မောင်အောင်လှယာအတွင်းမှ အုတ်ခွက်၌မျက်နှာဖက်တွင် ဗေါဓိကျောင်းဆောင်နှင့်ကြာပလ္လင်ထက်တင်ပြင်ခွေကိုယ်တော်ဘဆူ လက်ဝဲလက်ျာရဟန္တာနှစ်ဆူရှိလျက်ပါ၏။ (ပုံ ၄၉ က)။ ၎င်းတို့အောက်တွင် မွန်နှင့် ပါဠိဘာသာ ရောစပ်လျက် မွန်အက္ခရာနှင့် ပုံနှိပ်စာတကြောင်း ပါ၏၊ ထိုစာတမ်းကို အောက်ပါအတိုင်း ဖတ်ဆိုရာ၏။

**ဝေါအ်ကျာက်သင်္ဂနာဂံဏ္ဍသိပါကာရံ**

| | | |
|---|---|---|
| ဝေါကျာက်သင်္ဂနာဂံ | = | မိမိထက်မြတ်သော ရဟန်းမည်သည် မယှိသောကြောင့် သင်္ဃနာဂမည်သော ဤမြတ်စွာဖုရားကို၊ |
| ဏ္ဍသိ | = | တပည့် သာဝကတို့သည်၊ (ဝါ) အရှံသာဝကနှစ်ပါးတို့သည်၊ |
| ပါကာရာ | = | ထက်ဝန်းကျင်မှ ရှိသေသမှုပြုကာ ခြံရံခစားကုန်၏။ |

ထိုအုတ်ခွက်၏ ကျောဖက်ကစာကို (ပုံ ၄၉-ခ )တွင် ပြထားသည်။ စာသားနှင့်စာ၏ အဓိပ္ပါယ်မှာ- ပုံ ၄၈-ခ-တွင် ပါသည့်အတိုင်း ဖြစ်သည်။

## ဗုဒ္ဓဝင်ရှစ်ခန်းကိုးခန်းပါသောအုတ်ခွက်များ။

အထက်တွင် ဖေါ်ပြခဲ့သည့် ဗုဒ္ဓဝင်ရှစ်ခန်းပါသော အုတ်ခွက်တို့အပြင် အခြား အမျိုးကွဲအုတ်ခွက်များ လည်း ယှိသေး၏။ ၎င်းတို့အနက် အုတ်ခွက်ဘမျိုးမှာမူ ဗုဒ္ဓဝင်ရှစ်ခန်း (အဋ္ဌမဟာဌာန) သာလျှင်မက ကိုးခန်း ပါယှိ၏။ (ပုံ ၅၀) ၎င်းကိုးခန်းတွင် အပိုဘခန်းမှာ မည်သည့်အခန်း ဖြစ်သည်ဟူ၍ သေချာစွာ မပြောဆို နိုင်သော်လည်း မှန်းဆရခြင်းအားဖြင့် ထိုအပိုခန်းသည် သုဇာတာ ဂဏှာနို့ဆွမ်း ကပ်ခန်းဟု ယူဆရာ၏။ ၎င်းသည် ယင်း အုတ်ခွက်တွင်ပါသော ဇာတ်ခန်းတို့အနက် အောက်ဆုံးတန်းတွင် ဇာတ်သုံးခန်း ပါယှိရာ အလယ်ခန်းဖြစ်၏။ ၎င်း၏လက်ျာဖက်ကအခန်းမှာ မယ်တော်မာယာသားဖွါးခန်းဖြစ်၏။ လက်ဝဲဖက်ယှိအခန်း တွင် ပလလေယျတော၌ မျောက်များ ပျားမုံဆွမ်းကပ်ခန်းပါ၏။ ထိုအလယ်၌ယှိသောပုံသည် နောက်ခံဂုံးဝိုင်း

နှစ်ထပ်ဆင့်တံကဲနှင့်၊ ကြာပလ္လင်ပေါ်တွင်၊ လက်တော်ဗယ်တင်ညာချ၊တင်ပြင်ခွေ ဆင်းတုတော်ဖြစ်၏၊သို့သော် လက်ဗယ်တင်ညာချမှာ ရိုးရိုးမဟုတ်ပဲ၊ တင်ပြင်ခွေပေါ်တွင် တင်ထားသော ဗယ်လက်မှာ လက်ဝါးတော်ကို ဖြန့်၍၊ ၎င်းပေါ်တွင် သပိတ်နှင့်တူသော ဝတ္ထုပစ္စည်းတခုကို တင်ထားလျက် တွေ့မြင်ရ၏။ ချထားသောလကျာ ဖက် လက်မှာ ဒူးဘော်ပေါ်ကိုဘင်လျက် အောက်သို့စိုက်၍ ချထားသော လက်ဝါးတော်ကိုဖြန့်ပြီး မှောက်လိုက် မဟုတ်ပဲ လှန်၍ "ဝရဒမုဒြ"ခေါ် ဆုပေးနေဟန်ဖြစ်၏၊ ထိုကဲ့သို့ သပိတ်ပိုက်နေဟန်နှင့် ဆုပေးနေဟန်တို့ကို ထောက်၍ ၎င်းအခန်းသည် တဖုဿနှင့်ဘလ္လိကညီနောင်နှစ်ဦး တို့မုံ့ဆုပ်ကိုဆက်ကပ်လှူဒါန်းသော အခန်းလည်း ဖြစ်နိုင်၏။ သို့သော် ညီနောင်နှစ်ဦး တို့ပုံမှာ မပါမယှိချေ၊ ၎င်းအစား ကြာဖူးကြာပန်းများပုံနှင့် ကလပ်ပုံတို့ကို ဆင်းတုတော်၏ တဖက်တချက်တွင် မြင်ရ၏။

ဗုဒ္ဓဝင်အခန်းခန်းတို့ စီစဉ်ပုံမှာ လကျာဖက်မှ အထက်သို့တက်လျက် လက်ဝဲဖက်မှအောက်သို့ဆင်းလျက် မဟုတ်ပဲ၊ လက်ဝဲဖက်မှလကျာဖက်သို့လှည့်လျက် တွေ့မြင်ရ၏။ ရုပ်တုတို့မှာလည်း အချို့အခန်း၌ ပြည့်ပြည့်စုံစုံ မပါချေ။

အုဘ်ခွက်မှာ ဂုံးချွန်ပုံသဏ္ဍာန်ဖြစ်၍ လိုက်ဂူစောက်အနက်မှာ ဖျမ်းမျှခြင်းအားဖြင့် တလက်မသာသာ ယှိ၏၊ အုဘ်ခွက်၏ အမြင့်မှာ–၇–လက်မခွဲ၊အနံမှာ–၅–လက်မသာသာယှိ၏။

အုတ်ခွက်၏အောက်နခမ်းကိုကပ်လျက် ဖေါင်းကြွသော နာဂရီအက္ခရာနှင့် ပုံနှိပ်စာတကြောင်းပါဟန် တူ၏၊ သို့သော် ကျဉ်းမြောင်းသောနေရာဖြစ်၍တကြောင်း၊ အက္ခရာစာလုံးတို့မှာလည်း မထင်ရှားပဲ မှေးမှိန်၍ နေလျက် ယှိသည်တကြောင်းများကြောင့် စာကိုမဖတ်သာချေ၊ သို့သော် ၁၉၂၉-၃၀ ခုနှစ် အတွင်းက ပုဂံမြို့ မြင်းကပါရွာတောင်ဖက် စိုးမင်းကြီးဖုရားအနောက်"လျှာထုတ်ဖုရားမှရ"ဟူသော အမှတ်အသားနှင့် အုတ်ခွက် အောက်ပိုင်းကျိုးဘခုကိုတွေ့၍ လေ့လာကြည့်ရာ၊ ၎င်းအောက်ပိုင်းကျိုးတွင်ပါသချေသော ဇာတ်ခန်းတို့မှာ အထက်ဖေါ်ပြပါ အုတ်ခွက်ဘွင်ပါသောဇာတ်ခန်းတို့အတိုင်း ဖြစ်နေကြောင်းကိုတွေ့ရသည်။အုတ်ခွက်မှာလည်း တမျိုးတည်း တစားတည်းဖြစ်သည်။ ပုံနှိပ်လျက်ပါသော စာဘမ်းမှာ အခြားမဟုတ်၊ နာဂရီအက္ခရာဖြင့် "ယေ ဓမ္မာ ဟေတုပြဘဝါ"အစယှိသော ဂါထာကလေးဖြစ်သည်။ထို့အပြင် ထိုဂါထာပါအက္ခရာအရေးအသားတို့ကို ထောက်၍ အုတ်ခွက်၏နှစ်အပိုင်းအခြားကိုလည်း သတ်မှတ်နိုင်၏၊ ထိုအပိုင်းအခြားမှာ၊ အေ၊ဒီ၊၁၂–ရာစုနှစ် အတွင်းလောက်ကဖြစ်ရာသည်ဟု မှန်းဆရာ၏။

မည်သည့်နေရာ၌ တွေ့ယှိရသည်ဟု အမှတ်အသားမပါပဲ၊ ဗုဒ္ဓဝင်ရှစ်ခန်းပါသော အုတ်ခွက်ဘမျိုးယှိသေး ၏။ ထိုအုတ်ခွက်၏ပုံသဏ္ဍာန်မှာ အခြားအုတ်ခွက်များနှင့်မတူပဲ၊ တဖြိုးဘည်း လေးထောင့်တက်သွားပြီး အထက် ပိုင်း အစွန်းစောင်းနှစ်ဖက်ဖြတ်၍၊ မုခ်ဂုံးသဏ္ဍာန် ပြုလုပ်ထား၏။ ၎င်း၏အမြင့်မှာ အောက်ခြေမှထိပ်ချွန်အထိ ၆½လက်မယှိ၏၊အနံမှာ ၄ လက်မနီးပါးယှိ၏၊မျက်နှာဖက်ဘွင် ဘောင်ခတ်ဒြီးလျှင် ဘောင်၏အတွင်းပတ်လည် စောက်ချ၍ အလယ်ဘွင် ဗုဒ္ဓဝင်ရှစ်ခန်းကို သွန်းလုပ်ထား၏။ဘောင်၏အထုမှာ အထက်အောက်မညီလှ၊အထူ ဆုံးမှာ လက်မဝက်လောက်ယှိ၏။ စောက်မှာလည်း ပတ်လည်မညီပဲ၊ အနက်ဆုံးမှာ လက်မဝက်လောက်သာ ယှိ၏၊ (ပုံ–၅၁)။

ဗုဒ္ဓဝင်ရှစ်ခန်းတို့မှာ၊အချို့သော နေရာ၌ အခြားအုတ်ခွက်များတွင်ပါသော အစီအစဉ်အတိုင်းမဟုတ်ပဲ၊ အုတ်ခွက်အလယ်တွင် ဗောဓိပင်နှင့်ရွှေပလ္လင် အောင်တော်မူခဏ်းနှင့် ၎င်း၏အထက်၌ မာရ်နတ်သားနှင့် မာရ် နတ်သားစစ်သည်တော်ဘို့ လက်နက်ချာစွဲကိုင်လျက် နေဟန်အခန်းတခန်းပါ၏၊ ၎င်းတို့နှင့်အတူ ဂီရိမေခလာ ဆင်၏ပုံလည်း ပါ၏။အလယ်ဆင်းတုတော်၏အထက်၊ပါနေကြဖြစ်သောကွမ်းတောင်နှင့် ဗေါဓိကျောင်းဆောင် ၏ ပုံတို့မှာ မပါချေ။ နာဠာဂီရိဆင် ချွတ်ခန်းမှာ ဆင်ရုပ်နှစ်ခုပါသည်၊ တရုပ်မှာကန်တော့နေဟန်နှင့် အခြား

တရုပ်မှာ နှာမောင်းကိုထောင်လျက်ထိုးမည်၊ နင်းမည်ပြုနေဟန်များဖြစ်၏။ ထိုထိုးမည်ဟန်ပြနေသောဆင်ရုပ်မှာ အထက်ပိုင်းသာပါ၏။ ပလလေယျတော၌ မျောက်များ ပျားမှုံဆွမ်းကပ်ခန်းမှာလည်း မျောက်က ပျားမှုံဆွမ်း ကပ်ဟန်မဟုတ်ပဲ၊ ဆင်က ကပ်နေဟန်ပါ၏။

ထိုအခန်းခန်းတို့၌ပါသော ရုပ်ဖေါ်း ရုပ်ကြွတို့မှာ ရေညှိ ချေးညှော်တို့ဖြင့် စေးကပ်လျက် ယှိနေသဖြင့် တကြောင်း၊ ပွန်းပဲ့လျက် နေ ခြင်း များ ဖြင့် တ ကြောင်း များ ကြောင့် ရုပ် ဆင်း သဏ္ဍာန် တို့ ကို မမှန်းဆသာချေ၊ အောက်ဆုံးတန်းတွင် ပလလေယျတော၌ ပျား မှုံ ဆွမ်း ကပ် ခန်း နှင့် မယ် တော် မာ ယာ သားဖွါးခန်းအကြား ကွက်လပ်ကလေး တခုတွင် မူလကစာများ ပါယှိဟန်တူ၏၊ သို့သော်– ၎င်းတို့လည်း ပွန်းပဲ့ပျက်စီးကုန်လေပြီ၊ အုတ်ခွက်ကိုလည်း မည်သည့်မြို့ရွာဒေသမှ ရသည်ဟူ၍ အမှတ်အသား မတွေ့ရချေ။

သို့သော်၎င်းအုတ်ခွက် အမျိုးအစားထဲမှ အောက်ပိုင်းကျိုးလေးတခုကို တွေ့ရသည်၊ ထိုအောက်ပိုင်း ကျိုး၌ ဗုဒ္ဓဝင်ရှစ်ခန်းအနက် နှစ်ခန်းပါသည်၊ ၎င်းတို့မှာ ပလလေယျတော၌ ပျားမှုံဆွမ်းကပ်ခန်းနှင့် မယ်တော် မာယာ သားဖွါးခန်းဖြစ်သည်။ ထိုနှစ်ခန်းအကြား၌ မွန်စာ ပုံနှိပ်စာ ၆–ကြောင်းပါသည်၊ ကျောဖက်တွင် လက်ရေးအပိုင်းကျိုး သုံးကြောင်းပါသည်၊ ထိုစာတို့မှာ တပိုင်းတစသာဖြစ်နေကြသဖြင့် ယထာဘူတကျအောင် အဓိပ္ပါယ်ချဲးကို မကောက်ယူနိုင်ချေ၊ သို့သော် ကျန်ယှိသေးသော အက္ခရာစာလုံးတို့၏ အရေးအသားကို ထောက်ချင့်ရခြင်းအားဖြင့် အနော်ရထာ၊ ကျန်စစ်သားမင်းတို့၏ လက်ထက်လောက်က စာများဖြစ်သည်ဟု မှန်းဆရသည်၊ ထို့ပြင်မျက်နှာဖက်၌ အထက်ဖေါ်ပြပါ ဗုဒ္ဓဝင်အခန်းနှစ်ခန်းတို့တွင်ပါသော ရုပ်ဖေါ်းရုပ်ကြွ တို့မှာ သေးပင်သေးသော်လည်း သပ်သပ်ယပ်ယပ်ယှိပေသည်။ (ပုံ ၅၂)။ ထိုအပိုင်းကျိုးကို ပုဂံမှရသည်ဟု အမှတ်အသားပါယှိသည်။

ထိုဗုဒ္ဓဝင်ရှစ်ခန်းနှင့် စပ်လျဥ်း၍ အခြားအုတ်ခွက်များလည်းယှိသေး၏၊ သို့သော် ၎င်းတို့မှာ မထူးလည်း မထူးခြားလှ၊ အကျိုးအပဲ့များလည့်ဖြစ်နေသည်၊ ၎င်းတို့အနက် အသေးငယ်ဆုံးသော အုတ်ခွက်မှာ အလျား ၂.၇″။ အနံအားဖြင့် ၁.၈″။ ယှိ၏။

ထိုအုတ်ခွက်များအပြင် အရွယ်အစားမှာ အထက်ဖေါ်ပြပါ အုတ်ခွက်များလောက်ပင်ယှိသော အနက္ကကူ ကျောက်ချပ်ကလေးများကို မြန်မာနိုင်ငံနေရာအနှံ့အပြားတို့၌ တွေ့ယှိထား၏။ ထိုကျောက်ချပ်ကလေးများတွင် ဗုဒ္ဓဝင်လေးခန်းမှအစ ရှစ်ခန်း၊ ကိုးခန်း၊ တဆယ့်ခြောက်ခန်းအထိ ကျဥ်းမြောင်းသောနေရာတွင် ထုထွင်း ထားယှိ၏၊ ၎င်းတို့ကို စုဆောင်း၍ အခြားတနေရာဘွင် ထုတ်ဖေါ်ရေးသားရန် စီစဥ်လျက်ယှိပါသည်။

ပုဂံဘွင် အနော်ရထာမင်းမှအစပြု၍ ဘာသာနှင့်သက်ဆိုင်သောအုတ်ခွက်လုပ်ငန်းမှာ ပုဂံခေတ် တခေတ် လုံးတွင် အဆက်မပြတ်ယှိခဲ့၏၊ သို့သော် ယင်းခေတ် နောက် ပိုင်း လောက် က စ ၍ ထို အ တတ် ပ ညာ သည် တဖြည်းဖြည်းဆုတ်ယုတ်လာပြီးလျင် သွင်းလုပ်သောပုံတို့မှာလည်း ပုဂံခေတ်ဂုန်လောက်က အစပြု၍ သပ်ယပ် သေချာခြင်းမယှိ၊ အချိုးအစားလည်း မကျနခြင်းတို့ကို တွေ့မြင်ရသည်။

## ပုဂံမြို့ အာနန္ဒာဘုရားအရှေ့ မောင်ချစ်စကုန်းမှရသော အုတ်ခွက်ဖုရားများ။

၁၉၂၆–၂၇ ခုနှစ်အတွင်း၌ ပုဂံမြို့အာနန္ဒာဘုရားအရှေ့ဖက်၊ မောင်ချစ်စယာအတွင်းယှိ ကုန်းဟောင်း တခုမှ အုတ်ခွက်ဖုရား အမြောက်အမြားတွေ့ယှိရာ၊ ၎င်းတို့၌ထူးခြားသော အချက်ဘချက်မှာ အုတ်ခွက်တိုင်း၌ မျက်နှာဖက်တွင် ကျောင်းဆောင်နှင့် တင်ပြင်ခွေဖုရားဆင်းတုတော်လေးတဆူပါ၍ ကျောဖက်တွင် သစ်ပင် သစ်သီး သစ်ပွင့်တို့အမည်ကိုဖေါ်၍ အုတ်ခွက်ဘဆူလျှင် စာနှစ်လုံးသုံးလုံးဖြင့် တမျိုးစီရေးမှတ်ယျက် ပါယှိလေ သည်။ဥပမာ အုတ်ခွက်တဆူ၌ ‘‘ပါယ်ကြိ’’ (ဝဲကြီး)။ အခြားတဆူ၌ “ညှိပန် (ညှိုးပန်း) အခြားတဆူ၌ “ဟိန်ကိဝ်”

(ဟိဂုံ=ရှိန်းဂို)။အခြားတဆူ၌"ဆပ်သွား"စသည်ဖြင့် အမျိုးပေါင်းများတို့ကိုအုတ်ခွက်ပေါင်းများစွာနှင့် ရေးမှတ်ထားကြ၍၊အချို့၌ကား ဆုတောင်းစာပါ၍၊အချို့၌ကား မည်သူမည်ဝါအတွက် ဤကုသိုလ်ကောင်းမှုကို ပြုလုပ်သည်ဟုပါ၍၊ အုတ်ခွက်တခွက်၌မူ၊ ကျောဖက်၌ ပါသောစာမှာ "အာနန္ဒစရယေနမာပိတံဇ္ဇဒံဗုဒ္ဓရူပံ" ဟု ရှေးဟောင်းမွန်-မြန်မာအက္ခရာဖြင့် ရေးသားလျက်ပါယို၍၊အဓိပ္ပါယ်မှာ"ဤဗုဒ္ဓရုပ်ပွါးဆင်းတုတော်ကိုအာနန္ဒအမည်ယှိသော ဆရာတော်သည်သွင်းလုပ်လှူဒါန်းတော်မူသည်"ဟု ဆိုရာ၊ထိုစာတမ်းအရ ထိုအုတ်ခွက်များကိုသွင်းလုပ်သောအခါကား၊ အလောင်းစည်သူနှင့် နရပတိစည်သူမင်းနှစ်ပါးတွင် တပါးပါး၏ လက်ထက်လောက်က ဖြစ်မည်ဟု ယူဆရာ၏။ **အာနန္ဒာအမည်နှင့် ဆရာတော်တပါးသည် အလောင်းစည်သူမင်း လက်ထက်၌ မင်းဆရာဖြစ်ခဲ့ဘူး၏၊ ထိုအမည်နှင့်ပင် အခြားဆရာတော်တပါးလည်း၊ နရပတိစည်သူမင်းလက်ထက်၌ အတော်ပင် ထင်ရှားခဲ့၏**။အာနန္ဒာအမည်နှင့် အခြားဆရာတော်များ ယိုလိမ့်ဦးမည်ဟုယူဆလျှင် ငြင်းနိုင်ဖွယ်ရာမယှိပေ၊ သို့သော် အုတ်ခွက်ပါ လက်ရေးစာအက္ခရာ၏ ပုံသဏ္ဍာန်တို့နှင့် ညှိလိုက်သော် အဆိုပါမင်းတို့၏ လက်ထက်ကို လွန်နိုင်ဖွယ်ရာမယှိချေ။

မျက်နှာဖက်တွင်ပါသော တင်ပြင်ခွေကိုယ်တော်မှာ ကြာပလ္လင်ပေါ်တွင် ရိုးရိုးဗယ်တင်ညာချ၊ ကေသီသက်န်းကို လက်ဝဲပခုံးထက် စမွယ်တင်လျက် ဗောဓိကျောင်းဆောင်အောက်၌ ထိုင်နေဟန်ဖြစ်၏။ ဆင်းတုတော်၏မဏိတော်တွင် ရိုးရိုးဉဏှိသပုံတော်ဘက်မှ အလယ်၌ ခွက်လျက်ယိုသော ခောင်လျှံတော်ဘက်လျက်ယို၏။ ဗောဓိပင်၏ အကိုင်းအခက်အလက်တို့ အပြင်ဘေး၌ စေတီတော်ကလေးများလည်း ရံလျက်ပါ၏။ အောက်ဆုံးတန်း စေတီတော်ကလေးများ အောက်ဖက်တွင် ပန်းခက်ကလေးတခုစီပါ၏။ ၎င်းတို့အောက်၌ ဖေါင်းကြွသော ပုံနှိပ်စာတကြောင်း ပါ၏။ ၎င်းပုံနှိပ်စာမှာလည်း နာဂရီအက္ခရာ မပါပဲ၊ ရှေးဟောင်း မွန်–မြန်မာအက္ခရာနှင့် မွန်ဘာသာဖြင့် ရေးသိုးမှတ်သားလျက်ပါယို၏၊ ၎င်းစာပါအဓိပ္ပါယ်မှာ မောင်ကေဟ်သော် လုပ်သော ဖုရားဟူ၍ ပါယို၏။ ရုပ်တုတော်မှာလည်း အနော်ရထာမင်း၏ လက်ထက်မှ အဆက်အနွယ်ဖြစ်ကြောင်းကို မငြင်းသာချေ၊ သို့သော် ပုံတော်တို့မှာ ပါးပါးလျားလျားကြွားကြွားရွားရွားမယိုလှပဲ၊ ပုအိုက်အိုက်နေသည်၊ လက်ရာပြောင်းလျက်ယိုချေပြီ၊ (ပုံ ၅၃)။ ထိုသို့ဖြစ်လင့်ကစား အထက်တွင် ဖေါ်ပြခဲ့သည့်အတိုင်း အုတ်ခွက်များ၏ ကျောဖက်၌ပါသော လက်ရေးစာတိုကလေးများတွင်ပါသော အသီးအပွင့်တို့၏ အမည်များကို ခေါ်ဝေါ်ပုံတို့မှာ ယခုလက်ငင်းခေတ်နှင့် နှိုင်းယှဉ်လျှင် အတော်ပင် ခြေးကျဟန်တူသဖြင့် သုတေသီတို့အတွက် အဘိုးထိုက်တန်လှ၍ ၎င်းတို့ကို စုဆောင်းရွေးချယ်ပြီးလျှင် အောက်တနေရာတွင် ဖေါ်ပြရေးသားမှတ်တမ်းတင်ခဲ့ပါသည်။

အခြားထူးခြားချက်တရပ်မှာ ဤကဲ့သို့အသီးအပွင့်အမျိုးအမည်တို့ကို ခွဲခြားရေးမှတ်လျက်အုတ်ခွက်ပေါင်းမြောက်မြားစွာတို့ကို တနေရာတည်း စုဆောင်းသိမ်းထားလျက် ယိုခြင်းကို ပုဂံခေတ်တခေတ်လုံးတွင် ဤနေရာတနေရာမှာပင် တွေ့ယိုရခြင်းဖြစ်၏၊ ထိုသို့ စုပေါင်းထားခြင်း အကြောင်းရင်းကို ရှာပြန်သော် အသစ်မွန်းမံပြုပြင်ဆောက်တည်သော စေတီတဆူတဆူ၏ အတွင်း၌ ဌပနာထားခြင်းကား မှန်၏၊ သို့သော် မည်သည့်အတွက် မည်သည့်အဓိပ္ပါယ်နှင့် ဤကဲ့သို့သော ဆင်းတုတော်ကလေး တဆူတဆူ၏ ကျောဖက်၌ သစ်သီးသစ်ပွင့်အမျိုးမျိုးတို့ကို တဆူလျှင် တမျိုးကျစီလောက်ရေးမှတ်လျက်ထားခြင်း အကြောင်းရင်းကိုကား ရုတ်တရက်တွေးတော မှန်းဆ၍မရနိုင်ချေ။

ဗုဒ္ဓဝင်ကျမ်းဂန်များအရ၊ လောကတွင် ပွင့်ပြီးသော ဖုရားရှင်တို့မှာ အသင်္ချေနှင့် အနန္တ ဖြစ်ရကား၊ ၎င်းကို အကြောင်းပြု၍ ဗုဒ္ဓဘာသာဝင်သူတော်စင်တို့ နေ့စဉ် နံနက်ဝတ်၊ ညဝတ်ဖုရားရှိခိုးခြင်း ပြုလုပ်ကြရာ၌ "သမ္ဗုဒ္ဓေအဋ္ဌဝီသဉ္စ ဒွါဒသဉ္စသဟဿကေ" အစချီလျက် ဖုရားရှိခိုးဆုတောင်းကို ရွတ်ဆိုကြ၏။ ပုဂံဆေးရေးရုပ်များ၌လည်း ၎င်းဖုရားရှိခိုးနှင့်အညီ၊ မြောက်မြားစွာသော ဖုရားရုပ်ပွားတော်ကလေးများကို စေတီလိုဏ်ဂူ

တို့၏ နံရံအမိုးတို့တွင် ပြည့်နှက်အောင် ဆေးရောင်စုံခြယ်၍ ရေးထားပုံဇော်လေ့ယှိသည်။အထူးသဖြင့် နှစ်ကျိပ်ရှာ်ဆူ ရုပ်ပွားဆင်းတုတော်များတွင် ဖုရားတဆူတဆူ၏ အမည်နှင့်တကွ ၎င်းဖုရားပွင့်တော်မူရာ ဗောဓိပင်၊ ပင်စည်နှင့်အမည်တို့ကိုပါ ကျမ်းဂန်လာသည့်အတိုင်း ဖေါ်ပြရေးခြယ်ထားလေ့ ယှိသည်။ ထို နှစ်ကျိပ်ရှစ်ဆူဖုရားတို့နှင့်စပ်လျဉ်း၍သာလျှင် ဗောဓိပင်များ ယှိသည်မဟုတ်၊ ဖုရားအဆူဆူ၌ ဗောဓိပင်ယှိကြောင်းကို ကျမ်းဂန်များ၌ ထွက်ဆိုလေသည်။ ၎င်းတို့ကို အထောက်အထားပြုလုပ်၍၊ မောင်ချစ်ဗကုန်းမှ တွေ့ယှိသော ဖုရားရုပ်ပွားတော်တို့သည် ဗုဒ္ဓဝင်ကျမ်းလာ ဖုရားအဆူဆူဘို့ဘွင် အဝင်အပါဖြစ်၍ ၎င်းတို့၏ ကျောဖက်တွင် ရေးထိုးမှတ်သားလျက်ပါယှိသော သစ်ပင် သစ်သီး သစ်ပွင့် တို့သည်လည်း သက်ဆိုင်ရာ ဖုရားအဆူဆူတို့ပွင့်ရာ ဗောဓိပင်များဖြစ်လေမည်လားဟု တွေးတောမိသည်။ သို့သော် အသီးအပွင့်တို့၏ အမည်များ ပါယှိနေသဖြင့် တွေးတောချက်ကို အခြေတခုပြုလုပ်ရန် ခဲယဉ်းပေသည်။

အချို့အနည်းငယ်သောအုတ်ခွက်တို့၌ ကျောဖက်တွင် ရေးမှတ်လျက် ပါယှိသည်မှာ—

(၁)

**မင်ခံ**

**မရာ ဇာပု**

**ဟ်ားဖ္လစ်မု**

**ကာပ္လိယ်ထက်**

**ဟိယ် သောမှ္ဂာ**

**စုံ စိယ် သော**

**ဖ္လစ် စိယ် တေ**

(မင်းခံမ္မရာဇာဖုရားဖြစ်မူကား မြေထက်ယှိသမျှစုံစေသောဖြစ်စေတည်း)။

(၂)

**ဍယ်မှ္ဂ**

**သောကာပု**

**ဟ်ားဖြစ်ငှါ**

**တေ။ ဟော်ာက်**

**ပ္ဒါင်**

(ဤမျှသော်ကား ဖုရားဖြစ်ငှါတည်း။ ရှောက်ပွင့်)။

## (၃)

ဠကါ

ကမ် ပေါန် ေ

တ။ မင် ခံ မ ရာ

ဇာ ပုဟ်ား ဖ္ဓေ စ်

ရာ ရာ ကါ စင်

သော ရ စိယ် သိ

ဤကား ကင်ပွန်းတည်း။ မင်းဓမ္မာရာဇာဖုရားဖြစ်ရာရာကား စင်သောရစေ (သား)။

## (၄)

ပုဟ်ား

ဖြင် ဖိစ်

တေ။ ဖိတ်

ချေင် တေ

(ဖုရားရှင်ဖို့တည်း။ ဖိတ်ချင်းတည်း)။

၎င်းစာတမ်းတို့ပါ ချောက်ပွင့်၊ ဖိတ်ချင်း စသည်တို့ကို ထောက်၍၊ ၎င်းပစ္စည်းတို့သည် လှူဖွယ်ဝတ္ထုများ ဖြစ်ကြခြင်းကိုသိရ၏။ အလှူရှင်မှာ ဆေးဝါးကုသရာ၌ ဝါသနာထုံ၍၊ မိန္ဒောဆေးကျမ်းအရ၊ မိမိလိုရာဆေးပင်၊ အပွင့် အသီး အမြစ်တို့ကို ပြည့်စုံအောင် ဖုရားအဆူဆူတို့၌ လှူဒါန်းထားခြင်းဖြစ်သည်ဟူ၍ ယူဆရာ၏။

ကျောဖက်တွင် ရေးမှတ်လျက်ပါသော အခြားစာတမ်းတိုကလေးကို၊ လက်ငင်းအက္ခရာဖြင့် ပြန်ဆို ရေးကူးသော် အောက်ပါအတိုင်းဖြစ်ကြ၏။ ၎င်းတို့တွင်ပါသော ဝတ္ထုပစ္စည်း အမျိုးအမည်များကိုလည်း ယခု ခေါ်ဆိုကြသည့်အတိုင်း ရေးမှတ်ထည့်သွင်း လိုက်သည်။ အချို့အမည်များကို ယခုမည်ကဲ့သို့ ခေါ်သည်ကို မမှန်းဆနိုင်သေး၍၊ မူလအတိုင်းထည့်လိုက်သည်။

| | | |
|---|---|---|
| ၁။ ကြနိ | = | ကြာနီ |
| ၂။ ကမ်ပေါန် | = | ကင်ပွန်း |
| ၃။ မူရိပ်ပွောင် | = | မရိုးပွင့် |
| ၄။ ဆန်တေ | = | ဆန်တည်း |
| ၅။ (ဖ)လာဖ္လူ | = | ဖါလာဖြူ |

| | | |
|---|---|---|
| ၆။ ကတိဝ်တေ | = | ကတိုးတည်း |
| ၇။ ကွမ်သိ | = | ကွမ်းသီး |
| ၈။ လက်ထုတ်ပွောင် | = | လက်ထုတ်ပွင့် |
| ၉။ ထာန်နျက် | = | ထန်းလျက် |
| ၁၀။ တန်စိကူ | = | စန္ဒကူး |
| ၁၁။ ပါန်ပူကြို | = | ဗန့်ဘွေ့ကြီး |
| ၁၂။ ပါန်ပူယ် | = | ဗန့်ဘွေး |
| ၁၃။ ဩာင်မညိဝ် | = | အောင်မဲညို |
| ၁၄။ ငှာက်ပျောဝ် | = | ငှက်ပျော |
| ၁၅။ ပါန်ပွောယ် | = | ဗန့်ဘွေး |
| ၁၆။ သိယက်သိ | = | သရက်သီး |
| ၁၇။ မုန်ညင် | = | မုန်ညင်း |
| ၁၈။ ဖါလာ | = | ဖါလာ |
| ၁၉။ ယသက္လေည် | = | ရေသကျည်း |
| ၂၀။ နှမ်တေ | = | နှမ်းတည်း |
| ၂၁။ ဇှုပ်မှူယ်သိ | = | အိပ်မွှေ့သီး |
| ၂၂။ ကြာတန်ဆိတ် | = | ကြာတံဆိပ် |
| ၂၃။ ရင်မာ | = | ရင်းမာ |
| ၂၄။ သိခွာဟူယ် | = | သခွားရွှေ |
| ၂၅။ ကုလာပါယ် | = | ကုလားပဲ |
| ၂၆။ ယသက္လေည်ပွောင် | = | ရေသကျည်းပွင့် |
| ၂၇။ ဆပ်သွာ | = | ဆပ်သွား |
| ၂၈။ ဖိတ်ချင် | = | ဖိတ်ချင်း |
| ၂၉။ စိမုနက် | = | စမုံနက် |
| ၃၀။ ရာယ်ရိဝ်သိ | = | ယဲယိုသီး |
| ၃၁။ ပါယ်လွှမ် | = | ပဲလွှမ်း |
| ၃၂။ ပါယ်ကြို | = | ပဲကြီး |
| ၃၃။ စရိဝ် | = | စရို |
| ၃၄။ သိခွာနု | = | သခွားနု |
| ၃၅။ ကြမ်ရေည် | = | ကြံရည် |
| ၃၆။ ညှိဝ်ပါန် | = | ညှိုပန်း |
| ၃၇။ ကြက်ကြုန် | = | ကြက်ချုံး (?) |
| ၃၈။ ဖလာဖွေ့ာ | = | ဖါလာဖြော့ (?) |
| ၃၉။ တလေည်သိ | = | သလဲသီး |

| | | |
|---|---|---|
| ၄၀။ ကြအ်ကွ္လုတေ | = | ကြကျူတည်း |
| ၄၁။ ဟိန်ကိဝ် | = | ဟိန်ဂို |
| ၄၂။ မထုန်သရာ | = | မထုန်သရာ |
| ၄၃။ ဖိလ်ချင်မြတ် | = | ဗိတ်ချင်း |
| ၄၄။ ဖိချင်မြတ် | = | ဗိတ်ချင်းမြစ် |
| ၄၅။ ကာတိဝ်ညောက် | = | ကတိုးညှောက် |
| ၄၆။ တာန်စုလျာန် | = | တန်စုလျန် |
| ၄၇။ ဖြာက်ပွာင် | = | ရှောက်ပွင့် |
| ၄၈။ ဟောက်ပွါင် | = | ရှောက်ပွင့် |
| ၄၉။ ပျာနောယ် | = | ပျာနွယ် |
| ၅၀။ ကွ္လိတ်တေ | = | ကျိတ်တည်း |
| ၅၁။ ကွ္လိတ် | = | ကျိတ် |
| ၅၂။ သိတွော | = | သတွတ် |
| ၅၃။ တလေည်ပွါက် | = | သလဲပွင့် |
| ၅၄။ ကွ္လေည်ဖူန် | = | ကျည်ဖူန် |
| ၅၅။ သာနိဝ်ခူယ် | = | ဂန့်ဂေါ် |
| ၅၆။ ခိဟာပွါင် | = | ချယားပွင့် |
| ၅၇။ ခီးဟာပွါင် | = | ချယားပွင့် |
| ၅၈။ ကတိဝ် | = | ကတိုး |
| ၅၉။ ကန်ချောဝ် | = | ကန့်ချုပ် |
| ၆၀။ ကွ္လီမျင် | = | ကျီးမျင် |
| ၆၁။ တီသီဘေ | = | တည်သီးတည်း |
| ၆၂။ ကာန်နှုပ် | = | ကန့်ချုပ် |
| ၆၃။ ဘတ္တာကိယ် | = | ဘတ္တာကယ် |
| ၆၄။ ရဲန်ဝတ် | = | ချုံဝတ် |
| ၆၅။ စိမုကြိ | = | စမုံကြီး |
| ၆၆။ ဩဟဲသိ | = | ဥသျှစ်သီး |
| ၆၇။ သေစ်ဆိ | = | သစ်ဆိ |
| ၆၈။ ဆိဖုဟ် | = | ဆိတ်ဖူး |

---

* နမူနာပုံစံအနေနှင့် ၎င်းအတွင်ပါသော အချို့မူလ အက္ခရာစာလုံးများ အရေးအသား ပုံတို့ကို ပုံ ၅၃(က)၊ (ခ)နှင့်(ဂ)တို့တွင် ပြထားသည်။

အခြားထူးခြားချက်တရပ်မှာ၊ထိုနေရာတနေရာတည်းမှာပင် အနော်ရထာ၊ကျန်စစ်သားမင်းတို့လက်ထက်လောကက အုတ်ခွက်တဆူကို တွေ့ရသည်။ ထိုအုတ်ခွက်၏ပုံသဏ္ဌာန်မှာ ညောင်ရွက်ပုံသဏ္ဌာန်ယို၍ ထိပ်ဖက်ကချွန်းပြီး အောက်ပိုင်းကဝိုင်းလျက် လိုဏ်ဂူသဘောနှင့် ပတ်လည်ဘောင်ခတ်လျက်ယို၏။ ထိုဂူအတွင်း၌ ဗောဓိပင်ကျောင်းဆောင်အောက်ကြာပလ္လင်ပေါ်တွင် ရိုးရိုးထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူသော မြတ်စွာဖုရားရုပ်တုတော်တဆူပါသည်။ ဘေးရံစေတီတော်ကလေးများလည်း တဖက်တချက် အသေးအကြီး ၆ ဆူစီပါသည်။ ကြာပလ္လင်အောက်က နာဂရီအက္ခရာနှင့် စာသုံးကြောင်းဖြင့် "ယေဓမ္မာဟေတုပြဘဝါ" အစယိုသော ဂါထာကလေးပါသည်။ငင်းအက္ခရာ၏ အရေးအသားကို ထောက်ချင့်ရခြင်းအား အေ၊ ဒီ၊ ၁၁-ရာစုနှစ်လောကက အက္ခရာများဖြစ်သည်ဟုမှန်းဆရသည်။ မူလအုတ်ခွက်မှာ ယခုကျိုးပဲ့ပျက်စီးနေသဖြင့် မကျိုးပဲ့မီက ရိုက်ကူးထားသောဓါတ်ပုံကို–ပုံ (၅၄) တွင် ပြထားပါသည်။ အုတ်ခွက်၏ အတိုင်းအတာမှာ ၆ ၃/၄ × ၄ လက်မသာသာယို၏။ ထိုအုတ်ခွက်မျိုးကို ပုဂံမြို့နေရာအနှံ့အပြား၌ တွေ့ရသည်။ ငင်းနှင့် ခပ်ဆင်ဆင် တူသော အုတ်ခွက်မျိုးကို အိန္ဒိယနိုင်ငံဗုဒ္ဓဂါယာ၌ တွေ့ယိုရကြောင်းကိုလည်း (A. Grunwedel) ၏ အင်္ဂလိပ်ဘာသာပြန် ( Buddhist Art in India) ခေါ်စာအုပ်မျက်နှာနံပါတ် ၁၇၀၊ ပုံ–၁၂၇ ၌လည်း တွေ့မြင်ရသည်။

မောင်ချစ်စကုန်းမှ အုတ်ခွက်၏ ထူးခြားချက်မှာ ယင်း၏ကျောဖက်၌ ရှေးမွန်–မြန်မာအက္ခရာနှင့် မြန်မာစကားပြေဖြင့် လက်ရေးစာ (၈) ကြောင်းပါသည်။ လက်ရေးစာအက္ခရာများမှာ ညာဖက်သို့ ခပ်စောင်းစောင်းနေသည် (ပုံ–၅၅)။ငင်းစာကို လက်ငင်းအက္ခရာဖြင့် ပြန်ဆိုရေးသားသော် အောက်ပါအတိုင်း ဖြစ်၏။

၁–။ဝ။ ငါလူသောဆုအ်တေ (မ)
၂– ရသိယ် (လ္ဟ) င်ကာ။လူတေဖွေ
၃= တ်လု (တေစ်) ဂ ါပေုစပ်ရာ
၄– ဏတ်ဖ္လေတ်ဂ ါဏတ် (တို)
၅– ပေုစဝ်ရာ။သင်သရာ (ဧ)
၆– အ်ဖ္လေတ်...........သုဂါ
၇– ယုတ်မာသုဂါမဧ
၈– ဖ္လတ်မ္လတ်ဒေ။ဝ

အမိပ္ပါယ်မှာ အောက်နား၌ စာလုံးအချို့ပျက်နေ၍ မထင်ရှားသောကြောင့် လုံးစေ့ပါဌ်စေ့ ပြန်ဆိုမရေးသားနိုင်သော်လည်း လိုရင်းအမိပ္ပါယ်မှာ အောက်ပါအတိုင်း ဖြစ်၏။

။ဝ။ ငါလိုသောဆုတည်း၊ (နိဗ္ဗာန်) မရသေးမီ သံသရာ၌ လူဘည်းဖြစ်မူကား၊ လူတကာတို့၏ ပူဇော်ရာ၊ နတ်ဘည်းဖြစ်မူကား၊ နတ်တို့၏ ပူဇော်ရာ ဖြစ်စေသော၊ယုတ်မာသူကား မဖြစ်ရစေသောတည်း။

ထိုအုတ်ခွက်နှင့် အလားတူ အခြားအုတ်ခွက်များလည်း တွေ့ယိုရသေး၏။ သို့သော် ငင်းတို့ကျောဖက်တွင် မည်သည့်လက်ရေးစာမှ မပါချေ။ ၎င်းအမှတ်အသား တခုအတိုင်း ဆိုလျှင်၊ အချို့တို့ကို ပုဂံမြို့၊ မြင်းကပါတောင်၊ ကျဆင်းဖုရားမှရသည်ဟု အမှတ်အသား ပါယို၏။ ထိုကျဆင်းဖုရားမှရသော အုတ်ခွက်တဆူ၌ မျက်နှာဖက်အလယ်တွင်ပါသော ဆင်းတုတော်မှာ ကြာပလ္လင်ထက် ထီးမိုးလျက်ပါယိုသော နောက်ခံတံကဲ အောက်ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူ၏။ (ပုံ ၅၆)။ အုတ်ခွက်၏ အတိုင်းအတာမှာ ၆ လက်မနှင့် ၄ လက်မခွဲနီးပါးယို၏။

ဗောဓိကျောင်းဆောင်နှင့် ကြာပလ္လင်ပေါ်ထက်မှ ခြေတွဲလွဲချ၍ လက်နှစ်ဖက်ကို ရင်သို့အပ်လျက် ဓမ္မစကြာတရားဟောနေဟန် ဆင်းတုတော်ပုံပါသော အုတ်ခွက်တမျိုးကို ပုဂံမြို့၊ မင်္ဂလာစေတီအရှေ့ဖက် ကုန်းတကုန်းမှ ရသည်ဟု အမှတ်အသားနှင့် တွေ့ရသည်။ ၎င်းအုတ်ခွက်ပုံမှာ ပတ်လည်ဘောင်ခတ်၍၊ ညောင်ရွက်ပုံသဏ္ဌာန်ယှိုသောအခွက်ထဲတွင် အထက်ဖေါ်ပြပါ ဆင်းတုတော်ပုံနှင့် ဘေးရံစေတီတော်ကလေးများနှင့် ၎င်းတို့အောက်ဖက်၌ နာဂရီအက္ခရာဖြင့် စာ-၄-ကြောင်းပါယှိုသော ''ယေဓမ္မာဟေတုပြဘဝါ'' အစယှိုသောဂါထာကလေးပါသည်။ ဆင်းတုတော် ခြေတွဲလဲချလျက် တင်ထားသော အောက်ခံကြာပွင့် တဖက်တချက် သမင်ရုပ်ကလေးတခုစီပါသည်။ အောက်ဖက်က စကြာပုံပါသည် (ပုံ–၅၇)။ အုတ်ခွက်၏အတိုင်းအတာမှာ ၆-လက်မခွဲနှင့် ၅-လက်မသာသာယှို၏။

ခြေဟန်လက်ဟန်အနေအထား ပုံနှင့်တကွ ခြေတွဲလဲချ၍ ဓမ္မစကြာတရားဟောနေဟန်မှာ အထက်ကဖေါ်ပြခဲ့သောပုံနှင့်မခြားပဲ ဗောဓိကျောင်းဆောင်နှင့် စေတီရံတို့ပါသော အုတ်ခွက်တမျိုးကိုလည်း ပုဂံမြို့နေရာအနှံ့အပြားတွင် တွေ့ယှို၏။ အလားတူ အုတ်ခွက်တခွက်တွင် ကျောဖက်၌ ၁၉၂၆ ခုနှစ် ပုဂံရွှေဆံတော်ဖုရားမှ ရ၏ဟု ရုံးအမှတ်အသားနှင့် တွေ့ယှို၏။ ထိုအုတ်ခွက်၏ မျက်နှာဖက်ဘွင်ပါသော ဗောဓိကျောင်းဆောင်၏ ကွမ်းတောင်မှာ ဘေးတဖက်တချက်ကစောက်ပြီး တဖြောင့်တည်းအထက်သို့ အနည်းငယ် ရှူးတက်သွား၏။ စေတီရံကလေးများ၏ ခေါင်းလောင်းပုံတို့မှာလည်း အောက်ခြေမှသုံး၍ တဖြောင့်တည်းဘက်သွား၏။ ထိုင်နေသော ဆင်းတုတော်၏ ခြေဖွါးတော်–အောက်ခံကြာပွင့်အောက်တွင် စကြာပုံနှင့်တတန်းတည်း တဖက်တချက် သမင်ရုပ်တခုစီ ဝပ်လျက်နေ၏။ ၎င်းတို့ဘေးပတ်ယှို နာဂရီအက္ခရာ စာတမ်းမှာလည်း မှေးမှိန် ပျက်စီးလျက်ရှိနေပြီ။ (ပုံ ၅၈)။

ထိုအုတ်ခွက်၌ ဘေးပတ်လည် ဘောင်များခပ်လျက် မပါချေ၊ ၎င်း၏အတိုင်းအတာမှာ၊ အမြင့် ၄ လက်မခွဲနီးပါးယှို၏၊ အောက်ခြေအနံ ၂ လက်မခွဲသာသာယှို၏။ အနော်ရထာမင်းခေတ်လောက်က အုတ်ခွက်ဖြစ်မည်ဟု ခန့်မှန်းရ၏။

အထက်ကပုံအတိုင်း အခြားအုတ်ခွက်တဆူမှာ မြင်းကပါရွာ တောရကျောင်း တောင်ဖက်အနီး၊ ကိုဆယ်ကြီးယာအတွင်း ကုန်းတကုန်းမှ ရသည်ဟု ရုံးအမှတ်အသားတွင် တွေ့ယှိုရ၏၊ အရွယ်မှာ အနည်းငယ်သေး၏၊ (ပုံ–၅၉)။

ထိုခြေတွဲလဲချလျက် ဗောဓိကျောင်းဆောင်နှင့် ဗုဒ္ဓရှင်တော်မြတ်တရား ဟောနေဟန်ပါသော အခြားအုတ်ခွက်နှစ်မျိုးနှစ်စားတို့ကို ရုံးယှိုအုတ်ခွက်တို့တွင် တွေ့ယှိုရ၏။ ၎င်းတို့သည် အကျိုးအပဲ့ များသာလျှင်ဖြစ်ကြ၏။ တမျိုးကို ၁၉၂၆ ခု၊ ပုဂံအာနန္ဒာဖုရားအရှေ့ မောင်ချစ်စကုန်းမှ ရသည်ဟု ရုံးအမှတ်အသားနှင့် တွေ့ရ၏၊ (ပုံ–၆၀)၊ ၎င်း၏ကျောဖက်တွင် မွန်–မြန်မာအက္ခရာနှင့်ပါဠိဘာသာဖြင့် စာကြောင်းရေ ၉ ကြောင်းပါသော စာတမ်းကို တွေ့ရ၏၊ ၎င်းပုံကို အနည်းငယ်ချဲ့၍ (ပုံ–၆၁) တွင် ပြထားသည်၊ ထိုစာကို လက်ငင်းမြန်မာအက္ခရာဖြင့် ပြန်ဆိုရေးသားသော် အောက်ပါအတိုင်းဖြစ်၏။

၁– (ထေ) ရော

၂– ယထာနာဂသေ

၃– နောပညာဃအ

၄– တိရောစတိသဟဿ

၅— ဗုဒ္ဓကမ္မေန ဗုဒ္ဓေ၁တ

၆— ဿအနာဂတေ။သုမေ

၇— ဓေါနာမ ဘိက္ခုနာက

၈— တေ။ဝိမုတ္တတ္ထံသဟ

၉— တ္ထေနေ၀ါတိ

## ( ဘာသာပြန် )

အရှင်နာဂသေန အမည်ယှိသော၊ မထေရ်သည်၊ ပညာရောင်ဖြင့် အလွန်တင့်တယ်သကဲ့သို့၊ ထို့အတူ၊ သုမေဓါ အမည်ယှိသော ရဟန်းသည်လည်း၊ မိမိလက်ဖြင့်သာလျှင်၊ တထောင်သော ဗုဒ္ဓရုပ်ပွါးတော်တို့ကို၊ ပြုလုပ်ရသောကောင်းမှုကြောင့်၊ ပညာရောင်ဖြင့်၊ အလွန်တင့်တယ်စေခြင်းအကျိုးငှါ လည်းကောင်း၊ သံသရာမှ ကင်းလွတ်စေခြင်းအကျိုးငှါလည်းကောင်း။ ဂေါတမဖုရားရှင်သာသနာတော်လွန်ပြီး နောင်အခါ၌၊ဖုရားဖြစ်ခြင်း အကျိုးငှါ လည်းကောင်း၊ပြုလုပ်လှူဒါန်းအပ်ပါသတည်း။

ထိုသုမေဓါအမည်ယှိသော မထေရ်မြတ်သည် ပုဂံမြစေတီကျောက်စာတွင် ရေစက်ချရာ၌ပါသော မထေရ်တို့၌ တပါးအပါအဝင်ဖြစ်သည်ဟု ယူဆရာသည်။ ကျန်စစ်သားမင်းလက်ထက်၌ ထင်ရှားသော ပုဂ္ဂိုလ်တပါး ဖြစ်၏။

အခြားအုတ်ခွက်ဘမျိုးအတွက် ႏုံးအမှတ်အသားကို မတွေ့ရချေ။ သို့သော် ၎င်းသည်လည်း ပုဂံအနော်ရထာမင်းနှင့် ကျန်စစ်သားမင်းတို့ လက်ထက်လောက်က ဗုဒ္ဓရုပ်ပွါးတော်ဖြစ်ဟန်တူ၏။ (ပုံ ၆၂) အုတ်ခွက်အောက်ခြေမှာမပါပဲ လက်ဝဲဖက်အစနား၌ နာဂရီအက္ခရာနှင့် "ယေဓမ္မာဟေတုပြဘဝါ" ဂါထာအစကလေး ပါယှိကြောင်းကို တွေ့ရသည်၊ ၎င်းအုတ်ခွက်နှစ်ခွက်၏အတိုင်းအတာမှာ ပဌမအုတ်ခွက်သည် အမြင့် ၅ လက်မ တမတ်လောက်ယှိ၏၊ အောက်ဘောင်အကျယ်မှာ ၃ လက်မခွဲလောက် ယှိတန်ရာ၏၊ ဒုတိယအုတ်ခွက်သည် အမြင့် ၅ လက်မဘမတ်လောက်ယှိတန်ရာ၏၊ အောက်ဘောင်အကျယ်မှာ ၃ လက်မခွဲသာသာယှိ၏။

## တကောင်း၌တွေ့ယှိရသော အုတ်ခွက်ဖုရားများ။

မြန်မာအစ ပုဂံကမဟုတ်ပဲ၊ ရှေးအစဉ်အလာပြောဆိုချက်အရ မြန်မာအစ တကောင်းကဟု ဆိုရိုးယှိသည်၊ ထိုသို့ပင် ဆိုရိုးယှိသော်သည်း ကိုယ်တွေ့အားဖြင့် တကောင်းမြို့တွင် ယနေ့အထိ တွေ့ယှိရသောအုတ်ခွက်ဆင်းတုတော်များကို လေ့လာကြည့်ရာ၊ အောက်ပါအတိုင်း တွေ့မြင်သိယှိရ၏၊ သို့သော် သတိပြုစေလိုသော အချက်တချက်မှာ ထိုအုတ်ခွက်တို့မှ တွေ့ယှိရသော အထောက်အထားတို့သည် သုတေသနလုပ်ငန်းတွင် ပြည့်စုံပြီဟု မခေါ်ဆိုနိုင်သေးချေ၊ အမှန်ဆိုရလျှင် တကောင်း၏ ရှေးရာဇဝင်အကြောင်းနှင့် ပတ်သက်၍ သုတေသနလုပ်ငန်း လုပ်ရန်မှာ အများပင် လိုပေသေးသည်။

တကောင်းတွင် အထက်ထက်က တွေ့ယှိရသော အုတ်ခွက်ဆင်းတုတော်တို့မှာ အမျိုးအစားအားဖြင့် လေးမျိုးယှိ၏၊ ၎င်းတို့ကို အောက်ပါအတိုင်း ခွဲခြားခေါ်ဆိုရာ၏။

၁–အထက်တနေရာတွင် ဖေါ်ပြခဲ့သည့်အတိုင်း ပုဂံစောလူးမင်း၏ ကောင်းမှုတော်ဖြစ်သော အုတ်ခွက်တမျိုး။

၂–ဆင်းတုတော်သုံးဆူတွဲလျက် အလယ်တင်ပြင်ခွေကိုယ်တော်ဘဆူနှင့် ဘေးတဖက်တချက်၊ မတ်ရပ်တော် ကိုယ်တော်ဘဆူစီ၊ ပေါင်းသုံးဆူပါသော အုတ်ခွက်တမျိုး။

၃–မောဓိကျောင်းဆောင် အောက်ကြာပလ္လင်ပေါ်တွင် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူသော ဆင်းတုတော်ဘဆူပါသော အုတ်ခွက်တမျိုး။

၄–တံကဲနှင့်ရဟန္တာများရံလျက် နောက်ခံတံကဲနှင့် တင်ပြင်ခွေ ဆင်းတုတော်နှစ်ဆူပါသော အုတ်ခွက်အပိုင်းကျိုးတမျိုး။

၎င်းလေးမျိုးအနက် နံပါတ်စဉ်(၁)တွင် ဖေါ်ပြထားသော အုတ်ခွက်အကြောင်းကို ပုဂံစောလူးမင်း အုတ်ခွက်အခန်း၌ ဖေါ်ပြခဲ့ပြီ။ (ပုံ ၃၇)။

(ပုံ ၆၃)။ နံပါတ်စဉ်(၂)တွင် ဖေါ်ပြထားသော ဆင်းတုတော်သုံးဆူတွဲအနက် အလယ်ဆင်းတုတော်သည် ဘေးရံ မတ်ရပ်တော်များထက်ကြီး၍ တခမ်းတနား မောဓိကျောင်းဆောင်၊ ကြာပလ္လင်နှင့် ပြော့ပလ္လင်နှစ်ထပ်ထက် တင်ပြင်ခွေလျက် ထိုင်နေတော်မူဟန်ဖြစ်သည်။ ယင်း ဆင်းတုတော်၏ ပြင်ပုံ ဆင်ပုံ နေထိုင်ပုံတို့မှာ အနော်ရထာမင်းလက်ထက်တွင် သွင်းလုပ်သော အချို့ပုံတော်တို့နှင့် မကွာခြားလှချေ။ မဏိတော်၌ ဆံတော်ပုံမှာ ဓိန္ဒုလုံးကလေးများသဏ္ဍာန်ယို၏၊ ဥဏှိုသပုံတော်မှာ ဖလားကိုမှောက်လျက်ထားသည့်သဏ္ဍာန် ပုံ့ပုံ့တက်လျက် တဆင့်သာလျှင် ယို၏၊ မျက်နှာတော်မှာ လေးထောင့်နီးပါး ယို၏၊ သက်န်းတော်တို့မှာ ကေသီသက်န်းကို လက်ဝဲပခုံးထက် စမွယ်တင်လျက် ရေးရေးသာမြင်ရ၏၊ ပလ္လင်နှစ်ထပ်ယိုရာ၊ အောက်ထပ်ပလ္လင်မှာ အထက်အောက် ဖေါင်းရစ်အတိုးအဆုတ်နှင့် ပြော့ပလ္လင်ရိုးရိုးပုံသဏ္ဍာန်ယို၍ အထက်ထပ်မှာ ကြာပလ္လင်ပုံသဏ္ဍာန်ဖြစ်၏။

နံဘေး တဖက်တချက်ယို မတ်ရပ်တော်တို့မှာ နောက်ခံမုခ်တံကဲနှင့် ကြာပလ္လင်ထက် ရပ်တော်မူလျက် ယိုကြ၏။ ၎င်းပုံတော်တို့မှာ ဖုရားပုံတော်များနှင့်မခြားပဲ အလယ်ပုံတော်၏လက်ျာဖက်ယို ရပ်တော်မူမှာ လက်ဝဲလက်ကို ရင်သို့အပ်၍ မဟာကာရုဏိကမုဒြ ခေါ် လက်ကိုမှောက်လျက် တွေ့မြင်ရ၏။ လက်ျာဖက် လက်မှာ အောက်သို့ဆန့်တန်းလျက် တွဲလဲချပြီးလျှင် ဝရဒမုဒြခေါ် လက်ကိုဖြန့်လျက်ပါ၏၊ လက်ဝဲဖက်ယို မတ်ရပ်တော်မှာလည်း မုခ်တံကဲနှင့် ကြာပွင့်ခံလျက် လက်ျာဖက်ယို ရပ်တော်မူကဲ့သို့ ရပ်တော်မူလျက်၊ လက်ျာဖက်ကို ရင်သို့အပ်လျက် အဘယမုဒြခေါ် လက်ဝါးတော်ကိုဖြန့်လျက် နေဟန်ဖြစ်၍၊ လက်ဝဲလက်တော်သည် တွဲလဲချပြီးလျှင် သက်န်းစများကို ဆုပ်ကိုင်လျက် နေဟန်ဖြစ်၏။ ၎င်းရပ်တော်မူနှစ်ဆူတို့သည် မဟာယာဉ်ဂိုဏ်း အလိုအားဖြင့် အရိမိတ္တေယျဖုရားလောင်း ပုံတော်များလျှင်လည်း ဖြစ်မည်၊ သို့တည်းမဟုတ် ဂိုဏ်းဂဏမခွဲခြားပဲ ဗုဒ္ဓဝင်ဇာတ်ခန်း၌ ယမကပြာဋိဟာ တန်ခိုးပြာဋိဟာပြတော်မူသော အခန်းလည်းဖြစ်မည်၊ (ပုံ–၆၃) ၎င်းတို့အောက်ဖက်တွင် နာဂရီအက္ခရာနှင့် စာ ၂ ကြောင်းပါယိုရာ၊ ၎င်းစာမှာ အခြားမဟုတ် သသ်ကြိုဋ္ဌ–ပါဠိမိဿက ဘာသာဖြင့် " ယေ ဓမ္မာ ဟေတုပြဘဝါ " အစယိုသော ဂါထာဖြင့်၏၊ ၎င်းဂါထာတွင် ပါယိုသောအက္ခရာစာလုံးတို့၏ ပုံသဏ္ဍာန်တို့သည် ပုဂံအနော်ရထာပင်းခေတ်က စာလုံးအက္ခရာတို့၏ ပုံသဏ္ဍာန်များနှင့် ထူးကဲခြားနားခြင်းကို မတွေ့ရပေ၊ ခုနှစ်သကရာဇ်ကို မှန်းဆလိုက်သော် အေ၊ ဒီ၊ ၁၀=ရာစုံနှင့် ၁၁–ရာစုနှစ်လောက် အတွင်းက ဖြစ်၏၊ (ပုံ–၆၄)။

ထိုရုပ်ပွါး ဆင်းတုတော်များနှင့် မုခ်ကံကဲတို့၏ အထက်ဖက်၌ စေတီတော် ကလေးများလည်း တန်းလျက် တဆယ့်နှစ်ဆူ ပါယှိသည်၊ အုတ်ခွက်မှာ မူလက ဘောင်များခတ်လျက် ပါသည်၊ ပုံမှာ ဂုံးချွန်နှင့်လိုက်ဂူသဘောယှိ၏၊ အလျား ၇-လက်မခွဲ၊အနံ ၆-လက်မလောက်ယှိ၏၊ ဘောင်စောက်နှင့် သွန်းလုပ်လေ့ယှိ၏၊ စောက်အနက်မှာ အချို့၌ ၂-လက်မလောက်ပင်ယှိ၏။

(ပုံ–၆၅)၊ နံပါတ်စဉ် (၃) တွင် ဖေါ်ပြထားသော ဗေါဓိကျောင်းဆောင်အောက် ကြာပလ္လင်ပေါ်တွင် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူသော ဆင်းတု၏ပုံသဏ္ဍာန်မှာ အထက်ဖေါ်ပြပါ နံပါတ်စဉ် (၂) တွင် ပါသော ဆင်းတုတော်သုံးဆူနှင့် တလက်ရာတည်း ဖြစ်သည်ဟု ယူဆရပေမည်၊ကြာပလ္လင်အောက်တွင် နာဂရီအက္ခရာနှင့် ပုံနှိပ်စာ ၃-ကြောင်း ပါယှိ၏၊ အက္ခရာတို့သည် မှေးမှိန်လျက်ယှိနေပြီ၊ သို့သော် အမျိုးတူအုတ်ခွက်တို့ကိုစုံ၍ နှိုင်းယှဉ်ဖတ်ကြည့်သော်၊ စာမှာ"ယေဓမ္မာဟေတုပြဘဝါ"အစယှိသော ဂါထာဖြစ်၏။ အက္ခရာတို့မှာ အေ၊ ဒီ၊ ၁၀ ခုနှင့် ၁၁ ခု ရာစု နှစ်လောက်က အိန္ဒိယမြောက်ပိုင်း အက္ခရာများဖြစ်၏။ ကျောင်းဆောင်နှင့် ဆင်းတုတော်၏ နံဘေးတဖက်တချက်၌ စေတီတော်ကလေးများရံလျက် ပါယှိ၏။ ၎င်းတို့သည် နံပါတ်စဉ် (၂) တွင် ပြထားသော အုတ်ခွက်၌ပါသော စေတီကလေးများနှင့် တပုံစံတည်းဖြစ်ကြ၏၊အုတ်ခွက်၏ အတိုင်းအတာမှာ အလျား ၆ ၁/၂ ′ အနံ ၄ ၁/၂ ″ဖြစ်၏၊ထိုအုတ်ခွက်မျိုးတို့ကို ပုဂံ၌လည်း တော်တော်များများပင် တွေ့ရ၏။ သို့သော် ပုဂံအုတ်ခွက်များမှာ ဘောင်စောက်နှင့် သွင်းလေ့သွင်းထ မယှိလှချေ။ အလယ်ယှိ တင်ပြင်ခွေဆင်းတုတော် ပုံချင်းမှာလည်း တူကြ၏၊ သို့သော် ဘေးရံစေတီတော်ကလေးများ စီစဉ်ပုံတို့မှာ အနည်းငယ် ကွဲပြားကြသည်။

နံပါတ်စဉ် (၄) တွင် ဖေါ်ပြထားသောအုတ်ခွက်မှာ အောက်ပိုင်းကျိုးကလေးမျှသာ ဖြစ်၏၊ ထိုအပိုင်းကျိုးတွင် နောက်ခံတံကဲနှင့် တင်ပြင်ခွေဆင်းတုတော်နှစ်ဆူ၊ဘဆူ ချင်း ကိုယ်ခံတော်ရဟန္တာရုပ်နှစ်ဆူစီပါယှိ၏၊ ထိုရဟန္တာများသည် အခြား အုတ်ခွက်များတွင် သွင်းလုပ်ပါယှိသော ရဟန္တာတို့ကဲ့ကို ဒူးတုပ်လျက် ရှိခိုးနေဟန်လည်းမဟုတ်၊ မတ်တပ်ရပ်၍လည်း မဟုတ်၊ လက်နှစ်ဖက်ကိုျက်၍ ရင်ကိုအပ်လျက် ခြေတွဲလဲချပြီးလျှင် တဖက်စောင်းထိုင်နေဟန်ကဲ့သို့ တွေ့မြင်ရ၏၊ ဤအတိုင်းဖြစ်ခဲ့လျှင် လက်နှစ်ဖက်ကိုရှက်၍ ရင်ကိုအပ်လျက် နေဟန်မှာ ရှိခိုးနေဟန်မဟုတ်ပဲ၊ တရားဟောနေဟန်ပုံ ဖြစ်သင့်သည်၊ သို့သော်ပုံတော်များမှာ မထင်ရှားသဖြင့် ရဟန္တာပုံပဲလား သို့တည်းမဟုတ် ယမကတန်ခိုးပြာဋိဟာပြသည့် အခန်းတွင် ဖုရားပုံတော်များပဲလားဟု ခွဲခြား၍ မပြောဆိုနိုင်ပေ၊ တင်ပြင်ခွေကိုယ်တော် တဆူ နှင့် တဆူ အကြားမှာလည်း ဗေါဓိညောင်ပင်သဏ္ဍာန် အကိုင်း အခက်နှင့် သစ်ပင်တပင်စီ ပါယှိ၏၊ ထိုဆင်းတုတော်များအောက်ဖက်၌ ဒါယကာ ဒါယိကာမများတို့၊ ကလပ်များနှင့် လှူဖွယ်ဝတ္ထုများကို လှူဒါန်း ပူဇော်နေဟန်များလည်း ပါယှိ၏။

အုတ်ခွက်အမျိုးမှာ၊ ၃ ၃/၄ ″ ပတ်လည်သာသာလောက် ယှိ၏၊ ထိုအပိုင်းကျိုးတွင် ပါယှိသမျှ ရုပ်တု ဆင်းတု၏ အနေအထားတို့ကို ကြည့်ရှုရသဖြင့် စစ်ကိုင်း၊ ပင်းယ၊ အင်းဝ ခေတ်လောက်က ပုံများဖြစ်မည်ဟု မှန်းဆရ၏။ (ပုံ–၆၆)။

၁၉၆၀-ခုနှစ် မေလအတွင်းတွင် ညွှန်ကြားရေးဝန် တကောင်းမှထပ်မံတွေ့ယှိခဲ့သော အုတ်ခွက်တို့အနက် ထူးခြားသော အုတ်ခွက်တခွက်ပါယှိ၏၊ ၎င်းတွင်ရိုးရိုး ကြာပလ္လင်နှင့် ခြေနှစ်ဖက်ထပ်လျက် တင်ပြင်ခွေဆင်းတုတော်ကလေးတဆူ ပုံနှိပ်ပါယှိ၏။ နံဘေးတဖက်တချက်တွင် ဗေါဓိညောင်ပင်၏ အကိုင်းအခက်များနှင့် မတူပဲ ဂမုန်းပင်များနှင့်တူသော အပင်များပေါက်လျက် တွေ့မြင်ရ၏၊ အုတ်ခွက်၏ပုံမှာ ဝိုင်းဝိုင်းစက်စက် စက်ဆီမီးခွက်သဏ္ဍာန်ယှိ၍၊ ဘောင်တို့မှာ မညီမျှပဲ တဖက်ကထူပြီးလျှင် တဖက်ကပါးလျက်၊ စောက်အနက်မှာလည်း အနိမ့်အမြင့်ဖြစ်လျက် နေ၏၊ အုတ်ခွက်၏အရွယ်မှာ နှစ်လက်မတမတ်လောက်ယှိ၏၊ (ပုံ–၆၇)။ ၎င်းအုတ်ခွက်သည်လည်း အေ၊ ဒီ၊ ၁၁–ရာစုနှစ်ထက် စောမည်မထင်ပေ။နောက်ပင်ကျပေလိမ့်မည်။

ဘကောင်းတွင် တွေ့ယို့ရသော အုတ်ခွက်ဆင်းတုတော်ဘို့အနက် အထက်ဖော်ပြပါ အုတ်ခွက်ဆင်းတုတော်အပြင်၊ အခြား အုတ်ခွက်ဆင်းတုတော်များလည်း ရှေးက ကျောက်စာရုံးတွင် စုဆောင်းထားလျက်ယို့ခဲ့ဟန်တူ၏၊ အကြောင်းဆိုသော် ကျောက်စာဝန်ဟောင်း မစ္စတာ–ဘော်စိန်ကို လက်ထက် မြန်မာပြည်ကျောက်စာဌာနမှ ၁၉၁၆-ခုနှစ်အတွက် ပုံနှိပ်ထုတ်ဝေဖြန့်ချီသောနှစ်ချုပ်စာတမ်း စာမျက်နှာ ၄၀၊ အပိုဒ်၇၉၊ အဆုံးနားလောက်တွင်၊ "အနော်ရထာမင်းကြီးသည် တရုပ်ပြည်သို့ ချီတက်ရာ၊ လမ်းခရီး တကောင်းမြို့၌ တပ်ချနေစဉ်၊ နောင်လာနောက်သားတို့ သိပ်ိုကြစေခြင်း အထိမ်းအမှတ်အနေနှင့် ဖုရားတည်၍ မိမိ၏ဘွဲ့တံဆိပ်နာမံခတ်နှိပ်လျက်ပါယို့သော အုတ်ခွက်များကို (ဌပနာ) ထားခဲ့ဟန် တူ၏'' ဟူ၍ ပါယို့ရာ၊ထိုအုတ်ခွက်များသည် အခြားမဟုတ် အထက်ဘနေရာတွင် ဖော်ပြခဲ့ပြီးဖြစ်သော ပုဂံမြို့ အနော်ရထာမင်း၏ကုသိုလ်တော်ဖြစ်သော ရွှေဆံတော်ဘုရားနှင့် အခြားနေရာအနှံ့အပြားတို့၌တွေ့ယို့ရ၍ "မယာနိရုဒ္ဓဒေဝေန ''အစချီလျက် နာဂရီအက္ခရာနှင့် သင်္ကြိုင်ဘာသာဖြင့် ပုံနှိပ်လျက်ပါယို့သော အနော်ရထာမင်း၏ အုတ်ခွက်များနှင့် တမျိုးတည်း တစားတည်း ဖြစ်ကြ၏၊ မစ္စတာတော်စိန်ခို၏ မှတ်တမ်းတွင် "မယာနိရုဒ္ဓဒေဝ''ကို "မယာဇြိရုဒ္ဓဒေဝ''ဟု ပါယို့ရာ၊ အုတ်ခွက်ပုံနှိပ်စာမှာ မှေးမှိန်ပျက်စီးနေသဖြင့် မသင်ရှားနေသောစာကို ''မယာဇြိရုဒ္ဓဒေဝ''ဟူ၍ မှန်းဆဖတ်ရှုရခြင်းကြောင့် ဖြစ်သည်။ အမှန်မှာ ''မယာနိရုဒ္ဓဒေဝ''ဟူ၍သာ ဖြစ်သင့်သည်။ (ပုံ–၉)။

ထိုဖော်ပြပါ အကြောင်းတို့ကိုထောက်၍ "မြန်မာအစတကောင်းက" ဟု ဆိုရိုးယို့သော်လည်း၊ မြန်မာတို့၏ ယဉ်ကျေးမှုသည် တကောင်း၌ ပုဂံအနော်ရထာမင်းကို လွန်၍ အထောက်အထား အကိုးအကားတို့ကို လက်ဆုပ်လက်ကိုင် မတွေ့ရသေးချေ။

## ကသာခရိုင်

## နွားတလည်ရွာမှရယို့သော အနော်ရထာမင်း၏အုတ်ခွက်ဆင်းတုတော်တဆူ။

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကမ္ဘည်းကျောက်စာဝန်၏ ၁၉၄၇–၄၈ ခုနှစ်အတွက် နှစ်ချုပ်အစီရင်ခံစာမျက်နှာ ၈ နှင့် ၉ တွင် ဖော်ပြချက်ဘခု၌ အထက်မြန်မာနိုင်ငံ မိုးကုတ်၊မိုးမိတ်သစ်တောနယ်အဝင်၊ ဒေိုးရွာအနီး၊ နွားတလည်ရွာဟောင်းတွင် ရှေးဟောင်းစေတီလေးတဆူမှ တူးဖော်ရယို့သော ဌပနာပစ္စည်းများကို စေဘီသစ်တဆူ၌ ထပ်မံထည့်သွင်းဌပနာရာတွင် ဗုဒ္ဓဝင်အုတ်ခွက်၊ သမ္ဗုဒ္ဓေအုတ်ခွက်များပါယို့ကြောင်းကို တွေ့ရသည်၊ သမ္ဗုဒ္ဓေအုတ်ခွက်ခေါ် အုတ်ခွက်ဆင်းတုတော်ဘဆူမှာ ထိုနေရာသို့ သွားရောက်ကြည့်ရှု စစ်ဆေးသော ကျောက်စာဝန်ဟောင်း ဦးလူဖေဝင်း၏ ပြောဆိုချက်အရ၊ အနော်ရထာ၏ အုတ်ခွက် ဖြစ်ကြောင်းကို သိရသည်။

အုတ်ခွက်မှာ ဂုံးချွန်နှင့် ဘောင်ခတ်လျက် လိုက်ဂူသဏ္ဍာန်ဖြစ်သည်၊အတိုင်းအတာမှာ အမြင့် ၆ လက်မခွဲ သာသာယို့သည်၊ အောက်ဘောင် အလျားမှာ ၅ လက်မခွဲနီးပါးယို့သည်၊ ၎င်း၏ထူးခြားချက်မှာ တကောင်း အုတ်ခွက်များကဲ့သို့ ပတ်လည်ခတ်လျက် ယို့သောဘောင်မှာ စောက်အနက် ၁ လက်မခွဲသာသာ ယို့သည်၊ အုတ်ခွက်၏မျက်နှာဖက်တွင် ဆင်းတုတော်များနှင့် စေတီတော်ရံများပါသည်၊ ကျောဖက်တွင် **သောဘဂဝါ** အစယို့သော အနော်ရထာမင်း၏ လက်ရေးစာပါသည်၊ (ပုံ–၆၈ က နှင့် ခ)။၎င်းတို့၏အကြောင်းကို အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်သော အနော်ရထာမင်း၏ အုတ်ခွက်များ၏အကြောင်းများနှင့် စပ်လျဉ်း၍ ပြောဆိုခဲ့သော အချက်တို့တွင် ပါယို့ပြီးဖြစ်သည်၊ ၎င်းအုတ်ခွက်ပုံစံအတိုင်း အုတ်ခွက်တခုကို ရေဦးမြို့ ပညာဝန်ထောက် ဦးသောင်းထံ၌လည်း တွေ့ရသည်၊ ၎င်းကို ရေဦး နယ် ချမ်းသာရွာ အနောက်ဖက် ရေကန်အတွင်းမှ ရသည်ဟု ဦးသောင်းမှ တဆင့် သိရသည်။

## မင်းဘူးမြို့နယ်၊ ဖေါင်းလင်းမှ အုတ်ခွက်များ။

၁၉၀၆–၀၇ ခုနှစ်အတွက်၊ မြန်မာပြည် ကမ္ဘည်းကျောက်စာဌာနမှ ပုံနှိပ်ထုတ်ဝေဖြန့်ချီသော နှစ်ချုပ်စာတမ်း နောက်ဆက်တွဲ (င)၊ဓါတ်ပုံစာရင်း နံပါတ် ၄၅၀ မှ ၄၅၃ တွင် မင်းဘူးနယ် ဖေါင်းလင်းမှ အုတ်ခွက်ဆင်းတုတော်လေးဆူ၏ဓါတ်ပုံစာရင်းကို တွေ့ယှိရသည်။ ၎င်းတို့မှာ (၄၅၀) နတ်ရုပ်နှင့် အုတ်ခွက်၊ (၄၅၁)–ဗုဒ္ဓရုပ်ပွါးဆင်းတုတော်နှင့်အုတ်ခွက်(၄၅၂)–သင်္ကြိုဋ္ဌစာနှင့်အုတ်ခွက်။ (၄၅၃) –ပါဠိစာနှင့် အုတ်ခွက်များ ဖြစ်ကြသည်ဟု ဆိုသည်။ ၎င်းတို့ကိုလည်း ထပ်မံလေ့လာပြီး ဤနေရာတွင် ဖေါ်ပြလိုက်ပါသည်။

အထက် ဖေါ်ပြပါ နံပါတ် (၄၅၀) နှင့် နတ်ရုပ်ပါသော အုတ်ခွက်ကို (ပုံ–၆၉) တွင် ပြထားသည်။ နတ်ရုပ်ဆိုသည်မှာ မည်သည့်နတ်ရုပ်မှန်း မသိရချေ။ရုပ်ပုံမှာ ဓါတ်ပုံအရ မှန်းဆခြင်းအားဖြင့် ကြာရိုးကြာတံနှင့် ကြာပွင့်ပေါ်တွင် နောက်ခံတံကဲနှင့် ခြေတဖက်တင် တဖက်ချ၊ မင်းထိုင်ထိုင်လျက် ဇဋ္ဌာမကုဋ္ဌခေါ် မကိုဋ်ဆင်၍ မင်းဝတ်စားတန်းဆာနှင့် မင်းရုပ်ပုံတခုကို တွေ့မြင်ရသည်၊ မျက်နှာပုံမှာ ရယ်ရွှင်နေဟန်ဖြစ်သည်၊ လက်ျာဖက်လက်မှာ ဖြန့်လျက် ချထားသော ခြေ၏ဒူးပေါ်တွင် တင်ထားသည်။ ထိုသို့ လက်ကိုဖြန့်လျက် နေဟန်မှာ ဝရမုဒြ-ဆုပေးနေဟန်ဖြစ်သည်။ လက်ဝဲဖက်လက်မှာကွေးလျက် ပလ္လင်ပေါ်တွင် တင်ထားသော ခြေသလုံးနှင့် ပေါင်ပေါ်တွင် မှောက်၍တင်ပြီးလျှင်၊ ပခုံးထက်၌ ထွက်လျက်ယှိသော ကြာပွင့်ကြာပန်းတို့၏ ကြာရိုးကြာတံကို ကိုင်ထားဟန်တူသည်၊ ကြာပလ္လင်အောက်နှင့် အုတ်ခွက်၏ လက်ျာဖက်ဘေးကိုပတ်၍ ရှေးဟောင်း နာဂရီအက္ခရာနှင့် ပုံနှိပ်စာတကြောင်းပါသည်။ သို့သော် အက္ခရာတို့သည် မှေးမှိန်လျက် ယှိနေသဖြင့် မဖတ်သာချေ။

ထိုအချက်တို့ကို ခြုံ၍ကြည့်လိုက်သော်၊ မူလကနတ်ရုပ်ဆိုသော်လည်း ရိုးရိုးနတ်ရုပ်မဟုတ်၊ ဗုဒ္ဓဘာသာ မဟာယာဉ်ဂိုဏ်းအလိုအားဖြင့် ရွှေငွေဥစ္စာပစ္စည်းဘဏ္ဍာတို့ကိုပေးတတ်သော ဇမ္ဘလခေါ် ဖုရားလောင်းတဆူ၏ ရုပ်တုဖြစ်ဟန်တူသည်။ သို့သော် သာဓနမာလာနှာ မကိုက်ညီကြောင်း တွေ့ရသည်။ သာဓနမာလာအလို အားဖြင့် ဇမ္ဘလ၏အဆောင်အယောင်မှာ ဝမ်းဗိုက်ရွှဲနှင့် လက်ျာဖက်လက်တွင် ရှောက်သီးကို ကိုင်၍၊ လက်ဝဲဖက် လက်တွင် မြွေပါကို ဆုပ်လျက်ပါယှိရမည်။ မြန်မာပြည်တွင် တွေ့ယှိရသော မဟာယာဉ်ဂိုဏ်း ရုပ်တုဆင်းတုတို့မှာ သာဓနမာလာနှင့် မကိုက်ညီလှကြောင်းကို အချို့နေရာ၌ တွေ့ရသည်။ တနည်းအားဖြင့်လည်း ထိုပုံသည် ဖုရားလောင်း အဝလောကိတေသွရပုံလျှင်လည်း ဖြစ်တန်ရာသည်၊ ၎င်းပုံအတိုင်း အုတ်ခွက်တဆူကို ပုဂံမြို့၊ မြင်းကပါရွာ စိန်းညက်ညီအစ်မဖုရားနှစ်ဆူအနီးယှိ ကုန်းတကုန်းမှလည်း တွေ့ရဘူးသည် (၄၅၁) ဗုဒ္ဓရုပ်ပွါး ဆင်းတုတော်နှင့် အုတ်ခွက်၏ ဓါတ်ပုံမှာ မထင်ရှား၍ ဤနေရာတွင် မဖေါ်ပြတော့ချေ။ ရေးရေးသာမြင်ရ၍ ထူးခြားဟန်လည်း မတူပေ၊ ၎င်းအပြင် (၄၅၂) –သင်္ကြိုဋ္ဌစာပါသောအုတ်ခွက်နှင့် (၄၅၃) –ပါဠိစာပါသော အုတ်ခွက်တချပ်တည်း၌ သင်္ကြိုဋ္ဌစာလည်းပါ၍ ပါဠိစာလည်း ပါခြင်းကြောင့်၊ ဓါတ်ပုံနှစ်ခုခွဲ၍ သင်္ကြိုဋ္ဌစာ၊ ပါဠိစာ၊ စသည်ဖြင့် စာရင်းတွင် ရေးမှတ်လျက်ပါသည်၊ အုတ်ခွက်မှာ အပိုင်းကျိုးဖြစ်သည်၊ ၎င်းသည် အခြားမဟုတ်၊အထက်ဘနေ၌ ဓါတ်ပုံ(၈)နှင့် (၉) တွင် ဖေါ်ပြခဲ့သည့်အတိုင်း အနော်ရထာမင်း၏ အုတ်ခွက်ဖြစ်သည်၊သင်္ကြိုဋ္ဌစာမှာ အုတ်ခွက်၏ မျက်နှာဖက် အောက်ခြေတွင်ပါသော ရှေးဟောင်း နာဂရီအက္ခရာနှင့် ပုံနှိပ်စာဖြစ်သည်၊ (ပုံ–၇၀)။ ပါဠိစာမှာ အုတ်ခွက်၏ အောက်ဘောင် အောက်ဖက်တွင် "ဧသောဘဂဝါ" စသည်ဖြင့် အနော်ရထာမင်း၏ ဆုတောင်းလက်ရေးစာဖြစ်သည်။ (ပုံ–၇၁)

( ၅၃ )

## သာစည်မြို့နယ်-ဆံမြိတ်ရှည်ရွာ၌ တွေ့ယိုရသော အုတ်ခွက်ဖုရားများ။

၁၉၁၉-ခုနှစ်အတွက်၊ မြန်မာပြည် ကမ္ပည်းကျောက်စာဌာန နှစ်ချုပ်စာတမ်း မျက်နှာနံပါတ် ၂၄-အပုဒ် ၄၂ တွင်၊ သာစည်မြို့နယ် ဆံမြိတ်ရှည်ရွာ၌ အုတ်ခွက်ဖုရားဆူရေ ၃၂ ဆူ တွေ့ယိုကြောင်း မှတ်တမ်း ရေးသားလျက် ပါယှိရာ ၎င်းဆူရေ ၃၂ ဆူ အနက်၊ ၂ ဆူကို ကျောက် စာ ရုံးသို့ ယူဆောင် လာ ကြောင်း-ကျောက်စာဝန်ဟောင်း မစ္စတာစီ၊ ဒူရွိုက်ဆယ်၏ မှတ်တမ်းတွင် ပါယှိသည်၊ သို့သော် ၎င်းတို့ကို ကျောက်စာ ရုံး၌ စုဆောင်းထားသော အုတ်ခွက်တို့အထဲတွင် တဆူသာလျှင် တွေ့ရသေးသည်။ အထက်ဖေါ်ပြပါမှတ်တမ်း အရ၊ ၎င်းအုတ်ခွက်တို့၏ မျက်နှာဖက်တွင် ဒီပင်္ကရာမြတ်စွာဖုရားမှအစ ဖုရားဆူရေပုံတော်ပေါင်း နှင်ကျိပ်ရှစ်ဆူ ပါကြောင်း၊ အလယ်ဆင်းတုတော်၏ အရွယ်မှာ အခြားဆင်တုတော်ထက် အနည်းငယ် ကြီးကြောင်း ပါယှိ သည်၊ မျက်နှာဖက်အောက်ခြေ၌ မြန်မာပုံနှိပ်စာတကြောင်းပါယှိရာ၊ ၎င်းကို "ငါကာနိရာပန်လ်ဝ်သောဝ်တေ" ဟု ဖတ်ရ၏၊ အုတ်ခွက်၏ အတိုင်းအတာမှာ ၆×၄ စီယှိကြ၏၊ အက္ခရာများ၏ အရေးအသားမှာ၊ အေ၊ ဒီ ၁၂-ရာစု၊ ၁၃-ရာစုနှစ်အတွင်း လောက်ကဖြစ်၏၊ နှင်ကျိပ်ရှစ်ဆူ ဖုရားပုံတော်ကလေးများမှာ အနော်ရထာ-အလောင်းစည်သူမင်းတို့လက်ထက်ကလောက် ပြတ်ပြတ်သားသား ထင်ထင်ရှားရှား မယှိချေ။ (ပုံ ၇၂)။

၁၉၂၁-၂၂ ခုနှစ်အတွင်း မြန်မာပြည်ကျောက်စာဌာနမှ အထက်ဖေါ်ပြပါ အုတ်ခွက်ဖုရားများ တွေ့ ယှိရသော နေရာအနီးတဝိုက်၌ သွားရောက် စမ်းသပ်တူးဖေါ်ရာ ကုန်းတကုန်းမှ အုတ်ခွက်အကျိုး အကောင်း ဆူရေပေါင်း ၂၆ ဆူကို ထပ်မံတွေ့ယှိရ၏၊ ၎င်းတို့အထဲတွင် ထူခြားသော အုတ်ခွက်တဆူမှာ (အပိုင်းကျိုး) အနော်ရထာမင်းတို့၏ တံဆိပ်နာမံခတ်လျက်ပါသော အုတ်ခွက်ဖြစ်၏၊ ၎င်းသည် ပြည့်ပြည့်စုံစုံ ယှိခဲ့လျှင် (ပုံ ၁၀) တွင် ပြထားသော အနော်ရထာမင်း၏၊ အုတ်ခွက်နှင့် တပုံစံတစုံနစ်တည်း ဖြစ်၏၊ သို့သော် ၎င်း အုတ်ခွက်တွင်ပါသော အက္ခရာစာလုံးများနှင့် ဆင်းတုတော်ပုံတို့မှာ ပြတ်ပြတ်သားသားမယှိ၊ ပွတာနှင့် မြေဖြင့် လုပ်သော အုတ်တံဆိပ်အတုမှ သွင်းလုပ်သောပုံ ဖြစ်ဟန်တူ၏၊ ဤအတိုင်းမှန်လျှင် ထိုအုတ်ခွက် တွေ့ယှိသော ကုန်းမှာ အနော်ရထာမင်းခေတ်ထက် နောက်ကျ၍ အေ၊ ဒီ၊ ၁၃-ရာစုနှစ် ၁၄-ရာစုနှစ်လောက်က ဖုရားကုန်း ဖြစ်တန်ရာ၏။

ဆံမြိတ်ရှည်ကဟူ၍ အမှတ်အသားနှင့် အုတ်ခွက်ဆင်းတုတော် ၅ ဆူကို တွေ့ရပြန်သေး၏။ ၎င်းတို့ကို အထက်က ဖေါ်ပြခဲ့သော အုတ်ခွက်များနှင့်အတူ တွေ့ယှိဟန်တူ၏။ အုတ်ခွက်တို့၏ ပုံသဏ္ဍာန်မှာ ဂုံးချွန်နှင့် လိုဏ်ဂူသဏ္ဍာန်ဖြစ်၏၊ အမြင့် ၅ လက်မ၊ အောက်ဘောင်အကျယ် ၃၃ လက်မလောက်ယှိ၏။ ဝမ်းဖက်တွင် နောက်ခံတံကဲနှင့် ကြာပလ္လင်ပေါ်ထက် ရိုးရိုးတင်ပြင်ခွေဆင်းတုတော်ဘဆူပါ၏၊ တံကဲမုခ်အထက် စေတီတဆူ တက်လျက်ယှိ၏၊ ဘေးတဖက်တချက် စေတီရံ ၃ ဆူစီနှင့် ဗောဓိအကိုင်းအခက်တို့ပါ၏၊ (ပုံ-၇၃)။ ဆင်းတု တော်ကြာပလ္လင်အောက်နှင့် အောက်ဘောင်အကြားအတွင်းတွင် စာ ၂ ကြောင်းပါဟန်တူ၏၊ သို့သော် ၎င်း တို့မှာ ပြွန်းတီးလျက်ယှိနေသဖြင့်-ရေးရေးလောက်သာ မြင်ရတော့သည်၊ မဖတ်သာချေ၊ ဆင်းတုတော်မှာလည်း ပြွန်းတီးလျက်ယှိနေသဖြင့် မျက်ခုံး မျက်လုံးတို့ပင် မပေါ်တော့ချေ၊ သို့သော် ၎င်းတို့ ပုံသဏ္ဍာန်ကို ထောက်ချင့် ရခြင်းအားဖြင့် ပုဂံဆက် နောက်ပိုင်းလောက်ကပုံများ ဖြစ်မည်ဟု မှန်းဆရ၏။

အောက်ဘောင်အောက်တွင် အက္ခရာတလုံးစ နှစ်လုံးစ ရေးလျက်ပါယှိ၏။ ၎င်းတို့ အရေးအသားမှာ ရှေးမကျလှချေ၊ ၎င်းတို့၏ အဓိပ္ပါယ်တို့ကိုလည်း မဖေါ်တတ်ချေ။ အုတ်ခွက် ၅ ဆူအနက် ၃ ဆူမှာ ထောင် လျက် မျဉ်း ၂ ကြောင်းအဘွင်းတွင်၊ တဆူ၌ ''ခု''၊ အခြားတဆူ၌ "ဂံ"၊ အခြားတဆူ "ည"ဟု ပါ၏။ စတုတ္ထ အုတ်ခွက်မှာ မျဉ်းမပါပဲ၊ ဗိန္ဒု၊ သုံးညကလေးနှင့် စပြီး "န"ဟူသော အက္ခရာတလုံးပါ၏၊ ပဥ္စမအုတ်ခွက်မှာ အက္ခရာလုံး၀ မပါချေ။

( ၅၄ )

## စစ်ကိုင်းမြို့ ထူပါရုံစေတီတော်မှရသော အုတ်ခွက်များ။

(ပုံ–၇၃)။ စစ်ကိုင်းမြို့၊ ထူပါရုံစေတီတော်မှ ရယူသည်ဟု အမှတ်အသားနှင့် အုတ်ခွက်ဆင်းတုတော် ကလေးသုံးဆူကို ဂူးတွင်စုဆောင်းထားသော အုတ်ခွက် ဆင်းတုတော်များနှင့် အတူ တွေ့ယူရသည်။ ထိုဆင်းတုတော်ကလေးတို့မှာ တမျိုးတည်း တစားတည်းဖြစ်သည်။ ပုံသဏ္ဌာန်မှာ အချို့သော ပုဂံအုတ်ခွက်များကဲ့သို့ ဘေးပတ်လည် ဘောင်မပါပဲ၊ ဂုံးချွန်နှင့်လျှော့ကျသဏ္ဌာန်ယူသည်၊ မျက်နှာဖက်တွင် နောက်ခံတံကဲနှင့် ကြာပလ္လင်ပေါ်တွင် လက်တော်ဗယ်ဘင်ညာချတင်ပြင်ခွေ ဗုဒ္ဓရုပ်ပွါးတော်တဆူပါသည်။ တံကဲအတွင်း ရုပ်ပွါးတော်၏ ပခုံးတဖက်တချက် အထက်နား၌၊ ချယားပွင့်ပုံသဏ္ဌာန်ယူသော ပန်းပွင့်ကလေး တခုစီပါသည်၊ တံကဲ၏ အပြင်ဖက်၊ ဆင်းတုတော်၏တဖက်တချက်၌ အလယ်ကြာပလ္လင်အောက်မှ ထွက်ပေါ်လာသော ကြာရိုးကြာတံတို့နှင့် ကြာပွင့်ထက် ပုဆစ်ဒူးတုပ်လျှက် အသယ်ဆင်းတုတော်ဖက်သို့ မျက်နှာမူ၍ ရှိခိုးနေဟန် ရဟန္တာရုပ်တဆူစီနှင့် ထိုရဟန္တာရုပ်အထက်ကြာသွတ်အိုးသဏ္ဌာန်ယူသော စေတီတော်ကလေး တဆူစီပါသည်။

အလယ်ဆင်းတုတော်နောက်ခံတံကဲ၏ပုံမှာ ဆင်းတုတော်၏ဒူးများထက် တဖက်တချက်မှ ပွတ်ခုံတိုင်ကို အောက်ခံပြု၍ ဂုံးတက်သွားသည်။ ထိုဂုံး၏ အထက်မှတဖန် စေတီတော်၏ အထက်ပိုင်းဖြစ်သော ဖေါင်းရစ်များ တက်သွားပုံကိုမြင်ရသည်၊ ထိုဖေါင်းရစ်၏ အောက်ပိုင်းတွင် အောက်ခံဂုံးထိပ်ကိုကပ်လျှက် ဘီလူးပန်းဆွဲပုံပါသည်။ ၎င်းတို့၏ တဖက်တချက်မှ ဗေါ်ဓိအကိုင်း အခက်ပုံများ ပါယူသည်။ အုတ်ခွက်နခမ်းကို ကပ်လျှက် ပုလဲလုံးကလေးများသဏ္ဌာန်စီလျှက် ဝိုက်ပတ်ထားသည်။

ထိုအုတ်ခွက်တွင်ပါသော နောက်ခံတံကဲနှင့် တကွ ဆင်းတုတော်ပုံတို့သည် ပုဂံဆက် ဖြစ်ကြောင်းကို အထူးတလည် ပြောဘွယ်ရာမယူခပ။ သို့သော် ၎င်းတို့မှာ ခေတ်ကာလအလိုက် အပြောင်းအလဲ ယူကြသည်။ ထူပါရုံစေတီတော်ကို အင်းဝမင်း နရပတိသည် ဂေါစာသကရာဇ် ၈၀၆ ခုနှစ်၌ဘည်သည်။ အုတ်ခွက်တွင် စာတမ်းအမှတ်အသား အက္ခရာများမပါချေ။ သို့သော် အုတ်ခွက်၏ ပုံသဏ္ဌာန်တို့မှာ ခေတ်အပြောင်းအလဲ၊ စစ်ကိုင်းထူပါရုံခေတ်မှ အုတ်ခွက်များဖြစ်သည်ဟု အမှတ်ဘရထင်ရှားသော သာဓကတခုဖြစ်သည်။

## သထုံရွှေစာရံဖုရားမှအုတ်ခွက်များ

၁၉၃၂–၃၃ ခုနှစ်အတွင်း သထုံရွှေစာရံဖုရား ဝတ်ကျောင်းအတွင်းတွေ့သော အုတ်ခွက်ဖုရားဟု ကဗျည်းထိုး၍ အုတ်ခွက်အကျိုးအပဲ့ငါးဆူတွေ့ယူရသည်၊ ယင်းတို့သည် တမျိုးတည်း တစားဖြစ်သည်၊ ၎င်းတို့အပြင်၊ ၁၉၁၉–၂၀ ခုနှစ်အဘွင်းက သထုံနယ် ဘင်ဂျီဂူမှရသည်ဟု အမှတ်အသားနှင့် အုတ်ခွက်ဓါတ်ပုံတချပ်ကိုတွေ့ရသည်၊ ထိုဓါတ်ပုံနှင့်သထုံမှ ဖေါ်ပြပါ အုတ်ခွက်အကျိုးအပဲ့တို့ကို နှိုင်းယှဉ်၍ကြည့်ရာ ၎င်းတို့သည် တပုံစံတည်း ဖြစ်နေကြောင်းကို တွေ့မြင်ရသည်၊ ထိုဓါတ်ပုံအရ၊ (ပုံ–၇၅)။ မူလအုတ်ခွက်များမှာ၊ များသောအားဖြင့် ပုဂံဘွင် တွေ့ယူရသော အုတ်ခွက်တို့ကဲ့သို့ ဂုံးချွန်နှင့် လိုဏ်ဂူသဘောယူသော အုတ်ခွက်များ ဖြစ်ကြသည်၊ သို့သော် အသေးစိတ်၍ကြည့်လိုက်သော် အနည်းငယ် ကွဲပြားကြသည်။

သထုံနှင့်ဘင်ဂျီဂူအုတ်ခွက်တို့၏ အလယ်တွင် မုခ်ပေါင်းကူးတံကဲအောက်၊ ပလ္လင်နှစ်ဆင့်နှင့် ကြာကလပ်ထက် ရိုးရိုးထက်ဝက်ဖွဲ့ခွေထိုင်နေဘော်မူသော ဆင်းတုတော်တဆူပါသည်၊၊မုခ်ပေါင်းကူးအထက် ကွမ်းတောင်နှင့် စေတီတက်လျှက်ပါသည်။ ကွမ်းတောင်နှင့် စေတီတဖက်တချက် ဗေါ်ဓိပင် အကိုင်းအခက် အရွက် အလက်

တို့ ပုံသဏ္ဌာန်များလည်း ပါယှိသည်၊ ဆင်းတုတော်နှင့် ကျောင်းဆောင်တဖက်တချက် စေတီရံနှစ်ဆူစီပါသည်၊ ၎င်းတို့အပြင်ဖက်က အုတ်ခွက်အတွင်းနခမ်းကို ကပ်လျက် ပုလဲလုံးသဏ္ဌာန် အလုံးကလေးများစီ၍ ဝန်းဝိုင်းဆင်မြန်းလျက်ပါသည်၊ ၎င်းပုံသဏ္ဌာန်တို့ကို ရုတ်တရက် မြင်လိုက်ရသောအခါ ထိုအုတ်ခွက်တို့သည် ပုဂံခေတ်ထက်ပင် ရှေးကျမည်လောဟု သံသယဖြစ်ပေါ်လာမိသည်၊ ထိုသံသယကိုနှင်းလို၍၊ အုတ်ခွက်တွင်ပါယှိသော ရုပ်တုဆင်းတု အဆောက်အဦ ပုံသဏ္ဌာန်တို့ကို အသေးစိတ်၍ ကြည့်လိုက်သော် ဘေးရံစေတီများ၏ ခေါင်းလောင်းပုံနှင့် ထီးပုံတို့မှာ ပုဂံခေတ်က စေတီရံကလေးများနှင့်မတူပဲ၊ သရေခေတ္တရာနောက်ပိုင်းခေတ်၊ အေ၊ ဒီ၊ ရှစ်ရာစုနှစ်မှဆယ်ရာစုနှစ် အတွင်းလောက်က အုတ်ခွက်များတွင် တွေ့ယှိရသော စေတီရံကလေးများနှင့် တူလှသည်၊ ပုဂံခေတ်စေတီရံကလေးတို့၏ ခေါင်းလောင်းပုံများမှာ များသောအားဖြင့် ရှည်မျောမျောနှင့် အောက်ခံမပါပဲ၊ ခေါင်းလောင်းပုံဆိုသည့်အတိုင်း ခေါင်းလောင်းနှင့် တူသောပုံသဏ္ဌာန်ယှိသည်၊ သထုံအုတ်ခွက်တို့၌ ပါယှိသော စေတီရံကလေးများမှာမူ အောက်မှပလ္လင်ခံ၍၎င်း အထက်ခေါင်းလောင်းပုံနေရာတွင် ကြာသွတ်အိုးသဏ္ဌာန်ယှိသော အိုးပုံကလေးကိုတင်၍ အထက်၌ လေးဆင့်ယှိသော ထီးဖြင့်အုပ်မိုးလျက်ပါ၏။ထို့အပြင် တင်ပြင်ခွေဆင်းတုတော်အောက်ခံပလ္လင်မှာ ပုဂံခေတ်ခွက်ပါပလ္လင်များနှင့် ကွဲပြားကြ၏၊ ကြာကလပ်ဆင့်လျက်ယှိသော အောက်ခံပလ္လင်မှာ ဘေးရံစေတီကလေးများမှာကဲ့သို့ ခုံမဏ္ဍိုင်နှင့် အတိုးအဆုတ် ပလ္လင်နှစ်ထပ်ဆင့်လျက် အောက်ထပ်တဖက်တချက်အစွန်းမှ ခြေကိုထောက်၍ အပြင်ဖက်သို့ ခုန်ထွက်နေဟန် ဗျာလခေါ် သားရဲမျိုးရုပ် တချပ်စီပါ၏၊ ထိုပလ္လင်ထက်ယှိ ကြာကလပ်ပေါ်တွင် ထက်ဝယ်ခွေထိုင်နေတော်မူသောဖုရားရှင်ရုပ်ပွါးဆင်းတုတော်မှာလည်း၊ ရင်အုပ်ကျယ်နှင့်ချလျက်ထားသော ဗယ်လက်တော်၏ လက်ဖျားတို့မှာ သရေခေတ္တရာမှအချို့ အုတ်ခွက်များတွင် တွေ့ယှိရသကဲ့သို့ ကွေးလျက်ယှိသော ခြေသလုံးတော်ကို အုပ်လျက်သာမြင်ရ၏။ ပုဂံခေတ်အုတ်ခွက်များကဲ့သို့ အောက်ခံကြာပလ္လင်၏အစွန်းကိုထိလျက်၊ အုတ်လျက်ယှိခြင်းတို့ကိုမတွေ့ရချေ၊မဏိတော်ထက် ဥဏှိသပုံတော်မှာလည်း မထင်ရှားလှချေ၊ ဤအချက်အသက်တို့ကို ထောက်၍ သထုံနှင့်ဘင်္ဂါလမှဖေါ်ပြပါအုတ်ခွက်တို့သည် ပုဂံအနော်ရထာမင်း၏ အုတ်ခွက်များထက် ရှေးကျဟန်တူသည်၊သို့သော် ဖြေရှင်း၍မရသေးသော အချက်တချက်မှာ၊ အလယ်ဆင်းတုတော်၏ ပလ္လင်အောက်၌ ဖေါင်းကြွလျက်ယှိသော ပုံနှိပ်စာနှစ်ကြောင်းပါ၏၊ ထိုစာတွင် ရေးထိုလျက်ပါယှိသော အက္ခရာနှင့် ဘာသာတို့မှာ မွန်–မြန်မာ အက္ခရာနှင့် မွန်ဘာသာဖြစ်နေ၏၊ ၎င်းတို့ကို လက်ငင်းအက္ခရာဖြင့် ပြန်ဆိုရေးသား၍ မြန်မာဘာသာဖြင့် ပြန်ဆိုရေးသားသော် အောက်ပါအတိုင်း ဖြစ်၏။

**၁–ကျက်ကလန်ပီမက**

**၂–နွံဗော်ယ်မိဒသ်ကျက်**

## ဘာသာပြန်ဆိုချက်

၁–ကလန်ပီပြုလုပ်သောဖုရား

၂–ဖုရားဖြစ်လို၍

မရှင်းလင်းသည့်အချက်မှာ၊ ထိုမူလစာ၌ ရေးထိုးထားသော အက္ခရာအရေးအသားတို့သည်၊ ပုဂံအနော်ရထာမင်း၊ ကျန်စစ်သားမင်းတို့နောက်၊ နရပတိစည်သူမင်းလက်ထက် သကရာဇ် ၅၀၀ ကျော် ၆၀၀ တွင်းလောက်က အက္ခရာများနှင့် တူနေကြောင်းကို တွေ့မြင်ရသည်၊ တနည်းအားဖြင့်ဆိုသော်၊ ထိုသထုံအုတ်ခွက်သည်၊ ယင်း၌ပါသော အဆောက်အဦ ရုပ်တုဆင်းတုတို့၏ ပုံသဏ္ဌာန်များတို့က ပုဂံအနော်ရထာမင်းခေတ်ထက်

စော၍၊ အက္ခရာအရေးအသားပုံသဏ္ဌာန်တို့က နောက်ကျကြောင်းကိုပြလျက် ယှိနေသည်။ ၎င်းဆန့်ကျင်ဖက်ဖြစ်သော အချက်နှစ်ချက်ကို ပြေလည်အောင် ဖြေရှင်းနိုင်ဘို့ရာကို မလွယ်ကူလှပေ၊ လက်ယှိအုတ်ခွက်များထက် မကျိုးမပဲ့ ထင်ရှားပြတ်သားသော အုတ်ခွက်များတွေ့ရှိရန် ထပ်မံရှာဖွေရန် လိုပေသေးသည်။ သို့သော် ချိန်ဆဖွယ်ရာတရပ်မှာ လက်ယှိအုတ်ခွက်သည် ပုဂံအနော်ရထာခေတ်ထက်စော၍ ရေးသထုံလက်ရာ၏ လက်ငုတ်မှ ဆင်းသက်လာဟန်တူ၏။ သို့သော် လက်ယှိအခြေအနေအရ ပြောရလျှင်၊ ၎င်းထက် ပိုမိုခိုင်လုံသော အထောက်အထားများ တွေ့ယှိရန် လိုပေသေးသည်။

ဘင်ဂျီဂူမှရသော အုတ်ခွက်၏ အကြောင်းကို မြန်မာနိုင်ငံကျောက်စာဌာနမှ ၁၉၁၉–၂၀ ခုနှစ်အတွင်း ထုတ်ဝေဖြန့်ချီသော နှစ်ချုပ်စာတမ်းမျက်နှာ ၂၄–၂၅ အပိုဒ် ၄၃ တွင် ဖော်ပြထားသည်။ ထို ၁၉၃၂–၃၃ ခုနှစ်အတွင်း၌ပင် သထုံရွှေစာရံဖုရားမှ အုတ်ခွက်တမျိုး တွေ့ယှိခဲ့သေး၏၊ ထိုအုတ်ခွက်သည်လည်း ပုဂံခေတ်ထက် ရှေးကျဟန်တူ၏၊ အုတ်ခွက်မှာ ဂုံးချွန်နှင့်လိုဏ်ဂူသဏ္ဌာန်ယှိ၍ များလှစွာသော ပုဂံအုတ်ခွက်အချို့တို့နှင့် အဆင်အပြင် အသွင်တူကြ၏၊ လိုဏ်ဂူအမြင့်မှာ ၅၂″ ယှိ၍ အောက်ဘောင်အနံမှာ ၃၄″ ယှိ၏၊ ဘောင်အစောက်မှာ ၁-သာသာယှိ၏၊ ထိုလိုဏ်ဂူအတွင်း၌ အလယ်တွင် ကြာပလ္လင်ထက် ရိုးရိုး တင်ပြင်ခွေ ဆင်းတုတော် တဆူပါ၏၊ ပုံတော်မှာ ပွန်းပဲ့လျက် ယှိနေသဖြင့် မျက်နှာတော်ကို မမှန်းဆနိုင်တော့ချေ၊ သို့သော် ပုံတော်၏ အချိုးအစားမှာ ကျနသေချာ၏၊ ဘေးတဖက်တချက်ယှိ စေတီရံကလေး ၄ ဆူမှာလည်း ပုဂံအုတ်ခွက်တွင် တွေ့မြင်ရသော အချို့စေတီတော်ဘာလေးများနှင့် တူကြ၏၊ ဆင်းတုဘော်နောက်ဖက် တံကဲထက်မှလည်း ထီးတစင်းအုပ်မိုးလျက်ပါ၏၊ သို့သော် ထိုဖော်ပြပါ ကံကဲ၏ပုံမှာ ပုဂံပုံများနှင့်မတူပဲ၊ တင်ပြင်ခွေကိုယ်တော်၏ ခွေလျက်ယှိသော ပေါင်အစွန် ဒူး၏ အထက်နားမှ တဖက်တချက် ဘဲဥပုံသဏ္ဌာန် ဝိုက်၍ အထက်သို့ တက်သွား၏၊ ထိုတံကဲ၏ အတွင်းဖက်တွင် ပုလဲလုံးကလေးများကဲ့သို့ စီလျက် အပြင်ဖက်တွင် ကပ်လျက် ပန်းခွေပန်းလိပ်တို့ဖြင့် ဆင်မြန်းထား၏၊ တနည်းအားဖြင့်လည်း ထိုပန်းခွေပန်းလိပ်တို့သည် ဆင်းတုတော်မှထွက်သော ရောင်လျှံတော်ပုံနှင့် တူ၏။ (ပုံ–၇၆)။

ဆင်းတုဘော်ပလ္လင်အောက်ဖက်၌ နာဂရီအက္ခရာဖြင့် စာသုံးကြောင်းပါသည်။ ၎င်းတို့လည်း ပွန်းတီးလျက်ယှိနေပြီး ရေးရေးသာမြင်ရတော့သည်၊ သို့သော် အက္ခရာစာလုံးတို့၏ အရေးအသား အသွားအလာတို့ကို မှန်းဆ၍ ကြည့်ရခြင်းအားဖြင့် နာဂရီအက္ခရာနှင့် "ယေ ဓမ္မာ ဟေတုပြဘဝါ" အစချီလျက် ပါသော စာသုံးကြောင်းဖြစ်သည်။

## ပုသိမ်မြို့၌ တွေ့ယှိရသော
## ဗုဒ္ဓဝင်ရှစ်ခန်းပါသော အုတ်ခွက်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် ရှေးဟောင်း သုတေသန ညွှန်ကြားရေးဝန်၏ ၁၉၅၄–၅၅ ခုနှစ်အတွက် နှစ် ချုပ် အ စီ ရင် ခံ စာ နောက် ဆက် တွဲ (ဂ) မျက်နှာနံပါတ် ၃၁ ဓါတ်ပုံနံပါတ် ၃၆/၅၅၇၀ တွင် ပုသိမ် ဦးမိုကေထံမှရသော အုတ်ခွက်နှစ်ဆူဘွဲ့ဟု အမှတ်အသားပါယှိရာ၊ ၎င်းအုတ်ခွက်နှစ်ခုမှာ တခုသော အုတ်ခွက်သည် ဗုဒ္ဓဝင်ရှစ်ခန်းပါသော အုတ်ခွက်ဖြစ်၏။ ၎င်းအုတ်ခွက်နှင့် တစ်နစ် တပုံစံတည်း ဖြစ်သော အုတ်ခွက်ဘာချပ်ကို မန္တလေးမြို့၊ ရှေးဟောင်းသုပေသနရုံးခွဲ၌ စုဆောင်းထားသော အခြားအုတ်ခွက်တို့နှင့် အတူ တွေ့ယှိရ၏။ ၎င်း ၂ ချပ်ကို တချပ်တည်းပြုလုပ်၍ ၎င်းတို့၏အကြောင်းအရာကို အောက်တွင် ဖေါ်ပြလိုက်ပါသည်။ (ပုံ ၇၇)။ ထိုအုတ်ခွက်တွင် ဌာနအသီးသီး အခန်းခန်းတို့ စီစဉ်ပုံမှာ ပုဂံအနော်ရထာမင်း

လက်ထက် မဟာသာလိနီအုတ်ခွက်ကဲ့သို့၊ * လက်ျာဖက်အောက်ခြေမှအစပြု၍ အထက်သို့ တက်သွားပြီးလျှင် ထိပ်မှလက်ဝဲဖက်သို့ သက်ဆင်းသွားသော်၊ ပဌမအခန်းမှာ– (၁)–မယ်တော်မာယာသားဖွါးခန်း ဖြစ်၏။ ၎င်း၏အထက် ဒုတိယအခန်းမှာ– (၂)–ယမကတန်းခိုးပြာဋိဟာပြခန်း၊ သို့သော် ဤအခန်း၌ လိုရင်းအချက်ဖြစ်သော ခြေတွဲလွဲချ၍ ထိုင်နေသော်မူသော ဘုရားရုံဆင်းတုကလေးနှစ်ဆူတို့ မပါချေ၊ အထက်တန်း တတိယအဆင့်– (၃)–တာဝတိံသာမှ ဆင်းသော အခန်းမှာလည်း အလယ်မတ်ရပ်တော်၏ အောက်သို့ တန်းလျက်ချထားသော လက်ျာဖက်လက်အောက်တွင် ပါလေ့ယှိသော ဒူးတုပ်လျက်ရှိခိုးနေဟန်ဖြစ်သော ရှင်သာရိပုတ္တရာ၏ ရုပ်ပုံမှာ သေသပ်မသေချာလှပဲ ပါယှိ၏။ ၎င်း၏အထက် အုတ်ခွက်ထိပ်၌ ပါယှိသောအခန်းမှာ– (၄)–ပရိနိဗ္ဗာန်ပြုခန်းဖြစ်၏၊ ၎င်း၏ လက်ဝဲဖက်သို့ ဆင်းသွားသော်– (၅)–နာဠဂီရိဆင် ချွတ်ခန်းကို တွေ့ရ၏၊ ၎င်မှတဆင့် အောက်သို့သွားသော်– (၆)–ဓမ္မစကြာတရားဟောခန်းဖြစ်၏၊ ၎င်းအခန်း၌လည်း ချွတ်ယွင်းချက်များ တွေ့ယှိရပြန်၏။ ဤအခန်း၌ ပါနေကျဖြစ်သော ပဉ္စဝဂ္ဂီတို့မှာ တပါးတလေမှ မပါယှိချေ၊ အောက်ဆုံးအခန်းမှာ– (၇)–ပလလေယျတော၌ ပျားမုံဆွမ်းကပ်ခန်းဖြစ်၏၊ အုတ်ခွက်၏အလယ်ယှိ ခန်းမကြီးမှာ– (၈)–ဗောဓိပင်နှင့် ရွှေပလ္လင်အောင်တော်မူခန်းဖြစ်၏၊ ဤအခန်းတွင်ပါသောပုံမှာ ပုဂံအုတ်ခွက်များကဲ့သို့ ပြော့ပလ္လင်ထက် ကြာပလ္လင်ပေါ်တွင် ဗောဓိကျောင်းဆောင်အောက်ရိုးရိုး ဗယ်တင်ညာချထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူသော ဆင်းတုတော်တဆူပါ၏၊ ထိုပလ္လင်အောက်၊ အုတ် ခွက် အောက် ခြေ ကပ် လျက်လက်ဝဲဖက်မှ လက်ျာသို့ဘန်းလျက် ဖေါင်းကြွသောပုံနှိပ်စာတကြောင်း ပါယှိရာ၊ အက္ခရာတို့မှာ မွန်–မြန်မာအက္ခရာများဖြစ်၏၊ ဘာသာမှာ မွန်ဘာသာဖြစ်၍၊ လက်ငင်းအက္ခရာပြန်ဆိုရေးသားသော် အောက်ပါအတိုင်းဖြစ်၏။

**။ ဝေါ ကျာက်–မဟာ (အ) မ (၁)တ်မကိန္ဒမ်**

(ဤဖုရားကို–မဟာအမတ် ပြုလုပ်သည်)။

ထိုစာတမ်းတွင်ပါသည့်အတိုင်း "အမာတ်" ဟူ၍ ဖတ်ဆိုထားသော မူလအက္ခရာ နှစ်လုံးအနက် "အ" အက္ခရာအရေးအသား ပုံသဏ္ဍာန်မှာ H နှင့် ခပ်ဆင်ဆင်တူနေသဖြင့်၊ ၎င်းအက္ခရာပုံ ပေါ်လာခြင်း ခေတ်ကိုထောက်၍ အုတ်ခွက်၏ သက်တမ်းမှာ အင်းဝ ပဌမခေတ် သကရာဇ် ၇၀၀ ကျော်လောက်က သွင်းလုပ်သော အုတ်ခွက်ဖြစ်သည်ဟု ခန့်မှန်းရ၏၊ လက်ရာမှာ မွန်တို့၏ လက်ရာဖြစ်၏၊ အမြင့် ၆၃″၊ အနံ ၄၁⁄₂″ ယှိ၏။

## ထားဝယ်မြို့နယ် - မုတ်ထီးရွာ၊ မုတ်ထီးဖုရားအနီး၌ တွေ့ရှိသော အုတ်ခွက်ဖုရားများ

•

၁၉၂၄ ခုနှစ်အတွင်း၊ တနင်္သာရီခရိုင်၊ မော်လမြိုင်မြို့၌၊ မစ္စတာအိပ် (ချ) အင် (မ) စတီဗီဆင်၊ အိုင်စီအက် (စ) မင်းကြီးယှိစဉ်အခါက၊ ထားဝယ်မြို့နယ်၊ မုတ်ထီးရွာ၊ မုတ်ထီးဖုရားအနီး၊ လယ်ကွင်းတခုထဲမှ ရှေးဟောင်းပစ္စည်းများ တွေ့ယှိရာ၊ ၎င်းတို့အထဲတွင် အုတ်ခွက်ဆင်းတုတော်ပေါင်း ၃၀၀ လောက် တွေ့ယှိရသည်ဟု မြန်မာကမ္ဘည်းကျောက်စာဌာန၊ ၁၉၂၄ ခုနှစ်ပြန်တမ်း၊ စာမျက်နှာနံပါတ် ၃၈ ၌ ဖော်ပြလျက် ပါယှိသည်၊ ၎င်းအုတ်ခွက် ၃၀၀ အနက်၊ ၈ ချပ်ကို မန္တလေးမြို့ ရှေးဟောင်းကမ္ဘည်းကျောက်စာဌာနသို့ ပို့လိုက်ရာ၊ ဌာနမှ

* ဖေါ်ပြပါအုတ်ခွက်တွင် အခန်းခန်းတို့စဉ်ပုံကို လက်ဝဲဖက်၊ လက်ျာဖတ်ဟု အညွှန်းပါယှိရာ၊ ထိုလက်ဝဲ လက်ျာမှာ စာဖတ်သူ၏ လက်ဝဲဖက် လက်ျာဖက်ကို ရည်ညွှန်းပါသည်။

စစ်ဆေးပြီးလျှင်—ကျောဖက်တွင် လက်ရေးစာပါသော အုတ်ခွက်တို့ကို ရွေးချယ်၍၊ ၎င်းတို့၌ပါသော စာသုံးမျိုးကို အထက်ဖော်ပြပါ နှစ်ချုပ်စာတမ်း မျက်နှာနံပါတ် ၃၉ နှင့် ၄၀ တို့တွင် ထိုအခါက လက်ယှိကျောက်စာဝန် မစ္စတာဒူရွိုင်ဆယ်က မှတ်တမ်းတင်ထားခဲ့လေသည်။ ၎င်းမှတ်တမ်းအရ၊ အုတ်ခွက်တို့သည် တမျိုးတည်း ဖြစ်ဟန်တူ၏၊ မျက်နှာဖက်တွင် ရိုးရိုးတင်ပလ္လင်ခွေ ဖုရားဆင်းတုတော်တဆူပါ၍ ကျောဖက်တွင်ပါသော လက်ရေးစာတို့၏ အဓိပ္ပါယ်တို့မှာ အနည်းငယ်ကွဲပြားကြသည်၊ စာပါသော အုတ်ခွက်တို့ကို သုံးမျိုးသုံးစား ခွဲထားရာ၊ ၎င်းသုံးမျိုးစလုံးပင် မွန်ဘာသာနှင့် ရှေးဟောင်း မွန်—မြန်မာအက္ခရာများ ဖြစ်ကြ၏၊ ပဌမအမျိုးတွင်ပါသော စာကို ယခုလက်ငင်းအက္ခရာနှင့် ပြန်ဆိုရေးသားသော် အောက်ပါအတိုင်း ဖြစ်၏။

ပုံ—၇၈။

၁— ကျာက် ဗုဒ္ဓဘိလေယ်

၂— ဝါအ် ဒိုက် တိလိ ပေါယ် ဂ္န

၃— ဩိမ္ငင် ဩိဟ် တြိဘောဝနာ ဒိတျ

၄— ဓမ္မရာစ်သမ္ဗင် အနန္တ ဇေယျ

၅— ဘိကြာန်မမင်ဒဝါယ်မ

၆— လတ်ဗုသစ် (တုယ်)

ဤဗုဒ္ဓမြတ်စွာဖုရား (ရုပ်ပွါးဆင်းတုတော်) ကို ငါတို့ အရှင်ဩိတြိဘောဝနာဒိတျဓမ္မရာဇ် မင်းကြီး၏ ကျွန်ဖြစ်သော ထားဝယ်မြို့ကို အုပ်ထိန်းရသော သမ္ဗင်အနန္တဇေယျဘိကြာန် သွင်းလုပ်သည်။

ဒုတိယအမျိုးတွင်ပါသော စာမှာ အောက်ပါအတိုင်း ဖြစ်၏။

(ပုံကို ရှာမတွေ့ရသေးချေ၊ အက္ခရာကိုပြန်ကို အထက်ဖေါ်ပြပါ နှစ်ချုပ်စာတမ်းမှ ကူးယူထည့်သွင်းလိုက်သည်။)

၁—ကလန်ပွော

၂—ငမလတ်

၃—ကျောက် ကောန်

၄—ပြောဝ်ဟုန်—ပ္လေင်

၅—မကန္ဒံတိအ်

"ပြောဝ်၏သား ဟုန်—ပ္လေင်၏ ဗုဒ္ဓဆင်းတုတော်ကို ကလန်ပွောင်လုပ်သည်။"

တတိယအမျိုးမှာလည်း မူလအုတ်ခွက်ကိုရှာ၍ မတွေ့သေးချေ၊ ဓါတ်ပုံကိုလည်း မတွေ့၊ လက်ရေးစာကို နှစ်ချုပ်စာတမ်းမှ ကူးယူထည့်သွင်းလိုက်သည်၊ ၎င်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

၁–ကျ ာက် ဗုဒ္ဓတိလိယ်ဝေ ါအ်

၂–ခိုက်တိအ် ပေ ါယ်ဂ္ဂသိုန်ဩိုတြို

၃–ဘော ၀နာဒိ (တျ ၀မ္မရာစ်) သမ္မေင်အာန

၄–(န္တဇေယျဘိ) ကြာန်မမင်ဒ၀ါယ်မလ

၅–တ်(ကါလ် တိလိဒသ်ကျက် စိ

၆–ဩရ် ယေ်ခိုက် (ဂေါအ် ဒသ်)အရှ

၇–န်တ္တဒသ်တိ လိအ်

''ဤဗုဒ္ဓမြတ်စွာဖုရား (ရုပ်ပွားတော်ကို) ငါတို့ အရှင်ဖြစ်သော ဩိုတြို ဘော ၀ နာ ဒိ တျ ၀မ္မ ရာစ် ၏ ကျွန်ဖြစ်သော ထား၀ယ်မြို့ကို ထိမ်းသိမ်းအုပ်ချုပ်ရသော သမ္မေင်အနန္တဇေယျဘိကြာန်ပြုလုပ်သည်၊ ငါတို့ အရှင်ဖုရားဖြစ်သောအခါ ငါသည် အရှင်ထံ၌ တပည့်ရဟန္တာ ဖြစ်ပါစေသလည်း။''

၎င်းအုတ်ခွက်နှင့် ခပ်ဆင်ဆင်တူသော အုတ်ခွက်တဆူကို ၁၉၅၈–၅၉ ခုနှစ်အတွင်းက ထား၀ယ်မြို့ ဦးကျော်မင်းထံမှ ရှေးဟောင်းသုတေသန၀န်ထောက် ဦးအောင်သော် ခေတ္တငှားယူခဲ့ပြီးလျှင် ရိုက်ကူးထားသော ဓာတ်ပုံများကို တွေ့ရသည်၊ မျက်နှာဖက်တွင် ရိုးရိုးတင်ပြင်ခွေဆင်းတုတော်တဆူ ပါသည်၊ သို့သော် ဆင်းတုတော်မှာ ပြန်းတီးနေသဖြင့် မထင်ရှားတော့ချေ။ ယိုရင်းအခြေအနေကို မှန်းဆရခြင်းအားဖြင့် ဆင်းတုတော်၏အနေအထားမှာ အနော်ရထာ–ကျန်စစ်သားမင်းတို့ ခေတ်လောက်က အနေအထားမျိုး ဖြစ်သည်၊ (ပုံ ၇၉)။

ကျောဖက်တွင်ပါသော လက်ရေးစာမှာ မွန်-မြန်မာအက္ခရာနှင့် မွန်ဘာသာများဖြစ်၍၊ (ပုံ ၈၀)။၎င်းကို ယခုလက်ငင်းအက္ခရာဖြင့် ပြန်ဆိုရေးသားသော် အောက်ပါအတိုင်း ဖြစ်၏။

၁– ကျ ာက် ဗုဒ္ဓတိ လေ်ဟ် ဝေါ(အ်)

၂– ခိုက် တိလိ အ် ပေါဟ် ဂ္ဂသိုင်ဩိုဟ်

၃– တြိုဘော၀နာဒိ (တျ၀) မ္မရာစ်သုမ္မေ (င်)

၄– ယိခိမမင်ဒ၀ါယ်မလာတ် (ကာ)

၅– လ်တိလိပေါယ်ဒသ်ကျ ာက် (စ) ဧ(ယ်)

၆– ခိုက်ဩ(ရ်) ရေါ(အ်) ဒသ် (အ) ရှန်

၇– တွ ာသ်တိလိ (အ်)။

## ဘာသာပြန်

ဤဖုရားသင်ကို အတို့သခင် အရှင်သိရီတြိဘောဝနာဒိတျဓမ္မရာဇ်မင်း၏ ကျွန်တော်ဖြစ်သော ထားဝယ်မြို့ကို ထိန်းသိမ်းအုပ်ချုပ်ရသော သံမျင်ယိခီသည် ပြုလုပ်သတည်း။ အတို့သခင် ဖုရားစင်စစ်ကေန်ဖြစ်သောအခါ ငါသည် ထိုအရှင်သခင်၏ တပည့်ရဟန္တာဖြစ်ပါစေသတည်း။

ထိုအထက်ဖေါ်ပြပါ အုတ်ခွက်များ၏ ကျောဖက်တွင်ပါသော လက်ရေးစာများ၏ အဓိပ္ပါယ်ကို ထောက်ချင့်ရခြင်းအားဖြင့် ပဌမ၊ တတိယ၊ စတုတ္ထအမျိုးတို့တွင်ပါသော မင်း၏အမည်မှာ သိရိတြိဘုဝနာ (ဘောဝနာ) ဒိတျဓမ္မရာဇာ ဖြစ်၏၊ ပုဂံမြစေတီကျောက်စာတွင်ပါသော မင်း၏အမည်ဖြစ်၏၊ ထိုမင်းသည် အခြားမဟုတ်၊ ပုဂံမြို့ ထီးနန်းကို သကရာဇ် ၄၄၆–၄၇၄ ခုနှစ်အတွင်း သိမ်းပိုက်အုပ်ချုပ် မင်းလုပ်နေရသော မင်းဖြစ်၏။ ထိုအခါက ထိုမင်း၏ ဩဇာအာဏာသည် ထားဝယ်မြို့အထိ လွှမ်းမိုးလျက် ယှိနေကြောင်းကို သိယှိရ၏။

## ကြိုံတူမှရသော အုတ်ခွက်များ

ဖုရားဆင်းတုတော်ပါသော အုတ်ခွက်များ မဟုတ်သော်လည်း၊ မြန်မာနိုင်ငံတော်အတွင်း ရှေးဟောင်းစေတီပုထိုးတို့တွင် တွေ့ယှိရသော အုတ်ခွက်တို့အနက်၊ ပဲခူးခရိုင်၊ ဝေါနယ်၊ ကြိုံတူဖုရားတန်တိုင်းတို့၌ မြုပ်နှံကပ်ထားလျက် တွေ့ယှိရသော အုတ်ခွက်တို့မှာ၊ သီးသန့်ထူးခြားသော အုတ်ခွက်များဖြစ်သဖြင့်၊ ၎င်းတို့အထဲမှ အချို့ကို ရွေးချယ်၍ ဤစာတမ်းတွင် ထည့်သွင်းဖော်ပြလိုက်ပါသည်။

အုတ်ခွက်တို့မှာ လေးထောင့်စပ်စပ်ယှိပြီး၊ ထောင့်တထောင့်တထောင့်လျှင် တံဆိပ်ဝိုင်းတခြမ်းနှင့် ပန်းခက်များ ရိုက်နှိပ်လျက်ပါသည်။ အလယ်တွင် ကြိုးနှစ်ထပ်အတွင်း ပုလဲလုံးကလေးများစီလျက် အနားသတ်၍ တရုပ်ပြတင်းပေါက်နှင့်တူသော မှန်ကူကွက်ဝိုင်းအတွင်း၌ လူရုပ်ပုံများ၊ ဆင်ရုပ်၊ မြင်းရုပ်၊ အခြားတိရစ္ဆာန်ရုပ်ပုံများနှင့် အခန်းခန်း ဆင်ယင်ကျင်းပ သွင်းလုပ်ထားသည်၊ အုတ်ခွက်တချပ်တချပ်လျှင် စတုရန်းလေးထောင့်နီးပါးယှိ၍ အနားတဖက်တဖက်လျှင် အလျားအနံ ၁′-၅″ စီ၊ ထု ၄″ လောက်ယှိသည်၊ လူပုံတို့မှာ မျက်နှာဝိုင်းနှင့် ကိုယ်လက်အင်္ဂါတို့မှာ ပုပုကွကွ တုပ်တုပ်ခဲခဲယှိပြီး ဆံပင်ကို အလယ်မှခွဲလျက် ဆံတောက်ဆံယင်ကဲ့သို့ ဆံမြိတ်များကို ဘေးတဖက်တချက်ချ၍ ဆံဖျားကို ခွေလိမ်လျက် ဆင်ယင်ထားသည်၊ ဝတ်စားတန်းဆာတို့မှာ နားဒေါင်း၊ ပုတီး၊ လက်ကောက်၊ လက်ကြပ်၊ ရင်းစီး၊ ခြေချင်းနှင့်ပုဆိုးတောင်ရှည်တို့ကို ခါးတောင်းကျိုက်၍ နောက်မြီးချပြီး ဝတ်ဆင်ထားသည်။

ပုံ (၁၁) မှာ သဘာဝကျကျနှင့် ၎င်းတို့ဘီးမှုတ်ကခုန်နေကြဟန်ဖြစ်သည်၊ ပုံ (၁၂) မှာ အတီးအမှုတ်အကအခုန်တို့နှင့် နွားတိုက်ပွဲ ကျင်းပနေကြဟန် ဖြစ်သည်။ ပုံ (၁၃) မှာ ခြင်္သေ့နှစ်ကောင်ကို၊ လည်ပင်းတွင် သံကြိုးများနှင့် ချည်ပြီး ဆွဲနေဟန်၊ ခြင်္သေ့တကောင်က ခေါင်းကိုလှည့်ပြီး ကိုက်မည်ပြုနေဟန်၊ ၎င်းရှေ့ဖက်အောက်နားတွင် လူတယောက်မှာ ထိတ်လန့်ပြီး အော်ဟစ်ပြေးလွှားနေဟန်တို့ဖြစ်သည်၊ ပုံ (၁၄) နှင့် (၁၅) တို့မှာ စစ်တိုက်ခန်းနှင့်တူသည်၊ ပုံ (၁၄) တွင် မြင်းစီးချင်းတိုက်နေကြဟန်၊ ပုံ (၁၅) တွင် ဆင်စီးချင်းတိုက်နေကြဟန်များ ဖြစ်သည်။

ထိုပုံများကို တွေ့မြင်ကြည့်ရှုရခြင်း အားဖြင့် ၎င်းတို့တွင်ပါသော လူပုံများနှင့် အခမ်းအနား ကျင်းပနေကြဟန်ပုံတို့မှာ ရှေးကအိန္ဒိယတိုင်း အရှေ့ဖက်ကမ်းရိုးမှ ပြောင်းရွှေ့နေထိုင်လာကြသော ပုဂံအနော်ရထာကျောက်စာများ၌ တွေ့ရသော ဥဿာလမည်တန်လိုင်ပြည်မှ လူမျိုးတို့၏ အလေ့အထလုပ်ကိုင်နေကြသော အခမ်းအနားတို့၏ ပြခန်းများဖြစ်ကြလေသလားဟု တွေးတောယူဆမိသည်။

## ရန်ကုန်မြို့ ဗိုလ်တထောင်ဖုရားမှရသော အုတ်ခွက်ဆင်းတုတော်တဆူ။

(ပုံ–၈၆) တွင် ပြထားသော ဗုဒ္ဓရုပ်ပွါးဆင်းတုတော်ကို ၁၉၄၉ ခုနှစ်၌ ရန်ကုန်မြို့ ဗိုလ်တထောင် ဖုရားပြင်ရာတွင် တွေ့ရသော ဗုဒ္ဓရုပ်ပွါးဆင်းတုတော် တဆူပါသော အုတ်ခွက်ဖြစ်သည်ဟု မြန်မာနိုင်ငံကမ္ဘည်း ကျောက်စာဝန်၏ ၁၉၄၈ ခု၊ အောက်တိုဘာလ-၁-ရက်နေ့မှစ၍၊ ၁၉၅၂ ခု စက်တင်ဘာ-၃၀-ရက်နေ့အထိ၊ လေးနှစ်အတွက်နှစ်ချုပ်အစီရင်ခံစာ မျက်နှာနံပါတ် ၄-၆ တွင် အကျယ်တဝင့် ရေးသားဖေါ်ပြလျက်ပါယှိသည်၊ ထိုဖေါ်ပြချက်၏ အတိုချုပ်မှာ အုတ်ခွက်ဆင်းတုဘော်၏ မျက်နှာနှင့် ကျောနစ်ဖက်စလုံးတို့သည် ပြွန်းတီးနေပြီ ဖြစ်လေသည်။ သို့သော်ကျောဖက်၌ အက္ခရာအရေးအသားတို့ကို မှေးမှေးမှိန်မှိန် မြင်ရသေးသည်၊ ထိုအက္ခရာ စာတမ်းများကား အခြားမဟုတ် ရှင်သာရိပုတ္တရာအား တရားထူးကို ရစေသော၊အဿဇိမထေရ်၏ဓမ္မကထာ အကျဥ်းချုပ် "ယေဓမ္မာဟေတုပ္ပဘဝါ" အစချီလျက်ပါသော ဂါထာကလေးဖြစ်သည်။ အက္ခရာ အရေးအသား အသုံးအနှုန်းများကို ဝေဖန်ကြည့်ရာဗုဒ္ဓဃောသ၊ဓမ္မပါလခေတ်က မြန်မာပြည်တွင် ထွန်းကားနေသော အိန္ဒိယ တောင်းပိုင်း အက္ခရာများ ဖြစ်သော ဖြဟ္မီအက္ခရာပွါးတို့မှ နီးစပ် ဆင်းသက် လာသော အက္ခရာ ဖြစ်သည်၊ (ပုံ–၈၇)။

အုတ်ခွက်၏ မျက်နှာဖက်၌ပါသော ဗုဒ္ဓရုပ်ပွါး ဆင်းတုတော်မှာလည်း ပြွန်းတီးကျိုးပဲ့လျက် ယှိနေပြီ၊ အကြမ်းအားဖြင့် ဆင်းတုတော်မှာ ခြေနှစ်ဖက်ဆပ်လျက် တင်ပြင်ခွေ၍ လက်တော်တို့မှာ ဗယ်တင်ညာချ ရိုးရိုး ဆင်းတုတော်ဖြစ်သည်၊ ပုံ (၈၆) သို့သော် ပုံတော်သည် ရှေးပုံတော်ဖြစ်ကြောင်းကို အုတ်ခွက်၏ကျောဖက်တွင် ပါသော လက်ရေးစာက ထောက်ခံလျက် ယှိလေသည်။

## ရန်ကုန်မြို့ တံတားကလေးမှ အုတ်ခွက်ဆင်းတုတော်များ။

၁၉၃၀–၃၉ ခုနှစ်အတွင်း တွေ့ယှိရသော အုတ်ခွက်ဆင်းတုတော်များကို ရန်ကုန်မြို့ တံတားကလေး ရွာမှ အမျိုးအမည်အားဖြင့် လေးမျိုးခွဲခြား၍ ပြထား၏။ ထိုအုတ်ခွက်များကို အဆိုပါ နှစ်အတွင်း တံတား ကလေးရွာယှိ ကုန်းတကုန်းကို ကျောက်စာဝန်ဟောင်း ဦးလူဖေဝင်း တူးဖေါ်ရာ၌ တွေ့ယှိရသော အုတ်ခွက် များဖြစ်၏။ ၎င်းတို့အကြောင်းကို နိုင်ငံတော် ကျောက်စာဌာန ၁၉၃၀–၃၉ ခုနှစ်၊ နှစ်ချုပ်စာတမ်း မျက်နှာ နံပါတ် ၄–တွင် တွေ့ယှိနိုင်ပါသည်၊ဤနေရာ၌ အထူးဖေါ်ပြလိုသည့်အချက်မှာ၊ ထိုစာတမ်း၏မျက်နှာ ၆–အပုဒ် ၅ နှင့် ၆ တို့တွင် တတိယအမျိုးနှင့် စတုတ္ထအမျိုးဖြစ်သော အုတ်ခွက်တို့သည်၊ ဦးလူဖေဝင်း အလိုအားဖြင့် ထူးခြားဟန်သည် သို့သော်၊ တခုစ နှစ်ခုစမဟုတ်ပဲ ၎င်းတို့ကို တနေရာတည်းတွင် အများပင် တွေ့ယှိရသဖြင့် အခြား မြို့ရွာဒေသမှ ယူဆောင်လာခြင်း မဟုတ်ပဲ ကုန်း၏ အနီးအနားတဝိုက်တွင် ဖုတ်လုပ်၍ ဌပနာထားဟန် တူသည်ဟု ယူဆသည်၊ တနည်းအားဖြင့်ဆိုသော် ၎င်းအုတ်ခွက်တို့သည်၊ အောက်မြန်မာနိုင်ငံ ဟံသာဝတီပြည် ရန်ကုန်မြို့ အနီးတဝိုက်တွင် ထုတ်လုပ်သော အုတ်ခွက်များ ဖြစ်သည်ဟု ယူဆသည်၊ ဦးလူဖေဝင်း အလိုအားဖြင့် နှစ်ကာလ အပိုင်းအခြားမှာ အေ၊ဒီ၊ ၁၁–ရာစုနှင့် ၁၂-ရာစု နှစ်အတွင်း ပုဂံပြည် အနော်ရထာမင်းခေတ် လောက်က ဖြစ်မည်ဟု ယူဆသည်။

ထိုအုတ်ခွက်တို့အနက် တဆူသော အုတ်ခွက်ကို ဤနေရာမှနေ၍ အထူးသဖြင့် ရွေးချယ်ထုတ်ဖေါ် ပြောဆိုလိုသည်မှာ၊ (ပုံ ၈၈) တွင် ပြထားသော အုတ်ခွက်သည် ဦးလူဖေဝင်း၏ အုတ်ခွက်တို့တွင် စတုတ္ထ အမျိုးအစားဖြစ်၏၊ ထိုအုတ်ခွက်၏၊ မျက်နှာဖက်တွင် ပြထားသောအခန်းမှာ မြတ်စွာဖုရားသည်သာဝတ္ထိပြည်၌ ယမကတန်ခိုးပြာဋိဟာကို ပြသော အခန်းဖြစ်သည်၊ ထိုအခန်းကို ဗုဒ္ဓဝင်ဇာတ်ခန်းတွင် မွန်လူမျိုးတို့ နှစ်ချိက်

သော အခန်းတခန်းဖြစ်ကြောင်း အထူးပြောဖွယ်ရာ မယှိပေ၊ ထိုအခန်းကိုပင် ဒွါရဝတီခေါ် ရှေးယိုးဒယား ပြည်သူပြည်သားတို့ အတော်ပင် နှစ်ချိုက်မြတ်နိုးဟန် တူပေသည်၊ ထိုအခန်းကို ပြထားသော ပုံတို့အနက် ရှေးအကျဆုံးသော ပုံတို့မှာ ခေတ်ကာလ အပိုင်းအခြားဖြင့် အေ၊ ဒီ၊ ၇–ရာစုနှင့်၊ ၈–ရာစု နှစ်လောက်က ဖြစ်ကြောင်းကို Siamese Votive Tablets– ခေါ် (G-Coedes) ပြုစုရေးသားသော စာတမ်း တစောင်တွင် ထုတ်ဖေါ်ရေးသားထားကြောင်းကို တွေ့ယှိရသည်၊ ထိုအကြောင်းများနှင့် စပ်လျဉ်း၍၊ ဇင်းမယ်တွင် အေ၊ဒီ၊ ၁၅–ရာစုခေတ် အစပိုင်းလောက်က ဗေါဓိရံသီမထေရ် စီရင်သော စမဒေဝီဝံသ (စမ္မဒေဝီဝံသ) ကျမ်း၌ ပါယှိသော အချက်တက်ချက်မှာ ခရစ်ဘော်နှစ် ၁၁–ရာစုနှစ် အလယ်လေင်က်က လမ်းပွန်းမြို့ (ဟရိဘုဉ္စ) မှ များစွာသော လူအပေါင်းတို့သည်၊ ကျရောက်လာသော ရောဂနှိရကပ် ဘေးမှကင်းဝေး လွတ်မြောက်ကြစေ ခြင်းဌါ ရှောင်ရှားထွက်ခွါသွားကြ ၍၊ လူ ဘစုသည် ပဌမ သထုံ ာက်သို့ရောက်ယှိ ကြ၍၊ သထုံ တွင် အနေအထိုင် အဆင်မပြေမှု မရနိုင်ကြသ ဖြင့် ဟံသာ ဝတီ ပဲခူး သို့ ထွက်ခွါ သွာ ကြ ၂န်၍ ဟံသာဝတီမှလူတို့သည်၊ ဟရိဘုဉ္စ လာသောသူတို့အား ၎င်းတို့သည် ငါတို့နှင့်ပြောဆိုသော ဘာသာစကားတွင် တူသည်ဟုယူဆ၍ ကောင်းမွန်စွာ လက်ခံပြုစုကြသဖြင့်၊ ထိုအရပ်တွင် ကာလရှည်စွာ နေထိုင်ကြသည်၊ ဟရိဘုဉ္စတွင် ကပ်ရောဂါကင်းသောအခါမှ ထိုသူတို့သည် ဟံသာဝတီမှ ပြန်ကြလေသည်။

ဟံတားကလေးမှ အထက်ဖေါ်ပြပါ အုတ်ခွက်နှင့် တစံနစ်တပုံစံတည်း လောက်ဖြစ်သော အုတ်ခွက် တခုကို ''Selected Articles from the Siam Society Journal, Vol. I, 1904-29''

ခေါ်စာအုပ်မျက်နှာနံပါတ် ၁၇၇ တွင် ပြထားသော အုတ်ခွက်ပုံတို့အနက် အလယ်ပုံတွင် တွေ့မြင်ရ သည်၊ M.G. Coedes အလိုအားဖြင့် ထိုအုတ်ခွက်မျိုးသည်လည်း ယိုးဒယားပြည်၌ နည်းလှမည်မဟုတ်ပေ၊ ၎င်းကို ထောက်၍ တံတားကလေးတွင် တွေ့သော အုတ်ခွက်များသည် စမ္မဒေဝီဝံသတွင်ပါသည့်အတိုင်း ယိုးဒယားပြည်မှပြောင်းရွှေ့လာသော သူတို့၏အဆက်အနွယ် အစွန်းအစနှင့် ကင်းမည်မဟုတ်ပေ။

## ပဲခူး၌ တွေ့ယှိရသော ယိုးဒယားအုတ်ခွက် ဖုရားတဆူ။

မြန်မာပြည်ကျောက်စာဌာနမှ ၁၉၃၉–၄၀ ပြည့်နှစ်အတွက် ထုတ်ဝေဖြန့်ချီသော နှစ်ချုပ်စာတမ်း မျက်နှာနံပါတ် ၈ အောက်ခြေတွင်ကပ်လျက် ပဲခူးမြို့တွင် ဗုဒ္ဓရုပ်ပွားတော်ဘဆူပါသော အုတ်ခွက်တခုကို တွေ့ ယှိရကြောင်း၊ ၎င်းအုတ်ခွက်၏ အတိုင်းအတာမှာ ၄ × ၂ ၃/၄ × ၁/၂″ ဖြစ်ကြောင်း တွေ့ယှိရသည်၊ အုတ်ခွက် တွင်ပါသော ဆင်းတုတော်မှာ ခြေနှစ်ဖက်ထပ်၍ လက်တော်နှစ်ဖက်ကို ရှက်ဘင်လျက် ပလ္လင်ပေါ်ထက် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူပြီးလျှင် ဈာန်သမာပတ်ဝင်စားနေဟန်ဖြစ်၍၊ အုတ်ခွက်မှာအတော်ပင်ပြွန်းတီး လျက်ယှိနေသဖြင့်၊ သင်္ကန်းတော်မှာ မထင်မရှားတော့ချေ၊ မျက်နှာတော်မှာလည်း ပွန်းပဲ့လျက်ယှိနေသဖြင့် မျက်လုံးမျက်ခုံးတို့ မထင်ရှားတော့ချေ၊ ဥဏှိသပုံတော်မှာ သုံးထပ်ယှိကြောင်း ရေးရေးသာ မြင်ရတော့၏။ ဂုံးချွန်နှင့် တံကဲနှစ်ထပ်ပါသည်၊ (ပုံ ၇၉)။ အုတ်ခွက်တခုလုံးကိုရှု၍ ကြည့်လိုက်သော် ယိုးဒယားပြည်မှ ဖြစ်ပေါ်လာသောပုံဖြစ်မည်ဟု ခန့်မှန်းရသည်။

မွန်နှင့် ယိုးဒယားတို့ အဆက်အသွယ်မှာ ရှေးမဆွကပင် ရေးရေးထင်ခဲ့သည်၊ရှေးက မွန်တို့၏ ဌာနီဒွါရာ ဝတီမြို့သည် ယခု ယိုးဒယားတောင်ပိုင်းကို ခေါ်ဆိုသည်ဟု ရာဇဝင်ဆရာကြီးများက ပြောဆိုကြသည်၊ ဝါဂရု တို့လက်ဆက်ရောက်သောအခါ၊ ယိုးဒယာ နှင့် မွန်တို့ အဆက်အသွယ်မှာ သာ၍ပင် ထင်ရှား လာခဲ့သည်၊ ယိုးဒယားကမ္ဗောဇသုံးပန်းများကို သိမ်းရုံးခေါ်လာခဲ့ပြီး ဒလအနီး လက္ခိယပူရမြို့ခေါ် နေရာတနေရာ၌ ချထား

ကြောင်းကို ကလျာဏီကျောက်စာ၌ အထင်အရှား ပါယှိသည်။ မွန်တို့နှင့် ယိုးဒယားတို့သည် အဆက်ပြတ်လှသည်မဟုတ်ပေ၊ ၎င်းကို ထောက်ခံသော အချက်တချက်မှာ ဖါးအံ့နယ် ကော့ဂွန်းဂူနှင့် ရသေ့ပုံဂူတို့ယှိ အုတ်ခွက်များက သက်သေခံလျက်ယှိသည်၊ ၁၇၉၂–ခုနှစ်အတွင်းတွင် ဆာရစ်ချက်တင်ပလီသည် ကော့ဂွန်းဂူသို့ သွားရောက်ကြည့်ရှုစဉ်က တွေ့ရသော အခြေအနေအရဆိုလျှင် ဂူဝနှင့်ဂူအတွင်း၌ အုတ်ခွက်ဖုရားဆင်းတုတော် ရဟန္တာဆင်းတုတော်ပေါင်း မြောက်မြားစွာတို့ကို အခြေအနေအမျိုးမျိုးနှင့်တွေ့ရသည်၊ ၁၇၃၅–ခုနှစ်အတွင်းက ထိုနေရာသို့ သွားရောက်ကြည့်ရှုသော အမေရိကံ သာသနာပြုဆရာကြီးတဦး၏ အဆိုအားဖြင့် ကော့ဂွန်းဂူနံရံနှင့် အမိုးများ၌ကပ်ထားသော အုတ်ခွက်များနှင့် အောက်တွင်ကျ၍ ဖြန့်ကြဲနေသောအုတ်ခွက်များနှင့် ရုပ်တုဆင်းတုတော်တို့ကို တန် ၅၀၀ တင်ဆောင်နိုင်သော သင်္ဘောဖြင့် ထုတ်ဖေါ် သယ်ယူရလျှင်၊ ထက်ဝက်မျှလောက်သာ ပါယှိနိုင်လိမ့်မည် ဖြစ်ကြောင်းကို မှတ်တမ်းတင်ထားခဲ့သည်၊ အခြား တနေရာ၌ ဆာရစ်ချက်တင်ပလီအဆိုအားဖြင့် ကော့ဂွန်းဂူ၌တွေ့ယှိရသော ဖုရားဆင်းတုတော်တို့သည်၊ နှစ်ကာလ အပိုင်းအခြားအားဖြင့် ရှေးအခါကာလမှ ယခုခေတ်အထိ ဆင်းတုတော်များကိုတွေ့ယှိနိုင်သည် ဖြစ်ကြောင်းများကို ပြောဆိုရေးမှတ်ထားခဲ့သည်၊ သို့သော် ၎င်းတို့နှင့်ပတ်သက်၍ သုတေသနမလုပ်ဖြစ်သေး၊ ကော့ဂွန်းဂူ၌တွေ့ယှိနိုင်သော အုတ်ခွက်ပုံတော် အနည်းငယ်မျှလောက်ကို (ပုံ ၉၀ – ၉၁ နှင့် ၉၂)။ တွင် ပြထားပါသည်။ ထိုအုတ်ခွက်များပုံတော်များမှာ ယိုးဒယားဆန်လှသည်။

ထိုကဲ့သို့ ယိုးဒယားဆန်သော ပုံများကို ပဲခူးမြို့မှရယှိသည်ဟု ရှုံးအမှတ်အသားနှင့် အုတ်ခွက်အပိုင်းကျိုးသုံးခုကို တွေ့ယှိရသည်၊ ၎င်းတို့အနက် (ပုံ ၉၃) တွင် ပြထားသောပုံမှာ အုတ်ခွက်အထက်ပိုင်းကျိုးကလေးဖြစ်သည်၊ ၎င်းတွင် မြတ်စွာဖုရား ပရိနိဗ္ဗာန်စံယူတော်မူခန်းနှင့် တင်ပြင်ခွေဆင်းတုတော်များ တရားဟောနေဟန်ပါသည်၊ ဒုတိယအုတ်ခွက်အပိုင်းကျိုးတွင် (ပုံ ၉၄) အထက်ဖက်၌ မြတ်စွာဖုရား ပရိနိဗ္ဗာန်စံယူတော်မူခန်းနှင့်၊ ၎င်းအောက်၌၊ အုတ်ခွက်နံဘေး တဖက်တချက်တွင် တင်ပြင်ခွေဆင်းတုတော်များနှင့် အလယ်တွင် သစ်ပင်နှင့် ဘီလူးပန်းဆွဲပုံကိုခံလျက် တင်ပြင်ခွေဆင်းတုတော်နှစ်ဆူပါသည်၊ တတိယ အပိုင်းကျိုးတွင် အထက်ဖက်၌ ခေါင်းချင်းဆိုင်လျက် လျောင်းတော်မူပုံနှစ်ဆူနှင့် ၎င်းတို့အောက်တွင် တင်ပြင်ခွေရဟန္တာပုံများပါသည်၊ (ပုံ ၉၅)။

ဓမ္မစေတီမင်း၏ ကောင်းမှုတော်ဖြစ်သော ပဲခူးရွှေဂူကြီးဖုရား၌ မာရ်နတ်သား၏ သမီးများနှင့် စစ်သည်တော်များပုံပါသော စဥ့်ကွင်းအုတ်ခွက်ကြီးများအကြောင်းကို အထက်တနေရာ၌ ဖေါ်ပြပါ ဆာရစ်ချက်တင်ပလီ၏စာတမ်းများနှင့် ကျောက်စာဌာနမှ ထုတ်ဝေဖြန့်ချီသော နှစ်ချုပ်စာတမ်းများတွင် ဖေါ်ပြပြီးဖြစ်၍ ဤနေရာတွင် မဖေါ်ပြပဲချန်လှပ်ထားခဲ့သည်။

## ရခိုင်ပြည် - စစ်တွေခရိုင်မှ အချို့အုတ်ခွက်များ။

ပုံ (၉၆)။ ရခိုင်ပြည် မဟာမုနိဖုရားမြောက်၊ မိုင်ဝက်လောက် ကွာဝေးသော အုတ်ပုံတောင်ကုန်းမှ၊ ၁၉၀၆–၀၇ ခုနှစ်အတွင်းက ဝတ်သုံတော်ရ ဦးကျော်ဦး တွေ့ယှိသော အုတ်ခွက်ဆင်းတုတော်ဘိုကို ကျောက်စာဌာနသို့ ပို့လိုက်ရာ ၎င်းတို့အနက် အုတ်ခွက်သုံးဆူ၏ ဓာတ်ပုံကို (ပုံ ၉၆) တွင် ဖော်ပြလိုက်ပါသည်၊ ၎င်းပုံတွင် ပါသည့်အတိုင်း လက်ျာဖက်အုတ်ခွက်နှစ်ဆူမှာ အောက်ပိုင်းကျိုးများဖြစ်သည်၊ လက်ဝဲဖက်က အုတ်ခွက်မှာ ပြည့်ပြည့်စုံစုံ ပါယှိသေး၏၊ ထိုသုံးဆူစလုံးပင် တမျိုးတည်းတစားတည်း ဖြစ်ဟန်တူသည်၊ အုတ်ခွက်၏ အမျိုးအရွယ်အစားမှာ ပုဂံအုတ်ခွက်များနှင့် ခပ်ဆင်ဆင် တူ၍၊ ဂုံးချွန်နှင့်မျက်နှာဖက်တွင် ဗောဓိကျောင်းဆောင်အောက်ပလ္လင်ထက် ရိုးရိုးတင်ပြင်ခွေဆင်းတုတော်တဆူ ပါသည်၊ ဘေးရံစေတီကလေးများလည်း ပါသည်၊

သို့သော် ပုံတော်တို့မှာ ဖောင်းဖောင်းကြွကြွ မယိုလှပဲ၊ မျဉ်းတကြောင်းဆွဲသာသာ ယှိသည်၊ ဆင်းတုတော် ပလ္လင်အောက်၌ စာတကြောင်းပါရာ၊ တခါက ၎င်းစာကို ဖတ်၍ မရပဲ၊ မည်သည့်ဘာသာဖြင့် ရေးထား မှတ်ထားခြင်းကိုပင် မသိရချေ၊ သို့သော် မှန်ထောင်၍ ကြည့်လိုက်သောအခါ၊ မှန်စာအတိုင်း အက္ခရာစာလုံးများမှာ မြန်မာအက္ခရာစာလုံးများဖြစ်ပြီး မြန်မာဝေါဟာကောဇာသကရာဇ် ၇၀၀–၉၀၀ ကျော်လောက်က အရေးအသားဖြင့် ''ကလာပိကောင်မှုတော''ဟု ဖတ်ဆိုရလေသည်၊ အုတ်ခွက်၏အတိုင်းအတာမှာ အမြင့် ၄ လက်မမှ ၅ လက်မလောက်ယှိ၏။

## အထွေထွေ။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ပုဂံပြည်၌ တွေ့ယှိရသော အုတ်ခွက်ဆင်းတုတော်များဟူ၍ ခေါင်းစဉ်နှင့် ပုဂံမြို့တွင် တွေ့ယှိထားသော အုတ်ခွက်တို့အနက် ထင်ရှားသော မင်းမျိုးမတ်၊ကလန်သံဗျင်တို့၏ အုတ်ခွက်များကို ဓါတ်ပုံများနှင့်တကွ ရေးသားဖော်ပြခဲ့ပြီ၊ ၎င်းတို့မှအပ အခြားအုတ်ခွက်များလည်း ယှိသေး၏၊ သို့သော် ၎င်းတို့၌ ကုသိုလ်ရှင်ဒါယကာ ဒါယိကာမများတို့၏ အမည်များတို့မှာ အချို့၌ ပါပင်ပါသော်လည်း မထင်ရှားလှ၊ အချို့မှာ လုံးဝမပါချေ၊ ထို့ပြင် ၎င်းတို့ကို တွေ့ရှိရသော နေရာတို့မှာ သေချာမှတ်သားထားခြင်း မပါပဲ၊ ပုဂံဟူသော အမှတ်အသားလောက်သာ ပါယှိသဖြင့်၊ ၎င်းတို့ကို ပုဂံအုတ်ခွက်စာရင်းတွင် အထွေထွေခန်း၌ ထည့်သွင်းဖော်ပြလိုက်ပါသည်၊ ၎င်းတို့တွင် ပုဂံအဆက်မကင်းသော တွံတေးမှ အုတ်ခွက်တဆူကိုလည်း ထည့်သွင်းဖော်ပြထားသည်၊ ၎င်း၏ ပုံကို၊ ပုံနံပါတ် ( ၁၀၄ ) တွင် တွေ့မြင်နိုင်ပါသည်။

(ပုံ ၉၇)။ လိုဏ်ဂူသဘောယှိ၍ ဂုံးချွန်နှင့် အုတ်ခွက်၊ ဘေးပတ်လည် ဘောင်ခတ်လျက်ပါသည်၊ မျက်နှာဖက် အလယ်တွင် ဗေါဓိကျောင်းဆောင်အောက် ကြာပလ္လင်ထက် လက်ဗယ်တင်ညာချထက်ဝက်ဖွဲ့ခွေထိုင်နေတော်မူသော ဆင်းတုတော် တဆူပါသည်၊ ကေသီသက်န်းကို လက်ဝဲဖက်ပခုံးထက်၌ စမွယ်တင်လျက်တွေ့ယှိရသည်၊မျက်နှာတော်မှာ ပုဂံအာနန္ဒာဖုရားအတွင်းယှိ ရှေးဟောင်း မတ်ရပ်တော်နှင်ဆနှင့် မျက်နှာပုံမှာတူလှသည်၊မဏိတော်သက် ပုံ့ပုံ့တက်နေသော ဥဏှိသပုံတော်အထက် အလယ်ဗဟိုမှ ဆီမီးတောက်သဖွယ် အလယ်ပုံခွက်လျက် ချောင်လျှံတက်နေဟန်ပါသည်၊ ဘေးရံစေတီကလေးတဖက် နှစ်ဆူစီပါသည်။ပန်းဖူးပန်းခက် ဗေါဓိပင်အကိုင်းအခက်တို့ဖြင့်လည်း တန်းဆာဆင်ထားသည်။

အောက်ဘောင်အတွင်းဖက်နှင့် အထက်ယှိကြာပလ္လင်တို့အကြား ရှေးမွန်–မြန်မာ အက္ခရာနှင့် မွန်-ပါဠိဘာသာဖြင့် စာနှစ်ကြောင်းပါယှိရာ ယင်းကို လက်ငင်းအက္ခရာဖြင့် ပြန်ဆိုရေးသားသော် အောက်ပါအတိုင်းဖြစ်၏။

၁– ။ယေဓမ္မာဟေတုပ္ပဘဝါ ဝိမုတ္တာယ မယကတော

၂– ။စေထောယ် နေ(၁)အ်။

(သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ပါရခြင်းအကျိုးငှါ အကျွန်ုပ်သည် ဤဖုရားကိုသွင်းလုပ် (လှူဒါန်းပူဇော်)ပါသည်။ စေထောယ် နေအ်။)

စေထောယ်နေအ်–သည် မွန်ဘာသာဖြင့် လှူဒါန်းသူ၏ အမည်ဖြစ်ဟန်တူသည်။သုတေသီတို့ သတိမူစေလိုသည့် အခြား အချက်တချက်မှာ ပုဂံအုတ်ခွက်လုပ်ငန်းတွင် ဖေါ်ပြပါ ယင်း''စေထောယ်နေအ်''၏အုတ်ခွက်

သည်၊ လက်ရာမှာ အနော်ရထာမင်း၏ အုတ်ခွက်များနှင့် တတန်းတည်းလောက်ဖြစ်ဘည်၊ အုတ်ခွက်ပါ ဆင်းတုတော်၏၊ အချိုးအစားမှာ ကျနသေချာ၍ ကြည်ညိုစရာကောင်းပေသည်၊ အုတ်ခွက်၏အတိုင်းအတာမှာ အမြင့် ၅.၄" အနံ ၃.၄" ယှိ၏။

၎င်းအမျိုးအစားထဲမှ အုတ်ခွက်မှာ အုတ်ခွက်တဆူမှာ ပုဂံရွှေဆံတော်ဖုရားမှရသည်ဟု ရုံးအမှတ်အသား တွေ့ရသည်၊ အခြားတဆူမှာ ပုဂံမြင်းပြဂူအတွင်းမှ ရသည်ဟုပါသည်။

အုတ်ခွက်အောက်တွင်ပါသော စာတမ်းမှာ လက်ရေးလက်သားချင်း အထက်ဖေါ်ပြပါ၊ "စေထောယ် နောအ်"အုတ်ခွက်နှင့် မခြားလှသော်လည်း၊ ဒုတိယစာကြောင်း၌ လှူဒါန်းသူ၏အမည်မှာ တမျိုးဖြစ်နေသော အုတ်ခွက်လည်း ယှိသေး၏၊ ၎င်းတွင်ပါယှိသော မြတ်စွာဖုရား၏ ရုပ်တုဆင်းတုတော်တို့၏ ပုံများမှာလည်း လက်ရာတမျိုးစီဖြစ်နေ၏၊ သို့သော် အုတ်ခွက်မှာ အောက်ပိုင်းကျိုးကလေးမျှသာဖြစ်နေသဖြင့်၊ ၎င်းတွင်ပါသော စာတမ်းကိုသာလျှင် အောက်တွင် လက်ငင်းအက္ခရာဖြင့် ပြန်ဆိုရေးထည့်လိုက်ပါသည်၊ထိုစာတမ်းမှာ။

**သောဘဂဝ ါ ဝိမုတ်တဟာယမယာကတာ—**

**ဝေါကျေ(က်)လတိရသ် မ လါဒ် ၂ တွေယ်၊**

ဟု ဖတ်ဆိုရ၏၊ ပါဠိ၂ျက်ဘပိုင်း၊ မွန်တပိုင်းပါယှိ၏ ၎င်း၏ အဓိပ္ပါယ်ပြန်ဆိုရာ၌ ပဌမစာကြောင်းတွင်ပါသော ပါဠိစာကို အထက်ဖေါ်ပြပါ စေထောယ်နောအ်၏ အုတ်ခွက်ပဌမစာကြောင်း၏ အဓိပ္ပါယ်အတိုင်း ပြန်ဆို၍၊ ဒုတိယစာကြောင်းပါ မွန်စာပဌမအပိုဒ် အဓိပ္ပါယ်ကို"ဤဖုရားကို တိရသ်၏ အဘိုးလုပ်သည်"ဟု ပြန်ဆိုရာ၏၊ သို့သော် စာကြောင်း၏ နောက်ဆုံးအပိုဒ်၌ပါသော အက္ခရာနှစ်လုံးမှာ "၂ရက်"ဟု အဓိပ္ပါယ်ပြည့်ပြည့်စုံစုံ မရချေ။

(ပုံ ၉၈)။ ဂုံးချွန်နှင့်လိုဏ်ဂူအမျိုးအစား အုတ်ခွက်ဖြစ်သည်၊ ပုဂံမင်္ဂလာစေတီအရှေ့ဖက်ကုန်းတကုန်းမှ ရသည်။ ခေတ်ကာလအပိုင်းအခြားမှာ နရပတိစည်သူမင်းလက်ထက်၊ သကရာဇ် ၅၃၅—၅၇၂ ခုနှစ် နောက်ပိုင်းလောက်က ဖြစ်ဟန်တူသည်၊ အုတ်ခွက်၏ဝမ်းဖက်အလယ်၌ နောက်ခံတံကဲနှင့် ကြာပလ္လင်ထက်၊ ထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူသော ဆင်းတုတော်ပုံမှာ အချိုးမကျလှ၊ ပုအိုက်အိုက်နှင့်၊ နှာတံတော်မှာ မျက်နှာတော်နှင့် အဆမတန် ထင်ပေါ်လှသည်။ နှာခေါင်းချွန်သည်၊ နံဘေးတဖက်တချက် စေတီတော်ကလေးများ ရံနေရမည့် အစား၊ ဖုရားလောင်းပုံတော်များလည်း မဟုတ်၊ ကြာပလ္လင်ကလေးများပေါ်တွင် ရဟန္တာပုံနှင့်တူသော လက်ဗယ်ဘင် ညာချတံကဲနှင့် တင်ပြင်ခွေကိုယ်တော်တဆူစီပါသည်၊ ၎င်းတို့အထက်ဖက်၌လည်း ဂမုန်းပင်များခြား လျက် ၎င်းတို့ကဲ့သို့ တင်ပြင်ခွေကိုယ်တော်တဆူစီပါသည်၊ မောဓိပင်အကိုင်းအခက်တို့လည်း ပါသည်၊ အလယ် ဆင်းတုတော်ကြီး အထက်တံကဲကို မိုးလျက် အရိုးနှင့်ထီးတလက် ဖွင့်လျက်လည်း ပါယှိ၏။

အောက်ဘောင်အတွင်းဖက်၌ အလယ်ဆင်းတုတော်အောက်ကပ်လျက် မွန်—မြန်မာအက္ခရာနှင့်၊ မွန် ဘာသာဖြင့် ပုံနှိပ်စာတကြောင်းပါသည်။၎င်းကို ယခုလက်ငင်းအက္ခရာအတိုင်း ပြန်ဆိုရေးသားသော် အောက်ပါ အတိုင်းဖြစ်၏။

**ဝေါဗုဒ္ဓနိမတြာရာဇိကာဟါန္တံ**

## (ဘာသာပြန်)

ဤကား မင်းအမတ်ပြုလုပ်သောဖုရား။

ထိုအုတ်ခွက်နှင့်တမျိုးတည်းဖြစ်၍ တနေရာတည်းမှာပင် တွေ့ယှိရသော အချို့အုတ်ခွက်တို့ဘွင် ဘောင်မျက်နှာပြင်ပေါ်တွင်ဝိုက်လျက် စာတမ်းများရေးထိုးမှတ်သားလျက်ပါသည်၊ ထိုစာတမ်းများ အနက်ထင်ရှား၍ ဖတ်သာသောစာတမ်းကို ကောက်နုတ်၍ အောက်တွင် ရေးသားထည့်သွင်း ဖေါ်ပြလိုက်ပါသည်၊ ၎င်းစာတမ်းတို့မှာ မွန်ဘာသာဖြင့်၊ မွန်-မြန်မာအက္ခရာနှင့်ရေးထိုးမှတ်သားလျက်ပါသည်။ ၎င်းတို့ကို ယခုလက်ငင်းအက္ခရာဖြင့် ပြန်ဆိုရေးသားသော်။

မွန်(က)

။ ၀ ။ ဝေါအ်ကျာက်ဆာယ်တိန်။ အုတ်မာနုသ်လောက်ဒေဝလောက်

ဩရ်ဗ္ဗး(ဒေါ)က(သ်)ဒပြကာရ်ဩည်လိည်။

ဤသည်ကား လူ့လောက နတ်လောကကို ကယ်တင်သော ဖုရားတည်း။ ဆင်းရဲအမျိုးမျိုးမှ ကင်းလွတ်စေသတည်း။ ကင်းငြိမ်းစေသတည်း။

**မွန် (ခ)။ ဝေါအ်ကျာက် ငါဆူမ်**

(ဤသည်ကား ငါဆူမ် (လုပ်သော) ဖုရားတည်း)

**ပါဠိ (ဂ) ၁—သောဘဂဝါရာဇ**
**၂—ပုတ္တာ၊ ဘိရိယာဟတ္ထက**
**၃—တော ယေ ဝါတိ**
} ၎င်းစာမှာအုတ်ခွက်၏ကျောဖက်တွင်ရေးထိုးထားသောစာဖြစ်သည်။

### ဘာသာပြန်

(ဤသည်ကား မင်း၏သား၊ မယားတို့လက်ဖြင့်လုပ်သော ဖုရားတည်း)

**မွန် (ဃ) ၁— ။ ဝေါအ်အိတ**
**၂— မိလအ်**
} ၎င်းစာမှာ အုတ်ခွက်ကျောဖက်တွင် ရေးထိုးထားသောစာဖြစ်သည်။

(ဤသည်ကား အိတဲမိလအ် (လုပ်သောဖုရားတည်း)

အထက်ဖေါ်ပြပါ (က) (ခ) (ဂ) နှင့် (ဃ) အုတ်ခွက်တို့ကို ၁၆၂၆ ခုနှစ်အတွင်း ပုဂံမြို့၊ မင်္ဂလာစေတီဖုရားအရှေ့ဖက် ဖုရားပျက်သဆူမှ ရသည်ဟု မှတ်သားလျက်တွေ့ရသည်။ ၎င်းတို့နှင့်အတူ အုတ်ခွက်အောက်ဘောင်မျက်နှာပြင်ပေါ်တွင် မွန်-မြန်မာအက္ခရာနှင့် မွန်ဘာသာဖြင့် စာတမ်းရေးထိုးလျက်ပါသော အုတ်ခွက်နှစ်ဆူကိုလည်း တွေ့ရသည်။ ၎င်းအုတ်ခွက်တို့သည် တနေရာတည်းတွင်တွေ့ရသော အထက်ဖေါ်ပြပါ အခြားအုတ်ခွက်များနှင့် မတူပဲ အနည်းငယ်ကွဲပြားကြသည်။ ကွဲပြားကြပုံမှာ အုတ်ခွက်အတွင်းဖက်ဘောင်အတွင်း၌ တင်ပြင်ခွေဆင်းတုတော် ဗောဓိကျောင်းဆောင်နှင့် စေတီရံတို့မှာ မောင်ချစ်စကုန်း၌ တွေ့ယှိရသော

ဆင်းတုတော်၊ မောဓိကျောင်းဆောင်နှင့် စေတီ ရံတို့မှာကဲ့သို့ ပုံချင်းတူကြ၏၊ အောက်ဘောင်အတွင်းနခမ်း ကပ်လျက် ပုံနှိပ်စာတကြောင်းမှာလည်း၊ တမျိုးတည်းဖြစ်ဟန်တူ၏။ သို့သော် ထိုစာတို့မှာ ပြွန်းတီးလျက်ယှိနေ သဖြင့် ရေးရေးသာမြင်ရတော့သည်။ ဘောင်မျက်နှာပြင်တွင် ရေးထိုးထားသော လက်ရေးစာမှာ အုတ်ခွက် တချပ်၌ အောက်ပါအတိုင်းဖြစ်၏။

၁—။ း ပကျော် ဝေါအ် လာင် ယင် လေန်

၂— မကိတ္တ ယေ် မိ ဂေါအ် နိဗ္ဗာန်။

## ဘာသာပြန်

၁—ဤဖုရားကား လာင်ယင်လန်

၂—ပြုလုပ်သောဖုရား။ ငါနိဗ္ဗာန်ရလို့၏

အခြား အုတ်ခွက်တဆူ၏ ဘောင်မျက်နှာပြင်ပြင်၌ စာကား အောက်တွင် ဖေါ်ပြလျက်ပါယှိ၏။

၁—ဝေါအ် ကျာက် မယ်ပါ

## ဘာသာပြန်

(ဤဖုရားကား မယ်ပါ (လုပ်သည်)။

၎င်းအုတ်ခွက်နှစ်ဆူမှာ တခေတ်တည်း တကာလတည်းက ဖြစ်၏၊ အထက်က ဖေါ်ပြခဲ့သည့်အတိုင်း အုဘ်ခွက်ဘွင်ပါသော အလယ်ဆင်းတုဘော်ပုံမှာ မောင်ချစ်စကုန်းမှရသော သစ်သီး သစ်ပွင့်တို့ ရေးမှတ်ပါ သော အုတ်ခွက်များတွင်ပါသော အလယ်ဆင်းတုတော်နှင့် တစံနစ်တည်းဖြစ်၏။ ရှုံး၌စုဆောင်း၍ ထားသော အုတ်ခွက်တို့တွင် ဤကဲ့သို့ ရေးမှတ်လျက်ပါယှိသော အုတ်ခွက်တို့လည်း အနည်းငယ် ကျန်ယှိသေး၏။ သို့သော် ၎င်းတို့တွင် ပါသောစာတို့မှာ ပျက်စီးပြွန်းတီးလျက်ယှိနေသဖြင့် မဖတ်သာတော့ချေ၊ အုတ်ခွက်ပုံစံ စံနစ်မှာကား အထက်ဖေါ်ပြပါ နှစ်မျိုးနှစ်စားနှင့် တစံနစ်တည်း ဖြစ်ကြ၏။

### မြင်းကပါရွာ အဘယ်ရတနာအနီး ကုန်းတကုန်းမှရ။

(ပုံ ၉၉)။ အုတ်ခွက်မျက်နှာဖက်တွင် အထက်အောက် သုံးတန်းတန်းလျက် တံကဲ့နှင့် တင်ပြင်ခွေဖုရား ဆင်းတုတော်ဆယ်ဆူပါသည်၊ ပေါ်ပင်အကော်အလက်များ ဘေးကရံလျက်ပါသည်။ အုတ်ခွက်ကောင်းနှစ်ချပ် နှင့် အပိုင်းကျိုးတချပ်တွေ့ရသည်။ အကောင်း၏ အတိုင်းအတာမှာ အမြစ် ၅.၂ အနံ ၃.၆ ဘောင်မပါပဲ ဂိုးချွန်သဏ္ဍာန်ယှိသည်။

အုတ်ခွက်အောက်နခမ်းကပ်လျက် မွန်—မြန်မာအက္ခရာနှင့် ပုံနှိပ်စာ မွန်စာတကြောင်းပါသည်။ ထိုစာကို အောက်ပါအတိုင်း ဖတ်ရသည်။

ဝေါအ် ကျက် ယသ ဣဿာန် သဟဿေ နေဝါတိ

## ဘာသာပြန်ချက်

ဤကား''ယသ'' လက်ဖြင့် လုပ်သည့်ဖုရား။

(ပုံ–၁၀၀)။ အုတ်ခွက်–မြင်းကပါရွာ ဦးကြွက် ကျောင်း တောင်ဖက်ကပ်လျက် ယာတခင်းခြား မောင်စံရှားယာ စနေထောင့်ဖုရားကုန်းတဂူနန်းမှရသည်ဟု ရှုံးအမှတ်အသားဌ တွေ့ရသည်။အထက်ပါအုတ်ခွက်တွင် ပါသည့်အတိုင်း သုံးတန်းတန်းလျက် ဆင်းတုတော်ဆယ်ဆူပါသည်။ပုံသဏ္ဍာန်တို့မှာ တမျိုးဘည်းဖြစ်သည်။ သို့သော် ဘောင်ခတ်လျက်ပါသည်၊ အောက်ခြေနခမ်းတွင်ကပ်လျက်ပါသော ပုံနှိပ်စာဘကြောင်းမှာ အထက်က အတိုင်းဖြစ်သည်။ အတိုင်းအတာမှာ အမြင့် ၆.၆"၊အနံ ၃.၈''၊ယို၏။အုတ်ခွက်နှစ်ချပ်၊တချပ်မှာလက်ဝဲဖက် ဘောင်ပဲ့နေသည်၊ ၎င်းအုတ်ဘွင်၊ အောက်ဆောင်အောက်ဖက်၌ လက်ရေးစာ နှစ်ကြောင်းပါသည်။ ၎င်းကို "သိမ္မေဂ်ဝေါဟ်မလါတ်''ဟု ဖတ်ရသည်။ အဓိပ္ပါယ်မှာ ထိုသံဗျင်လုပ်သည်။

(ပုံ–၁၀၁)။ အုတ်ခွက်–ပုဂံထီးလိုမင်းလိုဖုရားတောင်၊ ကိုအောင်လှ ယာအတွင်းကုန်းမှရသည်။ ဂုံးချွန်ပုံသဏ္ဍာန်ဖြစ်သည်၊ တံကဲနှင့်တင်ပြင်ခွေကိုယ်တော်ကလေးများ သုံးတန်းတန်းလျက် ဆယ်ယူပါသည်၊ ဆင်းတုတော်ကလေးများ အကြားအကြား စေတီကလေးများရံလျက်ပါသည်၊ ပန်းပွင့်ပန်းဖူးကလေးများဖြင့် ဆင်မြန်းလျက် ပါသည်၊ အုတ်ခွက်အောက်နခမ်းကပ်လျက် ပုံနှိပ်စာဘကြောင်း ပါဟန်တူသည်၊ သို့သော် အက္ခရာစာလုံးတို့မှာ ကျဉ်းမြောင်းသော နေရာ၌ဖြစ်နေ၍ မပီသဖြင့် မဖတ်သာချေ၊ အမြင့် ၃.၅' အနံ ၂.၉'။

ပုံ(၁၀၂)။ အုတ်ခွက်–မြင်းကပါနန်းဖုရားအနီး နှစ်ထပ်စေတီအတွင်းမှရသည်၊ ပလ္လင်ထက် ကျောင်းဆောင်အောက် ထက်ဝယ်ဖွဲ့ခွေလျက် လက်တော်ဗယ်တင်ညာချ ဆင်းတုတော်တဆူပါသည်၊ စေတီတော်ရံကလေးများလည်းပါသည်၊ကျောင်းဆောင်ပုံမှာ အခြားကျောင်းဆောင်ပုံများနှင့်မတူပဲ အနည်းငယ်ဆန်းသည်၊ မုခ်တိုင်တို့မှာ တိုင်ရိုးရိုးမဟုတ်ပဲ ပန်းကုံးသဏ္ဍာန် ယိုသည်၊ အုတ်ခွက်၏ပုံမှာ ရှည်မျောမျောနှင့် ဘဲဥပုံသဏ္ဍာန်ယိုသည်၊ အမြင့် ၃ လက်မခွဲ၊ အနံ ၂ လက်မနီးပါးယိုသည်။

ပုံ(၁၀၃)။ အမှတ်အသားမပါ၊ အုတ်ခွက်မှာ ထိပ်ဖက်တွင် ဂုံးဝိုင်းပုံသဏ္ဍာန်ယိုသည်၊ အလယ်တွင် တံကဲနှင့်ကြာပလ္လင်ထက်၊ လက်တော်ဗယ်ဘင်ညာချ၊ တင်ပြင်ခွေဆင်းတုတော်ဘဆူ၊ဘေးကစေတီတော်ကလေးများ ရံလျက်ပါသည်။ တံကဲအထက် ထီးနှင့်ဗောဓိပင် အခက်အလက်များ ပါသည်၊ ကြာပလ္လင်အောက် ပုံနှိပ်စာနှစ်ကြောင်းပါသည်၊ အက္ခရာစာလုံးများမှာ မထင်ရှားလှ၊ သို့သော် စာမှာ ''ယေဓမ္မာဟေဘုပြဘဝါ" စာတမ်းနှင့် အဆင်တူသည်၊ အမြင့် ၃ လက်မ၊ အနံ ၂ လက်မသာသာ ယိုသည်။

ပုံ(၁၀၄)။ အုတ်ခွက်မှာ ဂုံးချွန်နှင့်လိုဏ်ဂူသဘောယို၏၊ သို့သော် နံဘေးက၊ ဘောင်ခတ်၍ မပါချေ၊ ယင်းကို တွံတေးမှ ရသည်ဟု ရှုံးအမှတ်အသားတွင် တွေ့ရ၏။ ၎င်း၏ အတိုင်းအတာမှာ အမြင့် ၄ လက်မ၊ အောက်ဘောင်အလျား ၃ လက်မ ယို၏။

အုတ်ခွက်ကို ပဌမတွေ့မြင်ရသောအခါ၊ ၎င်း၏ မျက်နှာဖက်တွင် ပါယိုသော ရုပ်ဖောင်းရုပ်ကြွတို့မှာ အင်္ဂတေဖြင့် ဖုံးအုပ်လိမ်းကျံလျက် ယိုနေသဖြင့် ရုပ်ပုံတို့၏ ပုံပန်းသဏ္ဍာန်တို့ကို ကောင်းကောင်းမမှန်းဆသာချေ၊ ထိုအင်္ဂတေတို့ကို ခွါပစ်လိုက်သောအခါ၊ ပေါ်လာသော ရုပ်ဖောင်းရုပ်ကြွတို့မှာ အောက်ပါအတိုင်း ဖြစ်ကြ၏။

အလယ်တွင် ကြာပလ္လင်ထက် ဗောဓိကျောင်းဆောင်အောက်၊ ထက်ဝယ်ဖွဲ့ခွေထိုင်နေလျက် လက်နှစ်ဖက်ကို ရင်သို့အပ်၍ တရားဟောနေဟန် ပုံတော်တဆူပါ၏။ ယင်း၏တဖက်တချက် ကြာပွင့်ပေါ်တွင်ရပ်လျက်

မတ်ရပ်တော်ဘဆူစီပါ၏၊ လက်ျာဖက်က ရပ်တော်မူမှာ သင်္ကန်းဝတ်ရုံလျက် အပြင်ဖက်သို့ မျက်နှာမူ၍၊ လက်ဝဲဖက်လက်မှာ ရင်ကိုအပ်လျက် ကြာရိုးကြာတံနှင့် ကြာဖူးကို ကိုင်နေဟန် ဖြစ်၏။ လက်ျာဖက်လက်မှာ ကိုယ်လုံးတော်၏ ဘေးမှအောက်သို့ တွဲလဲချလျက်ယို၏၊ လက်ဝဲဖက်ယှိ ရပ်တော်မူမှာ အတွင်းဖက်သို့ ခပ်စောင်းစောင်း လှည့်၍ ရပ်လျက် အလယ်တွင်ယှိ တင်ပလ္လင်ခွေကိုယ်တော်ဖက်သို့ မျက်နှာမူနေဟန်ဖြစ်၏။ ယင်း၏လက်ျာဖက် (အတွင်းဖက်) လက်ကို တထောင်ဆစ်မှကွေးလျက် လက်ကိုဖြန့်ပြီးမြှောက်လျက်နေဟန် တွေ့မြင်ရ၏။ ၎င်းသည်လည်း ကြာပန်းကို ကိုင်နေဟန် ဆင်ရ၏။ အပြင်ဖက်လက်မှာ ၎င်းဖက်ဘေးကို ကပ်လျက် တွဲလဲချလျက် နေ၏။ ယင်းမတ်ရပ်တော် နှစ်ဆူစလုံး၏ မဏိတော်တို့မှာ ပွန်းပဲ့ပျက်စီးနေသဖြင့် မထင်ရှားတော့ချေ၊ ၎င်းမဏိတော်တို့၏ အတွင်းဖက်မှ ကပ်လျက်ယှိသော ကြာပန်းပွင့်တို့မှာလည်း ကောင်းကောင်းမထင်ရှားတော့ချေ၊ ၎င်းတို့အောက်၊ အုတ်ခွက်၏အောက်ခြေကပ်လျက် "ယေဓမ္မာဟေတုပြဘဝါ" အစယှိသော ဂါထာကလေးကို နာဂရီအက္ခရာဖြင့် စာကြောင်းရေ နှစ်ကြောင်းပုံနှိပ်လျက် ပါယှိ၏၊ ၎င်းဂါထာ၏ နောက်ဆုံး ဏော ဟူသော အက္ခရာစာလုံးမှာ ဖော်ပြပါ ပုံနှိပ်စာ ဒုတိယအကြောင်းအဆုံးတွင် နေရာမယှိ၍ ၎င်းနေရာအထက်ယှိ မတ်ရပ်တော်၏ မဏိတော်အထက်တွင် ကပ်လျက် ပုံနှိပ်ထားကြောင်းကို တွေ့ရ၏။အက္ခရာတို့၏ ပုံသဏ္ဌာန်အရ၊ ၎င်းတို့သည်၊အေဒီ၊ ၁၁–ရာစုနှစ်နှင့် ၁၂–ရာစုနှစ်လောက်က အက္ခရာများဖြစ်သည်ဟု မှန်းဆရာသည်။

မတ်ရပ်တော်နှစ်ဆူမှာ ဖုရားလောင်းပုံတော်များ ဖြစ်ဟန်တူ၏၊ ၎င်းတို့အနက် အလယ် တင်ပြင်ခွေပုံတော်၏လက်ျာဖက်ကမတ်ရပ်တော်မှာ အရိမေတ္တေယျဖုရားလောင်းဖြစ်၍၊ တဖက်မတ်ရပ်တော်မှာ လောကနာထဖုရားလောင်းပုံတော်ဖြစ်သည်ဟု ယူဆရာ၏၊ ထိုဖုရားလောင်းနှစ်ဆူ၏ ပုံတော်များသည်၊ ပုဂံခေတ်တွင်မျှမက၊ သရေခေတ္တရာခေတ်ကလည်း တော်တော်ထင်ရှားခဲ့၏၊ အထက် ဖေါ်ပြပါပုံမှာ ပုဂံအနော်ရထာမင်းခေတ်လောက်ကပုံဖြစ်သည်။

(ပုံ–၁၀၅)။ ထိုကဲ့သို့ အုတ်ခွက်အလယ်တွင် တရားဟောနေဟန် တင်ပြင်ခွေဖုရားဆင်းတုတော်နှင့် တွဲ၍ ဘေးရံအရိမေတ္တေယျနှင့် လောကနာထဖုရားလောင်း ဆင်းတုတော်ပုံတို့ကို သွင်းလုပ် ပူဇော်ကြခြင်းမှာ ပုဂံပျူလူမျိုးတို့အထဲ၌လည်း အတော်ပင် ထင်ရှားခဲ့ဟန်တူသည်၊ ထင်ရှားခဲ့ပုံမှာ၊ မြင်းကပါအရှေ့ကျဆင်းဖုရားအတွင်းမှ တွေ့ရသော အုတ်ခွက်တချပ်တွင် ဆင်းတုတော် သုံးဆူပါသည်၊ ၎င်းတို့အနက်၊ အလယ်ဆင်းတုတော်မှာ ကြာပလ္လင်ပေါ်တွင် ထက်ဝက်ဖွဲ့ခွေနေထိုင်နေတော်မူပြီးလျှင် လက်နှစ်ဖက်ကိုရင်သို့အပ်လျက် တရားဟောနေဟန်ပါသည်၊ ထက်ဝက်ဖွဲ့ခွေ ထိုင်နေတော်မူသည်မှာ ပုဂံခေတ်နှင့် ယခုခေတ် ဆင်းတုတော်များကဲ့သို့ ခြေကိုချိတ်လျက် မဟုတ်ပဲ၊ ကွေးလျက်နေသော ဗယ်ခြေကိုညာခြေကထပ်လျက် ထိုင်နေတော်မူဟန် ဖြစ်သည်၊ ယင်း ဆင်းတုတော်၏ လက်ျာရံဖြစ်သော ဆင်းတုတော်မှာလည်း ခြေထပ်လျက် ထိုင်နေဟန်တွေ့မြင်ရသည်၊ လက်ဝဲရံပုံမှာ ရိုးရိုးဖုရားဆင်းတုတော်ပုံအတိုင်း မဟုတ်ပဲ၊ကြာပလ္လင်ပေါ်တွင် မင်းထိုင်ထိုင်၍၊မင်းဝတ်တန်းဆာများ ဝတ်ဆင်လျက်နေဟန် တွေ့ယှိရသည်၊ ထိုကဲ့သို့သော ပုံများကို ပုဂံနေရာအနှံ့အပြား၌ တွေ့ရသည်၊ ထို–ဆင်းတုတော်သုံးဆူအနက် အလယ်ယှိအဆူမှာ မဟာယာဉ်ဂိုဏ်းအလိုအားဖြင့် ဗုဒ္ဓဆင်းတု ရုပ်ပွါးတော် ဖြစ်သည်၊ လက်ျာရံဆင်းတုတော်မှာ အရိမေတ္တေယျဖုရားလောင်း၏ ဆင်းတုတော်ဖြစ်သည်၊လက်ဝဲရံဆင်းတုတော်မှာ လောကနာထဖုရားလောင်း၏ ဆင်းတုတော်ဖြစ်သည်။

ထိုအုတ်ခွက်ဖုရား၏ အခြား ထူးခြားချက်တရပ်မှာ အလယ်ဆင်းတုတော်၏ ကြာပလ္လင်အောက်၊ အုတ်ခွက်၏အောက်ခြေ၌ ပျူစာတကြောင်း ပုံနှိပ်လျက်ပါသည်၊ ၎င်းစာမှာ မှန်းဆ၍ ကြည့်ရခြင်းအားဖြင့် အက္ခရာစာလုံး–၇–လုံးလောက် ပျူအက္ခရာများဖြင့် ရေးမှတ်ပုံနှိပ်လျက်ပါသည်၊ သို့သော်–စာမှာပျူဘာသာဖြင့် ရေးမှတ်ထားလျက် ပါယှိခြင်းကြောင့်တကြောင်း၊အက္ခရာမှာလည်း မေးမှိန်လျက် ယှိနေခြင်းများကြောင့်တကြောင်း၊ စာ၏အဓိပ္ပါယ်ကို သေချာစွာ မထုတ်ဖေါ်နိုင်သေးချေ၊ သို့ပင်ဖြစ်ငြားသော်လည်း စာ၏အစ၌ ပျူအက္ခရာဖြင့် ဗုဓ (ဗုဒ္ဓ) ဟူသော အက္ခရာနှစ်လုံးကို ထင်ထင်ရှားရှား မြင်နိုင်ပေသည်၊ ၎င်းတို့ကိုထောက်၍၊ အုတ်ခွက်မှာ၊

အနော်ရထာမင်း၏ ခေတ်လောက်က ဗုဒ္ဓဘာသာ မဟာယာဥ်ဂိုဏ်းနှင့် သက်ဆိုင်သော အုတ်ခွက်ဖြစ်ဟန်တူသည်။ ၎င်း၏အတိုင်းအတာမှာ အောက်ခြေအလျား ၂ လက်မ ၃ မတ်လောက်ယှိ၏၊ အမြင့် ၃ လက်မသာသာယှိ၏။

(ပုံ–၁၀၆)။ အုတ်ခွက်ဆင်းတုတော်ပင် မဟုတ်သော်လည်း၊ အထက်ဖော်ပြပါ အုတ်ခွက်ဆင်းတုတော်နှင့်မခြားမနား ခပ်ဆင်ဆင်တူ၍၊ သံဖြင့်သွန်းလုပ်သောပုံတခုကို ပုံ(၁၀၆)တွင် ပြထားပါသည်။၎င်းပုံ၏ အတိုင်းအတာမှာ အောက်ခြေ အလျား ၃ လက်မသာသာယှိ၏၊ အမြင့် ၄ လက်မသာသာယှိ၏၊ ၎င်းကိုတွေ့ယှိသော နေရာမှာ၊ ပုဂံမြို့၊ မြင်းကပါရွာ၊ တောရကျောင်းတောင်ဖက်၊ ကုန်းတကုန်းမှဖြစ်သည်၊ ၁၉၂၇–၂၈ ခုနှစ်အတွင်းက တွေ့ရသည်။

ထိုဖော်ပြပါ အုတ်ခွက်နှင့် သံပုံပါလက်ရေးချင်းတူသော အုတ်ခွက်ပုံတို့ကို သရေခေတ္တရာ–မှော်ဇာ၌ မြောက်မြားစွာ တွေ့ရသည်၊ ပုံတော်တို့မှာ ပုဂံလက်ရာနှင့် ကွာခြားကြသည်၊၎င်းအကြောင်းတို့ကို သရေခေတ္တရာ အုတ်ခွက်အခန်း၌ ထုတ်ဖော် ရေးသားပါဦးမည်။ ယခုအခြေအနေ အရဆိုလျှင် မြစေတီ ပျူကျောက်စာကို ထောက်၍ ပုဂံ၌ အနော်ရထာ–ကျန်စစ်သားခေတ်က နေထိုင်ကြသော လူမျိုးတို့တွင် ပျူတို့လည်း အပါအဝင် ဖြစ်ကြောင်းကို၊၎င်းဖော်ပြပါ အုတ်ခွက်တို့က တနည်းအားဖြင့် ထောက်ခံလျက်ယှိကြောင်းကို သိရသည်၊ ၎င်း လူမျိုးတို့၏ ဘာသာအယူဝါဒမှာ များသောအားဖြင့် ဗုဒ္ဓဘာသာ မဟာယာဥ်ဂိုဏ်း အယူဝါဒနှင့် သက်ဆိုင်သည်။

အထက်တနေရာ၌ ဖော်ပြပါ ဓါတ်ပုံနံပါတ်စဥ်–၁၃–က၊နှင့်၊ခ၊တို့တွင် ပါသော မဟာသာလိနီအုတ်ခွက် နှင့် တပုံစံတည်းဖြစ်သော အုတ်ခွက်အပျက်အစီး အကျိုးအပဲ့တို့ကို ပုဂံမြို့ မင်္ဂလာစေတီ အရှေ့ဖက် ဖုရားပျက် တဆူမှရယှိထားသည်ဟု ချုံးအမှတ်အသားနှင့် တွေ့ရသည်။ ၎င်းအုတ်ခွက်များ၏ ကျောဖက်တွင် မွန်ဘာသာဖြင့် လက်ရေးစာများပါယှိ၏၊ သို့သော် အုတ်ခွက်များမှာ ဖုတ်သည့်အခါက မီးလွန်၍ မူလကတည်းက၊ လိမ်ကော့ ပျက်စီးနေသဖြင့် ရေးသားထားသော အက္ခရာစာလုံးများမှာလည်း ကောင်းကောင်းမပြီသတော့ချေ။ သို့သော် ထိုလက်ရေးစာပါသော အုတ်ခွက်တို့အနက် နမူနာအနေနှင့် အုတ်ခွက်သုံးဆူကိုရွေး၍ ၎င်းတို့ကျောမှစာကို ဖတ်ရသမျှ သုတေသီတို့အတွက် ယခုလက်ငင်းအက္ခရာဖြင့် ပြန်ဆိုပြီးလျှင် ဘာသာပြန်ချက်တို့ကို အောက်တွင် ရေးသား ထည့်သွင်းလိုက်ပါသည်။

| (က) အက္ခရာပြန်ချက် | ဘာသာပြန်ချက် |
|---|---|
| ၁–မောင်အင် | ၁–မောင်အိုင် |
| ၂–မယ်ခ္လိယ် | ၂–မယ်ခြယ် |
| ၃–ကအ် လန် | ၃–ကလန် |
| ၄–ငေဂါင် | ၄–ငေဂါင် |

| (ခ) အက္ခရာပြန်ချက် | ဘာသာပြန်ချက် |
|---|---|
| ၁—ပေယ် ပေါမ် | ၁—ပယ်ပွမ် (သို့မဟုတ်) ပေယ်ပွမ် |
| ၂— ကေန်သင် | ၂— } သင်—ဟောယ်၏သား မောင်ခတ် |
| ၃— ဟောယ်မေင်ခ | ၃— |
| ၄— တ် | ၄— |

## (ဂ) အက္ခရာပြန်ချက်

(၁) ။ ဝေါအ်ကျာက်
(၂) ဇယ်မကန်တန်
(၃) ဖလ်ဝေါအ်နိဗ္ဗာ
(၄) နံပရမင်္ဂတော။

## ဘာသာပြန်ဆိုချက်။

ငါသည် ဤဖုရားရုပ်ပွါးတော်ကို ပြုလုပ်လှူဒါန်းရသော အကျိုးကြောင့်၊ မြတ်သောနိဗ္ဗာန်သို့ ရောက်ရပါလို၏။

ပုံ(၁၀၇)။ ချုံးတွင် တွေ့ယှိရသော အုတ်ခွက်တို့တွင် ချုံးအမှတ်အသား မပါပဲ အုတ်ခွက်ကြီး လေးဆူတွေ့ရသည်၊ ၎င်းတို့အနက် ပဌမအုတ်ခွက်မှာ ဘောင်ခတ်လျက် ဂုံ့ချွန်နှင့်လိုဏ်ဂူသဏ္ဍာန်ယှိသည်၊ ဘောင်အတွင်း၌ တံကဲနှင့်တင်ပြင်ခွေဆင်းတုဘော်ဘလေးပေါင်း ၁၀၀ ပါသည်၊ အောက်ခြေ၌ မွန်—မြန်မာ အက္ခရာနှင့် ပုံနှိပ်စာတကြောင်းပါသည်၊ ၎င်းသည် မှေ့မှိန်နေသဖြင့် မဖတ်သာချေ။ မွန်ဘာသာနှင့် ရေးထိုးဟန်တူသည်၊ အထက်ပိုင်းနား၌ စေတီရံကလေး ငါ့ဆူပါသည်၊ ဆင်းတုခတော်တို့မှာ ပြတ်ပြတ်သားသားမယှိပဲ၊ ပုံသဏ္ဍာန်တို့ကို မှန်းဆနိုင်ရုံမျှသာယှိသည်၊ အုတ်ခွက်၏အတိုင်းအတာမှာ အမြင့် ၉ လက်မယှိ၍၊ အောက်ဘောင်၏အလျားမှာ ၃.၇ လက်မယှိ၏။

ပုံ (၁၀၈)။ ဒုတိယအုတ်ခွက်သည်လည်း ဂုံးချွန်နှင့်ဘောင်ခတ်၍ လိုဏ်ဂူသဏ္ဍာန်ယှိ၏၊ ဘောင်အတွင်း အမြင့် ၉ လက်မယှိ၍ အောက်ခြေအကျယ် ၆ လက်မခွဲယှိသော နေရာမျက်နှာပြင်တွင် နှစ်ကျိပ်ရှစ်ဆူတင်ပြင်ခွေဆင်းတုတော်ဘလေးများကို နောက်ခံတံကဲများနှင့် တွေ့မြင်ရ၏၊ ဆင်းတုတော်တဆူလျှင် တင်ပြင်ခွေရဟန္တာပုံ နှစ်ဆူစီရံလျက်ယှိ၏၊ စေတီကလေးတဆူစီလည်း ရဟန္တာရုပ်များ၏ အထက်ပိုင်းကြားကြား၌ပါယှိ၏၊ အောက်ခြေ၌ မွန်—မြန်မာ ပုံနှိပ်စာတကြောင်းပါယှိ၏။ ၎င်းသည် အပျက်အစီးများနေသဖြင့် မဖတ်သာချေ။ သို့သော် ထင်ရှားလျက်ယှိသော အက္ခရာတလုံးစ နှစ်လုံးစတို့၏ ပုံသဏ္ဍာန်တို့ကို ထောက်ချင့်ရခြင်းအားဖြင့် သကရာဇ် ၆၀၀ ကျော်လောက်က အရေးအသားဖြစ်မည်ဟု မှန်းဆရ၏။

ပုံ(၁၀၉)။ တတိယနှင့်စတုတ္ထအုတ်ခွက်တို့သည် တမျိုးတည်းဖြစ်၏၊ ၎င်းတို့သည်လည်း ဘောင်ခတ်၍ ဂုံးချွန်နှင့်လိုဏ်ဂူသဏ္ဍာန်ယို၏၊ ဘောင်အတွင်း အမြင့် ၉လက်မ၊ အနံ ၆လက်မခွဲသာသာလောက် ယိုသော နေရာမျက်နှာပြင်တွင်၊ ရုပ်ပွါးဆင်းတုတော် ၁၀၀ စီပါ၏၊ ယင်းတို့သည် ပျက်စီးပွန်းပဲ့နေသဖြင့် နောက်ခံတံကဲ များနှင့် တင်ပြင်ခွေဆင်းတုတော်များ ဖြစ်ကြောင်းကိုသာလျှင် တွေ့မြင်ရ၏၊ ထိုအုတ်ခွက်တို့သည် အင်းဝခေတ် လောက်က ဖြစ်မည်ဟု မှန်းဆရ၏။

ပုံ (၁၁၀)။ ၁–၂၂၄ အမှတ်အသားနှင့် ဂုံးချွန်နှင့် လိုဏ်ဂူသဏ္ဍာန်အုတ်ခွက်လက်ျာဖက် အောက် ထောင့်အပိုင်းကျိုးကလေးတခုကို ရုံးတွင်တွေ့ယိုရသည်၊ ၎င်းအမှတ်အသားအနေနှင့် ရုံးမှတ်ပုံတင်စာအုပ်တွင် တွေ့ယိုရသည်မှာ၊ ၁၉၂၈–၂၉ ခုနှစ်အတွင်း ပုဂံမြို့ ထီးလို မင်းလိုဘုရားတောင်၊ မောင်လှအောင်ယာအတွင်း ကုန်းတကုန်းမှရသည်၊ မျက်နှာဖက်တွင် တင်ပြင်ခွေကိုယ်တော် နှစ်ကျိပ်ရှစ်ဆူပါသည်၊ အောက်ခြေ၌ ပါဠိစာ တကြောင်းပါသည်ဟု ဆိုသည်၊ ထို ဖေါ်ပြပါ အမှတ်အသားအရဆိုလျှင် အုတ်ခွက်မှာ တွေ့ခါစက နှစ်ကျိပ် ရှစ်ဆူ တင်ပြင်ခွေကိုယ်တော်ကလေးများနှင့် အပြည့်အစုံ ယိုဟန်တူသည်၊ သို့သော် စစ်ကြီးအတောအတွင်း အရွှေ့အပြောင်း၌ ကျိုးပဲ့ပျက်စီး၍ အခြားအပိုင်းအစများ ပျောက်နေဟန်တူသည်။

ထိုအပိုင်းစကလေးကို အခြေခံပြုလုပ်၍၊ ရုံးယိုခါတ်ပုံဟောင်း အကြွင်းအကျန်တို့အထဲတွင် ရှာဖွေရာ၊ ကံအားလျော်စွာ ထိုအပိုင်းအစကလေးထက်ပြည့်စုံသော အုတ်ခွက်၏ဓါတ်ပုံတချပ်ကို တွေ့ရသည်၊ အောက်ပါ စာတမ်းမှာ ထိုဓါတ်ပုံကိုအခြေခံပြုလုပ်၍ ရေးသားလိုက်ခြင်းဖြစ်သည်။

ထိုဓါတ်ပုံ၏ အောက်ခြေ၌ တွေ့ရသော ပါဠိဘာသာဖြင့်၊ မွန်–မြန်မာအက္ခရာနှင့် ပုံနှိပ်စာမှာ အက္ခရာ စာလုံး အရေအတွက်အားဖြင့် ၃ ပုံ–၂ ပုံ လောက် ကျန်ယိုသေး၏၊ ထိုကျန်ယိုသေးသောစာမှာ အောက်ပါ အတိုင်းဖြစ်၏။

.... .... .... **(တိ) မေဗုဒ္ဓာရာဇ (ဣ) သွရေနမ(း)**

အက္ခရာစာလုံးအပြည့်အစုံနှင့်ဆိုလျှင် စာမှာ **အဌာဝိသတိမေဗုဒ္ဓာရာဇသွရေနမး** ဟု ဖြစ်တန်ရာ၏။

**အဌဝိသတိမေဗုဒ္ဓါ** ဆိုသည်မှာ အုတ်ခွက်တွင်ပါသော နှစ်ကျိပ်ရှစ်ဆူဖုရားကို ရည်မှန်း၍ ဆိုဟန်တူ သည်၊ သို့သော် ဖေါ်ပြရာပါ စာတမ်းမှအပ၊ အခြား အချက်အလက်များ၌ အလားတူ တပုံစံ တစ်နစ်တည်း လောက်ဖြစ်သော အုတ်ခွက်တို့တွင်ပါသော ဆင်းတုတော်ကလေးများကို ရေတွက် ကြည့်သောအခါ **အဌဝိ သတိမေဗုဒ္ဓာ** ဟုပင် ဆိုသော်လည်း နှစ်ကျိပ်ရှစ်ဆူမက၊ ဆင်းတုတော်ကလေးပေါင်း ဆူရေသုံးဆယ်ပါသည်၊ ထိုပုံသုံးဆယ်တွင် နှစ်ကျိပ်ရှစ်ဆူသည်=နှစ်ဆယ့်ရှစ်ဆူဖြစ်၏။အပိုနှစ်ဆူထည့်လျှင်ပေါင်းဆူရေသုံးဆယ်ဖြစ်သည်၊ နှစ်ကျိပ်ရှစ်ဆူဆိုသည်ကား၊ ပါဠိ၊ အဌကထာ၊ ဋီကာတို့၌ လာယိုသည့်အတိုင်း အမည်တို့ကိုကား သိရ၏၊ အပိုနှစ်ဆူ၏အမည်ကိုကား မသိရသေးချေ။ **သမ္ဗုဒ္ဓေ**၏ အရေအတွက်တွင် သွင်းရမည်ဆိုလျှင်လည်း အထက် ဖေါ်ပြပါ **ဣသွရေနမး** ဆိုသည့်စကားလည်း ပါနေချေသေးသည်၊ ဣသွရေ ဆိုသည်မှာလည်း ဟိန္ဒူဆန်နေ သည်၊ သို့သော် ဟိန္ဒူဖုရားကို ဤနေရာ၌ သွတ်သွင်းကိုးကွယ်မည်ဟု မထင်ရချေ၊ ဗုဒ္ဓဘာသာ မဟာယာဉ် ဂိုဏ်းအလိုအားဖြင့် အနော်ရထာမင်း၏ အုတ်ခွက်များတွင် ဖုရားဆင်းတုတော်များအပြင် အရိမေတ္တေယျနှင့် လောကနာထ၊ သို့မဟုတ် အရိမေတ္တေယျနှင့် အဝလောကိတေသွရအမည်များနှင့် ဖုရားလောင်းနှစ်ဆူ ပါလေ့ ယို၏၊ ထိုဖုရားလောင်းနှစ်ဆူသည်လည်း ကိုးကွယ်ပူဇော်ရာ ဖုရားဆူရေအတွင်းတွင် သွတ်သွင်းကိုးကွယ်လေ့ ယို၏၊ အရိမေတ္တေယျဖုရားလောင်း ပုံတော်မှာလည်း အချို့နေရာ၌ ဖုရားပုံတော်နှင့်မခြား ထုလုပ်ကိုးကွယ် တတ်ကြ၏၊ အဝလေကိတေသွရကိုလည်း၊ လောကနာထနှင့်မခြား ကိုးကွယ်တတ်ကြ၏၊ အဝလောကိတေ

သွရဆိုသည့်အဓိပ္ပါယ်မှာ အဝလောကိတ+ဇ္ဇသွရ၊ သို့မဟုတ် ဩြော လောကိတ+ဇ္ဇသွရ—ဤလောက၌ ယှိယှိ သမျှသတ္တဝါအပေါင်းတို့၏ ကရုဏာမေတ္တာတော်ရှင်ဟု ခေါ်ဆိုရေးမှတ်၍ ပူဇော်တတ်ကြ၏၊ ထို့ကြောင့် **ရာဇဇ္ဇလ္လသွရေ** ဆိုသည်မှာ ပုဂံခေတ်က မဟာယာဥ်ဂိုဏ်းအလိုအားဖြင့် ဖုရားနှင့်မခြား ကိုးကွယ်ပူဇော်လေ့ယှိကြသော ဖုရားလောင်းများကို ဆိုလိုဟန်တူ၏၊ ထို့ကြောင့် **အဌာဝိသတိမေဗုဒ္ဓာရာဇဇ္ဇလ္လသွရေနမး** ဆိုသည်မှာ ပုဂံခေတ်က ဗုဒ္ဓဘာသာမဟာယာဥ်ဂိုဏ်းသားတို့ ဖုရားရှိခိုးစာဖြစ်ဟန်တူသည်ဟု ယူဆရာသည်။ အဝလောကိတေသွရဟု ခေါ်ဆိုကြသော ဖုရားလောင်းတဆူတည်းကိုပင် မဟာယာဥ်ဂိုဏ်းသူဂိုဏ်းသားတို့ အမျိုးမျိုးခွဲ၍ မိမိတို့ နှစ်ခြိုက်သသလို ကိုးကွယ်ပူဇော်ကြသည်မှာ၊ အမျိုးအမည်ပေါင်း တရာ့ရှစ်မျိုး ယှိ၏။ **ဇ္ဇလ္လသွရေ** ဟု ဆိုသဖြင့် ဖုရားလောင်းတဆူမက၊ တရာ့ရှစ်ဆူလုံးကို ရည်စူး၍ ရှိခိုးပဌနာပြုဟန်တူသည်၊ ဤသည်လည်း ပုဂံခေတ်ယာဥ်ကျေးမှု၏ အရင်းအမြစ်ကိုပြသော ထူးခြားသော သက်သေအထောက်အထား အစစ်တခု ဖြစ်ပေကြောင်းကို သိရသည်။ အုတ်ခွက်ခေတ် ကာလအပိုင်းအခြားမှာ၊ အေ၊ ဒီ၊ ၁၁—ရာစုနှစ်လောက် ဖြစ်မည်ဟု ထင်ရ၏။

အထွေထွေ အုတ်ခွက် ဆင်းတုတော်များ၏ စာရင်းတွင် အောက်တွင်ဖော်ပြလျက်ပါသော အုတ်ခွက်ကလေးနှစ်ဆူကိုလည်း ထည့်သွင်းလိုက်ပါသည်။ အုတ်ခွက်များမှာ သေးငယ်သော်လည်း ၎င်းတို့အောက်ခြေဖက်တွင် ရှေးဟောင်းနာဂရီအက္ခရာများနှင့် "ယေဓမ္မာဟေတုပြဘဝါ" အစယှိသော ဂါထာကလေးများ ပါယှိသည်။

ပုံ(၁၁၁)။ ၎င်းအုတ်ခွက်၌ အလယ်တွင် ဗောဓိကျောင်းဆောင်နှင့် ကြာပလ္လင်ပေါ်တွင် တင်ပြင်ခွေ ဆင်းတုတော်ရိုးရိုးတဆူပါသည်၊ ပလ္လင်အောက်တွင် စာ ၃-ကြောင်းဖြင့် "ယေဓမ္မာဟေတုပြဘဝါ" အစယှိသော ပုံနှိပ်စာပါသည်၊ ၎င်းစာတွင်ပါသော အက္ခရာများမှာ အေ၊ဒီ၊ ၁၁—ရာစုနှစ်နှင့် ၁၂-ရာစုနှစ်လောက်က အရေးအသားနှင့်တူသည်။ ဘေးတဖက်တချက်နှင့် အထက်တွင် စေတီကလေး ၅၂-ဆူဖြင့် ရံလျက် ယှိသည်။ အုတ်ခွက်၏ပုံမှာ အထက်တွင် ချွန်း၍ အောက်ဖက်ဘွင် ထောင့်သတ်လျက် ယှိသည်၊ ဘောင်အတွင်း ဝမ်းဘဲဥပုံသဏ္ဌာန် ယှိသည်၊ အမြင့် ၃ လက်မတမတ်၊ အောက်ခြေအကျယ် ၂ လက်မတမတ် ရှိ၏။

ပုံ(၁၁၂)။ ထိုအုတ်ခွက်သည် ညောင်ရွက်ပုံသဏ္ဌာန်ယှိ၏၊ အလယ်တွင်ရိုးရိုးနှင့်ဗောဓိကျောင်းဆောင်အောက်ကြာပလ္လင်ပေါ်တွင် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူသော ဗုဒ္ဓရုပ်ပွါးဆင်းတုတော်တဆူ ပါ၏၊ ကျောင်းဆောင်တဖက်တချက်ကပ်လျက် စေတီကလေးတဆူစီ ရံလျက်ပါ၏၊ ထိုစေတီတို့အပြင် အုတ်ခွက်နမ်းနား၌ အထက်အောက်တန်းလျက် မထင်မရှား တဖက်တချက် စေတီကလေး ငါးဆူစီပါသည်၊ ပလ္လင်အောက်၊ အုတ်ခွက်၏အောက်ခြေတွင် ရှေးဟောင်းနာဂရီအက္ခရာဖြင့် "ယေဓမ္မာဟေတုပြဘဝါ" အစယှိသော ဂါထာကလေး ပါသော ပုံနှိပ်စာ ၃ ကြောင်းပါသည်၊ ၎င်းစာတွင်ပါသော အက္ခရာတို့၏ အရေးအသားကို ထောက်ချင့်ရခြင်းအားဖြင့် အေ၊ဒီ၊ တဆဲ့နှစ်ရာစုနှစ်လောက်က အက္ခရာများဖြစ်ကြ၏။ အုတ်ခွက်၏၊ အမြင့်မှာ ၃ လက်မယှိ၍ အချင်းမှာ ၂ လက်မခွဲသာသာယှိ၏။

(ပုံ၁၁၃)။ ဘောင်စောက်နှင့်၊ဘောင်အတွင်း ဘဲဥသဏ္ဌာန်ယှိသော အုတ်ခွက်တဆူတွင် ဖုရားဆင်းတုတော်ပုံများနှင့် စေတီတော်ကလေးပုံများနှင့် စေတီတော်ကလေးပုံများပါလျက် တွေ့ယှိရသည်၊ ၎င်းပုံတို့သည် နောက်ခံတံကဲများနှင့် အထက်အောက် လေးတန်းတန်းလျက်ပါသည်၊ အောက်ဆုံးတန်း အောက်ဖက်၌ မွန်-မြန်မာအက္ခရာနှင့် ပုံနှိပ်စာ ၃ ကြောင်းပါသည်၊ ၎င်းအက္ခရာ စာလုံးကိုသည် အတော်ပင် ပြွန်းတီးလျက်ယှိနေသဖြင့် မဖတ်သာချေ။ ၎င်းတို့၏ အထက်တွင်ပါသော ရုပ်ဆင်းတုတော် တို့မှာလည်း ပြွန်းတီးလျက် ယှိနေပြီ။ သို့သော် ထိုရုပ်တုဆင်းတုတော်တို့၏ ပုံသဏ္ဌာန်တို့ကို အနည်းငယ် မှန်းဆနိုင်သေးသည်။ ထိုပုံတော်တို့အနက် အထက်ဆုံးတန်းတွင် ပါသောပုံမှာ မြတ်စွာဖုရားသည် (အုတ်ခွက်၏) လက်ဝဲဖက်သို့ ဦးခေါင်းထားလျက်၊

လျောင်းတော်မူနေဟန် ဖြစ်သည်၊ စေတီကလေးများလည်း အထက်ဖက်နှင့် ဘေးတဖက်တချက် (ခေါင်းရင်းဖက်နှင့် ခြေရင်းဖက်) တို့၌ ရံလျက်ပါသည်၊ လျောင်းတော်မူနေပုံ၏ အစား အချို့ အုတ်ခွက်များ၌၊ ပရိနိဗ္ဗာန်ပြုတော်မူဟန်ဖြစ်သည်၊ ၎င်း၏ အောက်ဘန်းဝဲယာ အစွန်ဆုံး အခန်း နှစ်ခန်းတွင် စေတီတော်ကလေးတဆူစီပါသည်။ ၎င်းတို့၏ အတွင်းဖက်ယှိ ဝဲယာနှစ်ခန်းတွင်၊ ရိုးရိုးလက်တော် ဗယ်တင်ညာချတင်ပြင်ခွေ ဆင်းတုတော်တဆူစီပါသည် အလယ်အခန်း နှစ်ခန်းမှာ၊ လက်ဝဲဖက်အခန်း၌၊ မြတ်စွာဖုရားတာဝတိံသာမှ ဆင်းခန်းဖြစ်ဟန်တူသည်။ လက်ျာဖက်က အခန်းမှာ နာဠာဂိရိဆင်ချွတ်ခန်း ဖြစ်ဟန်တူသည်၊ ထိုအတန်း၏အောက်၊ တတိယအတန်းတွင်လည်း အခန်းခြောက်ခန်းပါသည်၊ ၎င်းတို့အနက် ဝဲယာအပြင်ဖက်လေးခန်း၌ ခြေတွဲလဲချ၍ ထိုင်လျက် တရားဟောနေဟန် ဆင်းတုတော်လေးဆူပါသည်။ အတွင်းနှစ်ခန်းတွင်၊ ဝဲဖက်အခန်းမှ ဆင်းတုတော်မှာ ပလ္လင်ပေါ်တွင် ရိုးရိုးတင်ပြင်ခွေ ထိုင်နေဟန်ဖြစ်သည်၊ ယာဖက်ပုံမှာ ရပ်တော်မူလျက် တဖက်ယှိ အောက်ခံခုံအတက်၌ စိုက်လျက်ထားသော သစ်ပင်တခုကို စူးစိုက်၍ ကြည့်နေဟန်ဖြစ်သည်။ အောက်ဆုံးတန်းတွင် ဝဲယာအစွန်းနှစ်ဖက်၌ တဖက်လျှင် မတ်ရပ်တော်တဆူစီနှင့် အလယ်တွင် တင်ပလ္လင်ခွေဆင်းတုတော် လေးဆူပါသည်၊ ဆင်းတုတော်များ ဤကဲ့သို့ စီစဉ်ထားပုံမှာ ထူခြားသည်။ ၎င်းတို့အောက်၌ပါသော စာတမ်းကိုလည်း ဖတ်၍ မရချေ။ အုတ်ခွက်အမြင့် ၆ ၃″ ယှိသည်၊ ထိုအုတ်ခွက်မျိုးကို ဤတဆူသာလျှင် တွေ့ရဘူးသည်။

## အုတ်ခွက် သွင်းလုပ်သော တံဆိပ်ပုံများ။

အုတ်ခွက်သွင်းလုပ်သော တံဆိပ်ပုံများကို မြန်မာပြည် ပုဂံ၊ပဲခူး၊သထုံနှင့် အခြားနေရာများ၌ အနည်းငယ်တွေ့ယှိရသည်၊ ၎င်းတို့သည် အထက်ထက်က မြန်မာပြည် ရှေးဟောင်းမြို့ရွာဒေသတို့၌ အများပင် ယှိဟန်တူသည်၊ သို့သော် သေးငယ်သော ပစ္စည်းများဖြစ်၍ ယခုအခါ ကျိုးပဲ့ပျက်စီးကွယ်ပျောက် တိမ်မြုပ်ကုန်ဟန်တူသည်၊တွေ့ရသော ပစ္စည်းတို့အနက် အချို့မှာ ကြေးသတ္တုဖြင့် လုပ်သည်၊ အချို့မှာ ကျောက်ဖြင့်လုပ်သည်၊ အချို့မှာ မြေဖြင့်လုပ်၍ မီးဖုတ်ထားသည်၊ အုတ်ခွက်ဆင်းတုပုံတော်များကို ကြည့်ရှုခြင်းအားဖြင့်၊ ၎င်းတို့ကို သွင်းလုပ်သော ပုံတို့မှာ အနော်ရထာမင်းလက်ထက်လောက်က ကြေးသတ္တုဖြင့် လုပ်ဟန်တူသည်၊ ယင်းတို့မှ သွင်းလုပ်ထွက်ပေါ်လာသော ပုံတို့သည်၊ အခြားပုံများနှင့်မတူ ပြတ်ပြတ်သားသားယှိလှသည်။

အနော်ရထာမင်းလက်ထက်လောက်က တံဆိပ်ပုံတို့မှာ တစ်ခု၊ နှစ်ခု၊ ယခုအချို့လက်ဝယ်ယှိဟန်တူသည်၊ ရှေးဟောင်းသုတေသနရုံး၌ စုဆောင်းထားသော တံဆိပ်ပုံတို့အနက် ကြေးတံဆိပ်ပုံတခုကို(ပုံ ၁၁၄) တွင် ပြထားသည်၊ ၎င်းတံဆိပ်ပုံမှာ ဝမ်းဘဲဥသဏ္ဌာန်ယှိ၍ ကျောက်ဖက်က လက်ကိုင်စရာ အညှာကလေးတခုပါသည်၊ (ပုံ ၁၁၅) ထိုအညှာကလေးဖြင့်ကိုင်၍ မြေပြော့ပြော့ပေါ်၌ နှိပ်ရဟန်တူသည်၊ ၎င်းကို မှော်ဇာမှ ရသည်။ အမြင့် ၁ လက်မယှိသည်။ အချို့တံဆိပ်ပုံတို့ကို မြေဖြင့်လုပ်၍ မီးဖုတ်ထားသည်၊ ၎င်းတို့မှာ အကျိုးအပဲ့သာများသည်။ ၎င်းတို့အနက် အကျိုးအပဲ့နည်း၍၊ ပြည့်ပြည့်စုံစုံပါယှိသော ပုံစံနှစ်ခုကို (ပုံ ၁၁၆) နှင့် (၁၁၇) တွင် ပြထားသည်။ ပုံ-၁၁၆-မှာ ပုဂံမြို့ မြင်းကပါရွာ၊ ဇေယျရကျောင်းတောင်ဖက်ကုန်းတကုန်းမှရသည်၊ အမြင့် ၃-လက်မယှိသည်၊ ပုံ-၁၁၇-မှာ ဖားအံကော့ဂွန်းဂူမှရသည်။ အမြင့် ၄၃လက်မ ယှိသည်။ ပုံ (၁၁၈) တွင် ပြထားသော ပုံစံသည်၊ ကျောက်ပုံစံဖြစ်သည်။ အမြင့် ၅-လက်မခွဲယှိသည်။ မည်သည့်နေရာမှရသည်ဟု အမှတ်အသားကို မတွေ့ရချေ။ အင်းဝခေတ်လောက်က ပုံစံဖြစ်ဟန်တူသည်။ ကျောက်၏ အမျိုးအစားမှာ ကျောက်နက်မျိုးဖြစ်သည်။

# နောက်ဆက်တွဲ(က) ဓါတ်ပုံများစာရင်း။

၁–(ကနှင့်ခ) အနော်ရထာမင်း၏ အုတ်ခွက် ဗုဒ္ဓရုပ်ပွါးဆင်းတုတော်များ။

၂–အနော်ရထာမင်း၏ အုတ်ခွက်၊ဖုရားလောင်း လောကနာထပုံတော်။

၃–ပုံ(၂)တွင် ပြထားသော အုတ်ခွက်ကျောဖက်တွင်ပါသော လက်ရေးစာ။

၄–အနော်ရထာမင်း၏ အုတ်ခွက်၊ဗုဒ္ဓရုပ်ပွါးဆင်းတုတော်။

၅–ပုံ(၄)တွင် ပြထားသော အုတ်ခွက်အောက်ခြေ၌ ပါသော ရှေးဟောင်း နာဂရီအက္ခရာနှင့် ပုံနှိပ်စာ။

၆–အနော်ရထာမင်း၏ အုတ်ခွက် ဗုဒ္ဓရုပ်ပွါး ဆင်းတုတော်နှင့် ဖုရားလောင်း လောကနာထ–ပုံတော်များ။

၇–ပုံ(၆)တွင် ပြထားသော အုတ်ခွက်အောက်ခြေ၌ပါသော ရှေးဟောင်း နာဂရီ အက္ခရာနှင့် ပုံနှိပ်စာ။

၈–အနော်ရထာမင်း၏ ဖုရားဆူရေ–၅၀–ပါသော အုတ်ခွက်။

၉–ပုံ(၈)တွင် ပြထားသော အုတ်ခွက်အောက်ဘောင်၊ အောက်ဖက်၌ ရှေးဟောင်း မွန်-မြန်မာ အက္ခရာနှင့် ရေးထိုးထားသော လက်ရေးစာ။

၁၀–အနော်ရထာမင်း၏ အုတ်ခွက်။

၁၁–အနော်ရထာမင်း၏ အုတ်ခွက်၊ (၎င်းပုံတမျိုးနှင့် ကျောဖက်ကစာကို၊ပုံ ၆၈ (က နှင့် ခ) တွင်လည်း ပြထားပါသည်။

၁၂–(က နှင့် ခ) တံ့တေးမြို့ စမ်းရွာတွင် တွေ့ယှိရသော အနော်ရထာမင်း၏ အုတ်ခွက် ဆင်းတုတော်များ။

၁၃–(က) အနော်ရထာမင်းလက်ထက် ကြိမဟာသာလိနိ အမည်ပါသော ကုသိုလ်ရှင်၏ ကောင်းမှုတော် အုတ်ခွက်။

၁၃–(ခ) -ပုံ(၁၃-က)တွင် ပါသော အုတ်ခွက်အောက်ခြေနခမ်းတွင် ပါယှိသော ရှေးဟောင်း နာဂရီအက္ခရာနှင့် ပုံနှိပ်စာ။

၁၄–(က) အနော်ရထာမင်းလက်ထက် ရာဇဝလ္လဘမင်ယဿ၏ ကုသိုလ်ကောင်းမှုအုတ်ခွက်။

၁၄–(ခ) ပုံ(၁၄–က)တွင် ပြသားသော အုတ်ခွက်၌ပါသော ပုံနှိပ်စာအောက်ပိုင်း။

၁၅–(က)အနော်ရထာမင်းလက်ထက် ရာဇဝလ္လဘမင်ယဿ၏ အုတ်ခွက်တဆူ။

၁၅–(ခ) -ပုံ(၁၅–က)တွင် ပြထားသော အုတ်ခွက်ကျောဖက်ယှိ လက်ရေးစာ။

၁၆–ပုံ(၁၅-က)တွင် ပြထားသော အုတ်ခွက်နှင့် တမျိုးတည်းဖြစ်သော အချို့ အုတ်ခွက်များ၏ ကျောဖက်၌ပါသော လက်ရေးစာများ။

၁၇–ပုံ (၁၅) တွင် ပြထားသော အုတ်ခွက်နှင့်တမျိုးတည်း ဖြစ်၍၊ သို့သော် အုတ်ခွက်အောက်ခြေ၌ ပါသောစာမှာ တခြားဖြစ်ပြီး၊ အဋ္ဌာဝီသတိ အစဃိုသော စာတမ်းပါသည်။

၁၈–အနော်ရထာမင်း လက်ထက်မှ အုတ်ခွက်ဆင်းတုတော်တဆူ။

၁၉–ပုံ (၁၈) အုတ်ခွက်ကျောဖက်ယို လက်ရေးစာ။

၂၀–အနော်ရထာမင်းလက်ထက် အုတ်ခွက်ဆင်းတုတော်တဆူ၏ ကျောဖက်ယို လက်ရေးစာ။

၂၁–အနော်ရထာမင်းလက်ထက် အုတ်ခွက်ဆင်းတုတော်တဆူ။

၂၂–အနော်ရထာမင်းလက်ထက် အုတ်ခွက်ဆင်းတုတော်တဆူ၏ ကျောဖက်ယို လက်ရေးစာ။

၂၃–အနော်ရထာမင်းလက်ထက် အုတ်ခွက်ဆင်းတုတော်တဆူ၏ ကျောဖက်ယို လက်ရေးစာ။

၂၄–အနော်ရထာမင်းလက်ထက် အုတ်ခွက်တဆူ၏ ကျောဖက်ယို လက်ရေးစာ။

၂၅–အနော်ရထာမင်းလက်ထက် အုတ်ခွက်တဆူ၏ ကျောဖက်ယို လက်ရေးစာ။

၂၆–အနော်ရထာမင်းလက်ထက် အုတ်ခွက်တဆူ၏ ကျောဖက်ယို လက်ရေးစာ။

၂၇–အနော်ရထာမင်းလက်ထက် အုတ်ခွက်တဆူ၏ ကျောဖက်ယို လက်ရေးစာ။

၂၈–အနော်ရထာမင်းလက်ထက် အုတ်ခွက်တဆူ၏ ကျောဖက်ယို လက်ရေးစာ။

၂၉–အနော်ရထာမင်းထက်လက် သြီဗညာနော၏ ကောင်းမှုအုတ်ခွက်ဆင်းတု။

၃၀–ပုံ (၂၉) တွင် ပြထားသော အုတ်ခွက်၏ ကျောဖက်ယို ပျူစာ၊လက်ရေးစာ။

၃၁–အနော်ရထာမင်းထက် ကုသိုလ်ရှင် စိပေအမည်နှင့် အုတ်ခွက်ဆင်းတုတော်တဆူ။

၃၂–ပုံ (၃၁) တွင် ပြထားသော အုတ်ခွက်ကျောဖက်ယို လက်ရေးစာ။

၃၃–ရန်ကုန်မြို့မဝင်းကြည်ထံမှ ၄ါးရမ်းရဃိုသော အုတ်ခွက် (အနော်ရထာမင်းလက်ထက်၊ ပုဂံမြို့မှ အုတ်ခွက်)။

၃၄–(က, ခ နှင့် ဂ)–ပုံ (၃၃) တွင် ပြထားသော အုတ်ခွက်၏ ကျောဖက်နှင့် ဘောင်များတွင် ပါသော လက်ရေးစာ။

၃၅–ပုံ (၃၃) တွင် ပြထားသော အုတ်ခွက်နှင့် တပုံစံတည်း ဖြစ်သော အုတ်ခွက်၏ ကျောဖက်မှ လက်ရေးစာ။

၃၆–ပုဂံမြို့စောလူးမင်း၏ အုတ်ခွက်ဆင်းတုတော်။

၃၇–ပုံ (၃၆) တွင် ပါသော အုတ်ခွက်၏ အောက်ဘောင်အောက်ဖက်မှ လက်ရေးစာ။

၃၈–မန္တလေးမြို့ နန်းဦးကျောင်းတိုက်၊ သိမ်အပြင်ဖက်မှ ရသော အုတ်ခွက်။

၃၉–မြိတ်မြို့မှရသော စောလူးမင်း၏ ကျောက်စာအပိုင်းကျိုး။

၄၀–ပုဂံကျန်စစ်သားမင်း၏ အုတ်ခွက်။

၄၁–ပုံ(၄၀) တွင် ပြထားသော အုတ်ခွက်၏ အောက်ဘောင် အောက်ဖက်မှ လက်ရေးစာ။

၄၂–(က) –တြိလောကဝဋံ့သကာ မဟာဒေဝီမိဖုရားကြီး၏ အုတ်ခွက်ဆင်းတုတော်၊ (မျက်နှာဖက်)။

၄၂–(ခ)–ပုံ(၄၂–က) တွင် ပြထားသော အုတ်ခွက်အောက်ခြေကပုံနှိပ်စာ။

၄၃=ပုဂံအလောင်းစည်သူမင်း၏ အုတ်ခွက်ဖုရား။

(က) မျက်နှာဖက်

(ခ) ကျောဖက်က လက်ရေးစာ။

၄၄–(က) အုဘ်ခွက်ချက်နှာဖက် အောက်ခြေတွင် အဌာဝီသတိ အစချီလျက် ပုံနှိပ်စာပါသော အုတ်ခွက်ဖုရား။

၄၄–(ခ)–ပုံ(၄၄-က) အုတ်ခွက်ကျောဖက်တွင်ပါသော လက်ရေးစာ။

၄၅–(က) ကလန်ပုဝ၏ ဗုဒ္ဓဝင်ရှစ်ခန်းပါသော အုတ်ခွက်။

၄၅–(ခ)-ပုံ(၄၅-က) တွင် ပြထားသော အုတ်ခွက်အောက်ခြေကပါသော ပုံနှိပ်စာ။

၄၅–(ဂ)-ပုံ(၄၅–က) တွင် ပြထားသော အုတ်ခွက်ကျောဖက်က လက်ရေးစာ။

၄၆–ဖုရားဆူရေတာရာပါသော ပုဂံနရပတိစည်သူမင်း၏ အုတ်ခွက်။

၄၇–ပုံ(၄၆) တွင် ပြထားသောအုတ်ခွက်မျိုးတဆူ၏ ကျောဖက်တွင် ပါသော လက်ရေးစာ။

၄၈–ပုဂံမြို့ အာနန္ဒာဖုံရားအရှေ့ဖက် မောင်ချစ်စကုန်းမှရသော မုဂ္ဂလိပုတ္တမထေရ်၏ အုတ်ခွက်များ။

(က) မျက်နှာဖတ်။

(ခ) ကျောဖက်က လက်ရေးစာ။

၄၉–ပုဂံမြို့ ထီးလိုမင်းလိုဖုရား အနောက်တောင်၊ မောင်အောင်လှ ယာအတွင်းမှရသော အုတ်ခွက်။

(က) မျက်နှာဖက်။

(ခ) ကျောဖက်က လက်ရေးစာ။

၅၀–ဗုဒ္ဓဝင် ကိုးခန်းပါသောအုတ်ခွက်၊

၅၁–ဗုဒ္ဓဝင် ရှစ်ခန်းပါသောအုတ်ခွက်။

၅၂–ပုံ(၅၁) တွင် ပြထားသော အုတ်ခွက်နှင့် တပုံစံတည်းဖြစ်သော အုတ်ခွက်အောက်ပိုင်းကျိုး။

၅၃–ပုဂံအာနန္ဒာဖုရားအရှေ့ဖက် မောင်ချစ်စကုန်းမှ အုတ်ခွက်ဆင်းတုတော်ကလေးတဆူ။

၅၃–(က) ပုဂံအာနန္ဒာ ဖုရားအရှေ့ဖက် မောင်ချစ်စကုန်းမှ

(ခ) ရသောအချို့အုတ်ခွက်ဆင်းတုတော်များ၏

(ဂ) နောက်ကျောကစာများ နမူနာပုံစံများ။

၅၄–ပုဂံအာနန္ဒာဖုရားအရှေ့ဖက် မောင်ချစ်စကုန်းမှရသော အုတ်ခွက်ဆင်းတုတော်တဆူ။

၅၅–ပုံ ( ၅၄ ) ၌ပါသော အုတ်ခွက်၏ ကျောဖက်မှ လက်ရေးစာ ( ဆုတောင်းစာ ) ။

၅၆–ပုဂံမြို့ မြင်းကပါရွာ တောင်ကျဆင်းဖုရားမှ ရသော အုတ်ခွက်ဆင်းတုတော်ဘဆူ။

၅၇–ပုဂံမြို့ မင်္ဂလာစေတီအရှေ့ဖက် ကုန်းတကုန်းမှရသော အုတ်ခွက်ဆင်းတုတော်တဆူ။

၅၈–ခြေတွဲလဲချလျက် ဆင်းတုတော်တဆူပါသော အုတ်ခွက်၊ပုဂံရွှေဆံတော်ဖုရားမှ ရသည်။

၅၉–ပုဂံမြင်းကပါရွာတောရကျောင်းတောင်ဖက်အနီး၊ ကိုဆယ်ကြီးယာအတွင်း ကုန်းတကုန်းမှရ၍ ခြေတွဲလဲချလျက် ဆင်းတုတော်ဘဆူပါသော အုတ်ခွက်။

၆၀–ပုဂံအာနန္ဒာဖုရားအရှေ့ မောင်ချစ်စကုန်းမှရ၍ ခြေတွဲလဲချလျက် တရားဟောနေဟန် ဆင်းတုတော်တဆူပါသော အုတ်ခွက်။

၆၁–ပုံ ( ၆၀ ) တွင် ပြထားသော အုတ်ခွက်ဖုရား၏ ကျောဖက်က လက်ရေးစာ။

၆၂–ပုဂံမှ ခြေတွဲလဲချလျက်၊ ထိုင်နေတော်မူသော ဆင်းတုတော်ဘဆူပါသော အုတ်ခွက်။

၆၃–တကောင်းမြို့မှ ဆင်းတုတော် သုံးဆူပါသော အုတ်ခွက်။

၆၄–ပုံ ( ၆၃ ) တွင်ပါသော အုတ်ခွက်ဆင်းတုတော် အောက်ခြေကစာ။

၆၅–တကောင်းမှ အုတ်ခွက်ဆင်းတုတော်တဆူ။

၆၆–တကောင်းမှ အုတ်ခွက် အပိုင်းကျိုး။

၆၇–တကောင်းမှ အုတ်ခွက်အပိုင်းကလေး။

၆၈– ( က ) မိုးမိတ်နယ်၊ နွားတလည်ရွာမှရယိုသော ပုဂံအနော်ရထာမင်း၏ အုတ်ခွက် ( မျက်နှာဖက် ) ။

( ခ ) မိုးမိတ်နယ်၊ နွားတလည်ရွာမှရယိုသော ပုဂံအနော်ရထာမင်း၏ အုတ်ခွက် နံပါတ် ( ၆၈–က–ကျောဖက် ) ။

၆၉–မင်းဘူးမြို့နယ် ဖောင်းလင်းရွာမှ ရယိုသော ဇမ္ဗူလခေါ် ဖုရားလောင်း ( ? ) အုတ်ခွက်။

၇၀–မင်းဘူးမြို့နယ် ဖောင်းလင်းရွာမှ ရယိုသော ပုဂံအနော်ရထာမင်း၏ အုတ်ခွက်အောက်ပိုင်းကျိုး။

၇၁–နံပါတ် ( ၇၀ ) တွင်ပြထားသော အုတ်ခွက်အပိုင်းကျိုး၊အောက်ဘောင်အောက်ဖက်တွင်ပါသော လက်ရေးစာ။

၇၂–သာစည်မြို့နယ်၊ ဆံမြိတ်ရှည်ရွာမှ ရယိုသော နှစ်ကျိပ်ရှစ်ဆူဖုရားအုတ်ခွက်။

၇၃–သာစည်မြို့နယ်၊ ဆံမြိတ်ရှည်ရွာမှ ရယိုသော အုတ်ခွက်ဆင်းတုတော်။

၇၄–စစ်ကိုင်းမြို့၊ ထူပါရုံစေတီတော်မှ ရယိုသော အုတ်ခွက်ဆင်းတုတော်များ။

၇၅–သထုံမြို့နယ်၊ ဘင်ဂိုဂူမှ ရယိုသော အုတ်ခွက်ဆင်းတုတော်။

၇၆–သထုံမြို့ ရွှေစာရံဖုရားမှရသော အုတ်ခွက်ဆင်းတုတော်။

၇၇–ပုသိမ်၊ ဦးမိုကေထံမှ ရယိုသော ဗုဒ္ဓဝင်ရှစ်ခန်းပါသော အုတ်ခွက်။

၇၈—ထားဝယ်မြို့၊ မုတ်သီးရွာ၊ မုတ်သီးဖုရားအနီး၌ တွေ့ယူရသော အုတ်ခွက်ဖုရားတဆူ၏ ကျောဖက်က လက်ရေးစာ။

၇၉—ထားဝယ်မြို့၊ ဦးကျော်မင်းထံ၌ တွေ့ယူရသော အုတ်ခွက်ဆင်းတုတော် (မျက်နှာဖက်)။

၁၀—ထားဝယ်မြို့၊ ဦးကျော်မင်းထံ၌ တွေ့ယူရသော အုတ်ခွက်ဆင်းတုဘော် နံပါတ် ၇၉ (ကျောဖက်)။

၁၁—ကြိုတူဖုရားတန်တိုင်းမှရသော အုတ်ခွက်။

၁၂—ကြိုတူဖုရားတန်တိုင်းမှရသော အုတ်ခွက်။

၁၃—ကြိုတူဖုရားတန်တိုင်းမှရသော အုတ်ခွက်။

၁၄—ကြိုတူဖုရားတန်တိုင်းမှရသော အုတ်ခွက်။

၁၅—ကြိုဘူဖုရားတန်တိုင်းမှရသော အုတ်ခွက်။

၁၆—ရန်ကုန်မြို့၊ ဗိုလ်ဘထောင်ဖုရားမှရသော အုတ်ခွက်ဆင်းတုတော် (မျက်နှာဖက်)

၁၇—ရန်ကုန်မြို့၊ ဗိုလ်တထောင်ဖုရားမှရသော အုတ်ခွက်ဆင်းတုတော် နံပါတ်—၁၆— (ကျောဖက်)။

၁၁—ရန်ကုန်မြို့၊ တံတားကလေးမှရသော အုတ်ခွက်ဆင်းတုတော်။

၁၉—ပဲခူးမြို့၌ တွေ့ယူရသော ယိုဒယားအုတ်ခွက်ဆင်းတုတော်။

၉၀—ဖါးအွံနယ် ကော့ဂွန်းဂူမှ အုတ်ခွက်ဆင်းတုဘော်။

၉၁—ဖါးအွံနယ် ကော့ဂွန်းဂူမှ အုတ်ခွက်ဆင်းတုတော်။

၉၂—ဖါးအွံနယ် ကော့ဂွန်းဂူမှ အုဘ်ဆင်းတုတော်။

၉၃—ပဲခူးမြို့မှရယူသော အုတ်ခွက်ဆင်းတုတော်အပိုင်းကျိုး။

၉၄—ပဲခူးမြို့မှရယူသော အုတ်ခွက်ဆင်းတုတော် အပိုင်းကျိုး။

၆၅—ပဲခူးမြို့မှရယူသော အုတ်ခွက်ဆင်းတုတော် အပိုင်းကျိုး။

၉၆—ရခိုင်ပြည်၊ စစ်တွေခရိုင်မှ ရယူသော အုတ်ခွက်ဆင်းတုတော်များ။

၉၇—ပုဂံမြို့ စေထောယ်နောအ်၏ အုတ်ခွက်။

၉၈—ပုဂံမြို့ မင်္ဂလာစေတီအရှေ့ ကုန်းတကုန်း၌ တွေ့ယူရသော အုတ်ခွက်ဆင်းတုတော်တဆူ။

၉၉—ပုဂံမြို့၊ မြင်းကပါရွာ အဘယ်ရတနာအနီး ကုန်းတကုန်းမှရသော အုတ်ခွက်ဆင်းတုတော်။

၁၀၀—ပုဂံမြို့၊ မြင်းကပါရွာ၊ ဦးကြွက်ကျောင်းအနီး ကုန်းတကုန်းမှ ရယူသော အုတ်ခွက်ဆင်းတုတော်။

၁၀၁—ပုဂံမြို့၊ ထီးလိုမင်းလိုဖုရားဘောင်၊ ကိုအောင်လှယာအတွင်းကုန်းမှရသော အုတ်ခွက်ဆင်းတုတော်။

၁၀၂—ပုဂံမြို့၊ မြင်းကပါရွာ၊ နန်းဖုရားအနီး၊ နှစ်ထပ်စေတီအတွင်းမှရသော အုတ်ခွက်ဆင်းတုတော်။

၁၀၃—ပုဂံမြို့၊ ရယူသော အုတ်ခွက်ဆင်းတုတော်။

၁၀၄–တွံဘေးမှရသော အုတ်ခွက်ဆင်းတုတော်။

၁၀၅–ပျူစာနှင့် ဆင်းတုတော်သုံးဆူတွဲပါသောအုတ်ခွက်။ ပုဂံ။

၁၀၆–ပုဂံမြို့၊ မြင်းကပါရွာ၊ ဘောရကျောင်းတောင်ဖက်၊ ကုန်းဘကုန်းမှရယူသော သံဖြင့်သွန်းလုပ်၍၊ ဆင်းတုတော်သုံးဆူတွဲပါသောပုံ။

၁၀၇–ဖုရားတုတော်ဆူရေ–၁၀၀–ပါသော အုဘ်ခွက်အကြီးစားဘမျိုး။

၁၀၈–ဖုရားဆင်းတုတော်ဆူရေ–၂၈–ပါသော အုတ်ခွက်အကြီးစားတမျိုး။

၁၀၉–ဖုရားဆင်တုတော်ဆူရေ–၁၀၀–ပါသော အုတ်ခွက်အကြီးစားတမျိုး။

၁၁၀–''ဇူသွရေနမး''ဟု ပုံနှိပ်စာပါသော၊ ပုဂံအနောက်ရထာမင်းလက်ထက်လောက်က အုတ်ခွက်ဆင်းတုတော်။

၁၁၁–ဖုရားဆင်းတုတော်ဘဆူနှင့် ဘေးရံစေဘီကလေး–၅၂–ဆူပါသော အုတ်ခွက်။

၁၁၂–ညောင်ရွက်သဏ္ဍာန်ယှိသောအုတ်ခွက်။

၁၁၃–ဘောင်စောက်နှင့် ဘောင်အတွင်း ဘဲဥပုံသဏ္ဍာန်ယှိ၍ ဗုဒ္ဓဝင်အခန်းခန်းများပါသော အုတ်ခွက်။

၁၁၄–အုတ်ခွက်တံဆိပ်ပုံ–ကြေးပုံစံ–ရှေ့ကြည့်။

၁၁၅–အုတ်ခွက်တံဆိပ်ပုံ (ပုံ–၁၁၄)၊ ဘေးကြည့်။

၁၁၆–မြေအုတ်ခွက်ပုံစံ။

၁၁၇–မြေခွက်ပုံစံ။

၁၁၈–ကျောက်အုတ်ခွက်ပုံစံ။

# ပုဂံပြည် အနော်ရထာမင်း လက်ထက်မှစ၍ ပြည်ထောင်စု မြန်မာနိုင်ငံတော် အမြို့မြို့အရွာရွာတို့၌ တွေ့ယှိရသော အုတ်ခွက် ဆင်းတုတော်တို့ အနက် ထူးခြား ကွဲပြားသော အုတ်ခွက် ဆင်းတုတော်များ






၁ - (က နှင့် ခ)၊ အနော်ရထာမင်း၏ အုတ်ခွက်၊ ဗုဒ္ဓရုပ်ပွား ဆင်းတုတော်များ။




၂ - အနော်ရထာမင်း၏ အုတ်ခွက်၊ ဘုရားလောင်း လောကနာထပုံတော်။



၄-အနော်ရထာမင်း၏ အုတ်ခွက်ဗုဒ္ဓရုပ်ပွားဆင်းတုတော်။




၃ - ပုံ(၂)တွင် ပြထားသော အုတ်ခွက် ကျောဖက်တွင်ပါသော လက်ရေးစာ။



၅ - ပုံ(၄)တွင် ပြထားသော အုတ်ခွက် အောက်ခြေ၌ ပါသော ရှေးဟောင်း နာဂရီ




၆ - အနော်ရထာမင်း၏ အုတ်ခွက် ဗုဒ္ဓ ရုပ်ပွား ဆင်းတု
တော်နှင့် ဖုရားလောင်း လောကနာထ ပုံတော်များ။



၇ - အနော်ရထာမင်း၏ ဖုရားဆူရေ ၅၀ - ပါသော
အုတ်ခွက်။



၉ - ပုံ(၆)တွင် ပြထားသော အုတ်ခွက် အောက်ခြေ၌ ပါသော ရှေးဟောင်း နာဂရီ
အက္ခရာနှင့် ပုံနှိပ်စာ။



၈ - ပုံ(၇)တွင်ပြထားသော အုတ်ခွက်အောက်ပေါင်၊ အောက်ဖက်၌ ရှေးဟောင်း မွန် - မြန်မာ
အက္ခရာနှင့် ရေးထိုးထားသော လက်ရေးစာ။



၁၀ - အနော်ရထာမင်း၏ အုတ်ခွက်။



၁၁ - အနော်ရထာမင်း၏ အုတ်ခွက်၊ (ဂုင်းပုံတမျိုးနှင့် ကျော
ဖက်စာကိုပုံ - ၆၈(က)နှင့်(ခ)တွင်လည်းပြထားပါသည်။)





၁၂ - (က နှင့် ခ) တံတားမြို့စမ်းရွာတွင် တွေ့ယိုရသော အနော်ရထာမင်း၏ အုတ်ခွက်ဆင်းတုတော်များ။




၁၃ - (က) - အနော်ရထာမင်း၏ လက်ထက် ဂြိုဟ်မဟာ
သာလိနီ အမည်ပါသော ကုသိုလ်ရှင်၏
ကောင်းမှုတော် အုတ်ခွက်။




၁၄ - (က)-အနော်ရထာမင်း၏ လက်ထက် ရာဇဝလ္လဘာ
မင်ယဿ၏ ကုသိုလ်ကောင်းမှုအုတ်ခွက်။




၁၃ - (ခ) - ပုံ(၁၃ - က)တွင် ပါသော အုတ်ခွက် အောက်ခြေ နခမ်းတွင် ပါယှိသော
ရှေးဟောင်း နာဂရီ အက္ခရာနှင့် ပုံနှိပ်စာ။



၁၄ - (ခ) - ပုံ(၁၄ - က)ဖွင့် ပြထားသော အုတ်ခွက်၌ပါသော ပုံနှိပ်စာ **အောက်ပိုင်း**။



၁၅ - (က) အနော်ရထာမင်းလက်ထက် ရာဇဝလ္လဘမင်ယသ၏ အုတ်ခွက် တမျိုး။



၁၅ - (ခ) - ပုံ (၁၅ - က) တွင်ပြထားသော အုတ်ခွက် ကျောဖက်ယို လက်ရေးစာ။



၁၆ - ပုံ (၁၅ - က) တွင်ပြထားသောအုတ်ခွက်နှင့်တမျိုးတည်းဖြစ်သော အချို့အုတ်ခွက်များ၏ ကျောဖက်၌ပါသော လက်ရေးစာများ။



၁၇ - ပုံ (၁၅) တွင်ပြထားသော အုတ်ခွက်နှင့် တမျိုးတည်းဖြစ်၏၊ ယိုသော် အုတ်ခွက်အောက်ခြေ၌ ပါသော စာမှာ တခြားဖြစ်ပြီး အဌာဝီသတိ အစယို့သော စာတမ်းပါသည်။



၁၈ - အနော်ရထာမင်း လက်ထက်မှ အုတ်ခွက် ဆင်းတုတော် တဆူ။



၁၉ - ပုံ(၁၈)အုတ်ခွက် ကျောဖက်ရှိ လက်ရေးစာ။



၂၀ - အနော်ရထာမင်း လက်ထက် အုတ်ခွက် ဆင်းတုတော်၏ ကျောဖက်ရှိ လက်ရေးစာ။



၂၁ - အနော်ရထာမင်းလက်ထက် အုတ်ခွက်ဆင်းတုတော်တဆူ။



၂၂ - အနော်ရထာမင်း လက်ထက် အုတ်ခွက် ဆင်းတုတော် တဆူ၏့ ကျောဖက်ယို လက်ရေးစာ။



၂၃ - အနော်ရထာမင်း လက်ထက် အုတ်ခွက် ဆင်းတုတော် တဆူ၏့ ကျောဖက်ယို လက်ရေးစာ။



၂၄ - အနော်ရထာမင်း လက်ထက် အုတ်ခွက် ဆင်းတုတော် တဆူ၏့ ကျောဖက်ယို လက်ရေးစာ။



၂၅ - အနော်ရထာမင်း လက်ထက် အုတ်ခွက် ဆင်းတုတော် တဆူ၏့ ကျောဖက်ယို လက်ရေးစာ။



၂၆ - အနော်ရထာမင်း လက်ထက် အုတ်ခွက်တဆူ၏ ကျောဖက်ယို့ လက်ရေးစာ။




၂၇ - အနော်ရထာမင်း လက်ထက် အုတ်ခွက်တဆူ၏ ကျောဖက်ယို့ လက်ရေးစာ။



- အနော်ရထာမင်း လက်ထက် အုတ်ခွက်ဆင်းတုတော် တဆူ၏ ကျောဖက်ယို့ လက်ရေးစာ။



၂၉ - အနော်ရထာမင်းလက်ထက် သြဇီဗညာနော၏ ကောင်းမှု အုတ်ခွက် ဆင်းတု။



၃၀ - ပုံ(၂၉)တွင် ပြထားသော အုတ်ခွက်၏ ကျောဖက်ယို ပျူစာ၊ လက်ရေးစာ။




၃၁ - အနော်ရထာမင်း လက်ထက် ကုသိုလ်ရှင် စိပေအမည်နှင့် အုတ်ခွက် ဆင်းတုတော်တဆူ။



၃၂ - ပုံ (၃၁)တွင် ပြထားသော အုတ်ခွက် ကျောဖက်ယို လက်ရေး စာ။




၃၃ - ရန်ကုန်မြို့ မဝင်းကြည်ထံမှ ငှားရမ်းရယူသော အုတ်ခွက် (အနော်ရထာမင်း လက်ထက် ပုဂံမြို့မှ အုတ်ခွက်)။



ပုံ - ၃၄(က)




ပုံ - ၃၄(ခ)



ပုံ - ၃၄(ဂ


၃၄ - (က-ခ-ဂ) - ပုံ(၃၃)တွင် ပြထားသော အုတ်ခွက်၏ကျောဖက်နှင့် ဘောင်များတွင်ပါသော လက်ရေးစာ။



၃၅ - ပုံ (၃၃) တွင် ပြထားသော အုတ်ခွက်နှင့် တပုံစံတည်း
ဖြစ်သော အုတ်ခွက်၏ ကျောဖက်မှ လက်ရေးစာ။




၃၆ - ပုဂံမြို့ စောလူးမင်း၏ အုတ်ခွက်ဆင်းတုတော်။



၃၇ - ပုံ (၃၆) တွင်ပါသော အုတ်ခွက်၏ အောက် ဘောင် အောက်ဖက်မှ လက်ရေးစာ။




၃၇ - မန္တလေးမြို့ နန်းဦးကျောင်းတိုက် သိမ်အပြင်ဖက်မှ ရသော အုတ်ခွက်။




၃၉ - မြိတ်မြို့ မှရသော စေလူးမင်း၏ ကျောက်စာ အပိုင်းအကျိုး။



၄၀ - ပုဂံ ကျန်စစ်သားမင်း၏ အုတ်ခွက်။




၄၁ - ပုံ(၄၀)တွင်ပြထားသော အုတ်ခွက်၏ အောက်ဘောင်အောက် ဖက်မှ လက်ရေးစာ။




၄၂ - (က) - တြိလောကဝဋံသကာ မဟာဒေဝီမိဖုရားကြီး၏ အုတ်ခွက်
ဆင်းတုတော် (မျက်နှာဖက်)။



၄၂ - (ခ) - ပုံ (၄၂ - က)တွင် ပြထားသော အုတ်ခွက်အောက်ခြေက ပုံနှိပ်စာ။




(က) - မျက်နှာဖက်။




(ခ) - ကျောဖက်က လက်ရေးစာ။

၄၃ - ပုဂံ အလောင်းစည်သူမင်း၏ အုတ်ခွက်ဖုရား။



၄၄ - (က) - အုတ်ခွက် မျက်နှာဖက် အောက်ခြေတွင် အဋ္ဌာ ဝီသတိ အစချီလျက် ပုံနှိပ်စာပါသော အုတ်ခွက်ဖုရား။



၄၄ - (ခ) - ပုံ (၄၄-က) အုတ်ခွက် ကျောဖက်တွင် ပါသော လက်ရေး စာ။




၄၅ - (က) - ကလန်ပုဝ၏ ဗုဒ္ဓဝင် ရှစ်ခန်း ပါသော အုတ်ခွက်။




၄၅ - (ခ) - ပုံ (၄၅ - က)တွင် ပြထားသော အုတ်ခွက်အောက်ခြေက ပါသော ပုံနှိပ်စာ။



၄၆ - (ဂ) - ပုံ (၄၅ - က)တွင်ပြထားသော အုတ်ခွက်ကျောဖက်က လက်ရေးစာ။



၄၆ - ဖုရား ဆူရေ တရာပါသော ပုဂံ နရပတိစည်သူမင်း၏ အုတ်ခွက်။




၄၇ - ပုံ(၄၆)တွင် ပြထားသော အုတ်ခွက်မျိုးတဆူ၏ ကျောဖက်တွင် ပါသော လက်ရေးစာ။


၄၇ - ပုဂံမြို့အာနန္ဒာဘုရားအရှေ့ဖက်၊ မောင်ချစ်စကုန်းမှရသော မုဂ္ဂလိပုတ္တမထေရ်၏ အုတ်ခွက်များ။





(က) - မျက်နှာဖက်။






(ခ) - ကျောဖက်က လက်ရေးစာ။

၄၉ - ပုဂံမြို့ ထီးလိုမင်းလို ဘုရား အနောက်တောင်၊ မောင်အောင်လှ ယာအတွင်းမှရသော အုတ်ခွက်။




(က) မျက်နှာဖက်။




(ခ) ကျောဖက်က လက်ရေးစာ။



၅၀ - ဗုဒ္ဓဝင်ကိုးခန်းပါသော အုတ်ခွက်။



၅၁ - ဗုဒ္ဓဝင် ရှစ်ခန်း ပါသော အုတ်ခွက်။



၅၂ - ပုံ(၅၁)တွင် ပြထားသော အုတ်ခွက်နှင့် တပုံစံ
တည်းဖြစ်သော အုတ်ခွက်အောက်ပိုင်းကျိုး။

၅၃ - ပုဂံ အာနန္ဒာ ဖုရားအရှေ့ဖက်၊ မောင်ချစ်စကုန်းမှရသော အချို့ အုတ်ခွက် ဆင်းတုတော်ကလေးများ နောက်ကျောက စာများနမူနာ ပုံစံများ (က)၊ ခ၊ (ဂ)။



ပုံ - ၅၃



ပုံ - ၅၃(က)



ပုံ - ၅၃(ခ)



ပုံ - ၅၃(ဂ)



၅၄ - ပုဂံ အာနန္ဒာဘုရား အရှေ့ဖက်၊ မောင်ချစ်စကုန်းမှရသော
အုတ်ခွက် ဆင်းတုတော် တဆူ။



၅၅ - ပုံ(၅၄)၌ပါသော အုတ်ခွက်၏ ကျောဖက်မှလက်ရေးစာ
(ဆုတောင်းစာ)။



၅၆ - ပုဂံမြို့ မြင်းကပါရွာ တောင်ဖက် ကျဆင်းဘုရားမှ ရသော
အုတ်ခွက် ဆင်းတုတော် တဆူ။



၅၇ - ပုဂံမြို့ မင်္ဂလာစေတီ အရှေ့ဖက် ကုန်းတကုန်းမှ ရသော
အုတ်ခွက် ဆင်းတုတော် တဆူ။




၅၈ - ခြေတွဲလဲချလျက် ဆင်းတုတော် တဆူပါသော အုတ်ခွက်၊ ပုဂံရွှေဆံတော်ဘုရားမှ ရသည်။



၅၉ - ပုဂံ မြင်းကပါရွာ တောရကျောင်း တောင်ဖက် အနီး ကိုဆယ်ကြီး ယာအတွင်း ကုန်းတကုန်းမှရ၍ ခြေတွဲလဲ ချလျက် ဆင်းတုတော်တဆူပါသော အုတ်ခွက်။



၆၀ - ပုဂံ အာနန္ဒာဘုရားအရှေ့ မောင်ချစ်စကုန်းမှရ၍ ခြေတွဲလဲချလျက် တရားဟောနေဟန် ဆင်းတုတော်တဆူ ပါသော အုတ်ခွက်။




၆၁ - ပုံ(၆၀)တွင် ပြထားသော အုတ်ခွက် ဖုရား၏ ကျောဖက်က လက်ရေးစာ။



၆၂ - ပုဂံမှ ခြေတွဲလဲချလျက် ထိုင်နေတော်မူသော ဆင်းတုတော် တဆူပါသော အုတ်ခွက်။



၆၃ - တကောင်းမြို့မှ ဆင်းတုတော် သုံးဆူပါသော အုတ်ခွက်။



၆၄ - ပုံ (၆၃)တွင်ပါသော အုတ်ခွက် ဆင်းတုတော် အောက်ခြေက စာ။



၆၅ -တကောင်းမှ အုတ်ခွက် ဆင်းတုတော် တဆူ။




၆၆ - တကောင်းမှ အုတ်ခွက် အပိုင်းကျိုး။



၆၇ - တကောင်းမှ အုတ်ခွက်အဝိုင်းကလေး။




၆၈ - (က)မိုးမိတ်နယ်၊ နွားတလည်ရွာမှ ရယူသော
ပုဂံအနော်ရထာမင်း၏ အုတ်ခွက်(မျက်နှာဖက်)။




၆၈ - (ခ)မိုးမိတ်နယ်၊နွားတလည်ရွာမှရယူသော၊ပုဂံနော်ရထာမင်း၏ အုတ်ခွက်(နံပါတ် ၆၈ (က)၏ ကျောဖက်)။




၆၉ - မင်းဘူးမြို့နယ်ဖေါင်းလင်းရွာမှရယှိသော
ဇမ္ဗူလခေါ် ဖုရားလောင်း(?)အုတ်ခွက်။




၇၀ - မင်းဘူးမြို့နယ် ဖေါင်းလင်းရွာမှ ရယှိသော ပုဂံနေ၁်ရထာမင်း၏
အိုတ်ခွက် အောက်ပိုင်းကျိုး။



၇၁ နံပါတ်(၇၀)တွင် ပြထားသော အုတ်ခွက် အောက်ပိုင်းကျိုး အောက်
ဘောင်အောက်ဖက်တွင်ပါသော လက်ရေးစာ။




၄၂ - သာစည်မြို့နယ်၊ ဆံမြိဘ်ရှည်ရွာမှ ရယူသော နှစ်ကျိပ်ရှစ်ဆူ အုတ်ခွက်။



၄၃ - သာစည်မြို့နယ်၊ ဆံမြိတ်ရှည်ရွာမှ ရယူသော အုတ်ခွက် ဆင်းတုတော်။



၄၄ - စစ်ကိုင်းမြို့၊ ထူပါရုံ စေတီမှ ရယူသော အုတ်ခွက် ဆင်းတုတော်များ။




၄၅ - သထုံနယ်၊ ဘင်ဂျီဂူမှရယူသော အုတ်ခွက်ဆင်းတုတော်။



၄၆ - သထုံမြို့ ရွှေစာရံဖုရားမှ ရသော အုတ်ခွက် ဆင်းတုတော်။



၄၇ - ပုသိမ်၊ ဦးဗိုကေသံမှရ ယူသော ဗုဒ္ဓဝင် ရှစ်ခန်း ပါဝင်သော အုတ်ခွက်။



၄၈ - ထားဝယ်မြို့၊ မုတ်ထီး ဖုရားအနီး၌ တွေ့ယူသော အုတ်ခွက်ဖုရားတဆူ၏ ကျောဖက်က လက်ရေးစာ။




၇၉ - ထားဝယ်မြို့ ဦးကျော်မင်းထံ၌တွေ့ယိုရသော
အုဘ်ခွက် ဆင်းတုတော် (မျက်နှာဖက်)။



၈၀ - ထားဝယ်မြို့၊ ဦးကျော်မင်း ထံ၌ တွေ့ယို
ရသော အုဘ်ခွက် ဆင်းတုတော် နံပါတ် ၇၉
(ကျောဖက်)။




၈၁ - ကြုံတူဖုရား တန်တိုင်းမှရသော အုတ်ခွက်။



၈၂ - ကြုံတူဖုရား တန်တိုင်းမှရသော အုတ်ခွက်။



၈၃ - ကြုံ့တူ ဖုရားတန်တိုင်းမှရသော အုတ်ခွက်။




၈၄ - ကြုံ့တူ ဖုရားတန်တိုင်းမှရသော အုတ်ခွက်။



၈၅ - ကြုံ့တူဖုရား တန်တိုင်းမှရသော အုတ်ခွက်။



၈၆ - ရန်ကုန်မြို့၊ ဗိုလ်တထောင်ဖုရားမှရသော အုတ်ခွက်
ဆင်းတုတော် (မျက်နှာဖက်)။



၈၇ - ရန်ကုန်မြို့၊ ဗိုလ်တထောင်ဘုရားမှရသော အုတ်မှုက်
ဆင်းတုတော် (နံပါတ် ၈၆ - ကျောဖက်)။



၈၈ - ရန်ကုန်မြို့၊ တံတားကလေးမှ ရသော အုတ်ခွက်
ဆင်းတုတော်။



၈၉ - ပဲခူးမြို့၌ တွေ့ယို့ရသော ယိုးဒယား အုတ်ခွက်
ဆင်းတုတော်။




၉၀ - ဖါးအံ့နယ် ကော့ဂွန်းဂူမှ အုတ်ခွက် ဆင်းတုတော်။



၉၁ - ဖါးအံ့နယ် ကော့ဂွန်းဂူမှ အုတ်ခွက် ဆင်းတုတော်။




၉၂ - ဖါးအံ့နယ် ကော့ဂွန်းဂူမှ အုတ်ခွက် ဆင်းတုတော်။




၉၃ - ပဲခူးမြို့မှ ရယူသော အုတ်ခွက် ဆင်းတုတော် အပိုင်းကျိုး။



၉၄ - ပဲခူးမြို့မှ ရယူသော အုတ်ခွက် ဆင်းတုတော် အပိုင်းကျိုး။



၉၅ - ပဲခူးမြို့မှ ရယူသော အုတ်ခွက် ဆင်းတုတော် အပိုင်းကျိုး။




၉၆ - ရခိုင်ပြည် စစ်တွေမြို့မှရယူသော အုတ်ခွက် ဆင်းတုတော်များ။




၉၇ - ပုဂံမြို့ စေထေဝယ်နေဝအ်၏ အုတ်ခွက်။



၉၈ - ပုဂံမြို့ မင်္ဂလာ စေတီ အရှေ့ ကုန်း
တကုန်း၌တွေ့ယှိသော အုတ်ခွက်
ဆင်းတုတော် တဆူ။



၉၉ - ပုဂံမြို့ မြင်းကပါရွာ အဘယ်ရတနာအနီး ကုန်းတကုန်းမှ ရသော အုတ်ခွက်သင်းတုတော်။



၁၀၀ - ပုဂံမြို့၊ မြင်းကပါရွာ ဦးကြွက် ကျောင်းအနီး ကုန်းတကုန်းမှရယှိသော အုတ်ခွက်ဆင်းတုတော်။




၁၀၁ - ပုဂံမြို့၊ ထီးလိုမင်းလိုဖုရား တောင်၊ ကိုအောင်လှ ယာအတွင်းကုန်းမှရယှိသောအုတ်ခွက်ဆင်းတုတော်။



၁၀၂ - ပုဂံမြို့၊ မြင်းကပါရွာ၊ နန်းဖုရားအနီး၊ နှစ်ထပ်စေတီအတွင်းမှရသော အုတ်ခွက်ဆင်းတုတော်။



၁၀၃ - ပုဂံမြို့မှ ရယူသော အုတ်ခွက် ဆင်းတုတော်။




၁၀၄ - တံတွေးမှရသော အုတ်ခွက် ဆင်းတုတော်။




၁၀၅ - ပျူစာ နှင့် ဆင်းတုတော် သုံးဆူ ပါသော အုတ်ခွက် (ပုဂံ)။




၁၀၆ - ပုဂံမြို့၊ မြင်းကပါ၊ တောရကျောင်းတောင်ဖက် ကုန်းတကုန်းမှရယူသော သံဖြင့်လုပ်၍ ဆင်းတုတော် သုံးဆူတွဲပါသောပုံ။



၁၀၇ - ဖုရား ဆင်းတုတော် ဆူရေ ၁၀၀ - ပါသော
အုတ်ခွက် အကြီးစား တမျိုး။



၁၀၈ - ဖုရား ဆင်းတုတော် ဆူရေ ၂၈ - ဆူ ပါသော
အုတ်ခွက် အကြီးစား တမျိုး။



၁၀၉ - ဖုရား ဆင်းတုတော် ဆူရေ ၁၀၀ - ပါသော
အုတ်ခွက် အကြီးစား တမျိုး။



၁၁၀ · "ဣလသူရေနမး" ဟု ပုံနှိပ်စာပါသော၊ ပုဂံအနော်
ရထာမင်း လက်ထက် လောက်က အုတ်ခွက်
ဆင်းတုတော်။



၁၁၁ - ဖုရား ဆင်းတုတော် တဆူနှင့် ဘေးရံ စေတီ ကလေး ၅၂ - ဆူပါသော အုတ်ခွက်။



၁၁၂ - ညောင်ရွက်သဏ္ဍာန်ယိုသော အုတ်ခွက်။



၁၁၃ - ဘောင်စောက်နှင့်ဘောင်အတွင်းဘဲဥ ပုံသဏ္ဍာန် ယို၍ ဗုဒ္ဓဝင်အခန်းခန်းများပါသော အုတ်ခွက်။



၁၁၄ - အုတ်ခွက်တံဆိပ်ပုံ (ကြေးပုံစံ) - ရှေးကြည့်။

သာသနာရေးဦးစီး
စာကြည့်တိုက်



၁၁၅ - အုတ်ခွက်တံဆိပ်(ပုံ - ၁၁၄) - ဘေးကြည့်။



၁၁၆ - မြေ အုတ်ခွက် ပုံစံ။



၁၁၇ - မြေ အုတ်ခွက် ပုံစံ။



၁၁၈ - ကျောက် အုတ်ခွက် ပုံစံ။

Printed with the aid of the Asia Foundation.

ရန်ကုန်တက္ကသိုလ် ပုံနှိပ်တိုက်။